www.burmeseclassic.com

ဒေါက်တာ

# မတင်ဝင်း

ပညာရေးစာရှုသိုက်

# မေမေပြောတဲ့ ရှေးရှေးစကား

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး…………………… ဒို့အရေး
တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး………… ဒို့အရေး
အချုပ်အခြာ အာဏာတည်တံ့ ခိုင်မြဲရေး……………… ဒို့အရေး

### ပြည်သူ့ သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# မာတိကာ


************


စာရေးသူ့အမှာ

| | | | |
|---|---|---|---|
| ၁။ | သီရိဓမ္မာသောကမင်းကြီး | … | ၁ |
| ၂။ | မဟာပဇာပတိဂေါတမီထေရီ | … | ၉ |
| ၃။ | အိပ်ပျော်နေသော မင်းသမီးကလေး | … | ၁၉ |
| ၄။ | ရန်သူနှင့်မိတ်ဆွေ ခွဲခြားနည်း | … | ၂၉ |
| ၅။ | မိဘကျေးဇူး | … | ၃၇ |
| ၆။ | ဥတေနမင်း | … | ၄၇ |
| ၇။ | ရှုပနန္ဒာမင်းသမီး | … | ၅၉ |
| ၈။ | မေတ္တာဖြင့်ကျွေးသောအစားအစာ | … | ၆၉ |
| ၉။ | မယားလိမ္မာမှန်သစ္စာ | … | ၇၉ |
| ၁၀။ | ရွှေအိမ်သည်နှစ်ယောက်အကြောင်း | … | ၈၉ |
| ၁၁။ | ဟာသရသ | … | ၉၇ |
| ၁၂။ | လာဘ်စားသည့်ပုဏ္ဏား<br>နှာခေါင်းပြတ်သည့်ပုံပြင် | … | ၁၀၇ |
| ၁၃။ | မကောင်းကျောင်းပို့ | … | ၁၁၅ |
| ၁၄။ | သမုဒ္ဒယကြောင့်ခံစားရတဲ့အပူ (၁) | … | ၁၂၃ |
| ၁၅။ | သမုဒ္ဒယကြောင့်ခံစားရတဲ့အပူ (၂) | … | ၁၃၃ |
| ၁၆။ | ကျေးဇူးတရားကို မမေ့သင့်တဲ့အကြောင်း | … | ၁၄၃ |
| ၁၇။ | မခိုးနဲ့ မညာနဲ့ လက်နီးစတ်ဖြစ်လိမ့်မယ် | … | ၁၅၃ |
| ၁၈။ | ဃောသကသူဌေးသားအကြောင်း | … | ၁၆၁ |
| ၁၉။ | ဝိဇယမင်းသားပုံပြင် | … | ၁၇၃ |
| ၂၀။ | မင္ဂကုဏ္ဍလီသူတို့သား | … | ၁၈၁ |


www.burmeseclassic.com

www.burmeseclassic.com



# သမီးကို ပြောဖြစ်သောပုံပြင်များ

## စာရေးသူ့အမှာ

မေမေပြောတဲ့ ရေးရေးစကားစာစုသည် သမီးကိုပြောဖြစ်သော ပုံပြင်များစာအုပ်၏ နောက်ဆက်တွဲစာစုဖြစ်ပါသည်။ ကျွန်မသည် တွေ့သမျှ ကြုံသမျှကို ရေးမချလျှင် မနေနိုင်သောကြောင့် စာများများရေးဖြစ်သော စာရေးဆရာဘဝသို့ ရောက်လာခြင်းဖြစ်ပါသည်။ သမီးကို ပုံများဆက်၍ ဆက်၍ပြောနေရင်းက ပန်းဝေသီမဂ္ဂဇင်းအတွက် ထပ်၍ထပ်၍ ဆောင်းပါးများ ရေးချနေမိပါသည်။ ထိုထိုသောပုံများသည် အရင့်အရင်က ရေးခဲ့သောပုံများနှင့် အနည်းငယ်ရသကွာနေပါသည်။

အကြောင်းမှာ ကျွန်မတို့သားအမိ၏ဘဝကို ထင်ဟပ်သောပုံများကိုသာ ရွေး၍ပြောမိသည်ဖြစ်ရာ ဘဝအပြောင်းအလဲများကြောင့် ပုံများတွင်လည်း ရသအပြောင်းအလဲများ ဖြစ်၍လာပါသည်။ ကျွန်မဆေးရုံတက်ရသည်။ အင်မတန်ပင်ပန်းနေသော အခြေအနေများတွင် သောကပရိဒေဝများနှင့် ကြုံရသည်။ ထိုထိုသောအကြောင်းများသည် ကျွန်မပြောမိသော ပုံများ ရေးမိသောပုံများတွင် အရိပ်သဖွယ်ပါနေပါတော့သည်။

ကျွန်မပြောသောပုံများ၏ နောက်ပိုင်းပုံများသည် အကြောင်းအရာများထက်ပို၍ ခံစားမှုနှင့်အတွေးကို ဦးစားပေးလာပါသည်။ တကယ့်တကယ် ပုံပြောရာတွင်လည်း ထိုနည်းအတိုင်းပြောခဲ့ပါသည်။ မိဘကျေးဇူးနှင့်ပတ်သက်သောပုံတွင် ပုံကအကြောင်းမဟုတ်တော့ဘဲ သမီးကို ဆွေးနွေးပြသော အတွေးတို့၏အရိပ်ဖြစ်ခဲ့သည်။ ထိုပုံကိုလည်း လူကြိုက်များကြောင်း ပြန်၍ကြားရပါသည်။

အစားအစာ စားသောက်ရာတွင် ချစ်ခင်သော၊ ရင်းနှီးချမ်းမြေ့သော ပတ်ဝန်းကျင်တွင် စားသောက်ရပါမှ အာဟာရဖြစ်သည့်အကြောင်းကို သမီးချက်ကျွေးသော အစားအစာများကို စားနေရင်းက ပုံတစ်ပုံပြောမိပါ

www.burmeseclassic.com

သည်။ ထိုပုံသည် အကြောင်းအရာထက် ခံစားမှုနှင့်ပတ်သက်သော အတွေးအခေါ်နှင့်ပတ်သက်သော ပုံဖြစ်ပါသည်။ ယခုအချိန်တွင် အကြောင်းကြောင်းကြောင့် (တာဝန်အရ) အလွန်အရသာရှိစွာ ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာတို့ကို စိတ်လက်ပေါ့ပါးခြင်းကင်းစွာ စားသုံးနေရသော သူတို့၏ဒုက္ခကို သိနားလည်စေနိုင်သော ပုံပြင်တစ်ပုဒ်ဟု ဆိုချင်ပါသည်။ ကျွန်မအနေနှင့်တော့ ချစ်ခင်သူတို့၏ဝန်းကျင်တွင် သက်သောင့်သက်သာ နေထိုင်ရင်း ကိုယ်စားကျင့်ရှိသောအစားအစာကို စားချိန်ရောက်သည့်အခါတိုင်း စားခွင့်ရနေသည်ကိုပင် ကံကောင်းလေစွဟု အောက်မေ့ရပါသည်။

ကျွန်မ၏ သောကပရိဒေဝများအကြောင်းကို ဆက်တိုက်ရေးလာမိသည့်အချိန်တွင် နေမကောင်းဘူးလား၊ စိတ်ညစ်စရာတွေ ရေးလှချည့်လားဟု ပူပူပန်ပန်မေးလာကြသောကြောင့် နောက်ပိုင်းတွင် စိတ်ညစ်စရာကောင်းသောအကြောင်းအရာများကို ပြောမိသည့်တိုင်အောင် မရေးမိစေရန် သတိထားခဲ့ရပါသည်။ အသက်အရွယ်အရ ပူပန်စရာကိစ္စများ များသည်ထက် များလာသည်ကိုတော့ အမှန်တရားတစ်ခုအနေဖြင့် လက်ခံရပါတော့မည်။

ကျွန်မသည် ပန်းဝေသီမဂ္ဂဇင်းတွင် သမီးကိုပြောဖြစ်သောပုံပြင်များကို ရေးလာသည်မှာ လပေါင်းလေးဆယ်ကျော်ခဲ့ပြီဖြစ်ပါသည်။ ပထမဆောင်းပါးအပုဒ် ၂၀ ကို သမီးကိုပြောဖြစ်သောပုံပြင်များ ခေါင်းစဉ်ဖြင့်ပင် စာအုပ်ထုတ်ဝေခဲ့ပြီးသည့်နောက် တက္ကသိုလ်စိန်ရတုနှင့်ကြုံပါသည်။ ငယ်ငယ်က သူငယ်ချင်းများနှင့် ပြန်၍တွေ့ရသော စိန်ရတုပွဲတွင် ထိုပုံပြင်စာအုပ်ရေးပေး၍ ကျေးဇူးတင်ကြောင်း ပြောသည့်သူငယ်ချင်းအရေအတွက်က ပို၍များပါသည်။ အကြောင်းမှာ ကလေးများကို မိမိ၏ယဉ်ကျေးမှုနှင့် ပတ်သက်၍လည်း သိနားလည်စေချင်သည်။ ပုံပြောရန်လည်း အလုပ်များလွန်း၍ အချိန်မရ။ ထို့ကြောင့် ကျွန်မရေးသော ပုံပြင်စာအုပ်ကိုသာ အားကိုးရတော့သည်ဟုဆိုကြပါသည်။

ကျွန်မ၏ထုတ်ဝေသူသည် စာကို ကိုယ်တိုင်နှစ်မြို့က်စွာ ဖတ်သောသူ ဖြစ်ပါသည်။ သမီးကိုပြောဖြစ်သောပုံပြင်များစာအုပ်ကို လူအများကြိုက်ကြသည်ဟုဆိုသောကြောင့် နောက်ထပ်ပုံပြင်စာအုပ်တစ်အုပ် ထုတ်ဝေကြလျှင် ကောင်းမည်ဟုတွေးမိကြောင်း ကျွန်မကိုတိုင်ပင်ပါသည်။ ကျွန်မက အကြောင်းအရာထက် ခံစားမှုနှင့်အတွေးကို ဦးစားပေးသော ပုံပြင်များကို လူအများလက်ခံပါမည်လားဟု စိုးရိမ်မိကြောင်း ပြောမိပါသည်။ သို့သော် ကျွန်မ၏ထုတ်ဝေသူက အေးဆေးစွာ ပျော့ပျောင်းစွာ ပြောတတ်သော သူ၏အလေ့အတိုင်း သမီးကိုပြောဖြစ်သောပုံပြင်များကို ဖတ်သောသူများသည် အတွေးထက်မြက်သူများသာ ဖြစ်သောကြောင့် နောက်တစ်အုပ် ထုတ်ဝေလို့ရပါသည်။ လူကြိုက်များ လူဖတ်များမည့် စာအုပ်ဖြစ်မှာ သေချာပါသည်ဟု ဆိုပါသည်။

စာအုပ်ထုတ်ဝေရာတွင် လူများများဖတ်၍ များများရောင်းရလျှင် ဝင်ငွေများများရမည်ဟူသောအတွေးကို တွေးသူများ ရှိကောင်းရှိပါမည်။ သို့သော် ကျွန်မတို့ တွေးမိသောအတွေးကမူ လူများများ ဖတ်ရှုနိုင်ရေးသာ ဖြစ်ပါသည်။ အထူးသဖြင့် ပုံပြင်ကြိုက်သောလူငယ်များ ကလေးများ ပုံပြင်ကို များများဖတ်နိုင်ရေးကို ကျွန်မတို့ လိုလားပါသည်။ ထိုသို့ဖတ်ရင်း လောကမှာ ခေတ်ဆန်ပေ့ဟူသော အယူအဆမျိုးသည် မူလကပင် မြန်မာများနှင့် ရင်းနှီးကျွမ်းဝင်ရှိသော အယူအဆများဖြစ်ကြောင်း လောကတွင် ကြုံတွေ့နေရသောဖြစ်ရပ်တိုင်းတွင် အကြောင်းရင်းခံရှိသကဲ့သို့ အကျိုးဆက်ရှိကြောင်း စသည်တို့ကို တွေးတောမိရန်လိုပါသည်။

ကလေးများ လူငယ်များသည် အလွယ်တကူနားလည်နိုင်သော အကြောင်းအရာများကို ဖတ်ရှုရင်း အတွေးအခေါ်ရင့်ကျက်လာကာ ဘဝအတွက် လိုအပ်ချက်များကို ကြိုတင်ပြင်ဆင်နိုင်ပြီဟုဆိုလျှင် စာရေးသူကျွန်မ ဝမ်းသာရပြီဖြစ်ပါသည်။ ။

ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com



သီရိဓမ္မာသောကမင်းကြီး

BURMESE CLASSIC .com

# သီရိဓမ္မာသောကမင်းကြီး

လူတိုင်းလူတိုင်းသည် လောကဓံတရားရှစ်ပါး၏ အလှည့်ကျ ပေးတတ်သောဒဏ်နှင့် မကင်းကြပါ။ ထို့ကြောင့် ထိုသို့သောလူများ နေထိုင်သည့် အိမ်များသည်လည်း ပူသည့်အခါပူ၍ အေးသည့်အခါ အေးပါသည်။

ကျွန်မ သတိထားမိသည်မှာ ကျွန်မတို့အိမ်သို့ မြမြဆိုသူ (နာမည် ပြောင်းထားသည်) မိန်းကလေးတစ်ယောက် လာရောက်နေထိုင်သည့်အခါ တိုင်း ကျွန်မတို့မှာ လောကဓံဆိုးများနှင့် တွေ့ကြုံရတတ်သည့်အကြောင်း ဖြစ်သည်။သူလာတိုင်းလာတိုင်း ထိုအတိုင်း ဖြစ်တတ်သည်။ သူ့ကြောင့် ထိုသို့ဖြစ်ရသည်ဟု မဆိုသာပါ။ သို့သော် သူကံမကောင်းသည်မှာ သေချာ ပါသည်။

သမီးသည်လည်း ကျွန်မတို့၏ လောကဓံများကို မျှဝေခံစားရရှာ သူ ဖြစ်သည်။ သို့သော် သူသည် ကြောင်ကဲ့သို့မကျင့်ဘဲ ခွေးကဲ့သို့ ကျင့်သောသူ ဖြစ်သည်။ မကောင်းသည့်အကြောင်းဆိုလျှင် ကြောင်က ရှောင်သည်။ ခွေးက မရှောင်တတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သမီး၏အကြောင်းကို ကျွန်မက တစုတ်တရ ရေးနေမိခြင်းဖြစ်သည်။ သူ့ကိုပြောသည့် ပုံပြင်များမှာ နိပါတ်တော်လာ ပုံပြင်များဖြစ်နေရသည်မှာလည်း သူက ဗုဒ္ဓဘာသာကို အလွန်စိတ်ဝင်စားစွာ မေးလေ့ရှိသောကြောင့် ဖြစ်ပါသည်။ သူကိုယ်တိုင် သက်ဝင်ယုံကြည်လာပြီဖြစ်သည့် ကိုးကွယ်ယုံကြည်မှုနှင့် ပတ်သက်ရာပတ်သက်ကြောင်း မေးခွန်းများသည် သူ့ရင်ထဲတွင် အစီအရီရှိနေသည်ဟု ထင်ပါသည်။

မနေ့က ကျွန်မတို့သားအမိ ခြံထဲတွင် မြက်နုတ်နေကြပါသည်။ လက်က အလုပ်လုပ်ရင်း ပါးစပ်ကလည်း စကားကြော အမျှင်တန်းတတ်ကြသည်မှာ ဓမ္မတာဖြစ်ရာ သမီးက မေးချင်သည့် မေးခွန်းများကို မေး၍ ကျွန်မက ဖြေလေ့ရှိပါသည်။ မနေ့ကမေးခွန်းကတော့ အတော်အရေးကြီးသည်။ "အမေကြီး– မြန်မာပြည်ကို ဗုဒ္ဓဘာသာ ဘယ်တုန်းက ရောက်လာတာလဲ၊ ဘယ်လိုရောက်လာတာလဲ"တဲ့။

☒☒ ⚹⚹ ☒☒

အင်း– အဲဒီအကြောင်းကတော့ နည်းနည်းပြောရခက်မယ် သမီးရဲ့။ ၁၅ ရာစုမှာ ထီးနန်းစိုးစံခဲ့တဲ့ ဓမ္မစေတီမင်း ရေးထိုးထားတဲ့ ကျောက်စာထဲမှာတော့ တဖုဿနဲ့ ဘလ္လိက ကုန်သည်ညီနောင်ဟာ မြတ်စွာဘုရားရဲ့ ဆံတော်ခတ်များကို ပင့်ဆောင်ပြီး ရွှေတိဂုံစေတီတော်မြတ်မှာ ဌာပနာခဲ့တယ်လို့ပါပါတယ်။ သူ့ထက်စောတဲ့ စာပေတွေထဲမှာတော့ အဲဒီအကြောင်း မပါပါဘူး။

တစ်ခုတော့ ပြောလို့ရပါတယ်။ မြန်မာနိုင်ငံနဲ့ အိန္ဒိယဟာ ရေကြောင်းကရော ကုန်းကြောင်းကရော အဆက်အသွယ်ရှိနေတာ အတော်ကြာခဲ့ပြီ။ ဘာကြောင့် အဲဒီလို ပြောနိုင်သလဲဆိုတော့ တရုတ်ပြည်က ရောမပြည်နဲ့ ဆက်သွယ်တဲ့ ပိုးလမ်းမဟာ မြောက်ပိုင်း ပျူနိုင်ငံတစ်နိုင်ငံကို ကုန်းလမ်းကဖြတ်ခဲ့တာ ခရစ်နှစ်ဦး ကာလများကတည်းကပါပဲ။

နောက် ပိုးလမ်းမတစ်ခုကတော့ အိန္ဒိယက ရေလမ်းနဲ့လာတယ်။ တနင်္သာရီကမ်းမြောင်ဒေသက မြိတ်မြို့ကိုရောက်တော့ ကုန်းလမ်းနဲ့ ဆက်သွယ်သွားကြပြန်တယ်။ အဲဒီလို ခရီးလမ်းကြောင်းတွေ ရှိနေတယ်ဆိုကတည်းက တစ်နိုင်ငံကအယူဝါဒတွေ တစ်နိုင်ငံကိုရောက်ဖို့ အခက်အခဲ မရှိတော့ဘူးပေါ့ သမီးရယ်။

BURMESE CLASSIC .com



မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးတဲ့နောက်ပိုင်းမှာ ဗုဒ္ဓဘာသာမှာ ဂိုဏ်းကြီးနှစ်ဂိုဏ်း ကွဲသွားတယ်။ တစ်ဂိုဏ်းက မဟာယာန၊ နောက်တစ်ဂိုဏ်းက ဟိနယာန (ဒါမှမဟုတ် ထေရဝါဒ)ပေါ့။ ဒါကိုတော့ သမီးဘွားဘွားဆီက ကြားဖူးနေတာ ကြာရောပေါ့နော်။

မဟာယာနလို့ဆိုတဲ့ အယူဝါဒက အိန္ဒိယမြောက်ပိုင်းမှာ ထွန်းကားတယ်။ အဲဒီဝါဒက မြန်မာနိုင်ငံတွင်းကို ကုန်းလမ်း အဆက်အသွယ်နဲ့ ဝင်ရောက်လာခဲ့တယ်။ အဲဒါကြောင့် မြန်မာနိုင်ငံမှာ အင်းအိုင်ခလှဲ့လက်ဖွဲ့ အစရှိတဲ့ လောကီဆန်သော ကိုးကွယ်ယုံကြည်မှု ဓလေ့များ၊ အယူအဆများ ရောပြွန်းနေတဲ့ မြောက်ပိုင်းဗုဒ္ဓသာသနာ ဓလေ့များလည်း ထွန်းကားခဲ့တာပေါ့။ အေးလေ– ထွန်းကားဆဲလို့လည်း ပြောနိုင်ပါသေးတယ်။

တောင်ပိုင်း ဗုဒ္ဓသာသနာကိုတော့ ဟိနယာနလို့ မဟာယာနဂိုဏ်းသားများက ခေါ်ကြပေမယ့် အမေကြီးတို့လို တောင်ပိုင်းသာသနာကို လိုက်နာကြည်ညိုသူများကတော့ ထေရဝါဒီများလို့ ကိုယ့်ကိုယ်ကိုယ် ခေါ်ကြတာပါပဲ။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးတဲ့နောက် ကျန်ခဲ့တဲ့မထေရ်ကြီးများရဲ့ အဆုံးအမအတိုင်း လိုက်နာတဲ့သူများပေါ့ သမီးရယ်။

တောင်ပိုင်းဗုဒ္ဓသာသနာကတော့ အိန္ဒိယကနေပြီး ရေလမ်းနဲ့ ဝင်ရောက်လာကြတာပေါ့။ ကဲ– ကဲ သမီးမေးတဲ့ အမေးလည်း ပြေလည်အောင် အမေကြီး ပုံတစ်ပုံ ပြောပြမယ်။

☒☒ ⚹⚹ ☒☒

ကျွန်မသည် သမီးကို ပုံလည်းပြောရင်း သူမေးသော မေးခွန်း၏ အဖြေကိုပေးရန် ကြိုးစားခဲ့ပါသည်။ တကယ်ဆိုတော့ ကျွန်မပြောပြသော ပုံပြင်ကို သမီးက သူ့ဘွားဘွားထံမှ ကြားဖူးပြီးသား ဖြစ်ပါသည်။ သို့သော် ပကတိပုံပြင်အဖြစ်ဖြင့် ကြားဖူးထားခြင်းဖြစ်သည်။ ကျွန်မလည်း အာဿောက မဟာရာဇာ၏ အကြောင်းကို ဒေဝါနံပိယ ပိယဒဿီဆိုသည့် ခေါင်းစဉ်ဖြင့် သောင်းပြောင်းထွေလာတွင်လည်းကောင်း၊ ကြည်ညိုဦးနိုက် ပူဇော်ထိုက်သူများဆိုသည့် ခေါင်းစီး၏အောက်တွင်လည်းကောင်း ရေးဖူးပါသည်။ နောက်ရေးသောအကြောင်းမှာ စံပယ်ဖြူ မဂ္ဂဇင်းတွင် ပါပြီးပါပြီ။ သို့သော် ထိုဆောင်းပါးများကို သမီးဖတ်လိုက်ဟု မပြောသာလောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



ချုပ်နှောင်ထားသော မေးခွန်းပုစ္ဆာကရှိနေပြီဖြစ်သဖြင့် အာသောကမင်းတရားကြီးအကြောင်းကို သမီးကြားဖူးသည့်အမည်ဖြစ်သော သီရိဓမ္မာသောကမင်းကြီး အမည်ဖြင့် ပြန်ပြောလိုက်ရပါသည်။

⊠⊠ ⚹⚹ ⊠⊠

သမီးက သီရိဓမ္မာသောကမင်းကြီး အကြောင်းကို ကြားဖူးပေမယ့် အမေကတော့ ပြန်ပြောရဦးတော့မှာပဲ။ ဘီစီ ၃ ရာစုမှာ အိန္ဒိယနိုင်ငံနယ်နိမိတ်ထဲအထိရောက်အောင် စစ်ချီတက်ပြီး လာခဲ့တဲ့ ဥရောပဘုရင်တစ်ပါးရှိတယ် သမီးရဲ့။ အလက်ဇန္ဒာမင်းမဟာပေါ့ သမီးရယ်။ အဲဒီဘုရင် စစ်တိုက်တာ လွန်သော မလွန်သော မပြောနဲ့၊ သမိုင်းပညာရှင်တစ်ယောက်ရဲ့ စာအုပ်ထဲမှာ အလက်ဇန္ဒာဟာ အိန္ဒုမြစ်ကြောင်းအတိုင်း ဆင်းပြီး ပြန်လည်ဆုတ်ခွာသွားခြင်းမပြုရင် စစ်တိုက်ဖို့ချီတက်ရင်း ချီတက်ရင်းနဲ့ သမိုင်းထဲက ထွက်ခွာသွားရတော့မှာပဲလို့တောင် ရေးခဲ့ဖူးတယ်။

အိန္ဒုမြစ်ကြောင်းအတိုင်း တောင်ဘက်ကိုဆင်းပြီး ပြန်ဆုတ်သွားရတာက အကြောင်းရင်းကြီးအနေနဲ့ နှစ်ခုရှိတယ်။ တစ်ခုက သူ့လူတွေကိုယ်တိုင် စစ်ဆက်ပြီးမတိုက်ချင်လောက်အောင် စစ်ပန်းနေလို့ပဲ။ နောက်တစ်ချက်ကတော့ အိန္ဒိယဒေသခံများအနေနဲ့လည်း ဆန့်ကျင်တိုက်ခိုက်တာ ထကြွတော်လှန်တာတွေ ရှိနေကြလို့ပဲ။

အလက်ဇန္ဒာဟာ အိန္ဒိယက ပြန်သွားပြီး မကြာခင်မှာပဲ ကွယ်လွန်ပါတယ်။ သူ့ပိုင်နက်တွေလည်း အစိတ်စိတ်အမွှာမွှာ ကွဲကုန်ကြတာပေါ့။ အဲဒီလို အချိန်ကောင်းမှာ အိန္ဒိယက စန္ဒဂုတ္တမောရိယလို့ ခေါ်တဲ့ သူရဲကောင်းက ပြည်တွင်းအင်အားများကို စုစည်းပြီး တိုင်းတစ်ပါးသားများကို တွန်းလှန်ခဲ့ပါသတဲ့။

စန္ဒဂုတ္တမောရိယက စစ်နိုင်တော့ မောရိယမင်းဆက်ကို ထူထောင်တာပေါ့ သမီးရယ်။ အဲဒီမင်းဆက်ရဲ့ တတိယမြောက်မင်းက အသောကမောရိယတဲ့။ တို့တတွေက သီရိဓမ္မာသောမင်းကြီးလို့ သိတဲ့သူပေါ့။ သူ့ကို ဒေဝါနံပိယလို့လည်း ခေါ်ကြသေးတယ်။ အဲဒါကတော့ သူတစ်ယောက်ထီးတည်းနဲ့ သက်ဆိုင်တဲ့ အမည်မဟုတ်ပါဘူး။ ဘွဲ့တစ်မျိုးပေါ့လေ။ နတ်တို့ ချစ်ခင်သောသူလို့ အဓိပ္ပာယ်ရတယ်။ အဲဒီဘွဲ့မျိုးကို သူ့



အရင်မင်းတွေရော၊ သူ့နဲ့ခေတ်ပြိုင်မင်းတွေပါ ယူခဲ့ဖူးကြပါတယ်။

ပိယဒဿီဆိုတာက နှစ်လိုဖွယ်ရာကောင်းသောသူလို့ ဆိုရမယ့်ဘွဲ့ပဲ။ သက္ကတလိုတော့ ပရိယဒဿင် ပရိယဒါသင် စသဖြင့်ပေါ့ ခေါ်ကြတယ်။

အမေကြီး သဘောကျတာက ဒီလိုပါ။ သူက မောရိယဆက်ကဆိုတော့ စစ်တိုက်တာ ဝါသနာပါတယ်။ နယ်ချဲ့တာ ဝါသနာပါတယ်။ အဲဒီတော့ အိန္ဒိယတိုက်ငယ်တစ်လျှောက် လိုက်ပြီးတိုက်ခိုက်သိမ်းပိုက်တာပေါ့လေ။ အဲဒီလိုနဲ့ ကလိင်္ဂတိုင်းကို ရောက်လာပါလေရော။ အဲဒီဒေသကို တိုက်ရတာ ရှစ်နှစ်လားတောင် ကြာတယ်။ တိုက်လို့လည်းနိုင်ရော၊ သီရိဓမ္မာသောကမင်းကြီးဟာ သူ့ပတ်ဝန်းကျင်ကို လိုက်လံစစ်ဆေးတယ်လေ။ စစ်ကြောင့် ပျက်စီးဆုံးရှုံးနေတဲ့ ဝန်းကျင်မှာ မီးတွေကလောင်လို့ပေါ့။ အဆောက်အဦးတွေက ပြိုလို့ ပျက်လို့ပေါ့။ လူတွေက သေလို့ပေါ့။ နာတဲ့သူ၊ ကျိုးပဲ့ရှဲ့ကန်းတဲ့သူတွေကလည်း မရေတွက်နိုင်ဘူးပေါ့။ အမိမဲ့ အဖမဲ့ ကလေးတွေ၊ မှီခိုရာမဲ့ သက်ကြီးရွယ်အိုတွေကို သူတွေ့ရတော့တာပေါ့။ အမေဖြင့် ပြောရင်းပြောရင်း ဘော့စနီးယားကို မြင်လာတယ်။

အဲ- အဲဒါနဲ့ သီရိဓမ္မာသောကမင်းကြီးက စစ်ရဲ့အနိဋ္ဌာရုံများကို ကြည့်ပြီး အလွန်စိတ်ဆင်းရဲသွားသတဲ့။ အမေဖြင့် အဲဒီအကြောင်းကို ဝတ္ထုပုံစံနဲ့ ရေးထားတာတောင်မှ ဖတ်ဖူးသေးတယ်။ ကြာတော့လည်း ကြာပါပြီ။ တကိုးရဲ့ ဝတ္ထုလားတောင် မသိဘူး၊ ရေးတေးတေးပဲ။

စစ်အောင်မြင်တဲ့အခါမှာ အဲဒီအောင်မြင်ခြင်းကြောင့် မာန်မတက်ဘဲ၊ မမူးရစ်ဘဲ၊ သံဝေဂတွေရပြီး စစ်မတိုက်တော့ပါဘူးလို့ ဆုံးဖြတ်ခဲ့သူကတော့ သီရိဓမ္မာသောကမင်းကြီးတစ်ပါးပဲ ရှိပါတယ်။

သူဟာ စစ်ကို စွန့်လိုက်ပြီး ဓမ္မနဲ့သာ လောကကို စည်းရုံးမယ်လို့ ဆုံးဖြတ်လိုက်သတဲ့။ နောက်တော့ ဗုဒ္ဓဘာသာဝင်ဖြစ်လာပြီး ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်လာတာပေါ့။

သီရိဓမ္မာသောကမင်းကြီးဟာ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်များကို အစုစုခွဲရင် ရှစ်သောင်းနဲ့လေးထောင် ရတာကို အစွဲပြုပြီး ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်၊ စေတီပုထိုးပေါင်း ရှစ်သောင်းလေးထောင် တူးဖော်ခဲ့တယ်တဲ့။ အဲဒီနည်းနဲ့ တရားကို ပူဇော်ရုံနဲ့တင် အားမရသေးဘဲနဲ့ သာသနာပြု

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းတော်များကို အရပ်ရှစ်မျက်နှာကို ကြွရောက်ဖို့ စီစဉ်ပေးတော်မူခဲ့သတဲ့ သမီးရဲ့။ သူ့လုပ်ဆောင်ချက်တွေကို ကျောက်စာကမ္ပည်းများ ရေးထိုးထားခဲ့သေးတယ်လေ။

သီရိခေမ္မာသောကမင်းကြီးက သုဝဏ္ဏဘူမိကို သာသနာပြုဖို့ စေလွှတ်ခဲ့သူ ပုဂ္ဂိုလ်များကတော့ အရှင်သောဏနဲ့ အရှင်ဥတ္တရမထေရ်တို့ပဲ ဖြစ်ကြပါသတဲ့။ ကဲ– ကဲ သမီးသိချင်တဲ့အကြောင်း ပါလာပြီနော်။

မြန်မာနိုင်ငံ တောင်ဘက်ပိုင်းက သုဝဏ္ဏဘူမိကို မထေရ်နှစ်ပါး ကြွလာတာက အဲဒီအတိုင်းဆိုရင် ဘီစီ ၃ ရာစုကတည်းကပေါ့။

တစ်ခုတော့ သေချာပါတယ်။ မြန်မာနိုင်ငံမှာ အခုထိ တူးဖော်တွေ့ရှိရတဲ့ မြို့တော်ဟောင်း တူးကွက်များအရ အဲဒီဒေသတွေမှာ ဗုဒ္ဓဘာသာ ထွန်းကားခဲ့တာ သိရတယ်။ မဟာယာန၊ ထေရဝါဒနဲ့ ဟိန္ဒူ အယူအဆတွေတော့ ရောနေတာပေါ့လေ။

အင်း– သမီးတို့ မြန်မာနိုင်ငံအောက်ပိုင်းက မွန်တို့ဒေသဟာ ထေရဝါဒ ပိုမိုထွန်းကားခဲ့တဲ့ ဒေသပဲ။ ရာမညတိုင်း မွန်ပိုင်းသုံးရပ်ဆိုတော့ ပုသိမ်လည်းပါတာပေါ့ဟု ပြောရင်း ကျွန်မက သီရိခေမ္မာသောကပုံပြင်ကို သာသနာပြုခြင်းနဲ့စပ်၍ ပြောနေခြင်းကို လက်စသပ်ရပါသည်။

သမီးက သူတို့ ပုသိမ်ဟာ မူလက မွန်တို့ဒေသဖြစ်သည်။ မွန်တို့ဒေသသည် သာသနာစတင်ထွန်းကားခဲ့ရာ ဒေသဖြစ်သည်ဆိုသည့်အချက်ကို လွန်စွာသဘောကျပါသည်။ "ဒါကြောင့် သမီးထင်တော့ ထင်သားပဲ၊ သမီးတို့ဘက်မှာ ဘုရားဟောင်း အပြိုအပျက်တွေ၊ စေတီဟောင်း ငုတ်တိုတွေ ရှိနေတယ်ဆိုတာကိုက ဗုဒ္ဓသာသနာ ထွန်းကားခဲ့လို့ပေါ့" ဟု ဆိုပါသည်။

ကျွန်မက "ဟုတ်တာပေါ့"ဟု ထောက်ခံလိုက်သည်တွင် သမီးက "ဒီတစ်ခါ ရွာပြန်ရင် အဲဒီစေတီပျက်တွေရှိတဲ့ နေရာကို သွားဦးမယ်၊ လေ့လာဦးမယ်၊ ဟိုတုန်းကတော့ ဘာမှမသိသေးပဲကိုး၊ ဘာကြည့်တတ်မှာလဲ၊ အမယ်လေး ရေထဲပါသွားတဲ့ ဘုရားတွေ နမျောစရာကောင်းလိုက်ပါဘိတော့"ဟု ပြောရှာပါသည်။

အဲဒီလို ပုံပြောခြင်း၊ ဆွေးနွေးခြင်းတို့သည် ကျွန်မတို့ခြံထဲတွင်



မြက်နုတ်ရင်း၊ အမှိုက်ရှင်းရင်း ပြီးစီးအောင်မြင်သွားသောကိစ္စများ ဖြစ်ကြပါသည်။

ကောင်းသောစကားကို ပြောနေကြသည့်အချိန်သည် နက္ခတ်ကောင်းကင်နှင့် ယှဉ်သောအချိန်၊ မင်္ဂလာရှိသောအချိန်ဖြစ်နေပေသည်။ ထိုကောင်းမှုအကျိုးကြောင့် ကျွန်မတို့ အခုတလော ကံကောင်းထောက်မနေသည်ဟု ယူဆပါသည်။ အရာရာထက် ကျွန်မလိုချင်သော အရာမှာ အေးဆေးငြိမ်သက်ခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မဟာပဇာပတိဂေါတမီထေရီ

# မဟာပဇာပတိ ဂေါတမီထေရီ

၁၇.၂.၉၅ နေ့တွင် ကျွန်မနှင့်သမီးတို့သည် ထူးခြားသော မင်္ဂလာ အခမ်းအနားတစ်ခုကို တက်ရောက်ရပါသည်။ အခမ်းအနားတက်ရန် သွားရောက်ရသည့် လိပ်စာမှာ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းရပ်ကွက်ရှိ သာသနာ့မဋ္ဌရီ စာသင်တိုက်ဖြစ်ပါသည်။ ထိုကျောင်းတိုက်တွင် ကျင်းပသော အခမ်းအနားမှာ သီလရှင် အဂ္ဂမဟာ အကျော် ဂုဏာပူဇာမင်္ဂလာ အခမ်းအနားဖြစ်ပါသည်။

ကျွန်မသည် သာသနဓဇ ဓမ္မာစရိယ (အဂ္ဂမဟာအကျော်) ဆရာ လေး မပညိဿရီ၏ အတ္ထုပ္ပတ္တိအကျဉ်းကို ဖတ်ကြားပေးရန် တာဝန်ဖြင့် သွားရောက်ရခြင်းဖြစ်ပါသည်။ ထိုတာဝန်ကို ယူစဉ်ကပင် ''သမီးကို ဒီတစ်ခါပုံပြောရင် မြတ်စွာဘုရားလက်ထက်တော်က ပညာအရာမှာ ထူး ချွန်တဲ့ ဘိက္ခုနီတစ်ပါးပါးရဲ့အ ကြောင်းကို ပြောမိမှာပဲ''ဟု ပြောခဲ့ပါ သေးသည်။

သာသနာ့မဋ္ဌရီ ကျောင်းတိုက်သည် လေဆိပ်မှ အရှေ့ဘက်သို့ သွားသောလမ်းမကြီးမှတစ်ဆင့် မြောက်ဘက်သို့ ချိုးဝင်ရသော လမ်းသွယ်

www.burmeseclassic.com

www.burmeseclassic.com



တွင် တည်ရှိပါသည်။ လမ်းသွယ်ပေါ်တွင် မှန်ဦးကြီးနှင့် ထည်ထည်ဝါဝါ ရှိနေခြင်းမဟုတ်ပါ။ လမ်းကြားကလေးတစ်ခုအတိုင်း ခြေလျှင်သွားရပါသေးသည်။ လမ်းကြားကလေးအဆုံးတွင်မှ သပ်ရပ်တင့်တယ်သော တိုက်ကျောင်းကို တွေ့ရပါသည်။ ပန်းပင်၊ သစ်ပင်များကိုလည်း တင့်တယ်စွာ စိုက်ပျိုးထားပါသည်။

ကျွန်မတို့သည် အခမ်းအနားကျင်းပမည့် တိုက်ကျောင်းပေါ်သို့ တက်ရောက်ကာ မြတ်စွာဘုရား ရုပ်ပွားတော်ကို ကန်တော့၍ အေးအေးသက်သာ ထိုင်နေကြပါသည်။ ခဏအကြာတွင် အသီးသီး အလုပ်ရှုပ်နေကြသူများ ရှိသွားကြကာ ပရိသတ်ကလည်း ကြွလာသည့် ဆရာတော်များကို ညွတ်တွားပူဇော်ကြပါသည်။

ဆရာတော်ဘုရား ကြွလာအပြီးတွင်မှ သီလရှင် ဆရာလေးနှစ်ပါး လာရောက်ကန်တော့ကြပါသည်။ အသက်အရွယ် နုနယ်ငယ်ရွယ်လှသေးသော ခပ်ညိုညိုသီလရှင်ကလေးမှာ မပညိသဿရီဖြစ်သည်ဟု ကြိုတင်မြင်ထားရသော ဓာတ်ပုံကြောင့် သိလိုက်ရပါသည်။ သာသနမဏ္ဍိုင် ကျောင်းတိုက်မှ နာယကဆရာကြီး ဒေါ်ကောသာရီမှာမူ ဓာတ်ပုံထဲတွင် အတန်ငယ်ရင့်နေပါသည်။ အပြင်တွင်မူ နုနယ်ငယ်ရွယ်သေးသောသူတစ်ဦး ဖြစ်နေပါသည်။

ကျွန်မသည် အဂ္ဂမဟာအကျော် ဆရာကလေးကိုလည်း လွန်စွာလေးစားရိုးကျိုးသောစိတ် ပေါ်ပေါက်နေမိပါသည်။ သို့သော် ဤ၍ဤ၍ ပါးလျသောကိုယ်၊ နုနယ်ငြိမ်းချမ်းသော အသွင်အပြင်ရှိသည့် အဂ္ဂမဟာအကျော်၏ဆရာ ကျောင်းတိုက်၏ ပဓာနနာယက ဆရာကြီးကိုကြည့်ကာ အံ့သြနေမိပါသည်။ သူသည် မြင်ရုံနှင့်ပင် ကျွန်မ ကြည်ညိုလေးစားနိုင်သောသူတစ်ဦးဖြစ်ကြောင်း ကျွန်မဆုံးဖြတ်ချက်ချလိုက်ပါသည်။ အံ့သြစရာလည်း ကောင်းလှပါသည်။ ကျွန်မသည် မည်သူနှင့်မဆို သင့်တင့်စွာ ပေါင်းဖို့ ဝန်မလေးသော်လည်း ကြည်ညိုဆည်းကပ်ရန် လူရွေးသည့်အခါတွင် တော်တော်တန်တန်လူကို ကြည်ညိုဆည်းကပ်ရန် ဝန်လေးတတ်ပါသည်။

အခမ်းအနားတွင် မပညိသဿရီ၏ အတ္ထုပ္ပတ္တိအကျဉ်းကို ကျွန်မတင်ပြစဉ်ကတည်းက ကျောင်းတိုက်၏ဆရာကြီးဘုရားဖြစ်သူ ဒေါ်ကောသာရီ၏ ဆုံးမသွန်သင်မှုသည် မပညိသဿရီ၏ အောင်မြင်မှုအတွက် ကြီးမား



သော အထောက်အပံ့ဖြစ်ခဲ့ကြောင်း ဆိုသည့်အချက်ကို ထည့်သွင်းပြောကြားမိပါသည်။

အခမ်းအနားတွင် ကျောင်းတိုက်၏ သမိုင်းအကျဉ်းကို စာရေးဆရာမကြီး ဒေါ်ကြွယ်ကြွယ်က ဖတ်ကြားပါသည်။ ထိုကျောင်းတိုက်၏ သမိုင်းအကျဉ်းကို ကျွန်မလက်ထဲတွင် ရှိနေသော စာအုပ်ငယ်ကလေးတွင်လည်း ဖတ်ရပါသည်။ ကျောင်းတိုက်တည်ထောင်သော ဒေါ်ကောသာရီ၏အသက်သည် အခုအချိန်တွင် ၄၅နှစ်ရှိပြီ ဖြစ်သည်။ ကျောင်းတိုက်၏ သက်တမ်းမှာ ၉နှစ် ရှိပါပြီ။ ထိုသို့ဆိုလျှင် ဆရာကြီးဘုရား၏ အသက် ၃၆နှစ်အရတွင် တည်ထောင်သော ကျောင်းဖြစ်ကြောင်း သိနိုင်ပါသည်။ နုနယ်သော ပါးလျသော ငြိမ်းချမ်းသောအသွင်ကိုဆောင်သည့် ဆရာကြီးဘုရားသည် ထိုအချိန်အတောအတွင်းမှာတွင် အခြေပြုမူလတန်း ၂၁ပါး၊ ပထမငယ်တန်း ၁၆ပါး၊ ပထမလတ်တန်း ၈ပါး၊ ပထမကြီးတန်း ၂ပါးနှင့် ဓမ္မာစရိယ စာချတန်း ၁ပါးတို့ကို မွေးထုတ်ခဲ့ပြီးပြီ ဖြစ်ပါသည်။

ထိုအထဲတွင် မပညိသဿရီသည် အဂ္ဂမဟာအကျော်ဘွဲ့ကို ဆွတ်ခူးခဲ့ပါသည်။ ၁၃၃၅ခု (၁၉၉၄)ခုနှစ် အစိုးရဓမ္မာစရိယတန်း ဖြေဆိုသောသီလရှင်များအနက် တစ်ပြည်လုံးတွင် ပထမရသည့်အတွက် ထိုအဂ္ဂမဟာအကျော် ဂုဏ်ထူးရရှိခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်မသည် မပညိသဿရီ၏ အကြောင်းကို တွေးရင်း၊ ဖတ်ကြားရင်း မပညိသဿရီ၏အနီးတွင် ထိုင်နေသော ဆရာကြီးဘုရား ဒေါ်ကောသာရီကိုသာ ကြည့်နေမိသည် ကြည်ညိုနေမိပါသည်။

⊠⊠ ⚹⚹ ⊠⊠

အခမ်းအနားအပြီးတွင် ကျွန်မတို့သည် ဧည့်ပရိသတ်များနှင့်အတူ ကျောင်းပေါ်မှ အောက်သို့ဆင်းရန် တာစူနေကြပါသည်။ သို့သော် ကျွန်မမှာ သွက်သွက်လက်လက် မဆင်းနိုင်ပါ။ တစ်စုံတစ်ယောက်ကို စောင့်နေမိပါသည်။ ထိုတစ်စုံတစ်ယောက်မှာ ဒေါ်ကောသာရီဖြစ်ပါသည်။ ဒေါ်ကောသာရီသည် ကျွန်မထက် ၁၁ နှစ် ငယ်ပါသည်။ သို့သော် ကျွန်မ၏ရင်တွင်းမှ ဆရာကြီးဘုရားဟု ခေါ်ချင်သောစိတ်၊ ဝတ္ထုငွေ လှူချင်သောစိတ်၊ ကန်တော့ချင်သောစိတ်တို့ ယိုဖိတ်နေကြပြီ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ဆရာကြီးဘုရားလက်ထဲသို့ စာအိတ်ကိုထည့်ကာ ထိုင်၍ ကန်တော့ပါသည်။ သမီးကိုလည်း ကန်တော့နိုင်းပါသည်။ ဆရာကြီးဘုရားက သိမ်မွေ့စွာ ပြုံးနေပါသည်။ ထို့နောက် ကျွန်မတို့ကို အဆင်သင့် ခင်းထားသော စားပွဲဝိုင်းတွင် ထိုင်နိုင်းကာ ထမင်းကျွေးဖို့ စီစဉ်ပါသည်။ ဧည့်ကြိုထိုင်ကြရင်းဆရာကြီးဘုရားကကျွန်မ၏ "ရာဇဝင်ထဲက မိန်းမသား" ကို ဖတ်လိုသောကြောင့် အရှာနိုင်းရာ အခုကျင်းပသည့် အခမ်းအနားတွင်မှ စာအုပ်နှစ်အုပ် တစ်ပြိုင်နက်တည်းရကြောင်း ပြောပြပါသည်။

ကျွန်မလက်ကို ကိုင်ထားသည့် ဆရာကြီးဘုရားလက်များမှာ နွေးထွေးလှပါသည်။ သူ၏လိုက်လျောမှုကို ကျွန်မခံစားနေရပါသည်။

ကျွန်မက ကျွန်မသည် တော်တော်တန်တန် ပုဂ္ဂိုလ်ကို ကန်တော့လေ့ မရှိသည့်အကြောင်း ပွင့်လင်းစွာပင် ပြောပြမိပါသည်။ ဆရာကြီးဘုရားကလည်း လက်အုပ်ကြွေးကို သူကြောက်သည့်အကြောင်း ပြောပြပါသည်။ ကျွန်မက ဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏စကားကို အမှတ်ရမိကြောင်း ပြန်ပြောပါသည်။

အလုပ်များလှသော ကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာကြီးကို ကျွန်မအနီးတွင် ထိုင်မနေစေချင်ပါ။ ထို့ကြောင့်ပင် "ဆရာကြီးဘုရား ဆောင်ရွက်စရာရှိတာကို ဆောင်ရွက်ပါ၊ တပည့်တော်က သူစိမ်းမဟုတ်တော့ပါဘူး။ အရင်းအချာဖြစ်သွားပါပြီ၊ အကြာကြီးလည်းနေမှာပါ" ဟု ပြောလိုက်မိပါသည်။ ဆရာကြီးဘုရားက ကျေနပ်ဝမ်းမြောက်စွာဖြင့် "ဒါဆိုရင် ကျေနပ်ပြီ နေခဲ့ဦး" ဟုဆိုကာ လုပ်ဆောင်ဖွယ် ရှိသည်တို့ကို လုပ်ဆောင်ရန် ထွက်သွားပါသည်။

ကျွန်မတို့သည် သာသနမဏ္ဍိုင်မှ ၁၂ နာရီခွဲတွင် ထွက်ခွာခဲ့ကြပါသည်။ မထွက်ခွာမီ အချိန်အတောအတွင်းတွင် ကျွန်မတို့သည် ကုသိုလ်နှင့်ယှဉ်သော စကားတို့ကို ပြောခဲ့ကြပါသည်။ ကျွန်မတို့နှင့်အတူ မမကြွယ်၊ ဒေါ်သင်းသင်းမြတ်တို့လည်း ပါပါသည်။

ကျွန်မ၏စိတ်ထဲတွင် အမှတ်ထင်ထင်ရှိနေသော ရုပ်ပုံလွှာမှာ ငြိမ်းချမ်းသောရုပ်သွင်ဖြင့် ဆောက်ရွက်ဖွယ်ရှိသမျှကို တိတိကျကျ ပြတ်ပြတ်သားသား ပြောဆိုသော၊ ဆောင်ရွက်နေသော ဆရာကြီးဘုရား ဒေါ်ကောသာရီ၏ ရုပ်ပုံလွှာသာ ဖြစ်ပါသည်။

အိမ်သို့ရောက်သည့် အချိန်မှာလည်း ကျွန်မတို့သားအမိသည် မနက်



ပိုင်းက ပွားများခဲ့ရသော ကုသိုလ်ကောင်းမှုတို့နှင့် ပတ်သက်၍ ပြောမဆုံးအောင် ဖြစ်နေပါသည်။ လာသမျှလူကိုလည်း အမျှဝေလို့ မဝနိုင်အောင် ဖြစ်နေပါသည်။

⊠⊠ ⁎⁎ ⊠⊠

သမီးရေ– အမေတော့ သမီးကိုပြောဖို့ ပုံတွေအများကြီးရှိနေတဲ့ ကြားက ကနေ့တွေ့ခဲ့ရတဲ့ ဆရာကြီးတို့၊ ဆရာလေးတို့နဲ့ သက်ဆိုင်တဲ့ ပုံကို ရွေးချယ်ပြောမယ်ဆိုပြီး စာပြန်ဖတ်ရသေးတယ်။ နောက်တော့လည်း သမီးကြားဖူးကောင်း ကြားဖူးမယ့် မိထွေးတော် ဂေါတမီရဲ့အကြောင်းကို ပြောပြမယ်လို့ စိတ်ကူးပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဘိက္ခုနီ သာသနာရဲ့ မိခင်ကြီးအဖြစ် အထူးကြည်ညိုကြရတဲ့သူက မဟာပဇာပတိ ဂေါတမီထေရီ (မိထွေးတော် ဂေါတမီ) ဖြစ်နေတာကိုး သမီးရဲ့။

တစ်ခုတော့ ရှိတာပေါ့ သမီးရယ်။ အခုရှိနေကြတဲ့ သီလရှင်ဆရာကြီး ဆရာလေးများကို ဘိက္ခုနီများအဖြစ် ထေရဝါဒီများက လက်မခံကြတော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဘိက္ခုနီသာသနာ အဆက်ပြတ်ခဲ့ပြီလို့ ယူဆကြတာကိုး။ အဲဒီအကြောင်းကိုလည်း မိထွေးတော်ကြီး သာသနာ့ဘောင်ကို ဝင်တဲ့အကြောင်းနဲ့ တစ်ဆက်တည်း ပြောလို့ရပါတယ်။

ဘိက္ခုနီမဟုတ်ဘူးဆိုပေမယ့် သီလရှင်ဆရာကြီး၊ ဆရာလေးများကို မရိုမသေ မလေးစားလို့တော့ မဖြစ်ပါဘူး။ အသက်ငယ်ငယ်ကလေးတွေ အလှအပကိုပယ်ပြီး ဦးပြည်းခေါင်းတုံး တုံးကာ နေနိုင်တာ၊ နေ့လွဲညစာ မစားဘဲ နေနိုင်တာ၊ ဝတ်ကြောင်ကို စွန့်နိုင်တာ၊ အသက်ထက်ဆုံး ရှစ်ပါးသီလ၊ တချို့ဆိုရင် ၁၀ ပါးသီလ ဆောက်တည်နိုင်တာ၊ မြတ်စွာဘုရားဟောကြားတော်မူတဲ့ တရားတော်များကို အာဂုံဆောင်ပြီး အာဂလူသားတွေ ဖြစ်နေတာဟာ ရိုသေလေးစားရမယ့် ဂုဏ်များပေါ့ သမီးရယ်။

**တချို့ကတော့** မရိုသေတဲ့ စကားတွေကို ပြောတတ်ကြသေးတယ်။ **သားသေလင်ဆုံး၊** ကုန်ရှုံးကြွေးတင်၊ လိုအင်မရ မယ်သီလလို့ ဆိုကြတယ်။ **လူဆိုတာ အမျိုး**မျိုးပေါ့သမီးရယ်။ သာသနာ့ဘောင်ကို အကြောင်း**ကြောင်းတွေကြောင့်** ဝင်တဲ့သူတွေလည်း **ရှိမှာပါပဲ။** ဒါပေမယ့် ဘယ်တော့မှ **အကောင်းကို** ဖုံးလွှမ်းသွားနိုင်တဲ့ **စကားကို** တရားသေ ကိုင်မထားနဲ့၊ မပြော**မိစေနဲ့။**

www.burmeseclassic.com

www.burmeseclassic.com



ကဲ–ကဲ မဟာပဇာပတိ ဂေါတမီရဲ့ အကြောင်းကို ပြောကြရအောင်။ အမေ မနက်က မပညီသာရီရဲ့အကြောင်းကို ဖတ်တုန်းက ဆရာလေးဟာ ဒီလို ဆရာကောင်း သမားကောင်းတွေရဲ့ တပည့်ဖြစ်ရတာ ပါရမီအခံ ကောင်းလို့ပါပဲလို့ ပြောခဲ့တာ သမီးမှတ်မိတယ်နော်။

ဟုတ်တယ် သမီးရဲ့။ ကြီးကျယ်မြင့်မြတ်တဲ့ဘဝကို ရောက်ဖို့ဆိုတာက အရင်းလိုတယ်။ ဘဝ ဘဝက အရင်းတွေပါသလို အခုဘဝမှာလည်း အရင်းအဖြစ် ကြိုးစားဆောင်ရွက်ရတာတွေ ပါတာပေါ့။

မဟာပဇာပတိ ဂေါတမီထေရီဟာ ဘိက္ခုနီတို့အလယ်မှာ ရတ္တညု ဆိုတဲ့ ဧတဒဂ်ကိုရခဲ့တယ်။ သိက္ခာဝါအကြီးဆုံးဖြစ်သော အရှင်မကြီး ပေါ့ သမီးရယ်။ အဲဒီလို ဧတဒဂ်မျိုးကို ရတဲ့သူဖြစ်ပါစေလို့ သူဆုတောင်း ခဲ့တာက ဂေါတမမြတ်စွာဘုရားရဲ့ အထက် (အရင်ပေါ့) ကမ္ဘာတစ်သိန်း စောပြီး ပွင့်တော်မူခဲ့တဲ့ ပဒုမုတ္တရာဘုရားရှင် လက်ထက်မှာ ဆုတောင်းခဲ့ တာတဲ့ သမီးရဲ့။

အဲဒီလိုဆုတောင်းစဉ်ကလည်း ဒါနမှု၊ သီလမှုတွေကို ပြုခဲ့တာပေါ့။ မြတ်စွာဘုရားကလည်း ဂေါတမ မြတ်စွာဘုရားရှင်လက်ထက်မှာ ဆု တောင်းပြည့်မည့်အကြောင်း ဗျာဒိတ်စကား မြွက်ကြားတော်မူခဲ့ပါတယ်။

အဲဒီလို ဘဝပေါင်းများစွာ ကုသိုလ်ကောင်းမှုအရာမှာ ပြည့်စုံအောင် ဆောင်ရွက်ရင်း ပါရမီ ဖြည့်ဆည်းခဲ့ပါသတဲ့။

ဂေါတမ ဘုရားရှင် ပွင့်တော်မူမယ့် အချိန်ကျတော့ ဒေဝဒဟတိုင်း မဟာသုပ္ပဗုဒ္ဓမင်းကြီးရဲ့ သမီးတော် အငယ်အဖြစ်နဲ့ မွေးဖွားလာခဲ့ပါတယ်။ အစ်မတော်က မဟာမာယာဒေဝီ၊ ညီမတော်က မဟာပဇာပတိ ဂေါတမီ ဒေဝီပေါ့။ ညီအစ်မ နှစ်ပါးစလုံးဟာ သုဒ္ဓေါဒနမင်းကြီးရဲ့ မိဖုရားများ ဖြစ်လာကြတယ်။

သမီးသိပြီးသား အကြောင်းတွေကို ကျော်လိုက်ကြစို့။ မဟာမာယာ ဒေဝီဟာ မြတ်စွာဘုရားအလောင်းတော်ကို ဖွားမြင်ပြီး ၇ ရက်အရမှာ နတ်ရွာစံခဲ့တယ်နော်။ အဲဒီအချိန်ကစပြီး အလောင်းတော်ကို မဟာပဇာ ပတိ ဂေါတမီက ကောင်းစွာပြုစုကျွေးမွေးခဲ့ရတာပဲ။ ဒါတွေ သမီးသိပြီး သားပါပဲ။ ဘယ်လောက်တောင် စောင့်ရှောက်ခဲ့သလဲဆိုရင် သူ့ရဲ့သား တော်အရင်း နန္ဒမင်းသားသားကိုတောင်မှ နို့ထိန်းနဲ့ထားပြီး အလောင်း တော်ကို မိတဆိုးကလေးဖြစ်လို့ အသနားပိုကာ ကိုယ်တိုင် နို့ချိုတိုက် ကျွေးခဲ့ပါသတဲ့။



သိဒ္ဓတ္ထဂေါတမဟာ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရပြီးတဲ့နောက် ကပိလဝတ်ပြည်ကို ပြန်လည်ကြွမြန်းတော်မူခဲ့ပါတယ်။ ခမည်းတော်ကြီး ကိုလည်း တရားပြတော်မူခဲ့ပါတယ်။ ဆွေတော်မျိုးတော် သာကီဝင်မင်းသား များကလည်း သာသနာ့ဘောင်ကို ဝင်ခဲ့ကြပါတယ်။

ညီတော်များသာမက သက်တော်ငယ်ရွယ်သေးတဲ့ ရာဟုလာမင်း သားတောင်မှ သာသနာ့ဘောင်ကို ဝင်ရောက်ခွင့်ရခဲ့ပါသေးတယ်။ ဒါပေ မယ့်...

ခမည်းတော်ကြီးဟာ ထီးဖြူအုပ်မိုးထားတဲ့ သလွန်ထက်မှာပဲ အနာ ဂါမ်ပုဂ္ဂိုလ်ဘဝက အာသဝေါကုန်ခန်းသွားတဲ့ ရဟန္တာအဖြစ် ကူးပြောင်းပြီး ချက်ချင်း နိဗ္ဗာန်ဝင်သွားတဲ့နောက်ပိုင်း သာကီဝင်မင်းသမီး ငါးရာနှင့်အတူ မိထွေးတော် ဂေါတမီက ရဟန်းပြုခွင့်တောင်းတော့ မြတ်စွာဘုရားက အကြိမ်ပေါင်းများစွာ ပယ်တော်မူခဲ့သတဲ့ သမီးရဲ့။

မြတ်စွာဘုရားတို့မည်သည် အကြောင်းမရှိဘဲတော့ ဘာကိုမှ မပြု ပါဘူး။ အမျိုးသမီးများ ရဟန်းဘောင်ကိုဝင်ရင် တွေ့ကြုံကြရမယ့် အခက် အခဲကများလွန်းလို့ ဖွဲ့လုံ့လကို စမ်းလေရော့သလားလို့ အမေတော့ တွေး မိတာပါပဲ။

တိုတိုပြောကြပါစို့ကွယ်။ အကြိမ်ကြိမ် ငြင်းပယ်တော်မူပြီးနောက် အရှင်အာနန္ဒာကပါ မနေနိုင်ဘဲ ဝင်ပြီးလျှောက်ထားမှ မြတ်စွာဘုရားက ခွင့်ပြုတော်မူခဲ့ပါတယ်။

ပထမဆုံး မိထွေးတော်ကြီးကို ဘိက္ခုနီအဖြစ်ကို ယူခွင့်ပေးတော်မူ ပါတယ်။ မိထွေးတော် ဂေါတမီဟာ ဂရုဓမ်တရား ရှစ်ပါးကို ဘုရားရှင်ရဲ့ အမိန့်တော်နဲ့ ခံယူပြီး ဘိက္ခုနီဘဝကို ရောက်တော်မူခဲ့တဲ့ တစ်ပါးတည်း သော ဘိက္ခုနီ ဖြစ်တယ်ကွယ်။ မြတ်စွာဘုရားကိုယ်တော်တိုင် အရှင်မ ကြီးရဲ့ ဥပဇ္ဈာယ်ဆရာကြီးအဖြစ် တည်ခဲ့ပါတယ်။ နေဦး သမီးရေ–နေဦး။ ဂရုဓမ်တရားတွေကို အမေဖတ်ပြမယ်။

၁။ ရဟန်းမသည် ဝါတစ်ရာပင် ရသ ်ဖြစ်စေ၊ ယနေ့မှဖြစ်လာ သော ရဟန်းသစ်ကို ရှိခိုးရမည်။ ခရီးဦးကြိုဆိုရမည်။ လက် အုပ်ချီရမည်။ အရိုအသေပေးရမည်။

၂။ ယူဇနာဝက်အတွင်း ရဟန်းတစ်ပါးမှမရှိသော ကျောင်းတွင် ဝါမဆိုရ။

www.burmeseclassic.com

www.burmeseclassic.com



၃။ ရဟန်းသံဃာထံသို့ လပြည့် လကွယ်နေ့တိုင်း ဥပုသ် အမေး သွားရမည်။ ဩဝါဒခံယူရန် သွားရမည်။

၄။ ဝါကျွတ်ပြီးသော ရဟန်းမသည် ရဟန်းနှင့် ရဟန်းမသံဃာ နှစ်ရပ်စလုံး၌ ကိုယ်တိုင်မြင်သော၊ တစ်ဆင့်ကြားသော၊ ယုံမှား သင်္ကာရှိသော အပြစ် အာပတ်များကို ထုတ်ဖော်ပြောဆိုရန် ပန်ကြားရမည်။

၅။ ဂရုအာပတ်ကြီးများ သင့်သောရဟန်းမသည် သံဃာနှစ်ရပ်စလုံး၌ ပက္ခမာနကျင့်ရမည်။

၆။ ဝိကာလ ဘောဇနတိုင်အောင် သိက္ခာပုဒ် ခြောက်ခုကို နှစ်နှစ် တိုင်တိုင်ကျင့်ပြီးသော သိက္ခမာန်ကို ရဟန်းခံနိုင်ရန် ကြိုးစား အားထုတ်ရမည်။

၇။ မည်သို့သော အကြောင်းရှိသည်ဖြစ်စေ ရဟန်းမသည် ရဟန်းကို မဆဲရေးရ၊ ရေရွတ်တိုင်းထွာခြင်း မပြုရ။

၈။ ယနေ့မှ အစပြု၍ ရဟန်းမတို့က ရဟန်းတို့အပေါ် ပြောဆိုခွင့် မရှိပေ။ သို့သော် ရှေးရှေး အရှင်မြတ်ကြီးများသည် ဤသို့သော သက်နှန်းဆိုင်ရာ ကျင့်ဝတ်များကို ကျင့်သုံးကြပေသည်ဟူ၍ကား ရည်ညွှန်းပြောဆိုနိုင်ပေသည်။ ရဟန်းမများအပေါ်တွင် ရဟန်း တို့က ပြောဆိုခွင့် ရှိပေသည်တဲ့။

မဟာပဇာပတိ ဂေါတမီထေရီနဲ့ အတူပါလာတဲ့ သာကီဝင်မင်းသမီး ငါးရာကလည်း ဂရုဓံရှစ်ပါးကို ရိုသေမြတ်နိုးစွာ ခံယူကြပါသတဲ့။ ဒါပေ မယ့် မြတ်စွာဘုရားရဲ့အမိန့်ထူးမပါတဲ့အတွက် ရဟန်းများထံမှာ ယောက်ျား များ ရဟန်းခံကြသလို ရဟန်းခံခဲ့ကြရပါသတဲ့။

ပထမဆုံး ရဟန်းထံကြတဲ့ ဘိက္ခုနီများဟာ ဘိက္ခုသံဃာများထံ ရဟန်းခံကြရပေမယ့် နောက်ပိုင်းမှာ ဘိက္ခုသံဃာ၊ ဘိက္ခုနီသံဃာ နှစ်ရပ် စလုံးရဲ့ ရှေ့မှောက်မှာ ရဟန်းခံကြရသတဲ့။

မြန်မာများက မဟာပဇာပတိ ဂေါတမီကို ကိသဂေါတမီနဲ့ မမှားရ အောင် မိထွေးတော် ဂေါတမီလို့ ခေါ်ကြတာပေါ့ကွယ်။ ဘွဲ့တော်ကတော့ မဟာပဇာပတိ ဂေါတမီထေရီပေါ့ သမီးရယ်။ မဟာပဇာပတိ ဂေါတမီ ထေရီဟာ သူဆုတောင်းခဲ့တဲ့အတိုင်း ရတ္တညူ ဧတဒဂ်ကို ရပါတယ်။ သိက္ခာဝါအကြီးဆုံး ဘိက္ခုနီ အရှင်မကြီးဆိုတဲ့ အဓိပ္ပာယ် ဖြစ်ပါတယ်။



ကဲ- သမီးရေ… **ဘိက္ခုနီ**သာသနာ ပေါ်ပေါက်လာရတာကိုက အခက်အခဲနဲ့ ဖြစ်လာရတာ။ အမျိုးသမီးများရဲ့ သာသနာအပေါ်မှာထားတဲ့ စိတ်နေသဘော ဘယ်လောက်လေးနက်ထက်သန်သလဲဆိုတာကို ပြတာ ပေါ့။ ဒီကနေ့တော့ တို့မှာ ဂုဏပူဇာ မင်္ဂလာရော၊ ကာလေနဓမ္မသာဝန မင်္ဂလာရော ပြည့်စုံသွားတဲ့အတွက် ဝမ်းသာစရာကောင်းပါတယ် သမီး ရယ်။

---

ကျွန်မသည် မမျှော်လင့်ဘဲနှင့် မဟာပဇာပတိ ဂေါတမီထေရီကြီး ၏ အကြောင်းကို သမီးအား ပြောပြမိပြီးသား ဖြစ်သွားပါသည်။ စာရေး၍ နိဂုံးချုပ်ကာနီးတွင် ဘိက္ခုနီသာသနာ ဘယ်အချိန်အထိ တည်ရှိခဲ့သည်ကို ကိုယ်တိုင်သိလိုစိတ် ပြင်းပြလာပါသည်။ ထို့ကြောင့် ဤအရွယ်အထိ စာမေးလေ့ရှိသော ကျေးဇူးရှင်ဆရာကြီး (အဝေးသင် ဒုတိယပါမောက္ခချုပ်) ဦးလေးမြင့်ထံသို့ တယ်လီဖုန်းဆက်၍ မေးမိပါသည်။

ဆရာကြီးက တတိယသံဃာယနာအပြီး အရှင်မသင်္ဃမိတ္တာ သီဟိုဠ် (ယခု သီရိလင်္ကာ)သို့ ကြွသွားပြီး ဘိက္ခုနီဂိုဏ်းတခ်ဂိုဏ်းကို တည်ထောင် သည့်အကြောင်း သီဟိုဠ် မဟာဝံသကျမ်းမှာ တွေ့ရသည်။ သေသေချာချာ သိချင်ရင် ဆရာကြီးရဝေထွန်း၏ ဘိက္ခုနီသာသနာစာအုပ်ကို ဖတ်ကြည့် ပါဟု အမိန့်ရှိပါသည်။

ပုဂံကျောက်စာ တစ်ချပ်မှာလည်း ပရိတ်တော် ရွတ်ဆိုကြသည့် ရဟန်းခုနစ်ပါးစာရင်းတွင် အရှင်မအို့ပုံသင်ဟု ပါရှိကြောင်း သေသေချာချာ သိချင်ရင် ကျောက်စာကို ပြန်ရှာပေးမည်ဟုလည်း ပြောပါသည်။ ကျွန်မက အလုပ်အလွန်များသော ဆရာကြီးကို အလုပ်ပိုမပေးလိုသဖြင့် နေပါစေ ဆရာကြီးဟုဆိုကာ မိမိမသိသေးသည့်အရာများ များပြားလှပါတကား။ အလုပ်တွေ အများကြီးလုပ်ရန် ရှိပါသေးတကားဟု မိမိကိုယ်ကို သတိ ပေးရင်း စာကိုနိဂုံးချုပ်ရန် ကြိုးစားခဲ့ပါသည်။

ဘာပဲဖြစ်ဖြစ် အချိန်ရကာ ဘိက္ခုနီသာသနာအကြောင်းကို လေ့ လာရပါဦးမည်။ ဤဆုံးဖြတ်ချက်နှင့်အတူ ကုသိုလ်တစ်ခု ပြုမိသည်နှင့် ကုသိုလ်အကျိုးဆက်တွေ ရနိုင်ကြောင်းကိုလည်း ဝမ်းမြောက်စွာ တွေးနေမိ ပါတော့သည်။

---

www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်နေသော မင်းသမီးကလေး

# အိပ်ပျော်နေသော မင်းသမီးကလေး

ကျွန်မသည် သမီးနှင့်ချစ်ကြည်အား ပြောဖြစ်သော ပုံပြင်များကို ပြန်လည်ရေးသားခဲ့သည်မှာ အပုဒ်နှစ်ဆယ်ကျော်ပင် ရှိလာခဲ့ပါပြီ။ ပုံပြောတတ်သောသူ၏နားတွင် ပုံကို နှစ်ခြိုက်စွာ နားထောင်တတ်သောသူ ရှိနေသရွေ့ ပုံပြောခြင်းကိစ္စမှာ ပြီးဆုံးသွားမည် မဟုတ်ပါ။ ပုံပြောရမည့် အကြောင်းတို့ကလည်း တစ်မျိုးမဟုတ်တစ်မျိုး ရှိနေတတ်ကြသည်ပင်။

သမီးနှင့်အတူ ပျော်ရွှင်စွာနေခဲ့သော ကျွန်မ၏ မေမေသည်လည်း ပုံပြောခြင်းအလုပ်တွင် ကောင်းစွာထုံမွှေ့သောသူတစ်ဦး ဖြစ်ပါသည်။ မည်သည့်ကိစ္စနှင့်ကြုံရသည်ဖြစ်စေ– အဲဒါကြောင့် မြတ်စွာဘုရားသခင် လက်ထက်တော်က... ဟူသော စကားစနှင့် ပုံတစ်ခုခုကိုပြောပြတတ်စမြဲ ဖြစ်ပါသည်။

ကျွန်မကမူ သမီး၏အလေ့အကျင့် အနေအထိုင်တို့ကို ပြုပြင်လိုသည့်အခါတိုင်း ဆီလျော်ရာရာပုံကို ရွေးချယ်၍ ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်နေသော မင်းသမီးကလေးပုံပြင်ကို ပြောရာတွင် ကျွန်မနှင့်အတူ စာပေဟောပြောပွဲများကို လိုက်လေ့ရှိ၍ ဟောပြောပွဲအလယ်တွင် ငိုက်လေ့ရှိသောသမီးကို ရေ့လိုနောက်လို၍ ပြောပြခြင်း ဖြစ်ပါသည်။ စာပေဟောပြောပွဲအလယ်တွင် လှပစွာ (ကျွန်မစိတ်ထင်ပေါ့လေ)ငိုက်နေသောသမီးကိုကြည့်ကာ ကျွန်မရယ်မောမိသည့်အခါလည်းရှိပါသည်။ စိတ်တိုတိုဖြင့် ကြိတ်ကာ ဆိတ်ဆွဲမိသည့်အခါလည်းရှိပါသည်။ အကြောင်းမှာ ရှေ့တန်းမှထိုင်ကာ ငိုက်နေခြင်းဖြင့် ဟောပြောနေသောသူကို မလေးမစားပြုရာကျနေသောကြောင့် ဖြစ်ပါသည်။

များသောအားဖြင့် သမီးအိပ်ငိုက်နေသည်ကို ကျွန်မစိတ်မဆိုးပါ။ သမီးအိပ်မငိုက်စတမ်းနေခဲ့သော အချိန်တစ်ချိန်ကို ကျွန်မကောင်းစွာမှတ်မိနေသောကြောင့်ဖြစ်ပါသည်။ ကျွန်မ၏မေမေ ဆုံးကာနီးအချိန်တွင် မေမေ၏အနားမှာ သမီးနှင့်ကျွန်မတို့ အချိန်ပြည့်နီးပါးရှိနေခဲ့ကြပါသည်။ သူနာပြုဆရာမတစ်ယောက်လည်း နေ့နေ့ညည ရှိနေပါသည်။ ထိုသို့ရှိနေသည့်ကြားက သမီးခမျာ မအိပ်ဘဲ စောင့်ပါသည်။ ဘွားဘွားလက်ကိုကိုင်ကာ ခုတင်ဆောင်းတွင် ခေါင်းတင်၍ မှိန်းရင်းနေခဲ့ရသောညများမှာ မနည်းလှပါ။ ဆရာမ,ရှိပေမယ့် အဘွားကိုသက်သာအောင် သမီးမှ ကိုင်တတ်တာဟုလည်းပြောရှာပါသည်။ တစ်ခါတလေ ကျွန်မဝင်ကိုင်လျှင်လည်းမေမေက မသက်သာဟု ဆိုရှာပါသည်။ ထို့ကြောင့် သမီး သက်သာအောင် ကျွန်မ ဘာမှမကူညီနိုင်ပါ။

မေမေဆုံးကာနီးညတွင် သမီးတစ်မှေးမှ မမှေးပါ။ နောက်တစ်နေ့ညနေ သူ့အိမ်သို့ပြန်ကာ ရေးချိုးနေသောအချိန်တွင် မေမေဆုံးခဲ့ပါသည်။ ဆေးရုံသို့ အမြန်ပြန်လာသောသမီးက ရှိုးရှိုးကလေးပြော၍ ငိုသောစကားမှာ အခုချိန်အထိပင် ကျွန်မ၏ရင်ကို ထိခိုက်စေနိုင်ပါသည်။ အဘွားရယ် သမီးမရှိဘဲ ဘယ်မှမသွားတတ်တာ အခုကျမှဘာလို့ သမီးမရှိတဲ့အချိန်မှာ ထွက်သွားရတာလဲဟုပြောသောစကားမှာ သက်ဆိုင်သူများအတွက် များစွာထိခိုက်စေနိုင်သော စကားကလေးဖြစ်ပါသည်။

ထို့ကြောင့် နန့်ချစ်ကြည် အိပ်ငိုက်သည့်အခါတိုင်း ကျွန်မစိတ်မဆိုးပါ။ လိုအပ်သောအချိန်တွင် မအိပ်ဘဲနေခဲ့သောသူကလေးကို အသနားပိုရပါသည်။ အခုအချိန်မှာလည်း အမည်မတပ်နိုင်သည့် အိမ်မှုကိစ္စများကို မနားတမ်းလုပ်ကာ ညပိုင်းတွင်လည်း ကွန်ပျူတာစာစီကိစ္စနှင့် အလုပ်



ရှုပ်နေတတ်သောသမီးက သမီးအိပ်ချင်ပြီဆိုရင် အမေဘာပြောမလဲဟင်ဟု မေးတတ်ပါသည်။ ကျွန်မကလည်း အိပ်ဖို့သင့်တာကြာပြီလို့ပဲ ပြောချင်ပါတယ်သမီး–ဟု ပြန်လည်ဖြေလေ့ရှိပါသည်။ အခု အဲဒီသမီးကို ပြောပြမိတာကြာပြီဖြစ်သောပုံပြင်ကို ပြန်၍ ရေးလိုက်ရပါသည်။

☒☒ ⁎⁎ ☒☒

ဒီတစ်ခါတော့ ငါ့သမီးအိပ်ငိုက်မလေးကို အိပ်ပျော်နေတဲ့ မင်းသမီးကလေးဆိုတဲ့ ဥရောပပုံပြင်တစ်ပုဒ်ကိုပြောပြရမယ်။ အဲဒီပုံပြင်ကို အမေတို့ ငယ်ငယ်က ဖတ်ခဲ့ဖူးတာကွယ့်။ ပုံပြင်လေးက ဒီလို–

ဟိုးရှေးရှေးတုန်းက တိုင်းပြည်တစ်ပြည်မှာ စိုးစံနေတဲ့ဘုရင်ကြီးတစ်ပါးနဲ့ သူ့မိဖုရားကြီးတို့ခမျာ သားထောက်သမီးခံမရှိလို့ ကလေးရပါစေကြောင်း အမျိုးမျိုးသောနည်းနဲ့ ဆုတွေတောင်းခဲ့ရပါသတဲ့။ အမေတို့အရှေ့တိုင်းနိုင်ငံမှာဆိုရင်တော့ ညောင်ပင်ကြီးတစ်ပင်က ရုက္ခစိုးမင်းတစ်ပါးထံမှာ သားဆုတောင်းတယ်လို့ ပြောမှာပေါ့လေ။ သူတို့နိုင်ငံမှာ ဘယ်လိုဆုတောင်းတယ်ဆိုတာတော့မပါဘူး။ ဒါပေမယ့် မိဖုရားကြီးမှာတော့ ကလေးရလာတာပဲ။

သမီးကလေးတစ်ပါး မွေးဖွားထွန်းကားလာတော့ ကင်ပွန်းတပ်မင်္ဂလာလို့ပဲ မြန်မာဆန်ဆန် ပြောကြပါစို့ကွယ်။ အဲဒီလို မင်္ဂလာပွဲတော်တစ်ခု ကျင်းပကြပါသတဲ့။ အဲဒီပွဲမှာ နတ်သမီး ၇ ပါးကို ဖိတ်ခဲ့ပါသတဲ့။ ခရစ်ယာန်ကင်ပွန်းတပ် မင်္ဂလာမှာ ကလေးရဲ့ခေါင်းကိုကိုင်တဲ့ ခေါင်းကိုင်မင်္ဂလာအမေများ အဖေများ ရှိရတယ်ကွယ့်။ အဲဒီနတ်သမီးကလေးများက ခေါင်းကိုင်အမေများလို့ ဆိုကြပါစို့ကွယ်။

နတ်သမီးတစ်ပါးစီ တစ်ပါးစီအတွက် မင်္ဂလာစားတော်ခွက်တစ်လုံးစီကိုလည်း ဘုရင်ကြီးက ရတနာ ၇ ပါးနဲ့စီခြယ်ပြီး အသင့်ခင်းထားပါသတဲ့။ အဲဒီစားတော်ခွက်များကို အလွန်နုအလွန်ရွတဲ့ ဇာပဝါများနဲ့ ဖုံးအုပ်ထားပါသတဲ့။ အားလုံးအဆင်သင့်ဖြစ်ပြီး ပျော်ရွှင်နေကြတဲ့အချိန်မှာ နတ်သမီးအိုကြီးတစ်ပါး ကြွလာခဲ့ပါသတဲ့။ တကယ်တော့ ဘုရင်ကြီးရဲ့ပိုင်နက်ထဲမှာ အဲဒီနတ်သမီးအိုကြီး မနေတာကြာခဲ့ပါပြီတဲ့။ အခုလို

www.burmeseclassic.com

www.burmeseclassic.com



ပွဲတော်ကျင်းပတဲ့အခါကျမှ ရုတ်တရက် မဖိတ်ကြားဘဲ ကြွလာတာဟာ စိတ်မကောင်းစရာကြီးပေါ့ သမီးရယ်။

ဘုရင်ကြီးခမျာ ညှော်ဝတ်ကျေချင်ပေမယ့် အရေအတွက်နဲ့ မှာထားတဲ့ ပစ္စည်းများကလည်း သူ့ဟာနဲ့သူ အရေစေ့ဖြစ်နေလေတော့ အားနာပြီး နေရှာတာပေါ့။

ဒါပေမယ့် စားသောက်ပွဲမှာတော့ ထိုင်ပါပြုပါနဲ့ နေရာပေးထားတာပေါ့။ အဲဒီလို နေရာပေးထားတာတောင်မှ နတ်သမီးအိုကြီးက မကျေနပ်ပါဘူးတဲ့။ ပါးစပ်က ပွစိပွစိနဲ့ ရေရွတ်နေတာပဲ–တဲ့။

သမီးရယ်... အမေက အသက်ကြီးလာလို့ ထင်ပါရဲ့။ စိတ်နှလုံးမကောင်းတဲ့သူတွေကို အိုမင်းတဲ့သူတွေနဲ့ နှိုင်းပုံပြုတာတော့ သိပ်မကြိုက်ပါဘူး။ ထားပါတော့လေ၊ ပုံပြင်ကို ဆက်ပြောကြသေးတာပေါ့။

အဲဒီလို နတ်သမီးအိုကြီးက စိတ်တွေဆိုးနေပြီဆိုတာကို သူ့အနားမှာထိုင်တဲ့ နတ်သမီးကလေးက သိသွားတာပေါ့။ အဲဒီတော့ နတ်သမီးကလေးက ကန့်လန့်ကာနောက်ကွယ်ကို သွားပြီး အသာလေးပုန်းခိုနေလိုက်ပါသတဲ့။ ဒါမှ နတ်သမီးအိုကြီးကျိန်စာတိုက်ရင် ကောင်းကောင်းကြားရမှာကိုး။

နတ်သမီးလေးများဟာ စားပွဲသောက်ပွဲအပြီး ပြန်ကြွကြကာနီးမှာ မင်းသမီးကလေးအတွက် ဆုမွန်ကောင်းများ တောင်းကြတာပေါ့ကွယ်။ လှပါစေ၊ အနာကင်းပါစေ၊ ဉာဏ်ပညာထက်ပါစေ အစရှိသဖြင့် ကောင်းနိုးရာရာ အကုန်လုံးကို ဆုအဖြစ်ပေးလိုက်ကြတာ ဘာမှလိုလေသေးမရှိပါဘူးတဲ့။ အဲ– နောက်ဆုံးမှာတော့ အလိုမကျဖြစ်နေတဲ့နတ်သမီးအိုကြီးအလှည့်ကို ရောက်လာပါလေရောတဲ့။

နတ်သမီးအိုကြီးက မင်းသမီးကလေးအသက် ၁၅နှစ်အရွယ်ကို ရောက်လာတဲ့အခါမှာ မိုင်းငင်ရင်း ရစ်တံအချွန်စူးပြီး သေပါစေလို့ ကျိန်လိုက်သတဲ့။ အားလုံးဟာ ဟာခနဲ ဟင်ခနဲဖြစ်ပြီး စိတ်အဆင်းရဲကြီးဆင်းရဲကုန်ကြတော့တာပေါ့။ ဘုရင်ကြီးနဲ့ မိဖုရားကြီးဆိုတာ မဆည်နိုင်လောက်အောင် စိတ်ထိခိုက်သွားကြပါလေရောတဲ့။

အဲဒီတော့ ကန့်လန့်ကာနောက်ကွယ်က နတ်သမီးကလေးက ထွက်လာပါသတဲ့။ မင်းသမီးကလေးဟာ ရစ်တံအချွန်စူးလို့ရှိရင် မနိုးသောအိပ်ခြင်းနဲ့ အိပ်ပျော်မသွားဘဲ အနှစ်တစ်ရာလောက်ကြာအောင်သာ အိပ်ပျော်



သွားပါစေ။ အနှစ်တစ်ရာပြည့်ရင် သူ့ကိုချစ်မြတ်နိုးမယ့် မင်းသားကလေးတစ်ပါးရောက်လာပါစေ။ အဲဒီအချိန်မှာ အိပ်ရာကနိုးသွားပါစေ မင်းသားကလေးနဲ့လက်ထပ်ပြီး မိမိနိုင်ငံကိုမိမိ အုပ်ချုပ်နိုင်ပါစေလို့ အဲဒီနတ်သမီးကလေးက ဆုတောင်းပေးပါသတဲ့။

အဲဒီလိုနဲ့ မရှိမယ့်ရှိမယ့် မနည်းရအောင် ဆုတောင်းထားရတဲ့သမီးကလေးတစ်ယောက်နဲ့ပတ်သက်တဲ့ မင်္ဂလာပွဲလည်း ပြီးသွားခဲ့ပါသတဲ့။

ဘုရင်ကြီးကတော့ သူ့တိုင်းပြည်မှာ ဘယ်သူမှ မိုင်းမငင်ရဆိုတဲ့ အမိန့်ကို ချမှတ်လိုက်ပါသတဲ့။ မြန်မာလိုဆိုရင်တော့ မောင်းကြေးနင်းခတ်ပြီး ကြေညာစေခဲ့တာပေါ့။ ဒါပေမယ့် နန်းတော်ရဲ့ မျှော်စင်အမြင့်ကြီးပေါ်မှာ တစ်ယောက်တည်းနေတဲ့ အဘွားကြီးတစ်ယောက်ကတော့ နားလေးနေတာနဲ့ အဲဒီအမိန့်ကိုမကြားဘဲ မိုင်းငင်မြဲငင်နေသတဲ့သမီးရယ်။

မင်းသမီးကလေးကလည်း ၁၅နှစ်အရွယ်ကို ရောက်သည်အထိ ပျော်ရွှင်စွာ၊ လှပစွာ၊ ချောမွေ့စွာ ကြီးပြင်းလာပါသတဲ့။ ၁၅နှစ်အရွယ်ကို ရောက်ပြီး နေ့တစ်နေ့မှာတော့ မင်းသမီးကလေးဟာ ကံကြမ္မာရဲ့ စေခိုင်းချက်အရပေါ့ကွယ်။ မျှော်စင်ပေါ်မှာဘာရှိပါလိမ့်ဆိုတဲ့ စူးစမ်းလိုစိတ်နဲ့ မျှော်စင်ပေါ်ရောက်တဲ့အထိ တက်သွားပါလေရောတဲ့။

မျှော်စင်ပေါ်လည်းရောက်ကရော သူတစ်သက်လုံးမမြင်ဖူးတဲ့ရစ်တံတွေ ချည်ငင်ဘီးတွေကို မြင်သွားပါလေရောပေါ့။ အဲဒီတော့ မင်းသမီးကလေးက အဘွားရယ် ဒါတွေကဘာတွေလဲဟင်ဆိုပြီး မေးမေးပြောပြောနဲ့ မိုင်းငင်တဲ့အလုပ်ကို ဝင်ပြီးလုပ်ပါလေရောတဲ့။

အဘွားခမျာ မင်းသမီးကလေးကဝင်ပြီး မိုင်းငင်တာကို တားဖို့ကြိုးစားချိန်မှ မရလိုက်သေးခင် မင်းသမီးကလေးရဲ့ လက်ကို ရစ်တံအချွန်က စူးလိုက်ပါလေရောတဲ့။ မင်းသမီးကလေးဟာ သွေးကလေးစို့ရုံမျှသာရှိတဲ့ အနာကလေးကြောင့် ရုတ်တရက် မိုင်းခနဲ လဲကျသွားပါသတဲ့။ တကယ်တော့ ဘာမှမဖြစ်လောက်တဲ့ အနာကလေးပါပဲ။ ဒါပေမယ့် သူ့မှာက အဖို့ ပါလာတယ်လေ။ အဲဒါကြောင့် သတိလစ်သွားတာပေါ့။

အဘွားဟာ အဲဒီတော့မှ မျှော်စင်ကြီးပေါ်ကနေပြီး ဟိုဘက်ဒီဘက်ဘက်စုံပြေးပြီး ကြားကြားသမျှလာကြပါလို့ ခေါ်ရတော့တာပေါ့။ ဘာကြောင့်လဲဆိုတော့ မင်းသမီးကလေးက မေ့သွားပြီကိုး။

www.burmeseclassic.com

www.burmeseclassic.com



အဘွားအော်သံကြောင့် တစ်ယောက်စကား တစ်ယောက်နားကြားပြီး မင်းသမီးကလေး ရစ်တံရှူးလို့ မေ့သွားပြီဆိုတဲ့ သတင်းဟာ ဘုရင်ကြီးနဲ့ မိဖုရားကြီးကအစ လူအများ ကြားကြတာပေါ့။

ဘုရင်ကြီးနဲ့ မိဖုရားကြီးဟာ အပြေးအလွှားလာကြပြီး သူတို့သမီးအနားကိုလည်းရောက်ကရော မင်းသမီးကလေးက အော်မရ ခေါ်မရနဲ့ မေ့နေတာကို တွေ့ရသတဲ့။ ကံကောင်းတာကတော့ တစ်ခါထဲသေသွားတာမဟုတ်ဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသလို အသက်မှန်မှန်ရှူနေတာကို တွေ့ရတာပါပဲတဲ့။

အဲဒီလိုအခြေအနေမျိုးဆိုတာကလည်း စိတ်သက်သာရာရတယ်လို့ သာပြောရတာ ဝမ်းသာစရာတော့လည်း ဘယ်မှာဟုတ်ပါ့မလဲ။ အဲဒီတော့ မိဘနှစ်ပါးဟာ မဆည်နိုင်အောင် ငိုယိုကြတာပေါ့ သမီးရယ်။

အဲဒီတုန်းမှာ ဝုန်းခနဲပေါ်လာတာက မင်းသမီးကလေးကို မသေဘဲ အိပ်ပျော်ရုံသာ အိပ်ပျော်သွားပါစေလို့ ဆုတောင်းပေးတဲ့ နတ်သမီးကလေး ဖြစ်ပါသတဲ့။ အဲဒီနတ်သမီးကလေးက ကဲ– ဖြစ်ပြီးတာကိုတော့ ဘာမှ မတတ်နိုင်တော့ဘူး။ မင်းသမီးကလေး အိပ်ပျော်သွားရာက နိုးလာတဲ့အခါမှာ တင့်တင့်တယ်တယ်ဖြစ်အောင်သာ စီမံကြပါစို့လို့ ပြောပါသတဲ့။ အဲဒီနောက်တော့ မင်းသမီးကလေးကို အဝတ်အစား လှလှပပတွေ ဝတ်ပေးပြီး ခုတင်ညောင်စောင်းပေါ်မှာ တင်ထားလိုက်ပါသတဲ့။ အဲဒီ ခုတင်ပေါ်မှာလည်း ပိုးဖဲကတ္တီပါ ခေါင်းအုံးမွေ့ရာနဲ့ ဇာအခင်းတွေ အလွှာတွေပါပါအောင် ခမ်းနားစွာ ဆင်ယင်ထားလိုက်ပါသတဲ့။

အဲဒီနောက် နတ်သမီးကလေးက ပြောပြန်ပါသတဲ့။ မင်းသမီးကလေးဟာ သူ့ချစ်သူမင်းသားကလေးနဲ့တွေ့ရင်တော့ အိပ်ရာက နိုးသွားမှာပါ။ ဒါပေမယ့် သူတစ်ယောက်တည်းဖြစ်နေရင် ရာဇဣန္ဒြေ ပျက်သွားလိမ့်မယ်။ အဲဒီတော့ မင်းသမီးတစ်ပါးနဲ့ ထိုက်တန်တဲ့ အထိန်းအရံများ၊ အပျိုတော်တော်များ၊ အခြံအရံများ၊ စစ်သည်တော်များ၊ စားတော်ကဲကအစ ဂီတပညာသည်များမကျန် မင်းပရိသတ်ကြီးတစ်ခုလုံးကိုလည်း အိပ်ပျော်နေအောင် လုပ်ဦးမှဆိုပြီး နတ်တို့ရဲ့တန်ခိုးနဲ့ လိုအပ်သမျှလူအားလုံးကို သူတို့လုပ်လက်စအလုပ်တန်းလန်းနဲ့ အိပ်ပျော်ေ နေစေပါသတဲ့။

အဲဒီနောက် နတ်သမီးကလေးက အနှစ်တစ်ရာကြာအောင် မင်းသမီးကလေးနဲ့ သူ့ပရိသတ်တွေ အိပ်နေတဲ့နေရာကို လူသူအရောက်



အပေါက်မရှိပါစေနဲ့လို့ ဆုတောင်းလိုက်တာနဲ့ ရဲတိုက်ပတ်လည်မှာ တောကြီးတစ်တောချက်ချင်း ဖြစ်သွားလိုက်တာ မင်းသမီးကလေးအိပ်နေတဲ့ ရဲတိုက်ရဲ့ ခေါင်မိုးချွန်ချွန်ကလေးကိုသာ တောအုပ်ထဲမှာ မြင်နေရပါသတဲ့။

⊠⊠ ⋇⋇ ⊠⊠

မင်းသမီးကလေးက အနှစ်တစ်ရာတောင်မှ အိပ်တာဆိုတော့ သူ့ခမည်းတော် မယ်တော်တို့လည်း သူမနိုးခင် ကွယ်လွန်ကုန်ကြတာပေါ့ သမီးရယ်။ သူတို့ခမျာမှာ သားထောက်သမီးခံ မရှိလေတော့ သူတို့တိုင်းပြည်မှာ တခြားမင်းဆက်တက်လာပါသတဲ့။

အဲဒီလိုနဲ့ အနှစ်တစ်ရာပြည့်သွားပါသတဲ့။

အဲဒီအနှစ်တစ်ရာပြည့်တဲ့အခါမှာ အသက် ၁၈ နှစ်အရွယ် မင်းသားကလေးတစ်ပါးဟာ မင်းသမီးကလေးရှိတဲ့ တောအုပ်နားကို ရောက်လာပါသတဲ့။ သူက တောအုပ်ဘက်ကို မျှော်ကြည့်လိုက်တော့ တောအုပ်အလယ်က ခေါင်မိုးချွန်ချွန်ကို တွေ့ရပါသတဲ့။ မင်းသားကလေးက ဆန်းကြယ်လိုက်တာ ဒါဟာ– ဘာပါလိမ့်လို့ မေးလိုက်ပါသတဲ့။ အဲဒီအခါမှာ မင်းသမီးကလေး ရုတ်တရက်အိပ်ပျော်သွားတဲ့အကြောင်းကို သိမှီလိုက်တဲ့ လူကြီးရဲ့မြေးက မင်းသားကလေးရဲ့ လူအုပ်ထဲမှာ ပါနေပါသတဲ့။ အဖေများကို တစ်ဆင့်ပြီးတစ်ဆင့် ပြောပြခဲ့လို့ သူသိထားတဲ့ အကြောင်းကို မင်းသားကလေး အမေးတော်ရှိတာနဲ့ ပြန်ပြီးလျှောက်တင်တာပေါ့ကွယ်။

မင်းသားကလေးကလည်း ဖူးစာနတ်က နှိုးဆော်တာကို ခံရတဲ့ အတွက် ဟာ– အဲဒီမင်းသမီးလေးရှိရာကို သွားချင်လိုက်တာဆိုပြီး တောထဲကို တိုးဝင်သွားပါသတဲ့။ ဆန်းကြယ်လိုက်တာကတော့ သစ်တောဟာ မင်းသားကလေး ရှေ့ကနေပြီး တဖြည်းဖြည်း ဆုတ်သွားတာပါပဲ။ လမ်းကလည်း ဖြောင့်လို့ပါပဲတဲ့။

အိပ်ပျော်နေတဲ့ စစ်သည်တော်တွေ၊ လူပျိုတော်သားတွေ၊ ရုံရွေတော်တွေကို ဖြတ်ပြီးသွားလိုက်တော့ အသက်ရှူမှန်မှန်နဲ့ အိပ်ပျော်နေတဲ့ မင်းသမီးကလေးကို သွားတွေ့ပါသတဲ့။ ချောမောလှပမှုဆိုတဲ့ မင်းသမီး

www.burmeseclassic.com

www.burmeseclassic.com



ကလေးရဲ့ ညောင်စောင်းဘေးမှာ ဒူးထောက်ပြီး မင်းသားကလေးက မင်းသမီးကလေးရဲ့ နဖူးကို နမ်းလိုက်ပါသတဲ့။ အဲဒါနဲ့ မင်းသမီးကလေး နိုးသွားပြီး သူရောက်လာပြီလား စောင့်ရတာ တကယ်ကြာတယ်လို့ပြော ပါသတဲ့။ သူက မင်းသားကလေးကို အိပ်မက်ထဲမှာ တွေ့ဖူးနေတာကိုး။

မင်းသားကလေးက အိပ်ရာကနေ ကြည်ကြည်စင်စင် နိုးလာတဲ့ မင်းသမီကလေးကို အိပ်ရာပေါ်ကထဖို့ လက်ကမ်းပေးလိုက်တဲ့အချိန်မှာ အားလုံးသော မင်းပရိသတ်များလည်း နိုးလာကြပါသတဲ့။ မင်းသားနဲ့ မင်းသမီးကတော့ ချစ်တဲ့စိတ်တွေကြောင့် ဆာလောင်ခြင်းမရှိကြပေမယ့် ကျန်တဲ့ မင်းပရိသတ်တွေကတော့ အနှစ်တစ်ရာလုံး ဘာမှမစားရလို့ ဆာလိုက်ကြတာ အလွန်ပဲတဲ့။

မင်းသားမင်းသမီးနဲ့ မင်းပရိသတ်များဟာ အဲဒီနေ့ညက စားပွဲ သောက်ပွဲကြီး အကြီးအကျယ် ကျင်းပကြတာပေါ့ကွယ်။ အိပ်လို့သာပျော် နေကြတာနော်၊ ဖုန်မတင် မြူမတင် အစားအစာအားလုံးကလည်း မသိုး မပုတ်ဘဲ ပကတိအတိုင်းပဲတဲ့။ ဒါကတော့ ပုံပြင်ကိုးကွယ်။

မင်းသမီးလေး ဝတ်စားတာကလည်း ခေတ်နောက်ကျနေပေမယ့် ပကတိအသစ်အတိုင်းပါပဲတဲ့။ သူတို့စားကြသောက်ကြတဲ့အချိန်မှာ ဂီတ ပညာသည်တွေကလည်း တီးကြမှုတ်ကြနဲ့ပေါ့။ နောက်ဆုံးတော့လည်း မင်္ဂလာတေးသွားတီးပြီး ညစာစားပွဲကို သိမ်းလိုက်ရပါသတဲ့။

ပုံပြင်ဆိုတော့လည်း အဆုံးသတ်ကတော့ ညားကြလေသတည်းပေါ့ ကွယ်။ ညားပြီးတော့လည်း မင်းသမီးကလေးရဲ့ ခမည်းတော် မယ်တော် တို့ ပိုင်နက်ကို မင်းသားကလေးရဲ့ ခမည်းတော် မယ်တော်များ စိုးစံနေရာ က မင်းသားကလေးနဲ့ မင်းသမီးကလေးတို့က ပြန်လည်ဆက်ခံကြရပါ သတဲ့။ ကဲ- ပုံပြင်ကလေးကတော့ ဒါပါပဲကွယ်။

⊠⊠ ⁂ ⊠⊠

သမီးသည် ကျွန်မပြောသော ပုံပြင်ကို နားထောင်နေသော်လည်း ပုံပြင်ဆုံးသည်နှင့် ကွန်ပျူတာထဲတွင် ရိုက်ထည့်ထားသောစာများ ညှိစရာ ရှိသည်ဟုဆိုကာ ထသွားပါတော့သည်။



သူ့ကို ကျွန်မပြောစရာများ ရှိနေသေးသည်ကို ကျွန်မ မပြောလိုက် နိုင်ပါ။ ကျွန်မပြောလိုသည်က ပုံပြင်ထဲမှာသာ အနှစ်တစ်ရာအိပ်လည်း ဘာမှမဖြစ်တာ တကယ့်ဘဝမှာ တစ်ရက်လောက်သာ ဆက်တိုက်အိပ် ကြည့်ပါလား အကုန် ကမောက်ကမ ဖြစ်ကုန်မယ်။ တစ်နိုင်ငံလုံးသာအိပ် အကုန်ခေါက်ကုန်မည်ဆိုသည့်စကား ဖြစ်ပါသည်။ ဘာပဲပြောပြော အိပ်သူ နှင့် နိုးသူယှဉ်ပါက နိုးနေသူက သာစမြဲဖြစ်ပါကြောင်း သမီးနှင့်သား မခွဲခြားဘဲ လူငယ်ဟူသမျှကို ပြောပြလိုပါသည်။

ပန်းဝေသီ (၁၉၉၅ ခု၊ မေလ)

⊠⊠ ⁂ ⊠⊠

www.burmeseclassic.com

www.burmeseclassic.com



ရန်သူနဲ့မိတ်ဆွေ ခွဲခြားနည်း

# ရန်သူနှင့်မိတ်ဆွေ ခွဲခြားနည်း

မကြာခင်က ကျင်းပခဲ့သည့် သင်္ကြန်ပွဲတော်အချိန်တွင် ကျွန်မတို့ ငယ်သူငယ်ချင်းများ ဆုံတွေ့ခဲ့ကြပါသည်။ ဘယ်လောက်ငယ်သည့် ငယ်သူငယ်ချင်းများလဲဟု မေးလျှင် လွန်ခဲ့သည့် အနှစ်လေးဆယ့်နှစ်နှစ်က ငယ်သူငယ်ချင်းများ ဖြစ်ပါသည်ဟု ဖြေရပါမည်။

၁၉၅၄–ခုနှစ်က ကျွန်မတို့ ငယ်သူငယ်ချင်းတစ်စု အတန်းတစ်ဘန်းထဲမှာ အတူပညာသင်ယူခဲ့ရသည်။ သတ္တမတန်းချင်းအတူတူ ကျွန်မတို့အတန်းက ထူးခြားပါသည်။ အခြားအတန်းခွဲများသည် မိန်းကလေးသပ်သပ်၊ ယောကျ်ားလေးသပ်သပ်နေရသော အတန်းခွဲများ ဖြစ်ပါသည်။ ကျွန်မတို့အတန်းတွင် မိန်းကလေး ယောကျ်ားကလေး ရောနှော၍ထားသည်။ ပြီးလျှင် ဆဋ္ဌမတန်းအဆင့်၏ အတန်းခွဲတိုင်းမှ ပထမ၊ ဒုတိယ ရရှိလာသူများကိုသာ စု၍ထားသောအတန်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၅၄–ခုနှစ် မတ်လတွင် ဖြေဆိုရမည့် အလယ်တန်း စကောလားရှစ်ဆုအတွက် ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုရမည့်သူများကိုသာ စုစည်းထားသော အတန်းလည်းဖြစ်သည်။ ကျွန်မတို့မှာ ကျောင်းပိတ်ရက်မရှိ။ ထို့အတူ ကျွန်မတို့ကို သင်ကြားရသော ဆရာများသည်လည်း ပိတ်ရက်မရှိ ကျောင်းတက်ကြရပါသည်။

ငယ်သူငယ်ချင်းအားလုံးပေါင်း (၂၅)ယောက်ဟုဆိုရမည်။ သို့သော် (၂၅)ယောက်စလုံး စုမိသည်ဟုတော့မရှိပါ။ စုမိသူအများဆုံး (၁၀)ဦးခန့် ရှိတတ်ကြပါသည်။

ကျွန်မတို့ ငယ်သူငယ်ချင်းများတွင် အချင်းချင်း အိမ်ထောင်ပြုကြသူဟူ၍ အတွဲတစ်တွဲသာရှိပါသည်။ သူတို့သည်လည်း အသက်အရွယ်ရကာ အလုပ်အကိုင် ကိုယ်စီဖြင့် တစ်နယ်တစ်ကျေးတွင် ပြန်တွေ့မှ သံယောဇဉ်ပိုကာ အိမ်ထောင်ပြုဖြစ်ကြသူများ ဖြစ်ကြပါသည်။

ကျွန်မတို့ အတန်းသားအချင်းချင်း၏ ပထမပိုင်း ဆက်ဆံရေးမှာ အတော်ပင်ကျဲပါသည်။ မိန်းကလေးနှင့် ယောက်ျားကလေးများ စာပြိုင်နေကြကာ တစ်ဘက်နှင့်တစ်ဘက် စောင်နေကြပါသည်။

ထိုသို့ စောင်နေကြရင်း ရန်ဖြစ်ကြရင်း အတန်းကြီးလာကြကာ ပိုမိုခင်မင်သွားကြသူများပါသည်။ စာရေးကောင်းသော စာရေးဆရာများသည် ကျွန်မတို့ အတန်းသားများ၏ အကြောင်းကို လှပစွာ ခြယ်မှုန်း၍ ရှည်လျားသော အားကျစဖွယ်ကောင်းသော ဘဝဇာတ်ကြောင်းများကို ရေးနိုင်ကြလိမ့်မည်ဟု ကျွန်မ ယုံကြည်ပါသည်။ လှိုင်ကြည်ဖြူကို တိုက်တွန်းရဦးမည်။ အကြောင်းမှာ သူသည်လည်း ကျွန်မတို့၏ ချစ်သော သူငယ်ချင်းများထဲက တစ်ယောက်ဖြစ်သောကြောင့်ပင်။

စုစုစည်းစည်းဖြင့် ဆိုးတိုင်ပင် ကောင်းတိုင်ပင်ဖြင့် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီတတ်သော သူငယ်ချင်းအစုထဲတွင် ကျွန်မသည် အနည်းနှင့် အများ ကင်းကွာနေခဲ့သူတစ်ဦး ဖြစ်ပါသည်။

ထိုအချက်သည် ဝမ်းနည်းဖွယ်ရာပင်။ ကျွန်မက သီးသန့်နေတတ်တာလည်းပါမည်။ ဘဝရေစီးကြောင်းတွင် ဖဲ့စားခံရတာများသည့်အတွက် လမ်းကြောင်းပြောင်းနေတာလည်းပါမည်။ မည်သို့ပင်ဖြစ်စေ ပြန်လည်ဆုံတွေ့ကြသည့်အခါ အားလုံးက ကျွန်မအပေါ်တွင် မစိမ်းသလို ကျွန်မကလည်း အားလုံးကို ချစ်ခင်စွာ။ သူတို့ချင်း၏ ရင်းနှီးမှုကို လိုလားစွာဖြင့် ဝမ်းသာကြောင်း လှိုက်လှဲစွာ ပြောနိုင်ခဲ့ပါသည်။



ယခုနှစ် သင်္ကြန်မှာမူ တစ်မူထူးသည်။ သူငယ်ချင်း ငါးယောက်ဆုံဖြစ်ကြသည်။ မိသားစုငါးစု ပါသည်။ ဆိုးတိုင်ပင်ကောင်းတိုင်ပင်နှင့် စကားပြောလို့မဝတဲ့ ရှိနေသည်မှာ နေ့တိုင်းပင်။ မိသားစုများကလည်း ဝမ်းပန်းတသာ ရှိနေကြသည်မှာ သိသာမြင်သာစွာဖြင့်။ ဤသို့လျှင် ကျွန်မတို့ နှစ်ကူးခဲ့ကြပါသည်။

* * *

လူ့လောကမှာ အရှားရအခက်ဆုံးပစ္စည်းကိုပြပါဟုဆိုလျှင် အချိန်ဟု ကျွန်မဖြေဆိုပါမည်။ လုပ်စရာအလုပ်များနှင့် အချိန်တို့ မမျှမတဖြစ်နေသည့်အထဲတွင် လုပ်ရိုးလုပ်စဉ်ထက်ပို၍ ထူးသောကိစ္စတစ်ခုအတွက် အချိန်ပိုရှာပါဟုဆိုလျှင် အားလုံးပြန်၍ ညည်းကြရပါသည်။

နှစ်သစ်ကူးပြီးသည့်နောက်မှာပင် ပြန်လည်ဆုံတွေ့ခြင်းကိစ္စက အတော်မသတ်ချင်သေးဘဲ ခရီးတစ်ခုအတူထွက်ရန် ကျွန်မတို့ အချိန်ရှာနေကြပါသည်။ အလုပ်ကခွင့်ရရေး။ ခွင့်ဆိုတာ အကျိုးအကြောင်းဆီလျော်စွာတောင်းလျှင် ရနိုင်သော်လည်း ကလေးများမဟုတ်တော့၍ မိမိတို့၏ အလုပ်များကို မိမိတို့ တာဝန်သိစွာ လက်စသတ်ရေးအတွက် အတော်ပင်ကြိုးပမ်းကြရပါသည်။

မိသားစုများကလည်း ပါရမီဘက်များပင်။ ကိစ္စရှုပ်ရန်ကောဟု မပြောကြဘဲ ခရီးတွင် အိမ်ရှင်အဖြစ် တာဝန်ယူရမည့်သူ (မိန်းကလေးသူငယ်ချင်းတစ်ဦး၏ခင်ပွန်း)ကလည်း ကြည်ဖြူစွာ တက်ကြွပျော်ရွှင်စွာဖြင့် ခရီးစဉ်ကို စီစဉ်နေသည်။

အခြားသော မိသားစုဝင်များကလည်း တစ်ခါတလေ ဒီလိုဆုံရတာကောင်းတယ်ဟု အားပေးစကားဆိုကြပါသည်။ ကျွန်မသည် ပန်းဝေသီဇာဖတ်ပရိသတ်များသိကြသည့်အတိုင်း ခရီးတိုင်းလိုလိုမှာ သမီးကို အပါခေါ်၍ သွားတတ်ပါသည်။ သို့သော် ဤခရီးမှာမူ သူပါ၍မဖြစ်။ အိမ်မွန်ကွန်ပျူတာကို အမည်ပြောင်းတာ ကွန်ပျူတာရော စာပေအနေနှင့်ပါ လုပသည့် အမည်ရရှိရေးကိစ္စ၊ ခြံတစ်ခြံပုံး စိတ်ရှိတိုင်း စိုက်ထားသည့် အပင်များ နွေရာသီမှာ ရေဝရေးကိစ္စတို့ကြောင့် သူနေခဲ့ရမည်။ အတူနေပေးမည့် ကြီးကြီးရှိသည်။ သူငယ်ချင်းအိမ်မှ စီစဉ်ပေးမည့် ကလေးတစ်ယောက်ရှိမည်။

www.burmeseclassic.com

www.burmeseclassic.com



အမေ– သွားဖြစ်အောင်သွား။ အိမ်အတွက်စိတ်ချ။ အလုပ်အတွက်စိတ်ချ။ အမေ့ကျန်းမာရေးကိုသာ ဂရုစိုက်ဟု ကျွန်မ၏သမီးကပြောပါသည်။ ခရီးအတွက် ကျွန်မပစ္စည်းကလေးတွေ ဝယ်လာလျှင် သူသဘောကျသည်။ အခုလိုအချိန် ခရီးအတွက် အဝယ်ရဆုံးပစ္စည်းများမှာ ဆေးများဖြစ်ကြသည်။

သမီးသည် ကျွန်မ၏သူငယ်ချင်းများ သူငယ်ချင်းများ၏ မိသားစုများကို ချစ်ခင်လေးစားသူတစ်ဦး ဖြစ်သည်။ သူ့ကိုလည်း အများကချစ်ကြသည်။ ပန်းချစ်တတ်သူအန်တီလှသည် သမီးနှင့်အလွန် ချစ်ကြည်ကြသည်။ အန်တီလှမှာ ကျွန်မ၏သူငယ်ချင်းနှင့်စပ်မှတော်ရသော ခင်ရာဆွေမျိုး ဖြစ်သည်။ အန်တီညွန့်၊ အန်တီလှ၊ အန်တီကြည်ဖြူတို့ကလည်း နေရာတကာ အမေ့ကိုသာ ဦးစားပေး၍ ဖျတ်လတ်သွက်လက်စွာ လှုပ်ရှားတတ်သောသမီးကို ချစ်ခင်သနားကြသောသူများ ဖြစ်ကြပါသည်။

သမီးက အမေရေ–ပြောပြပါဦး အမေ့သူငယ်ချင်းတွေအကြောင်းဟုဆိုတိုင်း သူတွေ့ဖူးသူများ အကြောင်းကိုရော မတွေ့ဖူးသောသူများအကြောင်းရော ဘယ်တော့မှ မတွေ့နိုင်တော့သည့် ကွယ်လွန်သူများအကြောင်းကိုရော ကျွန်မပြောပြလေ့ရှိပါသည်။

ထိုသို့သော ခင်ရာဆွေမျိုးတို့၏အကြောင်းမှ ဆက်၍ မိတ်ဆွေနှင့်ရန်သူခွဲခြားနည်းများအကြောင်းသို့ ရောက်သွားကာ ဒီတစ်ပတ်ပြောဖြစ်သောပုံပြင် ပေါ်ပေါက်လာရပါတော့သည်။

⊠⊠ ⋇⋇ ⊠⊠

သမီးရေ –

သမီးကပြောတယ်။ အမေတို့ သူငယ်ချင်းတွေ ချစ်ကြတာ ရှာမှရှားပါပဲ–ဆိုတဲ့ စကားဟာ အမှန်ပဲ။ ဒီအသက်အရွယ်အထိ အမေတို့ဟာ ညီညီညွတ်ညွတ် ခင်မင်စွာနေနိုင်ကြတာဟာ အတူတကွ ပြုကြဖူးတဲ့ ကုသိုလ်ကံအရှိန်အဟုန် ကြီးမားလွန်းလို့ နေမှာပါပဲ။ မိတ်ဆွေကောင်းရှိတယ်ဆိုတာ ကံကောင်းလွန်းလို့ပဲ။

မိတ်ဆွေအချင်းချင်း အလွန်ချစ်ခင်နေကြပြီလို့ဆိုရင် အဖျက်ဆိုတာရှိတတ်တယ်။ ဒါပေမယ့် မိတ်ဆွေစစ်ဟုတ်တယ်၊ မဟုတ်ဘူးဆိုတာကို စစ်ဆေးတဲ့နည်းရှိပါတယ်။ အဲဒီလိုအကြောင်းမျိုးကအစ အမေတို့ မြတ်စွာ



ဘုရားသခင်ကိုယ်တော်မြတ်က ဟောကြားတော်မူခဲ့ပါတယ်။

တစ်ခါကုန်းက မြတ်စွာဘုရားသခင်ဟာ ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူပါသတဲ့။ အဲဒီနေရာမှာ မိတ္တာမိတ္တဇာတ်ဆိုတဲ့ မိတ်ဆွေနဲ့ ရန်သူခွဲခြားတဲ့နည်းကို ကောသလမင်းကြီးရဲ့ အကျိုးစီးပွားကို ဆောင်ရွက်တဲ့ အမတ်တစ်ဦးကို အကြောင်းပြုပြီး ဟောတော်မူပါသတဲ့။

မြတ်စွာဘုရားကို ကြည်ညိုဆည်းကပ်တဲ့ ကောသလမင်းကြီးမှာ အမတ်တစ်ပါးရှိပါသတဲ့။ အဲဒီအမတ်က ကောသလမင်းကြီးရဲ့အကျိုးကို ရိုးရိုးသားသား ဆောင်ရွက်တဲ့သူ ဖြစ်ပါသတဲ့။ အဲဒီလို ရိုးရိုးသားသား ကြိုးကြိုးစားစား ဆောင်ရွက်တဲ့သူဆိုတော့ မင်းကြီးကလည်း ချီးမြှင့်မြှောက်စားတာပေါ့ သမီးရယ်။ မင်းကြီးက မြှောက်စားတော့ မနာလိုတဲ့ တခြားအမတ်တွေက သစ္စာရှိတဲ့၊ အကျိုးစီးပွားကိုလိုတဲ့ အမတ်နဲ့ပတ်သက်ပြီး မဟုတ်မမှန်တာများကို လုပ်ကြံပြောဆိုကြပါသတဲ့။

အဲဒီတော့ ကောသလမင်းကြီးကလည်း ငါ့ရဲ့အမတ်ဟာသူများတွေပြောသလို ငါ့အကျိုးကိုယုတ်အောင်လုပ်နေတာတော့ ငါတစ်ခါမှမသိဘူး။

ဘာပဲဖြစ်ဖြစ် လူတစ်ဦးတစ်ယောက်ကို မိတ်ဆွေလား၊ ရန်သူလား၊ ဘယ်လိုခွဲခြားရမလဲဆိုတာ ငါသိထားသင့်တယ်။ အဲဒီပြဿနာကို မြတ်စွာဘုရားထံတော်မှောက် အရောက်သွားပြီးမေးမှပဲဆိုပြီး မြတ်စွာဘုရားထံကို သွားပါသတဲ့။ ပြီးတော့ မိတ်ဆွေနဲ့ရန်သူ ခွဲခြားလို့ရ မရ မေးလျှောက်တာပေါ့ကွယ်။

မြတ်စွာဘုရားက ကောသလမင်းကြီးကို ဒီလိုပြဿနာမျိုးကို ရှေးရှေးကတည်းက ပညာရှိများကို ချဉ်းကပ်မေးမြန်းကြတဲ့ ပုံပမာတွေရှိခဲ့တယ်။ အဲဒီပုံပမာတစ်ခုကို အတိတ်ဆောင်ပြီး ဟောတော်မူမယ်ဆိုပြီးတော့ ဟောတော်မူပါသတဲ့။

မြတ်စွာဘုရား ပါရမီတော်ဆယ်ပါးကို ဖြည့်ဆည်းတော်မူနေစဉ်ဘဝတစ်ခုမှာ ဗာရာဏသီပြည်ကို အစိုးရတဲ့ ဗြဟ္မဒတ်မင်းကြီးရဲ့ထံမှာ အမှုထမ်းရတဲ့ အမတ်ဖြစ်ခဲ့သတဲ့ သမီးရဲ့။ အဲဒီအမတ်ကို ဗြဟ္မဒတ်မင်းကြီးက ချီးမြှင့်မြှောက်စားပါသတဲ့။ အဲဒီတော့ ကမ္ဘေကမ္ဘာက ထုံးစံအတိုင်း မလိုလားသူများပြီး ကုန်းတိုက်ကြတာပေါ့ကွယ်။ ဒါပေမယ့် မင်းကြီးက ကုန်းတိုက်တဲ့သူတွေကို မယုံကြည်တာနဲ့ အမတ်ကို မေးပါသတဲ့။ အချင်းအမတ် မိတ်ဆွေနဲ့ရန်သူ ဘယ်လိုခွဲရမလဲ၊ အသင် သိသလားပေါ့။ အဲဒီလိုမေးတော့ အမတ်က ဖြေပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



မြတ်သောမင်းကြီး-

၁။ ရန်ဘက်ဖြစ်သောသူကို မြင်သောသူသည် မပြုံးမရွှင်တတ်။
၂။ ရန်ဘက်ဖြစ်သောသူကို မနှစ်သက်တတ်။
၃။ ရန်ဘက်ဖြစ်သောသူကို မနှစ်သက်၍ မျက်နှာလွှဲတတ်။
၄။ ရန်သူလို သဘောထားသူနဲ့ ဆန့်ကျင်တဲ့အမှုများကို ပြု၏။
၅။ ရန်ဘက်ဖြစ်သောသူ၏ ရန်သူကိုလည်း မှီဝဲဆည်းကပ်တတ်၏။ (ပေါင်းတတ်၏။)
၆။ ထိုရန်ဘက်၏ အဆွေခင်ပွန်းတို့ကို မမှီဝဲ မဆည်းကပ်တတ်။
၇။ ရန်ဘက်ကို ချီးမွမ်းမယ့်သူတို့ကို တားမြစ်အပ်၏။
၈။ ရန်ဘက်ကို ဆဲရေးမည့်သူတို့ကို ချီးမွမ်းတတ်၏။ (အားပေးတတ်၏။)
၉။ ရန်ဘက်ဖြစ်သူအား လျှို့ဝှက်အပ်သောစကားများကို မပြောကြား။
၁၀။ ရန်ဘက်ဖြစ်တဲ့သူရဲ့ လျှို့ဝှက်အပ်တဲ့စကားများကို ပြောကြားတတ်၏။
၁၁။ ရန်ဘက်ဖြစ်သူ ဘာပဲလုပ်လုပ် မချီးမွမ်းတတ်။
၁၂။ ရန်ဘက်ဖြစ်သောသူ၏ ပညာကို မချီးမွမ်းတတ်။
၁၃။ ရန်ဘက်ဖြစ်တဲ့သူရဲ့ စီးပွားချမ်းသာပျက်စီးတာကို သဘောကျနှစ်သက်တတ်၏။
၁၄။ ရန်ဘက်၏ စီးပွားချမ်းသာတိုးတက်မှုကို မနှစ်သက်တတ်။
၁၅။ ကောင်းမြတ်တဲ့ပစ္စည်းကိုရရင် ရန်ဘက်ကို မပေးကမ်းတတ်။
၁၆။ ရန်ဘက်ဖြစ်တဲ့သူဟာ အကြောင်းကြောင်းကြောင့် မရွှင်မပျဖြစ်နေရင်လည်း ကူညီစောင့်ရှောက်ခြင်းမပြုတတ်။-တဲ့။

အားလုံး (၁၆)ချက်ရှိတယ်။ ကိုယ့်အပေါ်မှာ မလိုလားတဲ့သူဆိုတာကတော့ ကိုယ်ကဘာပဲလုပ်လုပ် ရှိနေတတ်တာပါပဲ။ ကိုယ့်ဘာသာကိုယ်တော်ရင်လည်း မလိုလားတဲ့သူတွေရှိမှာပဲ။ ကိုယ်က သူ့ကို ခင်ပေမယ့်လည်း သူကကိုယ့်ကို မနာလိုဖြစ်နေရင် ပြန်ပြီးခင်မှာမဟုတ်ဘူး။ ကိုယ့်ကောင်းကျိုးတွေဆုတ်ပြီး မကောင်းကျိုးတွေများလာအောင်ပဲ လုပ်မှာပဲ။ အရေးကြီးတာက ကိုယ့်ကို မနာလိုတဲ့လူတွေမှာ ဘယ်လိုအမူအရာတွေရှိတတ်တယ်ဆိုတာ သမီးသိထားဖို့ပါပဲ။

ကဲ- ရန်သူလို့ ကိုယ့်ကို သဘောထားတဲ့သူတွေမှာ ဘယ်လိုအပြုအမူတွေရှိတယ်ဆိုတာ သိပြီးရင် ရှောင်နိုင်ပြီနော်။ မိတ်ဆွေစစ်ဆိုတဲ့သူကိုရော ဘယ်လိုခွဲခြားပြီးသိရမလဲ။ ရှင်းပါတယ် သမီးရယ်။ အခုန ပြောခဲ့တဲ့ အချက်အလက်တွေနဲ့ ဆန့်ကျင်ဘက် ယူလိုက်တာပေါ့။



အမေတို့ သူငယ်ချင်းတွေကိုပဲကြည့်လိုက်ပေါ့။ တစ်ယောက်နဲ့တစ်ယောက်တွေ့ရင် ပြုံးတာတောင်မှ မကတော့ဘူး။ ဝမ်းပန်းတသာအော်ဟစ်နှုတ်ဆက်ကြတာနဲ့ စကားပြောလို့ မကုန်နိုင်အောင် ရှိရတာနဲ့။

တစ်ယောက်အကျိုးကို တစ်ယောက်လိုလားသော မလိုလားသော မပြောနဲ့။ ပါးစပ်က ငါဒါလိုတယ်ဟေ့-လို့ မပြောရခင်ကြိုပြီး ဖြည့်ဆည်းပေးရတာနဲ့။ ကြည့်လေ- သမီးသိပ်ပြီးပင်ပန်းနေပြီဆိုတာနဲ့ သမီးအတွက် အကူအညီပေးနိုင်တဲ့ မိန်းကလေးအဖော်တစ်ယောက်တော့ ရှာပေးဦးမှဆိုပြီး အန်တီညွန့်က ပြောနေတာတဖွဖွ။ ဦးဦးစိန်လှိုင်ကလည်း အမေတို့မှာ ဘာလိုသလဲ။ ကားမောင်းတဲ့သူအဆင်ပြေရဲ့လားကအစ သူ့အိမ်ကိုနယ်က ဖုန်းဆက်တိုင်းမေးရတာ။ မမမြွေး(သူငယ်ချင်းသမီး)ကို အမေတို့အိမ်မှန်မှန်သွားဖို့ မှန်မှန်ပြောရတာလည်း အမောပဲ။

အမေ့အတွက် ဂုဏ်ယူကြရတာ သူတို့မှာအမော။ အမေက အလုပ်တွေ အများကြီးလုပ်ပြီး အပြုံးမပျက် နေနေတာတောင်မှ အနားယူဖို့တကူးတက စီစဉ်ပေးကြရတာနဲ့။ ကဲ- ငါ့သမီးကလေး မိတ်ဆွေနဲ့ရန်သူခွဲခြားလို့ ရနိုင်ပါပြီနော်။

ကျွန်မသည် သမီးကိုမိတ္တာမိတ္တဇာတ်နှင့်ပတ်သက်သောအကြောင်းများကို ပြောပြရင်း ကျွန်မဘဝတွင် အရေးအတွက် နည်းပါးသလောက်အားကိုးအားထားပြုရသော မိတ်ဆွေစစ် မိတ်ဆွေမှန်များ ရှိနေသည့်အကြောင်းတွေးမိကာ၊ အားတက်လာရပါသည်။

လောကခံအမျိုးမျိုးကို ကြုံကြုံခံကာ ဖြတ်သန်းလာရင်း ဘဝအခြေအနေအမျိုးအမျိုးဖြင့် ကြုံတွေ့ရသော်လည်း သဘောထား မပြောင်းသည့်ငယ်သူငယ်ချင်းများနှင့်ပတ်သက်၍ ကျွန်မရင်၌ ချမ်းမြေ့ခြင်းအတိ ဖြစ်ရပါသည်။

တကယ်တော့ မိတ်ဆွေစစ်ကို ဘာနှင့်မျှဝယ်၍ မရနိုင်။ လဲ၍မရနိုင်ပါ။ သူ့ကို မိတ်ဆွေစစ်ဖြစ်စေချင်လျှင် ကိုယ့်ကိုလည်း သူ၏မိတ်ဆွေစစ်ဖြစ်အောင်သာ ပြင်ဆင်ရမည်သာ ဖြစ်ပါသည်။ ဓာတ်တူနာမ်တူချင်းသာ ဆေးဘက်ယူနိုင်ကြပါသည်။

ပန်းဝေသီ (၁၉၉၅ ခု၊ ဇွန်လ)

www.burmeseclassic.com

www.burmeseclassic.com



မိဘကျေးဇူး

## မိဘကျေးဇူး

ကျွန်မနှင့်သမီးတို့၏ပုံပြောခြင်းတွင် ခေတ်မီသော အိုလမ်ပစ်(၇)သို့ ခေါင်းစဉ်များပါလာတတ်သည်ကို စာဖတ်သူများ သတိထားမိကြမည်ဟု ထင်ပါသည်။ ယခုအခါတွင်လည်း မိဘကျေးဇူးနှင့်ပတ်သက်သော ပုံပြင်များထဲမှ အလျဉ်းသင့်သလို ဆွဲထုတ်ပြောဆိုရင်း ကျွန်မတို့ဘဝတွင် တွေ့ကြုံရသော ပစ္စုပ္ပန်ပုံပြင်များအကြောင်းကိုပြောပြရန် ကျွန်မ ရည်ရွယ်ပါသည်။

ယခုခေတ်တွင် ကလေးတွေ သိပ်ရိုင်းလာပြီ၊ လူကြီးမိဘကို မရိုသေကြတော့ဘူး ဆိုသည့် စကားများကို ကြားရသည်မှာ အကြိမ်များလာပြီ ဖြစ်ပါသည်။ ကလေးများဘက်ကကြည့်လျှင် သူတို့ မသိနားမလည်ဘဲ မရိုသေရာကျသည့်စကားများ ပြောလာခြင်း၊ မရိုသေရာကျသည့် အပြုအမူများ ပြုလာကြခြင်းတို့အတွက် သူတို့မှာ အပြစ်ရှိသည်ဟုပင် မထင်ကြရှာပါ။ ကျွန်မပြောလိုသည်မှာ မသိဘဲ ရိုင်းပျရာကျနေကြရသည်ဟု ပြောလိုရင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သော အဖြစ်မျိုးတွေ ဘယ်က စပါသနည်းဟုဆိုလျှင် အနီးစပ်ဆုံး ပတ်ဝန်းကျင်က စပါသည်ဟု ဆိုရပါလိမ့်မည်။ မိဘများ၊ လူကြီးများအနေဖြင့် အသွန်အသင်နည်းပါးလာသောကြောင့် သိသင့်သည့် အကြောင်းအရာတို့ကို ကလေးများ သိသင့်သည့်အချိန်မှာ မသိကြတော့ဘဲ ကလေးများ၊ လူငယ်များ ရိုင်းလာကြရခြင်းဖြစ်ပါသည်။

လူကြီး မိဘများကရော ဘာလို့ မဆုံးမ၊ မသွန်သင်ကြတာပါလိမ့်ဟု မေးလျှင်လည်း ကျွန်မလေ့လာထားသည့် အချက်များ ရှိနေပါသည်။ လူကြီးမိဘများသည် စားသောက်စရိတ်၊ လူနေမှုစရိတ်၊ ကလေးများ၏ ပညာသင်စရိတ်တို့ကိုကာမိစေရန် ကြိုးပမ်းနေကြရသောကြောင့် ကလေးများကို ဆုံးမသွန်သင်ဖို့ အချိန်လည်း မပေးနိုင်တော့ပါ။

သို့သော် အရှေ့တိုင်းက မိဘများပီပီ ကလေးများ၏ တာဝန်ကို လိုအပ်သည်ထက်ပို၍ ထမ်းဆောင်ကြရသော ကျွန်မတို့ လူမှုအဖွဲ့အစည်းမှ မိဘများသည် ကလေးများထံမှ ယဉ်ကျေးဖွယ်ရာမှုကိုလည်း မျှော်လင့်ချက် ထားတတ်ကြပါသည်။ ထိုသို့ မျှော်လင့်ချက်ထားသည့်အချိန်တွင် ကလေးများမှာလည်း မနိုင်ဝန်များစွာကို ထမ်းနေရသောကြောင့် ယဉ်ကျေးဖွယ်ရာမှုကို သင်ယူရန်၊ နားလည်သဘောပေါက်ရန် အချိန်မရကြသဖြင့် ရိုင်းပျနေကြပြီ ဖြစ်ပါသည်။

ကလေးများ (ယခုခေတ်ကလေးများ)မှာ အရှိန်ပြင်းသောပညာရေးပြိုင်ဆိုင်မှုများ၊ အဝတ်အစား၊ အနေအထိုင်၊ ဇိမ်ခံမှုနှင့် ပတ်သက်သော လိုချင်တောင့်တမှုများနောက်သို့ လိုက်နေရခြင်း သို့မဟုတ် မလိုက်မိအောင် တွန်းလှန်နေရခြင်းများ စသည့် ခေတ်၏ ရမ္မက်အာရုံများကို ဆန့်ကျင်တွန်းလှန်နေရခြင်းများနှင့် မျောပါနေရခြင်းများကြောင့် များစွာ ပင်ပန်းနေကြပါသည်။

ထို့ကြောင့်ကလေးများကို ကြီးမှထိန်းဖို့ ကြိုးစားကြသောသူများ ပင်ပန်းနေကြခြင်း ဖြစ်ပါသည်။ ထိန်းသိမ်းဖို့ ကြိုးစားရာတွင်လည်း ကလေးများ၏ဘက်မှ ကြည့်တတ်ရန် ကြိုးစားကြရဦးမည်ဟု ကျွန်မ ယူဆပါသည်။

ကျွန်မအနေဖြင့် သမီးကို ပုံပြောရခြင်းမှာ သက်သာပါသည်။ သမီးက အနည်းနဲ့အများ ရင့်ကျက်သည့် အရွယ်သို့ ရောက်နေပြီ ဖြစ်ပါသည်။ အဘွားနှင့် နေစဉ်ကတည်းက ပုံပြင်များကို နားရည်ဝနေပြီး



လည်း ဖြစ်ပါသည်။ ထို့ကြောင့် သမီးကို ပုံပြောရာတွင် ကျွန်မအဖို့ မခက်ခဲလှပါ။

☒☒ ✱✱ ☒☒

သမီးနှင့်ကျွန်မတို့မှာလည်း အရင်ကနှင့်စာလျှင် စကားပြောချိန်နည်းပါးလာပြီ ဖြစ်ပါသည်။ ကောင်းစွာမတတ်သေးသည့်၊ မကျွမ်းသေးသည့် ကွန်ပျူတာစာစီလုပ်ငန်းကို အားခဲလုပ်ကိုင်နေရခြင်း၊ အိမ်မှုကိစ္စများကို မနားတမ်းလုပ်နေရခြင်းနှင့် မအားရာယားနားပေါ်သည်ဆိုသကဲ့သို့ အိမ်ကို ပြင်ဆင်မိကြခြင်းတို့ကြောင့် ပြောစရာစကားစများ ကုန်သွားသည့် အခြေအနေများနှင့် မကြာခဏ ကြုံကြရပါသည်။

ကျွန်မနှင့်သမီးတို့ ခြံထဲတွင်စကားပြောကြပြီဆိုလျှင် ပေါင်းသင်ရှင်းလင်းရှက်သင်စရာအလုပ်က ပါလာတတ်ပါသည်။ ဒါမှမဟုတ် ကြက်သွန်သင်စရာအလုပ် ပါလာတတ်ပါသည်။ အိမ်ထဲတွင် စကားပြောပြီဆိုလျှင်တော့ သမီးက သနပ်ခါးသွေးနေတတ်ပါသေးသည်။ ကျွန်မက စာရေးလက်စနှင့် စကားပြောရတတ်ပါသည်။

ထိုသို့ ဖြစ်နေရသည်မှာလည်း ခေတ်၏ ရေစီးကြောင်းအရ ဖြစ်နေရခြင်းဟုသာ ယူဆရပါတော့သည်။ ရှေးခေတ်ကလို အချိန်မရှိတော့၊ သို့သော် ခေတ်၏အရှိန်ကတော့ များသည်ထက်များနေပါသည်။

ဘာပဲဖြစ်ဖြစ် ပြောမိကြသည်ကတော့–

☒☒ ✱✱ ☒☒

သမီးရေ– **အမေမနေ့ကကျောင်းသွားတော့** ပင်စင်စားဆရာကြီး **တစ်ယောက်ကို မြင်မိသကွယ်။** ဆရာကြီးကြည့်ရတာ ပင်ပန်းဆင်းရဲလိုက်တာ၊ **စိတ်ပျက်အားငယ်နေပုံ**လည်း ရတယ်။ သူဟာ ဘာကြောင့် သူ **တစ်ခါမှ တာဝန်မထမ်းဆောင်ခဲ့**ဘဲနဲ့ ပညာရေးတက္ကသိုလ်လို နေရာကို **ခဏခဏ လာနေသလဲ**တော့ အမေမသိပါဘူး။ ဒါပေမယ့် သူ့ကို **အများက ကြင်နာ**ကြပါတယ်။ သို့သော်လည်း အချိန်တော့ များများ **ကား**စား **ဖွဲ့မပေးနိုင်**ကြဘူးပေါ့ကွယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီဆရာကြီးကို မြင်တိုင်းမြင်တိုင်း အမေ စဉ်းစားမိတာရှိပါတယ်။ ဘာကြောင့် အိုကြီးအိုမအရွယ်မှာ ဆရာကြီးတစ်ယောက်တည်း လျှောက်သွားနေရတာပါလိမ့်။ ဘာကြောင့် မိသားစုနဲ့ ရင်းနှီးချစ်ခင်စွာ မနေနိုင်ရပါလိမ့်ဆိုပြီး စဉ်းစားတာပေါ့ကွယ်။

သားသမီးဆိုတာ မိဘရဲ့အရိပ်ပါပဲ။ ဆရာကြီး ငယ်စဉ်က အဘက်ဘက်မှာ တော်ပေမယ့် သူ့အမေကို သူပစ်ထားမိခဲ့သတဲ့။ ဘာကြောင့်လဲဆိုတော့ ဇနီးမယားက မကြိုက်လို့ပေါ့ကွယ်။ အဲဒီတော့ သူကြီးပြင်းလာတဲ့တစ်လျှောက်မှာ သူ့အနားမှာရှိနေပြီး သူ့လုပ်ရပ်တို့ အတုယူနေတဲ့ သားသမီးများကို မိဘဆိုတာ ပစ်မထားရဘူးလို့ သူဘယ်လိုဆုံးမမလဲ၊ ဒါဟာ တွေးစရာပဲနော်။

သူ့ရဲ့ဇနီးဖြစ်တဲ့သူအနေနဲ့လည်း သားသမီးများရဲ့ စိမ်းကားမှုဒဏ်ကို ခံရမှာပဲ။ ဒါကို သေသေချာချာတွက်ဆလို့ ရပါတယ်။

အမေ့ အတွေ့အကြုံထဲမှာ မိဘကို မထီမဲ့မြင် ပြုတဲ့သူများဟာ ဘယ်တော့မှ စိတ်အေးချမ်းသာ နေရတယ်လို့ မရှိဘူးကွယ့်။ ဒါဖြင့်ရင် မိဘကို ဂရုစိုက်ကြတဲ့ သူများရော ဘယ်လိုနေသလဲ။ အပြန်အလှန်အားဖြင့် တွက်ဆရင် စိတ်အေးချမ်းသာမှု ရှိတတ်ပါတယ်။

သမီးဘွားဘွားနဲ့နေတုန်းကတည်းက မိဘကျေးဇူးနဲ့ပတ်သက်တဲ့ ပုံပြင်တွေကို ကြားဖူးနားဝ ရှိခဲ့ပြီးပြီဆိုတော့ အမေ အများကြီးပြန်မပြောတော့ပါဘူး။ အမေတောင်မှ အဇာတသတ်အကြောင်း ပြောခဲ့ဖူးသေးတယ်လေ။ အဲဒီဝတ္ထုအကြောင်းထဲမှာလည်း အဇာတသတ်ဟာ စိတ်အေးချမ်းသာမှုမှ မရခဲ့ဘဲပဲ။ မျက်စိမှိတ်ရင် အပ်အစင်းပေါင်း အရာအထောင်နဲ့ စိုက်နေသလို ဖြစ်ဖြစ်နေလို့ မျက်စိပိတ်ပြီး အိပ်လို့မရနိုင်အောင် အချိန်အတော်ကြာအောင် ခံစားခဲ့ရတယ်လို့ဆိုတာကို သမီး မှတ်မိတယ်နော်။ တကယ်တော့ အဲဒီအဖြစ်ဟာ သူ့အပြစ်ကို သူသိနေလို့ ဖြစ်တဲ့အဖြစ်ပါပဲ။

မိဘကျေးဇူးကို ပစ်ပစ်ခါခါလုပ်တဲ့သူများနှင့် ပတ်သက်လို့ အမေပြောချင်တဲ့အချက်ကတော့ အဲဒီလူမျိုးတွေဟာ စိတ်ဓါတ်ရေးရာအရ လုံခြုံမှု နည်းပါးတတ်တယ်ဆိုတဲ့အချက် ဖြစ်ပါတယ်။ သမီးစဉ်းစားကြည့်လေ တချို့သောရှင်းချက်များကလွဲလို့ အမေနဲ့အဖေဆိုတာ လူတစ်ယောက်လူ့ဘဝထဲကို ရောက်လာတယ်ဆိုကတည်းက အရင်းနှီးဆုံး လူသားတွေ



ဖြစ်တယ်။ အမိဝမ်းက ကျွတ်ကတည်းက အမေ့မျက်နှာကို အချိန်အများဆုံး မြင်ခဲ့ရတယ်။ အမေနဲ့ချီနဲ့ အသက်ဆက်ခဲ့ရတယ်။ နို့ဘူးတိုက်တဲ့ခေတ်ကတော့ ရှင်းရျက်ပေါ့လေ။ ဒါတောင်မှ မိခင်နို့ရည်ကို အစားထိုးလို့မရပါဘူးဆိုတာ အထင်အရှား ဝန်ခံနေကြပြီပဲ။

တစ်စတစ်စနဲ့ အသက်ရလာတဲ့အချိန်အထိ အမိနို့သက်ခံစို့ရင်း အဖရဲ့ခြေလှမ်းကို အမှီလိုက်ခဲ့ကြရတယ်။ အဲဒီဘဝဟာ အသေအချာအရေရာဆုံးဘဝဖြစ်တယ်။ အမေ ဘာကို ဘယ်လိုလုပ်တယ်ဆိုတာကို၊ ဘယ်ကိစ္စမှာ ဘယ်လိုဆုံးဖြတ်တယ်ဆိုတာကို ကိုယ်ကြည့်ပြီး အတုယူရင်း လူ့ဘဝထဲကို တစ်စတစ်စ တိုးဝင်ခဲ့ရတယ်။ အဲဒီတော့ အတုယူရင်း၊ အားကိုးရင်း၊ အမှီပြုရင်းနဲ့ မိဘဟာ အရင်းနှီးဆုံး လူသားများ ဖြစ်ခဲ့ရတယ်။ တကယ်လည်း မိမိဟာ မိဘရဲ့ကိုယ်ပွားပဲ။

အဲဒီလို ကိုယ်ပွားအနေနဲ့ပင် မဖြစ်တဲ့မိဘကို ဘယ်လိုမှ မထီမဲ့မြင်မပြုသင့်ဘူးပေါ့ကွယ်။ မထီမဲ့မြင်ပြုတာနဲ့ ဘယ်သူက ဘာမှမပြောရင်တောင်မှ ကိုယ့်စိတ်ထဲမှာ တစ်ခုခုတော့ မှားနေပြီဆိုတာ သိလာမှာပဲ။

အမေကသမီးကို ပုံပြောမယ်ဆိုပြီးမှ အတွေးတွေကို ပြောပြနေသလိုဖြစ်နေပြီ။ တကယ်တော့ အဲဒီအချက်ဟာ အတွေးသက်သက်တော့မဟုတ်ပါဘူး။ ခံစားမှုလို့တောင်မှ ဆိုနိုင်ပါသေးတယ်။ မိဘကို မထီမဲ့မြင်ပြုရင် ကိုယ့်ဘာသာကိုယ် တန်ဖိုးကျလာတဲ့ ခံစားမှုကို ခံစားလာရတယ်ကွယ့်။

⊠⊠ ⋇⋇ ⊠⊠

သမီးကို ဘွားဘွားပြောပြီးလောက်ပြီဖြစ်တဲ့ သုဝဏ္ဏသာမဆိုတဲ့ မြတ်စွာဘုရားရဲ့ အလောင်းတော်အကြောင်းကို နားထောင်ရတာ အမေဖြင့် သိပ်ကို ကြည်နူးမိတာပါပဲ။ အိုကြီးအိုမ မျက်စိလည်း မမြင်ရှာတဲ့ မိဘကို ရေပူရေချမ်းကမ်းလှမ်းပြီး ပြုစုတဲ့အကြောင်းဟာ အလွန်ကြည်နူးစရာ ကောင်းပါတယ်။ အမေဖြင့် အလွန်ရုပ်အဆင်း သန့်စင်ကြည်လင်တဲ့ သူငယ်ကလေးတစ်ယောက် အညိုရောင် ဖန်ရည်စွန်းတဲ့ အဝတ်ကိုဝတ်ဆင်ပြီး သမင်များအလယ်မှာ သွားလာနေတာကိုမြင်ပြီး ကြည်ညိုနေမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



(ဒီနေရာမှာ သမီးက ဝင်ပြောပါသည်။ သူ့မျက်စိထဲမှာ ရေထည့်သည့် မြေတကောင်းကိုပါ မြင်မိသည်အထိ ဘွားဘွားအပြောကောင်းခဲ့ပါသည်တဲ့။)

အဲသလို အလောင်းတော်ရဲ့အသရေကိုတော့ မပြောနဲ့တော့၊ အမေတို့ ရေနံချောင်းမှာနေတုန်းက အိမ်နီးချင်းဖြစ်တဲ့ ဆရာကြီးတစ်ယောက် (သမီးသိပါတယ်– အမေ့ဆရာကြီးဖြစ်တဲ့ ဆရာကြီးဦးဘသိန်းလေ) အေး– အဲဒီဆရာကြီးဟာ သူ့အမေကို သမီးတစ်ယောက်က လိုက်မမီအောင်ပြုစုတာကို မြင်ရကြားရသူအပေါင်းက ကြည်ညိုကြတယ်ကွယ့်။

သမီးစဉ်းစားကြည့်လေ တစိမ်းပဲဖြစ်ဖြစ်၊ လူကြီးပဲဖြစ်ဖြစ်၊ လူငယ်ပဲဖြစ်ဖြစ် အကြောင်းအားလျော်စွာ နေထိုင်မကောင်းတဲ့ လူလူချင်းပြုစုနေတာကို မြင်ရရင်တောင်မှ ကျက်သရေရှိတယ်။ အမေဖြင့် သမီးက ကြီးကြီးမြင့် လက်ကိုက်နေတာကို ဆေးလိမ်းပြီး အဝတ်နဲ့ သေသေချာချာ ပတ်ပြီးပေးနေတာကို မြင်ရရင်တောင်မှ စိတ်ကြည်နူးရတယ်။ ကျေးဇူးရှင် အမေအိုကြီးကို သူ့အချိန်နဲ့သူ ထမင်းခွံ့ပေးတန်တာပေး၊ ရေချိုးပေးတန်တဲ့ အချိန်မှာ ရေချိုးပေး၊ သနပ်ခါးတောင်မှ ဆရာကြီးကိုယ်တိုင်သွေးပြီးလိမ်းပေးတာတဲ့ သမီးရဲ့။ အဲသလိုပြုစုနေတာ ဆန်းရေသဘောပါပဲ။ ဖြစ်လေ့ရှိတဲ့ အဖြစ်အပျက်မဟုတ်ဘဲ ထူးခြားနေတဲ့အပြင် အလွန်လည်း ပွင့်မြတ်တဲ့ အပြုအမူဆိုတော့ အားလုံးက မြင်ရကြားရတာ စိတ်ချမ်းသာရတာပေါ့ကွယ်။

အမေက ဆရာကြီးနေရာကနေပြီး စဉ်းစားကြည့်တယ်။ ဆရာကြီးဟာ အတော်ကြီးရိုးတဲ့သူ၊ စကားကို တန်ဆာဆင်ပြီး မပြောတတ်ပါဘူး။ ဒါပေမယ့် မိခင်ကြီးကို ပြုစုရင်း ပြုစုခွင့်ရတာ ဝမ်းသာနေရှာမှာပဲ။ မိခင်ကြီး ကွယ်လွန်တော့လည်း စိတ်ထဲမှာ နောင်တရစရာ ဘာမှမရှိတဲ့အတွက် ရှင်းလင်းအေးချမ်းနေမှာပါပဲ။

အစောပိုင်းက အမေပြောခဲ့တဲ့ စကားတစ်ခုရှိတယ်နော်။ သားသမီးဟာ မိဘရဲ့ကိုယ်ပွားပဲဆိုတဲ့စကားလေ။ ဆရာကြီးရဲ့ တစ်ဦးတည်းသောသားနဲ့ မိသားစုဝင်တွေကလည်း ဆရာကြီးကို သိပ်ပြီး ပြုစုကြတာပါပဲ။ လိုလေသေးမရှိအောင် တရားမွေ့ကို အားထုတ်နိုင်အောင် ပြုစုကြတာပေါ့။ မိဘကို ပြုစုတာနဲ့ တူသောအကျိုးကို ရတာပါပဲ။ ဒီပုံကိုပြောမယ်လို့ စ,လိုက်တုန်းကပြောခဲ့တဲ့ ဆရာကြီးနဲ့ အနပြောတဲ့ ဆရာကြီးဦးဘသိန်းနဲ့



လုံးဝဆန့်ကျင်နေတယ်။ အကျိုးဆက်ကလည်း လုံးဝဆန့်ကျင်နေတော့တာပါပဲ။

⊠⊠ ⋇⋇ ⊠⊠

ကျွန်မ၏ပုံပြောခြင်းသည် ပန္စုပ္ပန်ပုံပြင်များဖြင့် ပြည့်နေပြီဟုဆိုနိုင်ပါသည်။ တကယ့်တကယ် မိဘကျေးဇူးအကြောင်းကို ပြောရမည်ဆိုလျှင် မထင်မှတ်သော ရှုထောင့်ကလည်း ဥပမာ ဥပမေယျများ ထွက်လာနိုင်ပါသေးသည်။

အဇာတသတ်တုန်းကလည်း အဖကို သတ်မည့်သားဖြစ်သည် ဆိုသည့် ဟောကိန်းကိုသိထားပါလျက် သားတော်ကို အချစ်ကြီးချစ်ရှာသော ဗိမ္ဗိသာရမင်းကြီးက အကောင်းဆုံးမေတ္တာပြယုဂ် ဖြစ်ခဲ့ပါသည်။

ထန္တိုင်မြို့က ဟယ်လင်ပုံပြင်ထဲမှာလည်း ထရွိုင်ဘုရင် ပရီယမ်သည် ငယ်စဉ်ကတည်းက ပြည်ဖျက်မည့်သားဆိုသည့် ဟောကိန်းရှိသဖြင့် အများ၏ တိုက်တွန်းသောကြောင့် တောင်ပေါ်သို့သွားရောက် စွန့်ပစ်ခဲ့ရသော သားကိုပြန်တွေ့သည့်အချိန်တွင် အများနှင့် ဆန့်ကျင်ကာ ပြန်လည်လက်ခံခဲ့သည်။ သူ့အတွက် သူ့သားသည် တိုင်းပြည်တစ်ခုစာမက တန်ဖိုးကြီးမားခဲ့သည့် အကြောင်းကို အလုပ်နှင့် သက်သေပြခဲ့ရှာပါသည်။ သားဆိုးကြောင့်လည်း တကယ်ပင် တိုင်းပြည်ပျက်ခဲ့ရပါသည်။

ကျွန်မသည် သမီးကို မိဘကျေးဇူးနှင့်ပတ်သက်သည့် ပုံပြင်တစ်ပုဒ်ကိုသာ ပြောမည်ဟု ရည်ရွယ်ခဲ့ပါက ပိုမိုလွယ်ကူစွာ ပြောနိုင်ခဲ့မည်ဖြစ်ပါသည်။ ယခုမူ အတွေးများ၊ ခံစားချက်များကို လူငယ်တစ်ယောက် လက်ခံလာအောင် စဉ်းစဉ်းစားစား ပြောရပါသည်။

⊠⊠ ⋇⋇ ⊠⊠

သမီးကိုပြောရဦးမယ်။ သားသမီးကသာ မိဘကို ကျေးဇူးတင်နေရမယ်၊ မိဘက သားသမီးကို ကျေးဇူးမတင်ရဘူး။ ကျေးဇူးတင်စရာမလိုဘူးလို့ တွေးရင်လည်း မမှန်နိုင်ပါဘူး။ သားသမီးကောင်းတွေ ထက်မြက်တဲ့ အတွေးနဲ့ မိဘကို သာယာညင်းပျောင်း ပြန်ပြီး အကြံဉာဏ်ပေးနိုင်

www.burmeseclassic.com

www.burmeseclassic.com



သူတွေ အများကြီးရှိတာပေါ့။ မိဘဆိုတာကလည်း ဉာဏ်ရည်အနိမ့်အမြင့် စရိုက်အနုအရင့် အမျိုးမျိုး ရှိနေတာပဲ။ အဲဒီတော့ မိဘကပြောတိုင်းဆို တိုင်း မှန်မယ်လို့ တစ်ထစ်ချ မပြောနိုင်ဘူးလေ။

သားသမီးရဲ့ဂုဏ်နဲ့ မိဘတင့်တယ်တာ၊ အကြံအစည်အောင်မြင် တာ ဂုဏ်ယူဝမ်းသာရတာတွေဟာ သားသမီးရဲ့ကျေးဇူးပေါ့။ အမြင်ဖြောင့် တဲ့၊ ကြည်လင်တဲ့ မိဘတိုင်း အဲဒီအချက်ကို ထုတ်ဖော်ပြောလေ့ရှိတယ်။ သမီးရဲ့ဘိုးဘိုးဆိုရင် ကျောက်ကပ်ရောဂါနဲ့ အလွန်မမာမကျန်းဖြစ်နေတဲ့ အချိန်မှာ သားသမီးလိမ္မာလို့သာ အဖေ ဒီလိုသက်သောင့်သက်သာ မမာမကျန်း ဖြစ်နိုင်တာပါလို့ ပြောရှာပါတယ်။

သားသမီးဘက်ကလည်း ခေတ်မမှီတော့တဲ့အတွက် အမြင်စောင်း နေတဲ့မိဘ၊ ဗဟုသုတနည်းပါးတဲ့အတွက် ထင်မိထင်ရာ ထင်မြင်နေတဲ့ မိဘများအပေါ် သည်းခံစိတ် မွေးရပါမယ်။ သူတို့ခမျာ တို့ခေတ်နဲ့ကင်း ကွာသွားလို့ နားမလည်နိုင်တော့တာပါလားဆိုတာကို တွေးနိုင်၊ သဘော ပေါက်နိုင်ရမယ်။ မိဘကိုလည်း ပြန်ပြီးထိန်းနိုင်ရမယ်။

သမီးရေ– ဒီတစ်ခါ အမေ့ပုံပြင်ကတော့ တကယ့်ပုံပြင် ဖြစ်နေ ပါပြီ။ စာရေးဆရာ ကိုခေးရေးတဲ့ ဇာတ်လမ်းကို ဘဘဦးသုခရဲ့ ညွှန်ကြားချက်နဲ့ ဒါရိုက်တာမောင်နှင်းမိုးရိုက်ကူးတဲ့ "အဖေနဲ့သား"ဆိုတဲ့ ရုပ်မြင်သံကြားဇာတ်လမ်းကို သမီးသတိရမှာပေါ့။

ဇာတ်လမ်းက သမီးလည်းအသိ၊ အများလည်းအသိဖြစ်နေလို့ အမေ ပြန်မပြောတော့ပါဘူး။ ပြောချင်တာက ဘဘဦးသုခရဲ့ စာတန်းကလေး ပါပဲ။ "အဖေနဲ့သား နှစ်ဦးကြား ဝတ္တရားကိုယ်စီရှိကြသည်"ဆိုတာလေ၊ အဲဒီစာသားထဲမှာပါတဲ့ အတွေးက အနှစ်ပါပဲ သမီးရယ်။

တကယ်တော့ သာယာတဲ့ မိသားစုတစ်စုမှာ မိဘသာအခရာ မဟုတ်ဘူး။ သားသမီးများကလည်း အခရာဖြစ်တယ်။ သားသမီးကို မွေးမြူဖို့ အချိန်ဆိုတာ ရအောင်ယူသင့်တယ်။ သားသမီးကို ရုပ်ဝတ္ထုနဲ့ ပြည့်စုံပူလုံအောင် ထားပေးရုံနဲ့ သူတို့ရဲ့ ရုပ်နဲ့စိတ်ကို အချိုးကျ ဖွံ့ဖြိုး အောင် လုပ်ပေးပြီးပြီလို့ မဆိုနိုင်ပါဘူး။

"သားသမီးနဲ့ မိဘပဲတော် မချစ်ဘဲနေပ့ါမလား၊ မြင့်မိုရ်တောင်ဦး မကကျူးတဲ့ ကျေးဇူးရှင် မိဘနှစ်ပါးကိုများ သူတို့က မချစ်ဘူးလို့ ထင်နေသလား"ဆိုတဲ့ စကားမျိုးကို ပြောတတ်တဲ့အမေဟာ ခေတ်နောက်



ကျခဲ့ပြီသမီးရဲ့။ ရှေးကတော့ ဒီအချက်ဟာ အလိုလိုသိရမယ်လို့ ယူဆခဲ့ ကြတဲ့အချက်ပါပဲ။ အခုတော့ အမေပြောပြောနေတတ်သလိုပါပဲ။ ရုန်း ကန်လှုပ်ရှားကြရတဲ့အထဲမှာ သားသမီးတွေလည်း ပါနေတဲ့အတွက် သူတို့လည်း သူတို့အထာနဲ့သူတို့ ပင်ပန်းကြတယ်။ တွေဝေကြတယ်။ စိတ်ရှုပ်ထွေးနေတတ်ကြတယ်။ အဲဒါကြောင့် မိဘရဲ့ စေတနာ မေတ္တာကို သိအောင်တော့ ပြောပြသင့်တယ်လို့ အမေထင်တယ်။ ပြောပြရုံနဲ့ မပြီးရင် အမှတ်ထင်ထင် မြင်သာအောင် ပြသရမှာပေါ့ကွယ်။–ဟု ကျွန်မပြောမိ သည်။

⊠⊠ ⋇⋇ ⊠⊠

ကျွန်မနှင့် သမီးတို့၏ ပုံပြောခြင်းအလုပ်သည် နေ့စဉ်ရက်ဆက် ဖြစ်နေတတ်ပါသည်။ ကျွန်မကြိုက်သောပုံကို သူ့အား ပြောပြတော့မည် ဆိုလျှင် သူ့ကို အရင်မေးရပါသေးသည်။ အကြောင်းမှာ ဘွားဘွားထံမှ ကြားပြီးသားဖြစ်နေလျှင် သူ၏ စိတ်ဝင်စားမှု လျော့ပါးသွားမည်စိုးရ သောကြောင့် ဖြစ်ပါသည်။

အတိတ်ပုံပြင်များသာ ထပ်စရာအကြောင်းရှိပါသည်။ ပစ္စုပ္ပန်ပုံပြင် များမှာ ထပ်စရာအကြောင်းမရှိလှပါ။ တစ်ခါတလေ အတိတ်ပုံပြင်ထက် အဆင်တန်ဆာနည်းပါးသော ပစ္စုပ္ပန်ပုံပြင်က ကြားရသူတို့၏ နှလုံးသား တွင် ပိုမိုထင်ရှားသော ခံစားမှုပေါ်ပေါက်စေနိုင်ပါသည်။ အတွေးတို့မှာ လည်း ပိုမိုထက်မြက်လာစေနိုင်သည်ဟု ထင်မိပါသည်။

ပန်းဝေသီ (၁၉၉၅ ခု၊ ဇူလိုင်လ)

⊠⊠ ⋇⋇ ⊠⊠

www.burmeseclassic.com

www.burmeseclassic.com



ဥတောနမင်း

## ဥတောနမင်း

သိပ်မကြာခင်က ကျွန်မတို့ အိမ်ပြင်ဖို့ ပစ္စည်းသိမ်းကြပါသည်။ ပစ္စည်းတွေ တစ်နေရာက တစ်နေရာသို့ ရွှေ့ဖို့ သိမ်းကြဆည်းကြရင်း စက္ကူအညိုနဲ့ ထုပ်ထားတဲ့ပစ္စည်းကြီးတစ်ခုကို တွေ့ကြရတော့ ဘာပါလိမ့်လို့ ခပ်ဆဆဖြည်ကြည့်မိပါတယ်။ အဲဒီတော့ အင်မတန်ထူထဲတဲ့ ခေတ်မီမြန်မာဓမ္မပဒ ဝတ္ထုကြီးကို တွေ့ကြရပါတယ်။ အဲဒီစာအုပ်ကို ပြုစုတော်မူတဲ့ အရှင်ကတော့ မလှိုင်မြို့ မြို့သစ်ကျောင်းတိုက်က ဆရာတော် အရှင်တိလောကသာရ ဖြစ်ပါတယ်။

အဲဒီစာအုပ်ကြီးကို မြင်လိုက်တာနဲ့ ကျွန်မက "ဟယ်– အမေ ဝမ်းသာလိုက်တာ၊ အဲဒီစာအုပ်ကြီးကို ပြန်ဖတ်ချင်နေတာ ဘယ်လိုရှာရမှန်းကို မသိလို့"လို့ ပြောလိုက်မိပါတယ်။ ဘုရားစာအုပ်တွေကို ဘုရားခန်းက စာအုပ်ဗီရိုမှာ ထားပါတယ်။ ဒါပေမယ့် အဲဒီစာအုပ်ကြီးကတော့ အနှောင့်တွေပြုတ်နေတာနဲ့ ပြန်ချုပ်ဖို့ ပြင်ဆင်ထားပြီးမှ အမေ့မေ့ အလျော့လျော့ဖြစ်ပြီး လမ်းစပျောက်သွားဟန်တူပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် အိမ်ပြင်ရင်း ရှေးဟောင်းပစ္စည်းတွေ့တယ်ဆိုတဲ့သူတွေထဲမှာ ကျွန်မပါ့ ပါသွားပြီ ဖြစ်ပါတယ်။

ကျွန်မက အဲဒီစာအုပ်ကြီးကိုဖတ်ပြီး ဝမ်းသာအားရဖြစ်နေရာက စိတ်ကူးတစ်မျိုးပေါက်လာပြီး အခန်းဆက်ဆောင်းပါးတွေ စပြီး ရေးမိပါတယ်။ အဲဒီဆောင်းပါးတွေက ဥတေနမင်းရဲ့ မိဖုရားများအကြောင်းမှာ အခြေပြုထားပါတယ်။

အိမ်က ပြင်နေဆဲ ဖြစ်တဲ့အတွက် ကျွန်မစာရေးရတဲ့ နေရာက ထမင်းစားခန်းမှာ ဖြစ်ပါတယ်။ သမီးက ချက်ရင်းပြုတ်ရင်း ဝင်လိုက်ထွက်လိုက်လုပ်နေရာက အမေဘာတွေရေးနေတာလဲလို့မေးရင်း လက်နှိပ်စက်ပေါ်က စာရွက်ကို ကဲကြည့်လိုက်ပါတယ်။ ကျွန်မက ဥတေနမင်းရဲ့ မိဖုရားများအကြောင်းကို ရေးနေတာပါသမီးရယ်လို့ ဖြေလိုက်တာနဲ့ ဥတေနအကြောင်းကို ပြောပါလို့ ပူဆာတာပါပဲ။

အဲဒီအချိန်မှာ ကျွန်မ စကားမပြောချင်ပါဘူး။ စာကရေးနေရင်း ရေးနေတဲ့အကြောင်းအရာထဲမှာ စိတ်က နစ်နေလို့သာမကပါဘူး။ ရင်ထဲမှာ ခပ်မောမောရှိနေလေတော့ စကားပြောရမှာ ဝန်လေးပါတယ်။

ဒါပေမယ့် ကျွန်မပြောချင်တဲ့ အချိန်တိုင်း နားထောင်ပေးရတဲ့ သမီးကို သူနားထောင်ချင်တဲ့အချိန်ကျမှ ကျွန်မက ငြင်းဆန်ရမှာအားနာလို့ ဥတေနရဲ့အကြောင်းကို ပြောပြရပါတယ်။ သမီးက ဟင်းရွက်သင်ရင်း နားထောင်နေပါတယ်။ ကျွန်မက လက်နှိပ်စက်ပေါ်မှာ လက်တင်ရင်း ပုံပြောနေပါတယ်။ ခေတ်သစ်ပုံပြောခန်းက သိပ်တော့ မခမ်းနားလှပါဘူး။

⊠⊠ ⚹⚹ ⊠⊠

သမီးက ဒီလောက်တောင် တောင်းဆိုနေမှ ပြောပြရမှာပေါ့ကွယ်။ ကဲ– နားထောင် ဥတေနဝတ္ထုကို ပြောတဲ့နေရာမှာ အရေးပါတဲ့ ပုဂ္ဂိုလ်တွေအကြောင်းက စပြီးပြောရမယ့်ကွယ့်။

အလွန်ရှေးကျတဲ့အခါတုန်းက အလ္လကပ္ပတိုင်းနဲ့ ဝေဋ္ဌဒီပကတိုင်းဆိုတဲ့ တိုင်းပြည်နှစ်ပြည်မှာ စိုးစံနေတဲ့ မင်းနှစ်ပါးဟာ အလွန်ချစ်ခင်ကြတဲ့ သူငယ်ချင်းများ ဖြစ်ခဲ့ကြပါသတဲ့။ အဲဒီမင်းနှစ်ပါးရဲ့ သားတော်



နှစ်ပါးကလည်း တက္ကသိုလ်ပြည်ကို သွားပြီး ပညာအတူသင်ယူကြတော့ အလွန်ချစ်တဲ့ သူငယ်ချင်းများ ဖြစ်လာကြပြန်သတဲ့။ သူတို့နှစ်ယောက်က ဖခင်မင်းတရားများ ကွယ်လွန်တဲ့အခါမှာ သူတို့ နိုင်ငံအသီးသီးကိုဆက်ခံပြီး ထီးနန်းစိုးစံကြပြန်တာပေါ့။

အဲဒီအချိန်မှာ နှစ်ယောက်စလုံးလိုလို တရားသံဝေဂ ရကြပါသတဲ့။ အဲဒါနဲ့ တိုင်းပြည်အသီးသီးကို မိဖုရားနဲ့သားသမီးများထံမှာအပ်ပြီး တောထွက်သွားကြပါလေရောတဲ့။

အစောပိုင်းတော့ တောထဲမှာအတူတူ သီတင်းသုံးကြပါသေးတယ်။ နောက်တော့ တောထွက်ပြီးမှ သံယောဇဉ် မဖြတ်နိုင်ကြရင် သူတော်ကောင်းတို့ ကဲ့ရဲ့စရာ ဖြစ်တော့မယ်လို့ သတိတရား ရကြပြီး သင့်တော်တဲ့နေရာက တောင်နှစ်လုံးမှာ တောင်တစ်လုံးစီခွဲပြီး နေကြပါသတဲ့။ တစ်ပါးနဲ့တစ်ပါး ရှိနေသေးကြောင်းသိရအောင် သီတင်းနေ့တိုင်း မီးထွန်းကြရမယ်လို့ ကတိကဝတ် ထားကြပါသတဲ့။

အဲဒီလိုနဲ့ တစ်ကိုယ်ထီး တရားအားထုတ်တဲ့အကျင့်ကို နှစ်ပါးစလုံး လိုက်စားကြပြီးတဲ့နောက် တစ်ခုသော သီတင်းနေ့မတိုင်မီမှာ ဝေဋ္ဌဒီပက ရသေ့ကွယ်လွန်သွားပါသတဲ့။ သီတင်းနေ့ကိုရောက်တော့ သူသီတင်းသုံးတဲ့ တောင်ပေါ်က မီးမလင်းတော့ဘူးပေါ့။ အဲဒီတော့ အလ္လကပ္ပရသေ့က ငါ့အဆွေ ဝေဋ္ဌဒီပကတော့ ကွယ်လွန်ရှာပြီလို့ သိရသတဲ့။

တစ်ယောက်နဲ့တစ်ယောက် သိပ်ယုံရလို့ပေါ့။ အဲဒီလို အသေအချာ သိနိုင်တာပေါ့။ နို့မဟုတ်ရင်တော့ မီးမထွန်းတာ ရသေ့ဘဝကို ငြီးငွေ့လို့များ တိုင်းပြည်ကို ပြန်သွားလေသလားလို့ တွေးနိုင်တာပေါ့။ အခုတော့ ဘယ်နည်းနဲ့မဆို သေသည်အထိ ဒီတောင်ပေါ်မှာ ခေါင်းချပြီးနေမယ့်သူပဲလို့ တစ်ယောက်နဲ့တစ်ယောက် သေချာလို့ ဩော်– မီးမလင်းဘူး ကွယ်လွန်ရှာပြီလို့ တွက်ဆနိုင်တာပေါ့သမီးရယ်။

ဝေဋ္ဌဒီပကလည်း ကွယ်လွန်တာနဲ့ နတ်ပြည်ကို ရောက်သွားသတဲ့။ နတ်ဆိုတာ အဘွားက သမီးကို ပြောပြထားသလို ဥပပါတ် ပဋိသန္ဓေနဲ့ အရွယ်ရောက်ပြီးသားအရွယ်နဲ့ ဖြစ်လာတာကိုး။ သူက သူ့ကိုယ်သူ ဘယ်ဘဝကလာပါလိမ့်လို့ ကြည့်လိုက်တော့ သူဟာ ဝေဋ္ဌဒီပက ဖြစ်တယ်။ သူနဲ့အတူ တောထွက်ပြီးတခြားတောင်ပေါ်မှာ တရားအားထုတ်နေတဲ့ အလ္လကပ္ပရသေ့ ရှိနေသေးတယ်ဆိုတာ မြင်ပါသတဲ့။ အဲဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



သူက လူအသွင်နဲ့ သူငယ်ချင်းရသေ့ဆီကို လာပါသတဲ့။

ရသေ့က အသင်ဘယ်ကလာသလဲလို့ မေးတဲ့မေးခွန်းကို နတ်သားက မဖြေသေးဘဲ အရှင်ရသေ့တစ်ပါးတည်းလားလို့ မေးပါသတဲ့။ ရသေ့က ငါ့အဆွေရသေ့တစ်ပါး ရှိနေသေးတယ်။ ဒါပေမယ့် ဒီကနေ့ သီတင်းနေဖြစ်လျက်နဲ့ သူ့တောင်က မီးမလင်းတာကိုထောက်တော့ ကွယ်လွန်ရှာပြီထင်ရဲ့လို့ ပြောပါသတဲ့။ အမေ့ကို အဲဒီပုံပြင်ပြောပြတဲ့သူက သမီးရဲ့ ဘွားဘွားပဲ။ ဘွားဘွားက ဘုရားတရားသံဃာ ရတနာသုံးပါးကို သိပ်ကြည်ညိုတာကလားသမီးရဲ့။ အဲဒီအကြောင်းကို ပြောပြရင်း သူတော်ကောင်းများ တည်ငြိမ်လိုက်တာနော် သူငယ်ချင်းတစ်ယောက် ဆုံးပါးတာကိုတောင်မှ တည်တည်ငြိမ်ငြိမ် ခံယူတော်မူတယ်လို့ ကြည်ကြည်ညိုညို ပြောခဲ့သေးတယ်ကွယ့်။ အဲဒီလို အလ္လကပ္ပရသေ့ကပြောတော့ ဝေဠဒီပက နတ်သားက ဟုတ်ပါတယ်အရှင်– ကျွန်တော်ဟာ အရှင့်သူငယ်ချင်း ကွယ်လွန်လို့ နတ်ပြည်ရောက်သွားတဲ့ သူပါပဲလို့ဆိုပြီး နတ်အသွင်ကိုပြတာပေါ့လေ။ ပြီးတော့ အရှင့်မှာ ဘာလိုသလဲဆိုတာသိချင်လို့ ကျွန်တော်လာပါတယ်လို့ ပြောသတဲ့။

အဲဒီတော့ အလ္လကပ္ပရသေ့က တခြားတော့ မလိုပါဘူး။ ငါ့ကို ဒုက္ခရောက်စေတာက ဆင်တွေပါပဲ။ ဆင်တွေက ငါ့ကျောင်းနားကိုလာပြီး ချေးပါကြတယ်။ မြေကြီးကို ခွာနဲ့ရှပ်ပြီး ပွစေကြတယ်။ အဲဒီတော့ ငါ့မှာ ဆင်ချေးကြုံးရ၊ မြေဖို့ရနဲ့ ပင်ပန်းတယ်လို့ ပြောပါသတဲ့။

ဝေဠဒီပကနတ်သားက ဒီအတွက် မစိုးရိမ်ပါနဲ့ဆိုပြီး နတ်စောင်းတစ်ခုကို ပေးပါသတဲ့။ အဲဒီစောင်းမှာ စောင်းညှို့သုံးချောင်း ပါပါသတဲ့။ ကြိုးသုံးချောင်းပေါ့ သမီးရယ်။ ဟတ္ထိကန္တဆိုတဲ့ မန္တန်ကိုရွတ်ဆိုပြီး လေးညှို့တစ်ချောင်းကို တီးခတ်ရင် ဆင်တွေလာလိမ့်မယ်။ နောက်မန္တန်တစ်ပုဒ်ကိုဆိုပြီး နောက်တစ်ချောင်းကို တီးခတ်ရင် ဆင်တွေက လှည့်တောင်မှမကြည့်ရဲဘဲ ပြေးလိမ့်မယ်။ တတိယတစ်ပိုဒ်ကိုဆိုပြီး နောက်ဆုံးလေးညှို့ကိုတီးခတ်ရင် အကြီးအမှူးဖြစ်တဲ့ ဆင်ပြောင်ကြီးက အရှင့်ထံကို ကျောစင်းပြီးလာလိမ့်မယ်လို့ ပြောပါသတဲ့။

နတ်သားကလည်း အဲသလိုပြောပြီး စောင်းကို ပေးထားခဲ့ပါတယ်တဲ့။

⊠⊠ ⋊⋉ ⊠⊠



အခုထိပြောခဲ့ပြီးတာက ဥတေနဇာတ်လမ်းမှာ အရေးကြီးတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ နောက်ခံဇာတ်လမ်းပါပဲ။

အဲဒီလို အလ္လကပ္ပရှင်ရသေ့ရဲ့ ချမ်းမြေ့တဲ့ ဘဝထဲကို ဥတေနဆိုတဲ့ သူငယ်ရောက်လာပုံက ပုံပြင်ထဲက ပုံပြင်တစ်ခုဖြစ်ပါတယ်။ ဥတေနဆိုတဲ့ သူငယ်ရဲ့မိခင်က ကောသမ္ဗီပြည်က ပူရန္တပ္ပမင်းရဲ့ မိဖုရားကြီး ဖြစ်ပါတယ်။ တစ်နေ့မှာ ကိုယ်ဝန်အရင့်အမာနဲ့ မိဖုရားကြီးက သူ့ခင်ပွန်းသည်ဖြစ်တဲ့ (အမှန်က မြောက်သားတော်လို့ပြောရမယ် ထင်ပါတယ်) မင်းကြီးနဲ့အတူ နေပူဆာလှုံနေသတဲ့။ နေပူဆာလှုံနေတယ်ဆိုလို့ မြေပြင်ပေါ်မှာမထင်နဲ့ နန်းကြမ်းပြင် လေသာဆောင်မှာလှုံတာ ဖြစ်ပါတယ်။

ရာသီဥတုကလည်း အေးတဲ့အပြင် သူ့ချစ်လင်ကိုလည်း နွှဲ့ချင်လို့ ထင်ပါရဲ့။ မိဖုရားကြီးက မင်းရဲ့အသုံးအဆောင်ဖြစ်တဲ့ အဖိုးတစ်သိန်းထိုက်တဲ့ ကမ္ဗလာနီခြုံထည်ကြီးကိုဆွဲပြီး ခြုံလိုက်သတဲ့။ မင်းရဲ့လက်စွပ်ကိုလည်းချွတ်ပြီး သူ့လက်ထဲမှာ ဝတ်လိုက်သတဲ့။ အဲဒီခဏမှာပဲ ကောင်းကင်မှာပျံဝဲနေတဲ့ ငှက်ဆင်ကြီးတစ်ကောင်က ကမ္ဗလာခြုံထည် အနီရဲရဲကို အသားတစ်ကြီးတစ်ခုလို့ထင်တာနဲ့ အရှိန်နဲ့ဆင်းလာသတဲ့။ အကောင်ကကြီးတော့ အရှိန်နဲ့ဆင်းလာတာနဲ့ အသံကြီးက ကြောက်ခမန်း လန့်ခမန်းကြီး ဖြစ်လာတာပေါ့။ အဲဒီအသံကို မင်းဖြစ်တဲ့သူက ကြောက်လွန်းလို့ နန်းတော်ထဲကို ဝင်ပြေးသတဲ့။ အံ့စရာမင်းယောကျ်ားပဲ။ မိဖုရားကြီးကို နေရာမှာပဲ ထားခဲ့သတဲ့။ မိဖုရားကြီးကလည်း ကြောက်တာတစ်ကြောင်း၊ ကိုယ်ဝန်ကလည်း မွေးဖွားလုလု ဖြစ်နေတာတစ်ကြောင်းကြောင့် ထမပြေးနိုင်တော့ဘဲ ငှက်ဆင်ကြီး သုတ်သွားတာကို ခံရပါသတဲ့။

ငှက်ဆင်ဆိုတာက ဆင်တောင်မှ ချီနိုင်တဲ့ အကောင်မျိုးဆိုတော့ မိဖုရားကြီးကို လက်သည်းနဲ့ကုတ်ပြီး အသာကလေးမသွားတာပေါ့ကွယ်။ မိဖုရားကြီးက ငှက်ရဲ့လက်သည်းထဲမှာ ပါသွားတော့ စဉ်းစားပါသတဲ့။ အခုနေမှာ ငါအော်လိုက်ရင် ငှက်ကြီးက လူသံဆိုရင်ကြောက်ပြီး ငါ့ကို လွှတ်ချလိုက်မှာပဲ။ အဲဒီလိုဆိုရင် ငါလည်းသေမယ်။ ငါ့ကိုယ်ဝန်လည်း ပျက်စီးမယ်။ ငါ– အခုနေမှာ ငြိမ်ငြိမ်ကလေးနေပြီး သူနားတဲ့အခါမှ အသံပေးမယ်လို့ စဉ်းစားသတဲ့။ တော်တော်သ...က်လုံကောင်းတဲ့ အမျိုးသမီးပါပဲ။ သေရေးရှင်ရေးမှာ သွေးရူးသွေးတန်း မဖြစ်တာ အတော်တော်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ငှက်ကြီးက ဟိမဝန္တာတောနက်ထဲအထိ မိဖုရားကြီးကို ချီသွားပါသတဲ့။ ပြီးတော့မှ အရွက်တွေအုပ်ပြီး ကလပ်လိုဖြစ်နေတဲ့ ညောင်ပင်ကြီးတစ်ပင်ပေါ်မှာ နားပါသတဲ့။ အဲဒီအပင်က အခါတိုင်း သားကောင်ရရင်လည်း နားလေ့ရှိ စားလေ့ရှိတဲ့ ညောင်ပင်ပါပဲ။

မိဖုရားကြီး သတိထားနေလေတော့ သူ့ကို ညောင်ကိုင်းပေါ်ကို ချပြီးလာတဲ့လမ်းကို ပြန်ကြည့်တဲ့ ငှက်ကြီး ဒီဘက်ကို ပြန်လှည့်မလာခင်ထပြီး အသံကျယ်ကျယ်နဲ့ ဟေး– ဟေး–လို့ အော်လိုက်ပါသတဲ့။ သမီးရေ– မိဖုရားကြီးက အဲသလို အော်မအော်တော့ မသိဘူး။ သမီးရဲ့အဘွားက အမေ့ကို ပုံပြောပြတဲ့အခါမှာ အသက်ဝင်အောင်ပြောရင်း အော်ပြခဲ့တာကိုမှတ်မိနေလို့ အမေကလည်း ဒီအတိုင်းပြောရတာပဲကွယ့်။

ငှက်ကြီးက လူသံကို မမျှော်လင့်ဘဲ ရုတ်တရက်ကြားလိုက်တော့ လန့်ပြီး ပျံသွားတာပေါ့ကွယ်။ မိဖုရားကြီးခမျာ သေဘေးကတော့ လွတ်သွားပါတယ်။ ကမ္ဘာလေလှုပ်ရှားလို့ မိုက်က နာလာတာရယ်၊ မိုးချုပ်လာပြီး မိုးကလည်း သည်းထန်လာတာရယ်စတဲ့ ကိုယ်တွင်းဒုက္ခ ကိုယ်ပဒုက္ခများကိုတော့ ပြင်းထန်စွာ ခံစားရပါသတဲ့။

မနက်မိုးသောက်တဲ့အခါ မိုးလေဝသကလည်း ကင်းစင်ပြီး ရာသီဥတုကလည်း ကြည်လင်သွားပါသတဲ့။ အဲဒီအချိန်မှာ မိဖုရားကြီးဟာ သားယောကျ်ားလေးတစ်ယောက်ကို ဖွားမြင်ခဲ့ပါသတဲ့။ မိုးသောက်တာရယ်၊ မီးဖွားတာရယ်၊ မိုးလေကင်းစင်တာရယ် တစ်ပြိုင်နက် ဖြစ်ပွားခဲ့တာလို့ ဆိုပါတယ်။ အဲဒီအချိန်မှာ မိဖုရားကြီးက သားတော်ကလေးကို ဥတေနလို့ အမည်ပေးလိုက်ပါသတဲ့။

⊠⊠ ⚹⚹ ⊠⊠

သမီးကို အစောပိုင်းက ပြောပြခဲ့တဲ့ အလ္လကပ္ပရသေ့အကြောင်း မှတ်မိသေးတယ်နော်။ အဲဒီအလ္လကပ္ပရသေ့ကြီးရဲ့ ကျောင်းနဲ့ ငှက်ဆင်ကြီး နားလေ့ရှိတဲ့ ညောင်ပင်နဲ့က မဝေးဘူးတဲ့သမီးရဲ့။ မိုးတွေဘာတွေ ရွာတဲ့အခါမှာ ရသေ့ကြီးက သစ်ဥသစ်ဖုအရှာမထွက်တော့ဘဲ ညောင်ပင်အောက်ကိုလာပြီး ငှက်ကြီးရဲ့ စားကြွင်းစားကျန် အသားစတွေကို ပုံသကူကောက်ပြီး အရည်ကျိုသောက်လေ့ရှိသတဲ့။ စွတ်ပြုတ်သောက်တာပေါ့ကွယ်။



ရသေ့ကြီးဟာ ဒီတစ်ခါအလာမှာတော့ အသားစကို မတွေ့ရဘဲ သစ်ပင်ပေါ်ကနေပြီး မိန်းမတစ်ယောက်အသံနဲ့ ကယ်တော်မူပါလို့ အော်လိုက်တာကို ကြားရပါသတဲ့။ အင်း.. သူတော်ကောင်းရသေ့မို့သာပေါ့ သမီးရယ်။ တောကြီးမျက်မည်းထဲမှာ အော်လိုက်တဲ့အသံက တော်တော်တန်တန်ဆိုရင် လိပ်ပြာစင်လောက်ပါတယ်။

ရသေ့က "ဟဲ့– အသင်က ဘယ်သူတုန်း"လို့ မေးတဲ့အခါမှာ မိဖုရားကြီးက"ကျွန်တော်မဟာ လူမိန်းမဖြစ်ပါတယ် အရှင်၊ ငှက်ကြီးချီလာလို့ သစ်ပင်ပေါ်မှာ ရောက်နေတာပါ။ အရုဏ်တက်တဲ့အချိန်မှာ သားယောကျ်ားလေးတစ်ယောက်လည်း ဖွားမြင်ထားပါတယ်"လို့ ပြောသတဲ့။

ရသေ့က "အင်း– ဒီလိုဆိုရင် အောက်ကို ဆင်းခဲ့ပေတော့"လို့ပြောပေမယ့် မိဖုရားကြီးက "ကျွန်တော်မရဲ့ သားကလေးကို လာခေါ်ပါဦး"လို့ ပြောတာနဲ့ ရသေ့ကြီးက တက်လို့ကောင်းတဲ့ ကိုင်းအခက်တွေကို ရှာပြီး သစ်ပင်ပေါ်ကို တက်သွားပါသတဲ့။ ပြီးတော့မှ သားကလေးကို လှမ်းယူပါသတဲ့။

မိဖုရားကြီးက "အရှင့်သီလကို မညစ်နွမ်းပါစေနဲ့၊ ကျွန်တော်မကို မထိအောင် သားကို ယူဆောင်ပါ"လို့ ပြောပါသတဲ့။ အဲသလိုနဲ့ သားအမိနှစ်ယောက် သစ်ပင်အောက်ကို ရောက်လာတာပါပဲကွယ်။

အလ္လကပ္ပရသေ့ကြီးခမျာ ဒုက္ခသည် သားအမိနှစ်ယောက်ကို ကယ်ပြီးတဲ့နောက် သူ့အနေနဲ့ ကိုယ့်အတွက်ကိုသာရှာမစားပေမယ့် မီးနေသည် မိဖုရားကြီးအတွက်ကတော့ တောထဲက စားစရာတွေကို ရှာဖွေကျွေးကြရတော့တာပါပဲ။

မိဖုရားကြီးကလည်း သူတို့အတွက် ရသေ့ကြီးမှာ သီလပျက်သွားမှာစိုးလွန်းလို့ အနေအထိုင် ဆင်ခြင်ပြီးနေခဲ့ပါသတဲ့။ ရသေ့ကြီးကလည်း ရိုးရိုးသားသား ဧည့်ဝတ်ပြုပြီး နေခဲ့ပါသတဲ့။ အဲဒီလို နေနေကြတုန်းမှာ မိဖုရားကြီးက တစ်မျိုးတွေးပြန်သတဲ့။ တကယ်လို့သာ ရသေ့ကြီး စိတ်ပြောင်းပြီး ကခြားနေရာကိုထွက်သွားရင် ငါတို့သားအမိတော့ ဒုက္ခရောက်ကြရတော့မယ်။ အဲဒီတော့ စိတ်မပြောင်းခင်မှာ ငါသူ့ကို ဖြားယောင်းသိမ်းသွင်းမှတော်မယ်လို့ တွေးမိတာပါ သမီးရယ်။ မိန်းမများ အားကိုးရာရှာတော့လည်း မာယာကို လက်နက်အဖြစ် အသုံးပြုတတ်ကြတာ မမှား

www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။ ဒါပေမယ့် ဒါက ဟိုတုန်းကပါ သမီးရယ်။ အခြေအနေကလည်း တောကြီးမျက်မည်းထဲမှာကိုး။

အလွှကပ္ပရသေ့ကြီးများလည်း ဆွမ်းခံရင်းငှက်သင့်တာထက် ဆိုးသွားတော့တာပါပဲ။ သူ့ဘာသာသူ အေးရာအေးကြောင်း ထီးနန်းကိုစွန့်ပြီး တောထွက်တယ်။ တရားအားထုတ်တာ အတော်တောင်မှ ကြာခဲ့ပြီ။ ဒီအခြေအနေမှာ သီလပျက်သွားပြီး မိဖုရားသားအမိကို လုပ်ကျွေးတော့တာပါပဲတဲ့။

အဲဒီလိုနေကြရင်း မိုးလေကင်းစင်တဲ့ညတစ်ညမှာ ကောင်းကင်ကို မော့ကြည့်ရင်း ရသေ့ကြီးက "ပုရန္တပ္ပမင်းတော့ ကွယ်လွန်ရှာပြီ"လို့ပြောလိုက်သတဲ့။ အဲဒီတော့ မိဖုရားကြီးများ သူ့ခင်ပွန်းမင်းကြီးအကြောင်း ရသေ့ကြီး ဘယ်လိုသိနိုင်ပါလိမ့်ဆိုပြီး လန့်သွားရှာတာပေါ့။ အဲဒီတော့ "အရှင်ဘယ်လို သိပါသလဲ"လို့ မေးတာပေါ့လေ။ ရသေ့ဟောင်း သူတော်ကောင်းကြီးက "ငါဟာ– နက္ခတ်အတတ်ကို ကောင်းကောင်းတတ်ပါတယ်။ အခုလည်း ပုရန္တပ္ပမင်းနဲ့ဆိုင်တဲ့ နက္ခတ်ညှိုးသွားတာကို ငါမြင်လို့ ပြောတာဖြစ်တယ်"လို့ ဖြေပါသတဲ့။

အဲဒီတော့ မိဖုရားကြီးက ငိုရှာပေါ့လေ။ မိဖုရားကြီးငိုတဲ့အခါမှာ ရသေ့ကြီးက အံ့သြခြင်းများစွာနဲ့ "ငါ့နှမ ဘာကြောင့်ငိုတာလဲ၊ ပုရန္တပ္ပမင်းနဲ့ ဘယ်လိုအကြောင်းရှိသလဲ"လို့ မေးတာပေါ့။ အဲဒီတော့ မိဖုရားကြီးက "သူဟာ ကျွန်မရဲ့ခင်ပွန်းဟောင်းဖြစ်ပါတယ်။ သူနဲ့အတူ နေဆာလှုံနေတုန်း ငှက်ဆင်သုတ်လို့ ပါလာတာပါ။ အခုလို ငိုတာကလည်း သူ့ကို သံယောဇဉ်မပြတ်လို့ မဟုတ်ပါဘူး။ သားကလေးဟာ မင်းရဲ့သွေးစင်စစ်ဖြစ်ပါလျက် ထီးနန်းကို လက်လွှတ်ရတော့မယ်ဆိုတဲ့ အတွေးကြောင့် ကျွန်တော်မ ငိုမိတာဖြစ်ပါတယ်"လို့ ဖြေပါသတဲ့။

အဲဒီတော့ ရသေ့ကြီးက "မငိုပါနဲ့နှမရယ်၊ မင်းရဲ့သားကို ထီးနန်းရအောင် ငါသွန်သင်ပြီး ဆောင်ရွက်ပေးပါ့မယ်"လို့ ပြောသတဲ့။

ပြီးတော့ အရွယ်ရောက်စပြုနေတဲ့ ဥတေနမင်းသားကို ခေါ်ပြီး ဟတ္ထိကန္တမန္တန်ကို သင်ပေးပါသတဲ့။ စောင်းကိုလည်း တီးတတ်အောင် သင်ပေးပါသတဲ့။ အဲဒီလို ဆင်ခေါ် ဆင်ပြေးဂါထာများကို သင်ပေးတဲ့အခါမှာ မိခင်ဖြစ်သူက ပုရန္တပ္ပတိုင်းကို ဘယ်လိုသွားပါ။ စစ်သူကြီး



အမည်က ဘယ်သူ၊ အမတ်ချုပ်ကအမည်က ဘယ်ဝါဆိုတာကို အမှတ်နိုင်းပါသတဲ့။ ပြီးတော့ အဖိုးတစ်သိန်း ထိုက်တန်တဲ့ ကမ္ဗလာကိုပေးပါသတဲ့။ ပြီးတော့ မင်းတို့သာဝတ်ဆင်ရတဲ့ လက်စွပ်ကိုလည်းပေးပါသတဲ့။

ပြီးတော့ "ချစ်သား– သားက အမတ်ချုပ်ကြီးနဲ့ စစ်သူကြီးကို ခေါ်ပြီး မင်းသားစင်စစ်ဖြစ်တဲ့အကြောင်းကို သက်သေပြတဲ့အနေနဲ့ ဒီခြုံထည်နဲ့ လက်စွပ်ကို ပြပါ။ အမေဟာ ကိုယ်လေးလက်ဝန်နဲ့ ငှက်ဆင်နောက်ကိုပါသွားရာက မင်းကို မွေးဖွားခဲ့တာ ဖြစ်တယ်ဆိုတာကိုလည်း ပြောပြပါ"လို့ မှာသတဲ့။

ရသေ့ဟောင်း သူတော်ကောင်းကြီးကလည်း "မင်းသား– မင်းဟာ ပထမသောစောင်းညှို့ကို တီးခတ်ပြီး မန္တန်ကို ရွတ်ဆိုရင် ဆင်တွေလာလိမ့်မယ်။ ဒုတိယစောင်းညှို့ကိုတီးပြီး မန္တန်ကိုရွတ်ရင် ဆင်တွေ မင်းသားကို လှည့်၍မှ မကြည့်ရဲဘဲ ပြေးလိမ့်မယ်။ တတိယစောင်းညှို့ကို တီးခတ်ပြီး မန္တန်ကိုရွတ်ဆိုရင် ဆင်တို့ရဲ့အကြီးအကဲက ကျောစင်းပြီး မင်းသားထံကို လာလိမ့်မယ်။ အလိုရှိသလိုသာ သုံးပေတော့"လို့ သွန်သင်ပါသတဲ့။

မင်းသားက ပုရန္တပ္ပတိုင်းကို ထွက်ခွာကာနီးမှာ အမိဖြစ်သူနဲ့ ရသေ့ကြီးကို ကန်တော့ပါတယ်။ ပြီးတော့ တတိယစောင်းညှို့ကို တီးခတ်ပြီး မန္တန်ကိုရွတ်ဆိုတဲ့အခါမှာ ဆင်တို့ရဲ့ အကြီးအကဲက ကျောစင်းပြီး လာပါသတဲ့။ ဥတေနက သစ်ကိုင်းတစ်ကိုင်းအပေါ်မှာ တက်နေရင်းက ဆင်ပေါ်ကို ပြောင်းထိုင်လိုက်ပါသတဲ့။ ပြီးမှ "အသင်ဆင်မင်း ငါဟာ ငါရထိုက်တဲ့ထီးနန်းကို ယူဖို့သွားမှာပါ၊ ကူညီပါ"လို့ ဆင်ရဲ့နားနားမှာ ကပ်ပြောလိုက်သတဲ့။ အဲဒီအချိန်မှာ ဆင်မင်းက ဆင်တွေအားလုံးကို ဆင့်ခေါ်တဲ့အသံနဲ့ မြည်ကြွေးလိုက်ပါသတဲ့။ တောထဲက ဆင်တွေအားလုံး စုဝေးလာရောက်ကြပါသတဲ့။

နောက်တစ်ခါ မြည်ကြွေးလိုက်တော့ ဆင်အုပ်ထဲက ဆင်အိုဆင်မင်းတွေ ဆင်ကလေးတွေ ထွက်သွားပါသတဲ့။ ဆင်ပျိုတွေချည်း ကျန်တဲ့အခါမှ ဥတေနနဲ့အတူ ပုရန္တပ္ပတိုင်းကို ချီတက်သွားကြပါသတဲ့။ လမ်းမှာလည်း ထိုနည်းအတိုင်း ဆင်တွေစုသွားတော့ ပုရန္တပ္ပတိုင်းကို ရောက်ကရောဆိုပါတော့။ အမေပြောခဲ့တာလည်း ရှည်သွားတော့ ရောက်မှပဲတော်တော့မယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ ဥတေနက စစ်ကိုပဲတိုက်ချင်သလား၊ တိုင်းပြည်ကိုပဲ အပ်မလားလို့ မေးလိုက်တယ်ဆိုပဲ။ အဲဒီတော့ အမတ်ချုပ်နဲ့ စစ်သူကြီးက စစ်လည်း မတိုက်နိုင်ဘူး။ တိုင်းပြည်ကိုလည်း မအပ်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ကိုယ်ဝန်အရင့်အမာနဲ့ ငှက်ဆင်နောက်ကို ပါသွားတဲ့ မိဖုရားကြီးက မွေးတဲ့သားဟာ သေတယ်ရှင်တယ် မသိရသေးလို့ပဲလို့ ဖြေကြပါသတဲ့။

အဲဒီတော့မှ "အမတ်ချုပ်ကြီး သင့်အမည်ကဘယ်သူ၊ စစ်သူကြီးသင့်အမည်က ဘယ်ဝါ ဟုတ်တယ်မဟုတ်လား"လို့ ဥတေနက မေးပါသတဲ့။ သူတို့က ဟုတ်ပါတယ်လို့ ဖြေကြတဲ့အခါမှ အမေပေးလိုက်တဲ့ ခြုံထည်နဲ့ လက်စွပ်ကို ထုတ်ပြပါသတဲ့။

အမတ်ချုပ်ကြီး စစ်သူကြီးနဲ့ တိုင်းသူပြည်သားများကလည်း အဲဒီအချိန်ကျမှ ဝမ်းသာအားရနဲ့ ဥတေနကို ချီပိုးပြီး နန်းတင်ကြတာပေါ့။ အဲဒါနဲ့ ဥတေနမင်းသား ထီးနန်းကို ရသွားပါလေရောပေါ့ကွယ်။

အမောတကောနဲ့ ပြောရတဲ့ ကျွန်မရဲ့ပုံပြင်ဆုံးတော့မှ "သမီး ဥတေနဆိုတဲ့ နာမည်ကိုမေ့သွားလို့အမေ၊ ဇာတ်လမ်းကတော့ ဘွားဘွားပြောပြလို့ သိပြီးသား"လို့ သမီးက ပြောပါတယ်။ "အမလေးအေ-အမေ့မှာဖြင့် မောလို့ အစကမပြောဘူး"လို့ ကျွန်မကဆိုတော့ "အားနာလို့ ဆုံးအောင်နားထောင်နေတာပါ အမေ"လို့ သမီးက ပြောပါတယ်။

သမီးက အားနာလို့ ဆုံးအောင်နားထောင်နေတယ်လို့ဆိုကာမှ ကျွန်မက ဆက်ပြောစရာတွေ့သွားပါတယ်။

ဒီဇာတ်မှာ အမေ မကျေနပ်တာက ဥတေနရဲ့ ခမည်းတော်ပဲ။ တကတည်း သူကပဲ ယောကျ်ားဖြစ်သေး၊ မင်းလည်းဖြစ်သေး လန့်ပြီး နန်းတော်ထဲ ဝင်ပြေးရတယ်လို့။ နို့မဟုတ်ရင် မိဖုရားကြီး ပါမသွားနိုင်ဘူး။ မင်းမိဖုရားအနားမှာလဲ ဘယ်သူမှ မရှိသလိုမျိုး ဖြစ်နေတာဟာ အနုအမြင်နဲ့ပြောရရင် သဘာဝမကျသလိုလိုပါပဲ။



အလွှကပ္ပရသေ့ကြီးကိုတော့ အမေသနားမိတယ်။ သူ့မှာ အနှစ်နှစ်အလလက အစွန့်ကြီးစွန့်ပြီး ဆောက်တည်ထားတဲ့ သီလသမာဓိတွေ ပျက်ယွင်းဖြစ်ချင်တော့လည်း သူနဲ့ကျမှ တိုက်တိုက်ဆိုင်ဆိုင် ဥတေနတို့သားအမိက တွေ့သွားတာကိုး။ အဲသလိုပါပဲ သမီးရယ်။ ကံဆိုတာက အဆန်းသားကလားလို့ စကားကို အပိုဆောင်းပြောရင်းက ပုံပြင်ခပြာခန်းကို တစ်ခန်းရပ်လိုက်ရပါတယ်။

ပန်းဝေသီ (၁၉၉၅ ခု၊ ဩဂုတ်လ)



www.burmeseclassic.com

www.burmeseclassic.com



ရူပနန္ဒာမင်းသမီး

## ရူပနန္ဒာမင်းသမီး

ကျွန်မနှင့် တွေ့ဆုံမိကြသော ကျွန်မ၏စာဖတ်ပရိသတ်က သမီးကို ပြောဖြစ်သော ပုံပြင်များကို ကြိုက်နှစ်သက်ကြသည့်အကြောင်း ပြောလေ့ရှိကြပါသည်။ ထိုစကားကိုကြားတိုင်း ဝမ်းသာကြည်နူးရပါသည်။

အခုတလော ကျွန်မ၏စာများကို သဘောကျသည့်အကြောင်းပြောကြသည့်သူများကို ကျွန်မ မကြာခဏ တွေ့နေရပါသည်။ အကြောင်းမှာ ကျွန်မကိုယ်တိုင် လူအများနှင့်တွေ့ရန် မိတ်ဆုံပွဲများသို့ မကြာမကြာသွားနေမိသောကြောင့် ဖြစ်ပါသည်။ များသောအားဖြင့် စာဖတ်ရန်၊ စာသင်ရန်၊ စာရေးရန်လုပ်ငန်းများကိုသာ စိတ်ဝင်စားတတ်၍ လူအများနှင့်တွေ့ဆုံရန် ဝန်လေးတတ်သော အပြင်ထွက်ရန် ကြောက်တတ်သော ကျွန်မ၏ပတ်ဝန်းကျင်မှာ ကျဉ်းမြောင်းလှပါသည်။

သို့သော် မာလာသူများ တွေ့ဆုံကြသည့်ပွဲကို သွားရန်အတွက် ကျွန်မ ဝန်မလေးခဲ့ပါ။ အလွန်ပင် စိတ်ပါလက်ပါ ကျွန်မ သွားရောက်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ် စိတ်ရတုအကြို လှုပ်ရှားမှုများတွင် အဆောင်အလိုက် အဆောင်နေကျောင်းသား ကျောင်းသူဟောင်းကြီးများ တွေ့ကြဆုံကြသည့်ပွဲများ အဆက်မပြတ် ကျင်းပနေကြသည့်အကြောင်းမှာ အများအသိပင် ဖြစ်ပါသည်။

မာလာဆောင်တွင် နေထိုင်ခဲ့ကြသော ကျောင်းသူဟောင်းကြီးများကလည်း တွေ့ဆုံဆွေးနွေးကာ မာလာကို ဂုဏ်ပြုရန် စီစဉ်ခဲ့ကြပါသည်။ ကျွန်မသည် နေ့စဉ်နေ့တိုင်း မာလာဆောင်ကိုဖြတ်ကာ ကျောင်းသို့သွားနေကျဖြစ်သော်လည်း အခုလို ထူးခြားသောအကြောင်းရှိလာသည့်အခါကျမှသာ မာလာဆောင်သို့ တကူးတက ဝင်ရောက်ဖြစ်ခဲ့တော့သည်။

မာလာသို့ စတင်သွားရောက်သည့်နေ့က ကျွန်မ နေမကောင်းလှပါ။ "မာလာကို သွားရမှာမို့လို့သာနော်၊ တခြားတစ်နေရာဆိုရင် ဖျက်လိုက်တာ ကြာလှပြီ"လို့လည်း ကျွန်မ ပြောနေမိပါသေးသည်။ သို့သော် မာလာဆောင်ခြံတံခါးဝအတွင်းဘက်သို့ ကားဝင်မိသည့်အချိန်တွင် ကျွန်မ၏ မျက်နှာပြုံးရွှင်သွားသည့်အဖြစ်ကို ကျွန်မဘာသာ ကျွန်မ သိလိုက်ပါသည်။

"ဒီနေရာကလေးတွေက တို့တစ်တွေ လမ်းလျှောက်နေကြနေရာကလေးတွေပေါ့။ ကြည့်စမ်း အစောပိုင်းက ဒီခြံကို သိပ်ကျယ်တယ်လို့ ထင်ခဲ့မိတာ ခုတော့ ဘယ်မှာ သိပ်ကျယ်လှလို့လဲ"စသဖြင့် ငယ်သူအမြင်နှင့် ကြီးသူ၏အမြင် ကွာဟမှုကိုလည်း တွေးလိုက်မိပါသေးသည်။

အဆောင်အတွင်းသို့ရောက်၍ အဆောင်သူဟောင်းများ အချင်းချင်း တွေ့ကြသည့်အခါတွင်မူ မျက်နှာအသီးသီးမှ အပြုံးတို့သည် အရယ်များသို့ ကူးပြောင်းကာ ရယ်သံများ ဝေဝေစီလာပါတော့သည်။

"နေစမ်းပါဦး– မင့်မျက်နှာက ဘာလို့ ဖောင်းပွနေရတာတုန်း"ဟု ကျွန်မကို စီးစီးနင်းနင်းရှိလှသောအသံဖြင့် ကြည်စယ်ပြောဆိုလိုက်သော ကျောင်းအုပ်ဆရာမကြီးတစ်ယောက်၏ ကိုယ်ခန္ဓာမှာ ကျွန်မထက်ပင် ဝနေသေးတော့သည်။ သို့သော် သူ့အရပ်အမောင်း၊ သူ၏အသရေဖြင့် ကြည့်ရတာ တင့်တယ်ပါသည်။

ကျောင်းသူဟောင်းတို့ အချင်းချင်းကြည့်ကာ ဝမ်းသာပီတိဖြစ်နေသောအကြောင်း ရယ်ပွဲဖွဲ့နေကြသော အကြောင်းမှာ ကျွန်မတို့အရင်ကလို ရုပ်ရည်မလှကြတော့သည့် အချက်မှာ အခြေခံပါသည်။ ဓာတ်ပုံများကို



ကြည့်လိုက်ကြသည့် အချိန်မှာတော့ တမ်းတသည့် အသံကလေးများ ထွက်လာကြပါသေးသည်။ အဲဒီတုန်းက ကိုယ်လုံးကလေးက၊ အဲဒီတုန်းက မျက်နှာကလေးက၊ အဲဒီတုန်းက စသည့်အချက်များကို ပြောကြဆိုကြရင်း အော်– ဒါတွေဟာ ပြန်လို့လည်း မရနိုင်တော့ပါလားလို့ တမ်းတသလိုလို ရှိခဲ့ပါသည်။

သို့သော် ကျွန်မရော အခြားသူငယ်ချင်းများမှာ ပြန်လည်ဆုံကြသည့်အဖြစ်ကို ဝမ်းသာအားရဖြစ်နေကြသောကြောင့် တမ်းတကြသည့်တိုင် ဆွေးလိုက်တာဟု မည်သူမျှမပြောကြပါ။ ဆွေးလည်း မဆွေးနွေးကြပါ။

မာလာဆောင် တွေ့ဆုံခန်းအကြောင်းများကို ကျွန်မတို့အိမ်တွင် စိတ်ဝင်တစား မေးမြန်းကြသူများပါသည်။ သမီးနှင့် တူမကလေးရွှေရွှေလှိုင်တို့ကလည်း ကျွန်မဘယ်လို ပြင်ဆင်သွားသလဲ၊ ဘယ်လိုခံစားမှုမျိုးတွေနှင့် ပြန်လာမည်လဲစသည့် အမေးတွေကိုယ်စီနှင့် စောင့်မျှော်တတ်ကြပါသည်။

ကျွန်မပြောပြသည့် ငယ်စဉ်ကအကြောင်းများမှာ သူတို့အတွက် ပုံပြင်မှ ပုံပြင်ဆိုသလို ဖြစ်နေပါသည်။ တစ်ချိန်က ညီမလေးမာလာဆိုသည့် ဝေါဟာရကလေး ခေတ်စားခဲ့ပါသည်။ အခုတော့ အဲဒီတုန်းက ညီမကလေးများ ဖြစ်ကြသည့် ကျွန်မတို့သည် မာလာမေမေတို့ ဖြစ်နေကြပါသည်။ တချို့မှာ ကံပိုကောင်းကာ မာလာဘွားဘွားများ အဖြစ်သို့ပင် ရောက်ရှိနေပြီ ဖြစ်သည်။ အဲဒီတော့လည်း အရင်ကလို နပျိုခြင်း မရှိနိုင်တော့သည့်အဖြစ်ကို ကျွန်မတို့ လက်ခံကြရမည် ဖြစ်ပါသည်။

ကျွန်မက သမီးကို ပုံအသစ်တစ်ခု ပြောပြခြင်းမပြုမီ သူ့ကို တဖတ်ပရိသတ်များက စိတ်ဝင်စားနေသည့်အကြောင်းကို ပြောပါသည်။ ကျွန်မ၏ သူငယ်ချင်းတစ်ယောက်က "ယူ့(အဲဒီခေတ်က အသုံးအနှုန်း) တို့ အိမ်ကလေးက ပျော်စရာကလေးနော်၊ ပန်းဝေသီထဲမှာ ကိုယ်ဖတ်ရတော့ ကိုယ်လည်း အဲဒီလိုအိမ်ကလေးထဲမှာ အဲဒီလိုသမီးကလေးနဲ့နေချင်လိုက်တာ"ဟု တမ်းတမ်းတတ ပြောခဲ့သေးသည်။ သမီးက သူ့ကို စိတ်ဝင်စားသည်ဆိုသော ကျွန်မ သူငယ်ချင်းကို သူကလည်း စိတ်ဝင်စားမိပါကြောင်း၊ အိမ်ကိုဖိတ်၍ ကျွေးမွေးချင်ပါကြောင်း ပြောပါသည်။

မာလာမှအပြန် ကျွန်မပြောခဲ့သော အကြောင်းများတွင် အခု

www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးတက္ကသိုလ်ကျောင်းသူ မာလာမီးမီးများ၏ အလှအကြောင်းလည်း ပါပါသည်။ ကျွန်မသည် အရှင်းရှင်းစကားပြော၍ တသောသော ရှိနေရင်းက ဝတ်ရည်သောက် ပျားကလေးများပမာ လိပ်ပြာရောင်စုံ ကလေးများပမာ ဟိုမှသည်မှ သွားလာနေကြသော သမီးကလေးများကိုလည်း လှမ်း၍လှမ်း၍ ကြည့်နေမိပါသည်။

နုပျိုသော၊ လန်းဆတ်သော၊ ပြေပြစ်သော၊ တက်ကြွသော၊ ခေတ်မီသော အလှများကို နှစ်လိုစဖွယ် တွေ့မြင်မိပါသည်။ ကျွန်မသည် သူကလေးတို့ကို ချစ်ခင်နှစ်လိုစိတ်ဖြင့် အတန်ကြာငေးကြည့်ကာ သူကလေးတို့ကို စိတ်ထဲမှာ စကားစမြည် ပြောနေမိပါသေးသည်။ သမီးတို့ရေ– ရတဲ့အချိန်မှာ အကောင်းဆုံးဖြစ်အောင် ကြိုးစားကြ၊ နောက်မှ ပြန်လုပ်ယူမယ်ဆိုတာ သိပ်ပြီးရေရာတဲ့အတွေး မဟုတ်ပါဘူး။ ပညာရှာတဲ့နေရာမှာလည်း ရသနိုက် အပြည့်အဝရအောင် ကြိုးစားထား၊ အတွေ့အကြုံ အသစ်အဆန်းကိုလည်း ဆန်းစစ်ပြီး မှဆောင်းထားပါ။ စသဖြင့် မီးမီးကလေးများကို အသံမထွက်ဘဲ ပြောနေမိသေးသည်။

ကျွန်မ အိမ်ပြန်ရောက်သည့်အခါတွင် ဗုဒ္ဓနွေလည်း ရှိ၍ ခေတ်လည်းမီသောအသွင်ဖြင့် ကျော့မော့နေသော မီးမီးကလေးများ၏ အလှကို မှတ်မိသမျှ စာဖွဲ့ပြရပါသည်။

သမီးက အမေတို့လည်း လှဆဲပါပဲဟု နှစ်သိမ့်လိုသော စေတနာနှင့် ဆိုရှာပါသည်။ ကျွန်မက အမေတို့ကိုယ်ကို အမေတို့ လှတယ်လို့ ထင်ဆဲပါပဲ သမီးရယ်၊ ပညာပြည့်ဝလာတဲ့အချိန် သားသမီးတွေပွားစီးပြီး မိသားစု ချိုင့်ချိုင့်ဝှမ်းဝှမ်း နေနိုင်တဲ့အချိန်မှာ အေးချမ်းတဲ့အလှမျိုး၊ ရင့်ကျက်တည်ငြိမ်တဲ့ အလှမျိုးနဲ့ လှပနေနိုင်တာပေါ့။ အမေဖြင့် ကိုယ့်ကိုကိုယ် မလှဘူးလို့ ဘယ်တုန်းကမှ မထင်ဘူးဟု ရယ်ရယ်မောမောနှင့် ပြောမိသေးသည်။ သမီးကိုလည်း အလှတရားဆိုတာ ရုပ်အနေနဲ့သာ ကြည့်ရင်တော့ ပျက်ယွင်းတတ်တာ အသေအချာပါပဲဟု ပြောနိုင်ရန် ရူပနန္ဒာမင်းသမီးအကြောင်းကို ပြောရရင်ကောင်းမည်ဟုတွေးကာ ကျွန်မ စာပြန်ဖတ်ရသေးသည်။

⊠⊠ ⚹⚹ ⊠⊠



သမီးရေ–

အမေအခုတလော စိတ်တွေများနေတာနဲ့ စာဖတ်တာတောင် နည်းနေတယ်။ ကံကောင်းတာက စာရေးနေမိလို့ပဲ၊ စာရေးဖို့က စာမဖတ်လို့ မဖြစ်ဘူးလေ။ အဲဒီလို စာဖတ်လိုက်၊ စာရေးလိုက်နဲ့ အမေရဲ့ အသိပညာက အနည်းအများ ရင့်ကျက်လာတာပဲပေါ့။

အခုပြောချင်တာကတော့ ပျက်ယွင်းတတ်တဲ့ ရုပ်အလှနဲ့ပတ်သက်တဲ့ ပုံပြင်ပါပဲသမီးရယ်။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က သတ္တဝါအမျိုးမျိုးကို စရိုက်အလိုက် ချေချွတ်တော်မူခဲ့ပါတယ်။

အဲဒီလို ချေချွတ်တော်မူခဲ့တဲ့ အထဲက ဇနပဒကလျာဏီလို့ အမည်တွင်တဲ့ ရူပနန္ဒာမင်းသမီးရဲ့အကြောင်းကို ပြောပြမယ်နော်။

ဇနပဒကလျာဏီမင်းသမီးက သိပ်ပြီးချော၊ သိပ်ပြီးလှပါသတဲ့။ အဲဒီလို ထူးခြားတဲ့ သူ့အလှကို အကြောင်းပြုပြီးတော့ သူ့ကို ရူပနန္ဒာလို့လည်း ခေါ်ကြပါသတဲ့။ ရူပနန္ဒာမင်းသမီးက မြတ်စွာဘုရားရဲ့ ဝမ်းကွဲနှမတော် တော်စပ်ပါသတဲ့။ အဲဒီတော့ ယုံကြည်မှုသဒ္ဓါနဲ့ မဟုတ်ဘဲ ဆွေမျိုးချင်း တွယ်တာတာကို အကြောင်းပြုပြီး ဘိက္ခုနီကျောင်းကိုသွားပြီး ရူပနန္ဒာ ရဟန်းပြုပါသတဲ့။

မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်တွေထဲမှာ ရုပ်သည်မမြဲ၊ ဆင်းရဲ၏၊ အတ္တမဟုတ် စသဖြင့် ဟောကြားတဲ့ တရားစဉ်တွေ ပါပါတယ်။ ရူပနန္ဒာက ငါ့ရဲ့နောင်တော်ဟာ ချစ်ချင်စဖွယ် တင့်တယ်လှတဲ့ ငါ့ရဲ့ရုပ်အဆင်းကို အပြစ်ပြောတတ်တယ်။ အဲဒါကြောင့် နောင်တော်ရှေ့မှောက် ငါမသွားတော့လို့ ဆုံးဖြတ်ပြီး မသွားဘဲနေနေပါသတဲ့။

ရူပနန္ဒာကသာ မြတ်စွာဘုရားရဲ့ ကျောင်းတော်ကို မသွားဘဲနေနေခဲ့တာပါ။ သာဝတ္ထိ မြို့သူမြို့သားများကတော့ မနက်စောစောပါ အဝတ်အစား သန့်သန့်ရှင်းရှင်းဝတ်ပြီး ပန်းနံ့သာ လက်မှာကိုင်စွဲပြီး ဘုရားဖူးသွားကြပါသတဲ့။ မြတ်စွာဘုရား ဟောကြားတော်မူတဲ့တရားများကိုစရိုက်အမျိုးမျိုးရှိတဲ့သူများက ကြည်ညိုသဒ္ဓါနဲ့ နာကြားကြပါသတဲ့။ အဲဒီလို နာကြားပြီး မြတ်စွာဘုရားရဲ့ ဂုဏ်ကျေးဇူးတော်များကို ချီးမွမ်း ပြောဆိုကြတာ ပါးစပ်မအားနိုင်အောင် ဖြစ်နေကြပါသတဲ့။ လူအပေါင်းကအဲဒီလို ချီးကျူးလွန်းတဲ့အခါမှာ ရူပနန္ဒာက မြတ်စွာဘုရားကို ဖူးတွေ့ချင်တဲ့ စေတနာစိတ်တွေ ပေါ်ပေါက်လာပါသတဲ့။ ငါ့ရဲ့နောင်တော်ဟာ ငါ့ရုပ်

www.burmeseclassic.com

www.burmeseclassic.com



အဆင်းနဲ့ပတ်သက်လို့ အပြစ်ပြောတယ်ဆိုဦးတော့ ဘယ်လောက်ပြောနိုင်မှာတဲ့လဲ။ သူတကာတွေရှိုးမွမ်းရတဲ့ တရားစကားများကို ငါနာကြားဖို့ သွားဦးမှပဲလို့ စဉ်းစားပြီး "ငါ– ဒီနေ့ တရားနာသွားမယ်"လို့ တခြားသီတင်းသုံးဖော်တွေကိုပြောပြီး မြတ်စွာဘုရားရဲ့ ကျောင်းတော်ကို သွားပါသတဲ့။

တခြား ဘိက္ခုနီမများကလည်း ရူပနန္ဒာဟာ တရားမနာစဖူးနာဖို့ သွားတယ်၊ သူ့ကိုအမှီပြုပြီး ငါတို့တစ်တွေလည်း တရားအဆန်းနာကြားခွင့် ရနိုင်တယ်လို့ဆိုပြီး ရူပနန္ဒာနဲ့အတူ လိုက်သွားကြပါသတဲ့။ ရူပနန္ဒာက သူ့ကို မြတ်စွာဘုရား မမြင်အောင်ဆိုပြီး ခပ်ကွယ်ကွယ်နေရာမှာနေတာပေါ့လေ။ မြတ်စွာဘုရားကတော့ မသိဘဲဘယ်မှာနေပါ့မလဲ သိတာပေါ့။

မြတ်စွာဘုရားက ရူပနန္ဒာဟာ သူ့ရုပ်အဆင်းကို သူသိပ်စွဲလမ်းတယ်။ အဲဒီတော့ ဆူးတစ်ချောင်းစူးနေတာကို တခြားဆူးတစ်ချောင်းနဲ့ ထွင်သလို ရုပ်အဆင်းကြောင့် မာန်တက်နေတာကို ရုပ်အဆင်းနဲ့ပဲ မာန်တက်ခြင်းကင်းအောင် ဆုံးမရမယ်လို့ ဆုံးဖြတ်တော်မူပါသတဲ့။

အဲဒီနောက် မြတ်စွာဘုရားကို ရူပနန္ဒာဖူးလိုက်တာနဲ့ တွေ့အောင်၊ ရူပနန္ဒာကလွဲလို့ တခြားသူများလည်း မတွေ့နိုင်အောင် အလွန်ရုပ်အဆင်းလှပတဲ့ မိန်းမငယ်လေးတစ်ယောက်ကို ဖန်ဆင်းထားလိုက်ပါသတဲ့။ မိန်းမငယ်ကလေးဟာ နီတဲ့အဝတ်ကို ဝတ်ဆင်ထားပြီး မြတ်စွာဘုရားရဲ့အနီးမှာ ယပ်လေခတ်ပြီးနေနေပါသတဲ့။

အမေက နီသောအဝတ်ကို ဝတ်ဆင်ပြီးဆိုတဲ့စကားကို ပြောတာက စာထဲမှာ ပါတဲ့အတိုင်း ပြောတာလေ။ ရုပ်ဆင်းအင်္ဂါပျိုမြစ်နုနယ်သူတွေဟာ အနီရောင်နဲ့ တော်တော် လိုက်ဖက်ပုံပေါ်ပါတယ်။ ဘာကြောင့် အဲသလို ပြောရသလဲဆိုတော့ သမီး– အင်္ကျီအနီရောင်ကလေး ဝတ်ထားရင် ခါတိုင်းထက် ပိုလှတယ်လို့ အမေထင်တယ်။ အဲဒီလိုပါပဲ။ ထမီအနီရောင်ကလေးဝတ်ထားရင်လည်း ခါတိုင်းထက် ပိုလှတယ်လို့ပဲ အမေထင်တာပါပဲ။ ကဲလေ– ထားပါတော့ အနီရောင်ဝတ်မိန်းကလေးကို မြတ်စွာဘုရားဖန်ဆင်းထားတာကို ပြန်ဆက်ရအောင်။

မြတ်စွာဘုရားကို ယပ်လေခတ်နေတဲ့ သူကလေးကို မြင်တော့ ရူပနန္ဒာက စိတ်အဝင်စားကြီး ဝင်စားသွားပါသတဲ့။ ကြည့်စမ်း– လှလိုက်တာ။ ဆံပင်တွေကလည်း လှတာပဲ၊ နဖူးကလေးကလည်း လှလိုက်တာ ကြည့်စမ်းပါဦးတော့လို့ တွေးရင်း ငေးကြည့်နေပါသတဲ့။



ရူပနန္ဒာဟာ မိန်းကလေးငယ်ကို လှလိုက်တာဆိုပြီး ကြည့်နေရင်းက ချစ်ခင်စိတ်တွေ ဝင်လာပါသတဲ့။ အမေလည်း မာလာမီးမီးတွေထဲက မီးမီးကလေးတစ်ယောက်ကို မြင်တဲ့အချိန်မှာ အဲဒီလိုပဲ ချစ်ခင်စိတ်ပေါ်လာမိတာပါပဲ။ ကြည့်စမ်းပါဦးတော့ ချစ်ဖို့ကောင်းလိုက်တာလို့လည်း တွေးနေမိတာပေါ့။

မြတ်စွာဘုရားက ရူပနန္ဒာ တွယ်တာစိတ်ပေါ်လာပြီလည်းဆိုရော မိန်းကလေးကို တစ်စထက်တစ်စ ကြီးလာအောင် ဖန်ဆင်းပြီး ပြတော်မူတာပေါ့။ (၁၆)နှစ်အရွယ်က အသက်(၂၀)အရွယ်ကို ပြောင်းပြီး ပြတော်မူတာပေါ့။

အသက်(၂၀)အရွယ်ကို စပြီးတွေ့ဖူးရင် ရင့်တယ်လို့ မထင်ရပေမယ့် (၁၆)နှစ်ကတွေ့ထားတာ (၂၀)မှာ ပြန်တွေ့ရင် ရင့်တာကို သိနိုင်တယ် သမီးရဲ့။

အဲဒါကြောင့် အမေနဲ့ အကြာကြီးကွဲနေတဲ့သူတွေက မမက အရင်ကအတိုင်းပဲ မပြောင်းလဲဘူးလို့ပြောရင် သူတို့ စေတနာကို လေးစားပေမယ့် သူတို့စကားကို မယုံပါဘူး။ ဖြစ်မှ မဖြစ်နိုင်ဘဲ။

ထားပါတော့လေ။ အဲသလို အသက်ကို တစ်စထက်တစ်စကြီးလာတဲ့ပုံ ဖန်ဆင်းပြသလိုက်တာ၊ မိန်းမပုံတွေအမျိုးမျိုးပေါ့လေ။ တစ်ကြိမ်သားဖွားပြီးမိန်းမအဆင်း၊ မိန်းမလတ်အဆင်း၊ အိုမင်းရွတ်တွသော မိန်းမအိုကြီးအဆင်းစတဲ့ ပုံအမျိုးမျိုးကို ဖန်ဆင်းပြသတော်မူပါသတဲ့။ ရူပနန္ဒာဟာ စောစောပိုင်းက သိပ်လှတဲ့ မိန်းမငယ်ကလေးမြင်ပြီး ချစ်ခင်တပ်မက်စိတ်တွေဝင်နေရာက အိုသထက် အိုလာတာ၊ သွားကျိုး၊ ဆံဖြူ၊ ခါးကုန်း၊ ကျွေးကောက်ပြီး တုန်တုန်ရိုက်ရိုက် ဖြစ်လာတာတွေကိုမြင်တော့ စိတ်ပျက်လာတာပေါ့။ မတွယ်တာ၊ မတပ်မက်တော့ဘူးပေါ့။

အဲဒီနောက် အဲဒီမိန်းမကြီး အနာရောဂါ ဖိစီးတာ၊ လဲပြီးသေတာ၊ သေတော့ ကိုယ်ခန္ဓာကြီး ပုပ်သွားတာ၊ ရွံစရာတွေချည်း ဖြစ်လာတာကို ပြသတော်မူပါသတဲ့။ နောက်ဆုံးတော့ အပုပ်တွေကျပြီး ဖွားဖွားယောင်နေတဲ့ ကိုယ်ခန္ဓာ အတ္တသောကြီးကိုမြင်ပြီး အဆင်းတပ်မက်လှတဲ့ ရူပနန္ဒာဟာ

www.burmeseclassic.com

www.burmeseclassic.com



အော်– ဒီမိန်းမဟာ ဒီနေရာမှာတင် အိုလာတယ်၊ နာလာတယ်၊ သေသွားတယ်၊ ငါလည်း ဒီလိုပဲ အိုရဦးမှာ၊ နာရဦးမှာ၊ သေရဦးမှာပါတကားဆိုပြီး သူ့ကိုယ်ခန္ဓာကို အနိစ္စရှုမိပါသတဲ့။ အနိစ္စကို မြင်လာတဲ့အခါမှာ ဒုက္ခနဲ့ အနတ္တတရားများကို မြင်လာတာပေါ့ကွယ်။ သမီးသတိထားမိမလားတော့ မသိပါဘူး။ မြတ်စွာဘုရားဟာ ရူပနန္ဒာကို ရောက်တာနဲ့ ရူပနန္ဒာ အသင့်ကိုယ်ခန္ဓာကြီးဟာ မမြဲဘူး၊ ဆင်းရဲတယ်၊ ကိုယ်ပိုင်ဥစ္စာ မဟုတ်ဘူးလို့ ဟောတော်မူလိုက်ရင် ရူပနန္ဒာ တရားရမှာ မဟုတ်ပါဘူး။ လုပ်ပြန်ပြီ၊ ဒီရုပ်ကိုပဲ အပြစ်ပြောနေတာပဲဆိုပြီး ဟောတဲ့တရားတွေကို နှလုံးသွင်းမှာ မဟုတ်ပါဘူး။ အခုတော့ မိန်းမလှကလေးတစ်ယောက်ရဲ့ ရုပ်အလှ မမြဲတာကို ဟောပြောဖို့ချမယ့် တရားကို ထောက်ကူတဲ့ပြယုဂ် အဖြစ် ဖန်ဆင်းတော်မူပြီးမှ သက်သေပြသလို ပြလိုက်တာ တရားမဟောခင် ရူပနန္ဒာဟာ သူ့ဘာသာသူ တရားသဘောကို ဆင်ခြင်စ ပြုလာတာပါပဲ။

ရူပနန္ဒာဟာ တရားသဘောကို ဆင်ခြင်ပြီး တရားနာဖို့ အဆင်သင့်ဖြစ်နေတဲ့အခါကျမှ မြတ်စွာဘုရားက "နန္ဒာ.. အမြဲနာကျင်၍ မစင်မကြယ် အပုပ်အတိဖြစ်သော အထက်မှ ယိုကျကာ အောက်မှယိုထွက်လျက် သူမိုက်တို့ အလွန်လိုလားတောင့်တအပ်သော ရွံစဖွယ် ကိုယ်ခန္ဓာကြီးကို ကြည့်ရှုလေတော့"လို့ ဟောတော်မူပါသတဲ့။

မြတ်စွာဘုရားဟောကြားတော်မူခဲ့တဲ့ တရားတော်တွေကို ရူပနန္ဒာဟာ ကောင်းစွာနာယူခဲ့ပါတယ်။ ကောင်းစွာဆင်ခြင်နိုင်ခဲ့ပါတယ်။ အဲဒီနောက် အရဟတ္တဖိုလ်ကို ဆိုက်ရောက်ပြီး ရဟန္တာမကြီးတစ်ပါးအဖြစ်သို့ ရောက်သွားပါတော့တယ်တဲ့ သမီးရယ်။

⊠⊠ ⚹⚹ ⊠⊠

ဗုဒ္ဓသာသနာကို သက်ဝင်ယုံကြည်ကြသည့် ကျွန်မတို့အနေဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ တရားများ၏အကြောင်းကို ကြားဖူးနားဝရှိနေကြပါသည်။ သို့သော် ပါရမီခံ မရင့်သန်သေးသောကြောင့်ထင်၊ ရုပ်၏ အပြစ်ကိုရှုရင်း ရုပ်ကို တွယ်တာနေကြပါသည်။ ဤရုပ်ကြီး၏ ယိုယွင်းမှုကို မသိကျိုးကျွံပြုကာ ပြင်ဆင်နေကြပါသည်။



ကျွန်မကလည်း သမီးကို ရူပနန္ဒာ၏အကြောင်းကို ပြောပြနေပါသော်လည်း မပြောခင်ကလေးကပင် အမေတို့ကိုယ်ကို အမေတို့လှကယ်လို့ထင်ဆဲပါပဲဟု ပြောမိပါသေးသည်။ အမှန်နှင့်နီးကပ်လွန်းလျှင် အမြင်ဝါးတတ်တာ ပိတ်ဆို့ခြင်း၏သဘာဝဟုပင် ထင်မိပါတော့သည်။

ပန်းဝေသီ (၁၉၉၅ ခု၊ စက်တင်ဘာလ)

⊠⊠ ⚹⚹ ⊠⊠

www.burmeseclassic.com

www.burmeseclassic.com



ပသေဒနီကောသလမင်းကြီး

## မေတ္တာဖြင့်ကျွေးသော အစားအစာ

ကျွန်မတို့သည် ယော်စဉ်ကပင် အဖေချမှတ်သောစည်းကမ်းတစ်ခုကို တိတိကျကျ လိုက်နာကြပါသည်။ အလုပ်ကို ကောင်းကောင်းလုပ်ချင်တဲ့သူဟာ ဦးနှောက်ကောင်းဖို့ လိုအပ်တယ်။ ဦးနှောက်ကောင်းဖို့ဆိုတာ အာဟာရဖြစ်တဲ့ အစားအစာကိုစားပေးမှ ကောင်းတာ၊ အစားကို ကောင်းကောင်းစား ဒါပေမယ့် ပေါက်ပန်းဈေး တွေ့ကရာမှာ အချိန်မရှိအချိန်ရှိ စားတာမျိုးမဖြစ်စေနဲ့။ ကောင်းကောင်းစား၊ သန့်သန့်ရှင်းရှင်း ပူပူနွေးနွေး အိမ်ကချက်တဲ့အစားအစာကိုစား၊ အိမ်သားချင်း မျက်နှာစုံညီစားဟု အဖေက ပြောခဲ့ကာ ကျွန်မတို့အိမ်မှ မခွဲမီအထိ အဖေ့စကားအတိုင်း မျက်နှာစုံညီ စားခဲ့ပါသည်။

ကျွန်မတို့သားအပိသည် မနက်ပိုင်းတွင် ကျွန်မကျောင်းသွားသောကြောင့် တစ်ကွဲစီစားရပါသည်။ ညပိုင်းတွင် အတူစားခွင့်ရသည်။ သမီးချက်သောဟင်းတို့ကို ကျွန်မခံတွင်းတွေ့ပါသည်။ ကျွန်မသည် ချစ်ခင်

www.burmeseclassic.com

www.burmeseclassic.com



သောသူများကို ဖိတ်ခေါ်ကျွေးမွေးရန်လည်း ဝါသနာပါပါသည်။ မကြာခဏလည်း ကျွေးမွေးပါသည်။

သမီးကတော့ ဘယ်သူ့ကိုပဲ အမေ ကျွေးချင်ကျွေးချင် ကောင်းအောင် ချက်ကျွေးဖို့ကို သမီးတာဝန်ထားပါဟု ပြောတတ်ပါသည်။

ကျွန်မတို့အိမ်၏ ထမင်းစားခန်းတွင် စားသောက်ရုံမှာ စာရေးဖို့ပါ အဆင်ပြေအောင် စီစဉ်ထားပါသည်။ လူနည်းလွန်း၍ တစ်ယောက်နှင့်တစ်ယောက် မဝေးစေရန် အိမ်၏အနေရာအနှံ့ ကျွန်မစာရေးရန်၊ စာဖတ်ရန် အဆင်ပြေအောင် စီစဉ်ထားရပါသည်။ စာကြည့်ခန်း သတ်သတ်ထားသော်လည်း စာကြည့်ခန်းအတွင်းသို့ ဝင်သည်မှာ စာအုပ်ရှာရန်သာ ဖြစ်ပါသည်။ သမီး ဧည့်ခန်းမှာရှိလျှင် ကျွန်မသည် လက်နှိပ်စက်နှင့်တကွ ဧည့်ခန်းမှာ နေရာယူပါသည်။ သမီးထမင်းဟင်း ချက်ပြုတ်နေလျှင် ကျွန်မသည် ထမင်းစားပွဲတွင် နေရာယူပါသည်။

သမီးက "သမီး အိမ်ထောင်ကျသွားရင်ရောအမေ၊ အမေက-သမီးတို့နဲ့ လိုက်နေမှာလား၊ သမီးတို့ကို ခေါ်ထားမှာလား"ဟု ကျီစယ်သော မေးခွန်းကို မေးချလိုက်ချိန်တွင် ကျွန်မမှာ အရှိက်ကို ထိသွားသောကြောင့် မအီမလည်ဖြင့် စကားပြောရန် ရုတ်တရက် မတတ်နိုင်ခဲ့ပါ။

နောက်တော့ "အမေလည်း လိုက်မနေပါဘူး။ သမီးကိုလည်းခေါ်မထားပါဘူး (ဘယ်သူမှန်း မသိသေးဘဲ ပြောနေကြတာလေ)။ ဒါပေမယ့် အမေ နေထိုင်မကောင်းဖြစ်ရင်တော့ သမီးကို အနားမှာ ရှိစေချင်တာပဲ" ဟု ပြောရင်း ရုတ်တရက် နှုတ်ဆိတ်သွားမိပါသည်။ ထို့နောက်တော့ ကျွန်မအတွေးနှင့် ကျွန်မ ရုတ်တရက် ရယ်ချလိုက်မိပါသည်။ သမီးက ခပ်ကြောင်ကြောင်အပြုံးဖြင့် "ဘာဖြစ်တာလဲအမေ"ဟု မေးပါသည်။ ကျွန်မက "အမေ နေမကောင်းတော့ အနားမှာ လာလာအိပ်တဲ့ ချစ်ကြည်မလေးကို တွေးမိလို့"ဟုပြောကာ ထပ်၍ ရယ်မောမိပါသည်။

သမီးက သူ၏အလုပ်ခန်းနှင့် ကပ်လျက်အခန်းမှာ အိပ်လေ့ရှိသည်။ ကျွန်မကလည်း တစ်ယောက်တည်း ညလုံလုပ်ကာ တစ်ခန်းသီးသန့် အိပ်လေ့ရှိပါသည်။ သို့သော် တစ်ခါတစ်ရံ နေမကောင်းလျှင် သမီးကို အနားမှာ လာအိပ်စေရပါသည်။ သမီးက အနားမှာ တကယ်လာအိပ်ပါသည်။ ကျွန်မလက်ကိုကိုင်ကာ တရှူးရှူး အိပ်မောကျသွားလိုက်သည်မှာ တစ်ညလုံး ကျွန်မ ဘယ်နှစ်ခါထသလဲဆိုသည်ကိုပင်မသိ



တော့။ မနက်လင်းသည့်အချိန်မှာတော့ ပထမဆုံးမေးခွန်းနှင့် အပြောက "အမေနေကောင်းရဲ့လား သမီးအိပ်ပျော်သွားလိုက်တာ"ဆိုသည့် မေးခွန်းနှင့် အပြောတို့ ဖြစ်ကြပါသည်။ ကျွန်မကလည်း "အမေ နေကောင်းသွားလို့ပေါ့ သမီးရယ်၊ နို့မဟုတ်ရင် ငါ့သမီးလေးတော့ ဒီအချိန်မှာ ငိုရပြီ"ဟု စ,လေ့နောက်လေ့ ရှိပါသည်။

ကျွန်မမှာ ထိုသို့ဖြစ်လေ့ရှိသည့်အကြောင်းကို သတိရကာ ရယ်မောမိခြင်း ဖြစ်ပါသည်။ ရယ်မောလို့ ပြီးလျှင်တော့ "ကဲ- သမီးကို ပုံပြောရဦးမယ်။ အမေ့ရဲ့ မဟာစာအုပ်ထဲမှာ ခုနကလေးကမှ တွေ့တဲ့ပုံပဲ"ဟု ဆိုကာ ပုံပြောခြင်းအမှုကို ထမင်းစား စားပွဲမှာထိုင်ကာသာ ပြုခဲ့ရပါသည်။

⊠⊠ ⚹⚹ ⊠⊠

သမီးရေ-

ဟိုရှေးရှေးတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း မင်းပြုနေပါသတဲ့။ အဲဒီအချိန်မှာပဲ ကောသလလို့ အမည်တွင်တဲ့ မင်းက တိုင်းပြည်ကို စွန့်ပြီး ရသေ့ရဟန်း ပြုပါသတဲ့။ မင်းဘဝက ရသေ့ဖြစ်လာပါတယ်။ ဒါပေမယ့် ရသေ့ကြီးက ဟိမဝန္တာမှာ သီတင်းသုံးတာပါတဲ့။ အဲဒီ ဆရာရသေ့မှာ သူမင်းဖြစ်တုန်းက သူ့ကို တန်ဆာဆင်ပေးတဲ့ ဆတ္တာသည်ရှိပါသတဲ့။ ဆရာဖြစ်သူက ရသေ့ဆိုတော့ တပည့်ဆတ္တာသည်လည်း ရသေ့ငယ်ပေါ့ သမီးရယ်။ ကပ္ပလို့ခေါ်တဲ့ အဲဒီရသေ့ငယ်က ဆရာရသေ့ကို ကောင်းစွာ ပြုစုစောင့်ရှောက်ပါသတဲ့။

ဆရာရသေ့ဟာ မိုးကာလကျတော့ ဟိမဝန္တာမှာ မနေဘဲ ချဉ်ဆားမှီဝဲဖို့ မြို့အရပ်ကို ကြွတော်မူလာခဲ့ပါသတဲ့။ ဗာရာဏသီမင်းက ကြည်ညိုလွန်းလို့ ဆရာရသေ့ကို လေးလပတ်လုံး မင်းဥယျာဉ်မှာ နေစေပြီး မင်းကိုယ်တိုင် မနက်,ညမပြတ်အောင် ဆည်းကပ်ပါသတဲ့။ ဆရာရသေ့မှာ ကပ္ပရသေ့သာမကဘဲ တခြားရသေ့တွေလည်း တပည့်လက်သားများအဖြစ် ရှိနေတာပေါ့။

မင်းရဲ့ဥယျာဉ်မှာ နေရတာ တောရဲ့အေးချမ်းမှုကို သိတဲ့သူများအနေနဲ့ မနှစ်သက်ကြပါဘူးတဲ့။ လူသံ၊ သူသံ၊ ဆင်သံ၊ မြင်းသံတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆူညံနေပါသတဲ့။ အဲဒါကြောင့် ဆရာရသေ့– ဒီနေရာမှာ မနေပါနဲ့။ ဟိမဝန္တာကို ပြန်ကြရအောင်လို့ တိုက်တွန်းကြပါသတဲ့။

သူတော်ကောင်းတွေလည်းဖြစ်တယ်။ ဘယ်လို ညစ်ညမ်းမှုမျိုးနဲ့မှ မနီးစပ်ဖူးကြတဲ့သူတွေလည်း ဖြစ်တယ်လို့ဆိုတဲ့အခါမှာ မင်းတို့ ဝန်းကျင်က လေထုညစ်ညမ်းတာရော၊ အသံတွေပေါက်ကွဲဆူညံတာရော ရသေ့များက မကြိုက်ကြဘူးပေါ့ကွယ်။ ရသေ့တွေကို ဆရာရသေ့က မင်းထံမှာ လေးလပတ်လုံး အပူဇော်ခံပြီးနေပါ့မယ်လို့ ကတိပေးထားမိပြီလို့ ပြောတဲ့အခါ တခြားရသေ့များက သူတို့မသိတဲ့ကတိနဲ့ သူတို့ မသက်ဆိုင်ပါဘူးလို့ပြောပြီး ဟိမဝန္တာကို ပြန်သွားပါသတဲ့။

အဲဒီတော့ ဆရာရသေ့မှာ တပည့်ကြီးဖြစ်သူ ကပ္ပရသေ့နဲ့ နေခဲ့ရတော့တာပေါ့။ ဝေယျာဝစ္စလုပ်ပေးမယ့် သူတွေတော့ ရှိတာပေါ့ကွယ်။ မင်းဆရာကိုး။ ဒါပေမယ့် ရသေ့ဆိုတော့ ရသေ့ဖော်တော့ ရှိရဦးမှာပေါ့။ ဒါပေမယ့် ကပ္ပရသေ့တောင်မှ အဲဒီမင်းဥယျာဉ်မှာ ကြာကြာ မနေနိုင်ပါဘူးတဲ့။ အဲဒါကြောင့် ဆရာရသေ့ကိုပြောပြီး ထွက်ခွာသွားရပါသတဲ့။ ဒါပေမယ့် တခြားရသေ့တွေလို ဆရာနဲ့ခွဲပြီး အဝေးကြီးကို ထွက်မသွားနိုင်တာနဲ့ ဆရာရသေ့နဲ့ မနီးမဝေးမှာ နေပါသတဲ့။

ဆရာရသေ့မှာလည်း မင်းကိုပေးမိတဲ့ ကတိကြောင့်သာ နေရတာ။ တပည့်တွေနဲ့ ဝေးကြရပြီဆိုတော့ မပျော်ဘူးပေါ့ကွယ်။ တပည့်များကို လွမ်းဆွတ်တဲ့အတွက် သွေးသွန်တဲ့ (သွေးဝမ်းသွားတဲ့)ဝေဒနာကို အပြင်းအထန် ခံစားရပါသတဲ့။ မင်းဖြစ်သူကလည်း ဆေးကောင်းဝါးကောင်းတွေနဲ့ ကုသပေးပါသတဲ့။ ဒါပေမယ့် စိတ်နဲ့ယှဉ်တဲ့ ဝေဒနာဆိုတော့ ကုတာနဲ့ ဖြစ်တာနဲ့ တခြားစီဖြစ်ပြီး ရောဂါက မသက်သာဘဲ လူနာသာ ပင်ပန်းနေတာပေါ့ကွယ်။ အဲဒီအချိန်မှာ ဆရာရသေ့က "မင်းကြီး– ငါ၏ရောဂါကို ပျောက်ကင်းစေလိုပါသလော"ဟုမေးလိုက်ပါသတဲ့။

မင်းဖြစ်သူကလည်း အနပျောက်အောင် လုပ်ပေးနိုင်တယ်ဆိုရင် အနုပဲ လုပ်ပေးလိုက်မှာပါပဲလို့ ဖြေပါသတဲ့။ အဲဒီတော့ ဆရာရသေ့က "အဲဒီလို လုပ်ပေးချင်တယ်ဆိုရင် ငါ့ကို ငါ့တပည့်တွေရှိတဲ့ နေရာကိုသာ ပို့ပါ"လို့ ပြောပါသတဲ့။

အဲဒီတော့ ဗာရာဏသီမင်းကြီးက သူ့ရဲ့အမတ်ချုပ်ကြီးဘစ်ပါး



ဖြစ်တဲ့ နာရဒအမတ်ကြီးနဲ့ တခြားအမတ်တွေကို အမိန့်ပေးပါသတဲ့။ ငါ့ဆရာကို သူ့တပည့်တွေရှိတဲ့နေရာကို လိုက်ပို့လိုက်ပါ။ ပြီးတော့လည်း အကျိုးအကြောင်းကို ငါ့ဆီပြန်ပြီး သတင်းပို့ပါ–လို့ အမိန့်ပေးပါသတဲ့။ အဲဒီတော့ နာရဒအမတ်ကြီးနဲ့ သူ့အဖွဲ့ဟာ ဆရာရသေ့ကို ညောင်စောင်းမှာတင်ပြီး တပည့်ဖြစ်သူ ကပ္ပရသေ့ထံသို့ ပို့ပါသတဲ့။

ကပ္ပရသေ့ကလည်း ဆရာရသေ့လာမယ်ဆိုတာ ကြားတာနဲ့ နေရာကို သပ်ရပ်အောင်ပြင်ဆင်ပြီး သစ်သီးနဲ့ ရေပူရေချမ်းနဲ့ အသင့်ပြင်ထားပါသတဲ့။ ဆရာရသေ့ရောက်လာတော့ တခြားရသေ့တွေကောလို့ မေးတာပေါ့။ ကပ္ပရသေ့က တခြားရသေ့တွေရှိတဲ့နေရာကို ပြောပြလို့ နာရဒရဲ့ အမတ်များက လိုက်ခေါ်နိုင်တာပေါ့။ တခြားရသေ့များကလည်း ဆရာရသေ့အကြောင်းကို ကြားတာနဲ့ သစ်သီးတွေ ရေပူရေချမ်းတွေ စီမံလာကြပါသတဲ့။

ဆရာရသေ့က တပည့်တွေကျွေးမွေးပြုတာကို ခံယူရတာနဲ့ သွေးဝမ်းရောဂါ ပျောက်ကင်းသွားပါသတဲ့။ နောက်တစ်ရက် နှစ်ရက်လောက်ကြာတဲ့အခါမှာတော့ ဝေဒနာများ ကင်းစင်ပြီး ရွှေအဆင်းလို ဝင်းပတဲ့ အသားအရေများ ပြန်လည်ရလာပါသတဲ့။ အဲဒီတော့ နာရဒအမတ်က မေးတာပေါ့။ "ဘုန်းကြီးသော အရှင်ရသေ့ အလိုခပ်သိမ်းကို ပေးတတ်သော မင်းကိုစွန့်၍ အဘယ်သို့ ကပ္ပရသေ့၏ သင်္ခမ်းကျောင်း၌ မွေ့လျော်နိုင်ပါသနည်း"လို့ မေးတာပေါ့။

ဆရာရသေ့က ကပ္ပရသေ့ရဲ့ သင်္ခမ်းမှာ ကောင်းမွန်တဲ့ မွေ့လျော်ဖွယ်ကောင်းတဲ့ သစ်ပင်တွေရှိတယ်။ နှလုံးကြည်ရွှင်ဖွယ် စကားတွေကိုလည်း တပည့်တွေက ပြောကြတယ်လို့ ပြန်ဖြေပါသတဲ့။

အမတ်ချုပ်ကတော့ မကျေနပ်သေးဘူးပေါ့။ သားပြွမ်းသလေးဆန်ကိုစားပြီး ဆားမပါတဲ့ မြက်စပါး၊ ကြိတ်စပါးတွေကို ဘယ်လို စားနိုင်သလဲလို့ ထပ်မေးသေးတာပေါ့။ သားပြွမ်းထမင်းဆိုတာကတော့ ဒံပေါက်ထမင်းလို့ လွယ်လွယ်ပြောကြပါစို့ သမီးရယ်။ အသားနဲ့ ပြွမ်းတယ်ဆိုတာ ဆန်နဲ့အသား ရောနှောပြီးချက်တာကို ပြောတာလေ။

အမတ်ချုပ်ရဲ့ အမေးစကားကို ဆရာရသေ့ဖြေတာက ရှင်းပါတယ်။ စားရတာကောင်းတယ်၊ မကောင်းဘူး၊ နည်းတယ်၊ များတယ်ဆိုတာက ရေးမကြီးပါဘူးတဲ့။ အကျွမ်းတဝင် စားရသောက်ရတာက အရေးကြီးပါတယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



သမီးရယ်– အမေတို့လည်း ခဏခဏကြုံဖူးသားပဲ။ အစားကောင်းတွေကတော့ အများကြီး တည်ခင်းထားပါရဲ့။ ဒါပေမယ့် ဟန်တွေပန်တွေ ထုတ်ပြီးစားရသောက်ရမှာဆိုရင် စားလို့ မကောင်းချင်ဘူးလေ။ အဲဒါကြောင့် ဒင်နာပါတီကပြန်လာမှ အဝတ်အစားလဲပြီး ပုန်းရည်ကြီးနဲ့ထမင်းနဲ့ နယ်၊ ကြက်သွန်ဖြူကို ကိုက်ပြီးစားရတာ ဘယ်လောက်ကောင်းတယ်ဆိုတာမျိုးတွေ ပြောကြရေးကြတာ ဖတ်ရဖူး၊ နားထောင်ရဖူးသားပဲ။

အရေးကြီးတာကတော့ အကျွမ်းဝင်ဖို့ပါပဲ။ ဒါက စာစကားနဲ့ပြောတာ၊ ရိုးရိုးဆိုရင်တော့ ချစ်ခင်တဲ့ဝန်းကျင်၊ စေတနာရှိတဲ့ဝန်းကျင်မှာနေရ စားရရင် စိတ်ချမ်းသာတယ်။ အာဟာရဖြစ်တယ်ပေါ့။ အမေက အဲဒါကြောင့်ပြောတာသမီးရဲ့။ သမီးနဲ့အမေ တစ်သက်လုံး မခွဲဘဲနေရမယ်လို့ မပြောချင်ဘူး။ လူဆိုတာ တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက်ပဲ ချစ်ခင်သည်ဖြစ်စေ ခွဲချိန်တန်ရင် ခွဲရမှာပဲ။ ဒါပေမယ့် နေမကောင်းဖြစ်ရင်တော့ အမေက ငါ့သမီးချစ်ကြည်မလေး ချက်ကျွေးတာကို စားချင်တာပေါ့။ ပြီးတော့ ငါတို့သားအမိတွေ ဘာမှမဟုတ်ဘဲ တောင်ပြောမြောက်ပြောပြောပြီး တသောသောရယ်တာမျိုးလည်း ရယ်ချင်တာပေါ့။ ဟုတ်ဘူးလားလို့ဆိုရင်း ပြောလက်စပုံကို အဆုံးသတ်ရပါတယ်။

⊠⊠ ⋇⋇ ⊠⊠

ကျွန်မက ပုံကို အဆုံးသတ်လိုက်ပြီး ဖြစ်ပါသည်။ သို့သော် ဗာရာဏသီမင်းကြီးနှင့် မင်းဆရာကသေ့ (ကောသဝရသေ့)၊ ကပ္ပရသေ့တို့မှာ ဂေါတမမြတ်စွာဘုရား လက်ထက်တွင် ပေါ်ပေါက်ခဲ့သူများ မဟုတ်ကြပါ။ မြတ်စွာဘုရားက ပသေနဒီကောသလမင်းကြီးကို ဟောပြောတော်မူခဲ့သော တရားတွင်ပါသည့် အတိတ်ဇာတ်ကြောင်းပါ ပုဂ္ဂိုလ်များသာ ဖြစ်ပါသည်။ ထို့ကြောင့် ပုံကို အဆုံးသတ်ပြီးမှ ကျွန်မက ပုံကို ပြန်ဆက်ရပါသည်။

သမီးရေ–

ကောသဝရသေ့နဲ့ ကပ္ပရသေ့တို့ရဲ့အကြောင်းကို မြတ်စွာဘုရားက ပုံဆောင်ပြီးဟောတော်မူခဲ့တာကွယ့်။ ဟောရတဲ့အကြောင်းကတော့ ပသေနဒီကောသလမင်းနဲ့ ပတ်သက်နေပါတယ်။ အဲဒီမင်းကြီးက အနာတပိတ်



သူဌေးကြီး၊ ဝိသာခါသူဌေးမကြီးစတဲ့ သူဌေးကြီးတွေ၊ သူဌေးမကြီးတွေရဲ့ အိမ်မှာ ရဟန်းတော်များကို ဆွမ်းအမြဲတစေ ကပ်လှူပူဇော်နေတာကို အားကျပါသတဲ့။

သူကလည်း မြတ်စွာဘုရားရဲ့ ကျောင်းတော်ကို ၇ရက်၊ ၇လီ သွားရောက်ပြီး ရဟန်းပေါင်းတစ်ထောင်ကို ကိုယ်တိုင် ဆွမ်းလုပ်ကျွေးပါသတဲ့။ မြတ်စွာဘုရားကို အမှူးထားပြီးဆွမ်းလုပ်ကျွေးတာပေါ့လေ။ ၇ရက်မြောက်တဲ့အခါကျတော့ မြတ်စွာဘုရားကို လျှောက်ထားပါသတဲ့။ မြတ်စွာဘုရားနှင့်တကွ ရဟန်းငါးရာတို့ကို နန်းတော်သို့မပြတ် ကြွရောက်ပါလို့ ဖိတ်ကြားတာပါပဲ။

မြတ်စွာဘုရားတို့ မည်သည် အများက ဆွမ်းလုပ်ကျွေးလိုကြတဲ့အတွက် တစ်နေရာထဲကို အမြဲကြွလေ့မရှိပါဘူးဆိုတော့ ရဟန်းတစ်ပါးကို မြတ်စွာဘုရားကိုယ်စား တာဝန်ပေးပါလို့ လျှောက်ထားပါသတဲ့။ မြတ်စွာဘုရားက အရှင်အာနန္ဒာကို တာဝန်ပေးတော်မူပါတယ်။

ပသေနဒီကောသလမင်းကြီးက အရှင်အာနန္ဒာအမှူးပြုတဲ့ ရဟန်းငါးရာကို ၇ရက်၊ ၇လီ ကိုယ်တိုင် ဆွမ်းလုပ်ကျွေးပါသတဲ့။ ၈ရက်မြောက်နေ့ကျတော့ သူမေ့သွားတာနဲ့ နန်းတော်ကို ကြွလာတဲ့ရဟန်းတွေကို ဆွမ်းလုပ်ကျွေးမယ့်သူ မရှိဘဲ ဖြစ်နေပါလေရောတဲ့။ စာအုပ်ထဲမှာ ပါတာတော့ ဆွမ်းကွမ်းချက်ဖို့ တာဝန်ကိုယူတဲ့သူတွေက ချက်ပြုတ်ထားကြပါတယ်။ မင်းကိုယ်တိုင်က ဘယ်သူကဖြင့် ဆွမ်းလောင်း၊ ဘယ်သူကဖြင့် နေရာခင်းစတဲ့ တာဝန်ကို ပေးမထားတော့ ဘယ်သူကမှ ဂရုတစိုက်ဆွမ်းမလောင်းဘူးပေါ့လေ။ အမေဖြင့် မျက်စိထဲတောင် မြင်လာတယ်။ တကယ်လို့သာ ဘုရင်မင်းမြတ်ကိုယ်တိုင် ဆွမ်းလောင်းဖို့ ထွက်လာပါ့လား ပျာပျာသလဲဖြစ်လိုက်ကြမယ့်ဖြစ်ချင်းကွယ်။ ကဲလေ– ထားပါတော့ နန်းတော်မှာ ဘယ်သူကမှ ဂရုမစိုက်တော့ ရဟန်းတွေက တခြားနေရာကို ကြွသွားတော်မူကာပေါ့။

အဲဒီအချိန်မှာ နန်းတော်မှာပဲဆက်ပြီးဆွမ်းခံတဲ့ ရဟန်းတစ်ပါးရှိတယ်။ အရှင်အာနန္ဒာပါ။ အရှင်အာနန္ဒာအကြောင်းကို အခါအားလျော်စွာ ဖတ်ရတာ အလွန် ကြည်ညိုစရာ ကောင်းပါတယ်။ အရှင်အာနန္ဒာဟာ နန်းတော်မှာ နေ့စဉ် ဆွမ်းကပ်ခံနေတာ သူ့အတွက် ဆွမ်းကွမ်းရှားပါးလွန်းလို့ မဟုတ်ပါဘူး။ "အမျိုးသားတို့၏ သဒ္ဓါတရားကို စောင့်ရှောက်

www.burmeseclassic.com

www.burmeseclassic.com



ကုန်၏။ ဘုန်းရှိသောသူသည် အကြောင်းကို ထောက်ရှုကုန်၏။"လို့ စာအုပ်ထဲမှာပါတယ်လေ။ ကြည်ညိုသဒ္ဒါ လျော့ပါးမသွားအောင် စောင့်ရှောက်တာကတော့ သာသနာပြုပုဂ္ဂိုလ်တိုင်းရဲ့ တာဝန်ပါပဲ။ ပြီးတော့ အကြောင်းကို ထောက်တာကတော့ ဘုန်းရှိသောသူမှ ဖြစ်မယ်။ ပါရမီရှိသူမှဖြစ်မယ် သမီးရဲ့။ ထစ်ခနဲဆိုရင် ငါ့ကိုလာမစမ်းနဲ့နော် ဆိုတာမျိုး ပြောတတ်တဲ့ အမေကတော့ဖြင့် ဘုန်းရှိခဲ့ပုံ မပေါ်ပါဘူးကွယ်။ တွေးရင်းတောင်မှ အားငယ်စရာနော်။

ပသေနဒီကောသလမင်းကလည်း အတော်ခက်တယ်။ သူ့ပဲမေ့နေတယ်။ သတိရတော့ ဆွမ်းတွေဆွမ်းဟင်းတွေက ပုံနေပြီး ရဟန်းက တစ်ပါးတည်းသာ ကြွလာတာနဲ့ သူကပဲ စိတ်ဆိုးရသေးသတဲ့။ အဲဒီလို စိတ်ဆိုးပြီး မြတ်စွာဘုရားထံကို သွားရောက်ကာတိုင်ကြား လျှောက်ထားပါသတဲ့။

မြတ်စွာဘုရားက မင်းကြီး– ငါဘုရား၏ တပည့်သားတို့သည် မင်းကြီးနှင့် ကျွမ်းဝင်ခြင်း မရှိကြကုန်။ ထို့ကြောင့် ကြွရောက်ခြင်းမရှိဖြစ်ကုန်လတ္တံ့–လို့ မိန့်တော်မူကာ ရဟန်းတို့ကို ခေါ်တော်မူပြီး ကုလသုတ်ကို ဟောတော်မူပါသတဲ့။

အဲဒီမှာ မြတ်စွာဘုရားက ဆွမ်းခံမကြွသင့်တဲ့ အိမ်(၉)မျိုးကို ပြတော်မူပါတယ်–

၁။ မြတ်နိုးသဖြင့် ခရီးဦးကြိုဆိုခြင်းမပြုကုန်။
၂။ မြတ်နိုးသဖြင့် ရှိမခိုးကုန်။
၃။ မြတ်နိုးသဖြင့် နေရာမပေးကုန်။
၄။ ထင်ရှားရှိသောလှူဖွယ်ဝတ္ထုကို ရဟန်းအား လျို့ဝှက်ကုန်၏။
၅။ အလှူဝတ္ထုအများအပြား ရှိပါလျက် အနည်းငယ်မျှသာ ပေးလှူကုန်၏။
၆။ မွန်မြတ်သောလှူဖွယ်ဝတ္ထုရှိပါလျက် ကြမ်းတမ်းသောလှူဖွယ်ဝတ္ထုကို ပေးလှူ၏။
၇။ မရိုမသေ ပေးလှူကုန်၏။
၈။ တရားနာရန် ချဉ်းကပ်၍ မနေထိုင်ကုန်။

၉။ ထိုရဟန်းဟောသောတရားကို ကောင်းစွာ မနာကုန်။ တဲ့ ပေါင်းကိုးပါးရှိပါတယ်။ အဲဒီလိုအိမ်မျိုးကို ရဟန်းတို့ ကပ်ရောက်ခြင်း



မပြုသင့်။ ကပ်ရောက်မိလျှင်လည်း မထိုင်သင့်လို့ မြတ်စွာဘုရားက ဟောကြားခဲ့ပါတယ်။

အဲဒီနောက်တော့ အကျွမ်းဝင်သည်သာ နှစ်လိုစရာကောင်းတဲ့ အကြောင်း ကေသဝရသေ့ဇာတ်ကို ပမာတင်ပြီး ဟောကြားခဲ့တာပဲကွယ့်။

ကေသဝရသေ့က မြတ်စွာဘုရားရဲ့ အလောင်းတော်ဖြစ်ပါတယ်။ ကပ္ပရသေ့ကတော့ အင်မတန် ပျော့ပျောင်းပြီး သဘောကောင်းလှတဲ့ အရှင်အာနန္ဒာဖြစ်ပါတယ်။ မင်းကြီးကတော့ အရှင်မောဂ္ဂလန်၊ နာရဒရသေ့ကတော့ အရှင်သာရိပုတ္တရာဖြစ်ပါတယ်။ ကဲ– ဒီတစ်ခါမှ အမေ့ပုံပြင် တကယ်အဆုံးသတ်တော့တာပါပဲ။

မြတ်စွာဘုရားကိုယ်တိုင် ရဟန်းများကိုပညတ်ထားတာက အကျွမ်းတဝင်ရှိမှ ဆွမ်းခံဖို့ကိစ္စဖြစ်ပါတယ်။ အမေတို့ သမီးတို့လည်း အဲဒီကိစ္စမျိုးတွေမှာ သတိထားရမယ်နော်။ စိတ်တွေများလို့ ဆွမ်းကောင်းကောင်းတော့ ချက်ပါရဲ့။ သေသေချာချာ မလုပ်ကျွေးမိဘူးဆိုရင် မကောင်းဘူး။ ရဟန်းမပြောနဲ့ လူ့တွေကို ကျွေးမွေးရင်တောင်မှ စေတနာနဲ့ လိုက်လှဲပျူငှာ ကျွေးမွေးရမယ်ကွယ့်။

ကျွန်မသည် ကေသဝရသေ့အကြောင်းကို အလွန်သဘောကျပါသည်။ သားပြွမ်းသလေးဆန်ထမင်းကို စားနေရင်း သွေးဝမ်းသွားသူမင်းဆရာရသေ့သည် အားမပါသော မြက်သီးကိုပြုတ်၍ စားသောအခါမှ ကျန်းမာကာ သူ၏ရုပ်အသွင်မှာလည်း ရွှေအဆင်းကဲ့သို့ ဝင်းပလာသည် ဆိုသည့် အချက်သည် စေတနာမေတ္တာတို့၏ သတ္တိကို ပြသရာရောက်သောကြောင့် ကျွန်မသဘောကျခြင်း ဖြစ်ပါတယ်။

ကျွန်မတို့ ဘဝတွင် အစားကောင်း အသောက်ကောင်းများကို စားနေရသော်လည်း မဝသူ၊ မလှသူ၊ မအေးချမ်းသူ အများအပြားရှိနေပါသည်။ ထိုသူတို့သည် ရွှေဘုံစံများ ဖြစ်ကြစေကာမူ ဘဝ၏အနှစ်သာရကို ရှာမတွေ့နိုင်ကြသူများ ဖြစ်သည်ဟု ကျွန်မဆိုလျှင် လွန်အံ့မထင်ပါ။

ထိုသို့ဆိုလျှင် ခြံထွက် အရွက်အသီးများနှင့် မြိန်ယှက်စွာ စားနိုင်သော ကျွန်မတို့ဘဝကို ကျွန်မတို့ သာယာသည်ဟု တွေးတောကာ ဝမ်းသာနေမိသည်ဟုဆိုလျှင် လွန်အံ့မထင်ပါ။

ပန်းဝေသီ (၁၉၉၅ ခု၊ အောက်တိုဘာလ)

www.burmeseclassic.com

www.burmeseclassic.com



သမ္ဗုလာဇာတ် (မယားလိမ္မာ မှန်သစ္စာ)

# မယားလိမ္မာ မှန်သစ္စာ

ကျွန်မတို့သားအမိ ပုံပြောခန်းကို ကျွန်မနှင့် မာလာဆောင်တွင် အတူနေထိုင်ခဲ့ကြသော မာလာကျောင်းသူဟောင်းများက စိန်ရတုလှုပ်ရှားမှုများ မစ မီကပင် နှစ်ခြိုက်စွာ ဖတ်ရှုနေခဲ့ကြပါကြောင်း ကျွန်မနှင့်ပြန်တွေ့ချိန်တွင် ပြောကြပါသည်။

ကျွန်မတို့သားအမိ၏ဘဝကလေးကို အားကျသူလည်း များပါ၏။ သို့သော် လူ့ပြည်တွင် အမှုကပွေလှသည်။ သမီးက သူ့ကွန်ပျူတာအလုပ်တွင် ပိနေသောကြောင့် ခေါင်းကိုက်ရောဂါစွဲနေသလို လောကအကြောင်း၊ မမှုကြောင်းကို သိလှချည့်ဆိုသော (စာတွေ့ကိုပြောတာပါလေ) ကျွန်မလည်း လောကဓံဆိုးလေးပါး၏ ရိုက်ခတ်မှုကြောင့် မချိတရိ ဝေဒနာခံခဲ့ရသည်မှာ ရေးလက်စစာများ ပြတ်တောက်ဖြစ်သွားသည်အထိပင်။

သို့သော် ကျွန်မတို့သားအမိ၏ ချစ်ခြင်းမေတ္တာသည် နှစ်ဦးစလုံးအဖို့ အားဆေးတစ်ပါးမျှ မကခဲ့ပါ။ သားအမိနှစ်ယောက် ပိုက်တွေးယုပ

www.burmeseclassic.com

www.burmeseclassic.com



စွာနေရင်း လောကဓံအပြောင်းအလဲကို ရယ်ရယ်မောမော ပြောနိုင်သည့် အချိန်သို့ တစ်စထက်တစ်စ ပြန်လည်ရောက်ရှိလာခဲ့ပါသည်။ အမေ ပုံဆန်းဆန်း တစ်ခုလောက် ပြောဦးလေ–ဟု သမီးက သတိပေးသော ကြောင့် ကျွန်မက ဘယ်သူမေတ္တာပျက်ပျက် မပျက်စတမ်း တည်ကြည် နိုင်မာသော သစ္စာတရားကို စွဲကိုင်ထားသည့် သမ္ဗုလာမိဖုရားဇာတ်ကို ပြောမိပါတော့သည်။

အခုပြောမယ့်ပုံပြင်က မြတ်စွာဘုရားရဲ့ လက်ထက်တော်မှာ သာသ နာ့ဒါယကာကြီးတစ်ဦးဖြစ်တဲ့ ကောသလမင်းကြီးရဲ့မိဖုရား မလ္လိကာဒေဝီ ကို အကြောင်းပြုပြီး ဟောတဲ့ဇာတ်ကြောင်းဖြစ်တယ် သမီးရဲ့။

မလ္လိကာမိဖုရားက သူ့သခင်လည်းဖြစ် ခင်ပွန်းလည်းဖြစ်တဲ့ ကော သလမင်းကြီးကို နတ်တစ်ပါးလို အလွန်ရိုသေစွာလုပ်ကျွေးသတဲ့ သမီးရဲ့။ မိဖုရားဟာ အကျင့်ကောင်းတဲ့အပြင် ဉာဏ်ပညာနဲ့လည်း ပြည့်စုံပါသတဲ့။ အဲဒီတော့ သာဝတ္ထိပြည်တစ်ပြည်လုံးမှာ သူ့အကြောင်းဟာ အလွန်ကျော် စောသတင်းရှိတာပေါ့ကွယ်။

လူ့ပရိသတ်အတွင်းမှာသာမကပဲ ရဟန်းပရိသတ်အတွင်းမှာတောင် မှ အဲဒီမိဖုရားရဲ့အကြောင်းဟာ ကျော်စောပါသတဲ့။ အဲဒါကြောင့် မြတ်စွာ ဘုရားက မလ္လိကာဟာ အခုဘဝမှာသာ လင်ကို ရိုသေလေးမြတ်စွာပြုစု တာမဟုတ်၊ ရှေးရှေးဘဝမှာလည်း လင်ကို ကောင်းစွာလုပ်ကျွေးပြုစုခဲ့သူ ဖြစ်ပေတယ်လို့ မိန့်တော်မူပြီး အတိတ်ကိုဆောင်ကာ သမ္ဗုလာဇာတ်ကို ဟောတော်မူပါသတဲ့။ သမ္ဗုလနဲ့ မမှားနဲ့နော်၊ စာလုံးပေါင်းချင်းရော၊ အသံထွက်ရော မတူဘူးကွယ့်။

ဟို... ရှေးရှေးတုန်းကလို့ ပြောရမှာပေါ့ကွယ်။ အနမတဂ္ဂသံသရာ က ဘဝတစ်ခုမှာ ဖြစ်ခဲ့တဲ့လူတွေအကြောင်းကို ပြောရတာကိုး။ အေး.. ဗြဟ္မဒတ်မင်းမှာ သောတ္ထိသေနလို့အမည်တွင်တဲ့ သားတော်တစ်ပါးရှိပါ သတဲ့။ အဲဒီမင်းသား အရွယ်ရောက်တဲ့အခါမှာ ခမည်းတော်က အိမ်ရှေ့ မင်းအဖြစ် အပ်နှင်းတော်မူသတဲ့။ အဲဒီအိမ်ရှေ့မင်းရဲ့ မိဖုရားကြီးဟာ သမ္ဗုလာလို့တွင်တဲ့သူဖြစ်ပါသတဲ့။ သူ့ရဲ့ကိုယ်ရောင်ဟာ တောက်ပလွန်း



လို့ လေမတိုက်တဲ့အရပ်မှာ ထွန်းညှိထားတဲ့ ဆီမီးလိုပဲ အရောင်လှသတဲ့။

အခုပြောခဲ့တဲ့အထိတော့ ပျော်စရာကြီးပါပဲသမီးရယ်။ ဒါပေမယ့် အိမ်ရှေ့မင်းမှာ ကုဋ္ဌနူနာရောဂါဖြစ်နေတာကို တစ်နေ့မှာ သိကြရသတဲ့။ သမားတော်ကြီးတွေကလည်း အမျိုးမျိုး ကုသကြတာပေါ့ကွယ်။ ဒါပေ မယ့် မပျောက်ရုံမကဘဲ နူနာရောဂါက ပေါက်ပြဲတဲ့အဆင့်ကို ရောက်လာ တာ စက်ဆုပ်စရာဖြစ်လာသတဲ့။ အိမ်ရှေ့မင်းကိုယ်၌က ဒီရောဂါဖြစ်နေ တော့ မင်းအဖြစ်နဲ့ တိုင်းပြည်အုပ်ချုပ်ဖို့ မလွယ်တော့ဘူးပေါ့။ အဲဒါနဲ့ အိမ်ရှေ့မင်းက ခမည်းတော်ထံမှာ ခွင့်တောင်းပြီး ရွှေအိမ်ရွှေနန်းကိုစွန့်ပြီး တောထဲကို ဝင်ခဲ့သတဲ့။

ကုဋ္ဌနူနာရောဂါသည် လင်ယောကျ်ားနဲ့အတူ တောထဲကိုဝင်ပြီး လိုက်ခဲ့တဲ့ သမ္ဗုလာကို သောတ္ထိသေနမင်းသားကရော တခြားသူတွေကပါ မြို့ကိုပြန်ပါလို့ ထပ်ခါတလဲလဲ တိုက်တွန်းခဲ့ပါသတဲ့။

သမ္ဗုလာကတော့ အရှင်မင်းသားကို မြို့မှာ အလုပ်အကျွေးမပြုရ ရင် တောမှာလိုက်ပြီး အလုပ်အကျွေးပြုရမှာပဲလို့ဆိုပြီး သူ့ဆုံးဖြတ်ချက်နဲ့ သူ မိဖုရားဟာ သောတ္ထိသေနမင်းသားနောက်ကို လိုက်သွားခဲ့ပါသတဲ့။

တောကြီးအလယ်ကို ရောက်တဲ့အခါမှာ သောတ္ထိသေနက တော ကျောင်းကလေးတစ်ဆောင် ဆောက်ပြီး နေပါသတဲ့။ သမ္ဗုလာမိဖုရားက ရောက်တဲ့နေ့ကစပြီး လင်သားကို ဝတ်ကြီးဝတ်ငယ်ပြုပါသတဲ့။ လင်သား အတွက် ချိုးရေ၊ သုံးရေတွေကို ကိုယ်တိုင်ခပ်ပါသတဲ့။ တောကျောင်း ကလေးရဲ့ ပတ်ဝန်းကျင်မှာလည်း သန့်နေ၊ ရှင်းနေအောင် လှဲကျင်းထား ပါသတဲ့။ တောထဲက ဆေးဘက်ဝင်တဲ့ သစ်ရွက်တွေ သစ်ဥသစ်ဖုတွေကို စုပြီး လင်သည်ကို လိမ်းကျံပေးပါသတဲ့။ ရေချိုးချိန်တန်ရင်လည်းရေချိုး ပေးပါသတဲ့။

အစားအသောက်ကျတော့လည်း သူကိုယ်တိုင် ရှာဖွေလို့ရရှိတဲ့ သစ်သီးသစ်နှံများကို စားရတာပေါ့ကွယ်။ မင်းသမီးက မင်းသားကို အကောင်းဆုံး အသီးအနှံများကို ကျွေးပါသတဲ့။ ပြီးမှ သူစားသတဲ့။ နောက်ပြီး အိပ်ခါနီးတော့လည်း မင်းသားရဲ့ ခြေလက်ကစပြီး ဆုပ်ပေး နှိပ်ပေးပြီးမှ အိပ်ပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုနေကြရင်း တစ်နေ့တော့ သမ္ဘုလာဟာ သစ်သီးရှာရောက အပြန် ချောင်းတစ်ချောင်းအနားလည်းရောက်ကရော သမ္ဘုလာက သူ့ခေါင်းပေါ်က သစ်သီးတောင်းကိုချပြီး ရေချိုးဆင်းပါသတဲ့။ အောင်မယ်– သမီးရေ စိတ်ဝင်စားစရာကောင်းတာ ပြောရဦးမယ်။ မင်းသမီးက သူ့ကိုယ်သူ ဆနွင်းမှုန့်တွေနဲ့နယ်ပြီးမှ ရေချိုးတာတဲ့။ အမေတောင် စိတ်ဝင်စားတယ်။ အသားမှာကပ်နေတဲ့ အညစ်အကြေးတွေလည်း စင်ကြယ်သွားမှာပဲ။ ပြီးတော့ အသားအရေလည်းလှမှာပဲ။ အမေ ထင်နေသလိုပါပဲလေ။ မင်းသမီးက ရေချိုးပြီးတော့ သူ့အဝတ်တွေကို ပြန်ဝတ်ပါသတဲ့။ အဝတ်တွေကလည်း ဖန်ရည်စွန်းသောအဝတ်ဆိုတော့ သူ့အသားဝင်းဝင်းနဲ့ အလွန်လိုက်ဖက်မှာပါပဲ။

အဲဒီတော့ တောတစ်ခုလုံးဟာ မင်းသမီးရဲ့ကိုယ်ရောင်နဲ့ လင်းသွားပါသတဲ့။ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်လာတာက အဲဒီအနားကို အစာရှာထွက်တဲ့ ဒါနောဆိုတဲ့ဘီလူး ရောက်လာတာပါပဲ။ ဒါနောဟာ မင်းသမီးကိုမြင်တာနဲ့ အလွန်နှစ်သက် ဖွဲလန်းသွားပါလေရောတဲ့။

အဲဒီနောက်တော့ သမ္ဘုလာရဲ့ အလှအပကို ချီးကျူးပြီး အမည်ကို မေးတော့တာပေါ့။ သမ္ဘုလာကလည်း သူဟာ သောတ္ထိသေနရဲ့မယားဖြစ်တဲ့အကြောင်း လင်သည်မကျန်းမာလို့ ကိုယ်တိုင် ပြုစုနေပါကြောင်း၊ အခုလို စကားပြောနေတာနဲ့ အပြန်နောက်ကျရင် လင်သည်ဟာ အလွန်စိတ်ပူတော့မှာ ဖြစ်တဲ့အကြောင်း စုံစုံလင်လင် ပြောပြတော့တာပါပဲ။

ဒါနောတော့ မင်းသမီးကို သိပ်လိုချင်နေပြီလေ၊ အဲဒါနဲ့ ရောဂါသည်ကို ပေါင်းသင်းနေလို့ အကျိုးမရှိပါဘူး။ သူနဲ့သာ ပေါင်းသင်းလိုက်ပါ၊ အလိုရှိသမျှကို မဆိုင်းမတွ ရရပါစေမယ်လို့ ပြောတာပေါ့ကွယ်။

မင်းသမီးကလည်း ငြင်းဆန်တာပေါ့။ အဲဒီတော့ ဒါနောဘီလူး ဆက်ပြောတဲ့စကားက အတော်ရယ်စရာကောင်းတယ်ကွယ့် သမီးရဲ့။ အေးလေ–အမေက လူလိုတွေးတာကိုး။ မင်းသမီးက သူ့ရဲ့မိဖုရားကြီးအဖြစ် သူနဲ့လာမနေရင်လည်း အတင်းခေါ်သွားမှာပဲတဲ့။ ဘာကြောင့်လဲဆိုတော့ မင်းသမီးလောက် ကိုယ်ခန္ဓာရှိတဲ့သူဟာ သူ့အတွက် မနက်စာအဖြစ် လုံလောက်ပါသတဲ့၊ ကဲ– အတော်ဆန်းတဲ့ အချစ်နော်။ ပေါင်းရရင်ပေါင်းရ၊ မပေါင်းရရင် စားပစ်မှာပဲတဲ့။



ဒါနောက အဲဒီလိုပြောရုံမက မင်းသမီးရဲ့လက်ကို ကိုင်ဆွဲပါသတဲ့။ မင်းသမီးရဲ့စိတ်ထဲမှာ ဒါနောကို ချစ်လည်း မချစ်၊ ကြောက်လည်း မကြောက်ဘဲ သူ့ရဲ့လင်သည်ကိုသာ အစိုးရိမ်ကြီး စိုးရိမ်နေပါသတဲ့။ ဘယ်လောက်တော်တဲ့ မင်းသမီးလဲ စဉ်းစားနော်၊ အရာရာထက် သူ့ချစ်လင်ကိုသာ သတိရနေတော့တာပါပဲ။

နောက်တော့ ကြံရာမရတဲ့သူတွေလုပ်တတ်တဲ့ထုံးစံအတိုင်း ငိုကြွေးရင်း နတ်တွေ၊ သိကြားတွေ၊ လောကပါလနတ်မင်းတွေ ဘယ်ရောက်ကုန်ကြပါပြီလဲ၊ ဒီလိုမတရားမှုကို မတားမြစ်ကြတော့ဘူးလား စသဖြင့်ပေါ့ သမီးရယ်– တိုင်တည်ရင်း အပြစ်လည်း တင်တော့တာပေါ့။

မင်းသမီးရဲ့ တမ်းတချက်ကြောင့် သိကြားမင်းရဲ့ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာဟာ တင်းမာ ပူလောင်ပါသတဲ့။ လူတိုင်း တ,လို့တော့ အခါတိုင်း အဲဒီလိုမဖြစ်ဘူးပေါ့။ အခုတော့ မင်းသမီးက သီလ၊ သမာဓိ၊ ပညာနဲ့ ပြည့်စုံပေတာကိုး။

အဲဒီတော့ သိကြားမင်းက သူ့ဝရဇိန်လက်နက်နဲ့ ဒါနောဘီလူးရဲ့ ခေါင်းကိုမိုးပြီး မင်းသမီးကို လွှတ်လိုက်ဖို့အမိန့်ပေးပါတယ်။ သိကြားမင်းပေမယ့် လက်နက်ကိုင်ပြီးမှ ဘီလူးဆိုးကို ခြိမ်းခြောက်နိုင်တာကိုလည်း အမေတော့ သတိထားလိုက်မိပါတယ်။

ဒါနောဘီလူးကလည်း သိကြားမင်းလည်းဖြစ်ပြန်၊ ဝရဇိန်နဲ့လည်း ချိန်ထားပြန်ဆိုတော့ ကြောက်ကြောက်နဲ့ မင်းသမီးကို လွှတ်လိုက်တာပေါ့ကွယ်။ ဒါနောဘီလူးကို နောက်တစ်ခါ နှောင့်ယှက်မှာစိုးလို့ သံခြေကျင်းခတ်ပြီး တောင်သုံးလုံးအကြားက ချောက်ထဲချထားလိုက်ပါသတဲ့။

မင်းသမီးကိုလည်း အပ္ပမာဒတရားမြဲဖို့ သိကြားမင်းက ဆုံးမပြီး ပြန်လွှတ်လိုက်ပါသတဲ့။

⊠⊠ ⋇⋇ ⊠⊠

သမ္ဘုလာမင်းသမီး အမောတကောနဲ့ သူတို့နေတဲ့တောကို ပြန်လာတဲ့အခါမှာ သူ့ရဲ့လင်သည်ဖြစ်တဲ့ သောတ္ထိသေနကို မတွေ့ရတော့ဘူးတဲ့ သမီးရဲ့။ မင်းသားက မင်းသမီး မတွေ့အောင် ရှောင်ပုန်းနေတာကိုး။ မင်းသမီးလေးဟာ သိပ်သနားစရာကောင်းတာပဲ သမီးရယ်၊ သိပ်ကို

www.burmeseclassic.com

www.burmeseclassic.com



ငိုကြွေးတာပါပဲ။ အရှည်ကြီးဖြစ်မှာစိုးလို့ အမေ အကုန်မပြောတော့ပါဘူး၊ ဒါပေမယ့် သူ့လင်သည်ကို ပြန်တွေ့နိုင်ဖို့ ရှိရှိသမျှ နတ်ဒေဝတာတွေကို ရှိခိုးလိုက်တာကွယ်၊ သမီးရယ်၊ မြက်ပင်စောင့်နတ်တောင်မှ မချန်ပါဘူး။ သိပ်လည်း ငိုတာပဲတဲ့။

အမေဖြင့် သောတ္တိသေနကို စိတ်တောင်ဆိုးတယ်၊ ကြည့်စမ်းပါဦး တော့၊ သူကမင်းသမီးကို မြင်နေရတယ်၊ မင်းသမီးသိပ်ငိုနေတော့ အင်း.. ငါ့ကိုချစ်မြတ်နိုးလို့ ငိုနေတာဆိုရင် သမ္မုလာတော့ နလုံးကွဲပြီး သေမှာပဲလို့ တွေးသတဲ့။ ကဲကွယ်– သူ့ကို ချစ်လွန်းလို့လည်း တောထဲကိုလိုက်လာပြီးပြီ။ တစ်နေ့မှ ဝတ္တရားမပျက်အောင်လည်း ပြုစုယုယနဲ့ပြီ။ ဒါနဲ့တောင်မှ မင်းသမီးရဲ့အချစ်ကို မသိသေးဘူးလား။

အဲဒီတော့ မင်းသားက ပုန်းနေရာကထွက်လာပြီး မင်းသမီးအနားမှာ လာရပ်သတဲ့။ မင်းသမီးက မင်းသားရဲ့ခြေအစုံကို ဖက်ပြီး ဘယ်သွားနေတာလဲလို့ဆိုပြီး ဆက်ငိုတာပေါ့။

မင်းသားက မင်းသမီးကို ခါတိုင်းနေ့ထက်မိုးချုပ်မှလာလို့ မသင်္ကာဖြစ်နေတာကိုး။ တကယ်ဆိုရင် သူကစိတ်မချဖြစ်ရမှာနော်။ ငါ့ကြင်ရာဟာ ဘယ်လို ဘေးရန်မျိုးနဲ့များတွေ့နေလို့ ဒီနေ့ကြာနေပါလိမ့်ဆိုပြီး သူကပူရမှာသမီးရဲ့၊ အခုတော့ သူက မသင်္ကာဖြစ်နေသေးတာတဲ့။

မင်းသမီးက မင်းသားကို အကြောင်းစုံပြောပြပေမယ့် မင်းသားက မယုံသင်္ကာဖြစ်မြဲဖြစ်နေတဲ့အခါမှာ မင်းသမီးမှာ အားကိုးနိုင်တဲ့ သက်သေတစ်ခုပဲရှိတော့တယ် သမီးရဲ့။ အဲဒါကတော့ သစ္စာဆိုခြင်းဖြစ်တယ်။

မိမိရဲ့ သီလသမာဓိကို မိမိဘာသာ ယုံကြည်တဲ့သူများဟာ သစ္စာကို အလွန်တန်ဖိုးထားပြီး အားကိုးကြတယ်။ အဲဒီတော့ သမ္မုလာမင်းသမီးကလည်း ရေအိုးတစ်အိုးကိုယူပြီး သစ္စာဆိုပါသတဲ့။

ကျွန်တော်မဟာ မိမိရဲ့သခင် လင်ယောက်ျားမှတစ်ပါး ဘယ်သူ့ကိုမှ အားမကိုးပါ၊ ဘယ်သူနဲ့မှမဖောက်ပြားပါ၊ကျွန်တော်မ အပြန်နောက်ကျရတဲ့အကြောင်းကလည်း ဒါနောဘီလူးရဲ့ မတရားတားဆီးမှုကြောင့်သာ ဖြစ်ပါတယ်။ ကျွန်တော်မရဲ့သစ္စာစကားဟာ တကယ်တမ်း မှန်ကန်ခဲ့ရင် အခု ကျွန်မကိုင်ထားတဲ့အိုးထဲကရေကို ကျွန်တော်မရဲ့သခင်လင်ယောက်ျားရဲ့အပေါ်ကို သွန်လောင်းလိုက်ပါမယ်။ အဲဒီအခါမှာ ကျွန်တော်မရဲ့သခင်လင်ယောက်ျားခံစားနေရတဲ့ ရောဂါအပေါင်း လုံးဝပျောက်ကင်းပါစေသား



လို့ ရဲရဲတောက် သစ္စာဆိုပြီး အိုးထဲကရေကို သောတ္တိသေနမင်းသားရဲ့ အပေါ်လောင်းချလိုက်သတဲ့ သမီးရဲ့။

သစ္စာရေတွေဟာ ဦးခေါင်းက ခြေဖျားကို ဆင်းသွားတဲ့အခါမှာ ဘယ်လိုဖြစ်သွားသလဲ ဆိုတာကို အမေဖတ်ရတဲ့ ငါးရာငါးဆယ်စာအုပ်ထဲမှာပါတဲ့အတိုင်း ဖတ်ပြချင်တယ်။

"ဤသို့ သမ္မုလာမင်းသမီးသည် သစ္စာပြု၍ ရေသွန်းလောင်းခါမျှ၌ သာလျှင် သောတ္တိသေနမင်းသား၏ နူနာသည် ကြေးနီအညစ်အကြေးကို အချဉ်ရည်ဖြင့် ဆေးသကဲ့သို့ ထိုခဏ၌ ကင်းပျောက်၏"တဲ့။ သမီးရယ် မျက်စိထဲမှာလည်း မြင်လာရတယ်။ တင်စားချက်ကလည်း လှလိုက်တာနော်။ မင်းသမီးက သူ့သီလ၊ သူ့သစ္စာကို တကယ်လည်းယုံလို့ပေါ့နော်။ နို့မဟုတ်ရင် ဒုက္ခပဲနော်။

အဲဒါနဲ့ တိုတိုပြောကြပါစို့၊ သောတ္တိသေနတောထဲလာနေရတာက ရုက်စရာကောင်းတယ်လို့ အဲဒီခေတ်ယူဆတဲ့ နူနာစွဲနေလို့ကိုး သမီးရဲ့၊ နူနာလည်းပျောက်ကရော သူတို့ရဲ့တိုင်းပြည်ကို ပြန်ခဲ့ကြတာပေါ့။ တိုင်းပြည်လည်းရောက်ကရော ခမည်းတော်မင်းကြီးက ဝမ်းသာအားရနဲ့ သားတော်ကို ထီးနန်းလွှဲအပ်လိုက်ပြီး သူကတော့ ရသေ့ရဟန်းအဖြစ် တောထွက်သွားတော်မူခဲ့ပါသတဲ့။

အမှန်အတိုင်းဆိုရင် ဒီနေရာမှာတင် ဇာတ်လမ်းက ပြီးဖို့ကောင်းနေပြီ။ ဒါပေမယ့် မပြီးသေးဘူးသမီးရဲ့။ အကြောင်းက သောတ္တိသေန ဟန်မကျတာကြောင့်ပါ။ သူက သူ့ဒုက္ခရောက်တုန်းက ထပ်ချပ်မကွာ လိုက်ပါပြီးလည်း ပြုစုတယ်၊ သူမယုံသင်္ကာဖြစ်တော့ သစ္စာဆိုပြီး ရေသွန်းပေးလို့လည်း ရောဂါပျောက်တယ်။ အဲဒီလို ကျေးဇူးတွေဆပ်လို့မကုန်လို့ ထင်ပါရဲ့။ ကျေးဇူးကန်းပါလေရောကွယ်။

သမ္မုလာကို မိဖုရားကြီးအရာတော့ပေးပါရဲ့။ ဒါပေမယ့် အချစ်အကြင်နာလည်း မပြပါဘူးတဲ့၊ တခြားမိဖုရားတွေနဲ့ပဲ ပျော်ပါးနေသတဲ့။ သမ္မုလာကတော့ အဲဒီလိုရက်စက်တဲ့လင်ကြောင့် ပိန်ချုံးပြီးဖြူဖျော့နေပါသတဲ့။ အဲဒါနဲ့ တစ်နေ့တော့ ဆွမ်းစားကြွလာတဲ့ ယောက္ခမ ရှင်ရသေ့ဆီကိုသွားပြီး သောကကို လျှောက်ထားပြီး ဖျောက်ဖို့ကြိုးစားတာပေါ့။ ဒါပေမယ့် သူကစပြီးတော့ ဘာမှ မပြောပါဘူး။ ရှင်ရသေ့မေးတော့မှ အကြောင်းစုံကို လျှောက်ထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ထဲမှာတော့ အရှည်ကြီးရေးထားတာပေါ့သမီးရယ်။ တိုတိုပြောရရင် သူ့ကိုမထိမဲ့မြင်ပြုပြီး တခြားမိန်းမတွေနဲ့ ပျော်ပါးစံစားနေတာကြောင့် သူဟာ ဒီလိုညှိုးငယ်နေရပါတယ်။ ဘယ်လိုစည်းစိမ်မျိုးကမှ သူ့ကိုမပျော်ရွှင်စေနိုင်ပါဘူး။ တောထဲမှာ နေခဲ့ရတာကမှ ပိုကောင်းပါသေးတယ်။ အခုလိုသာဆက်နေရင် သေတာကမှ ကောင်းပါတယ်စတဲ့ စကားတွေကို သမ္ဗုလာက လျှောက်ထားတာပေါ့။

ယောက္ခမရှင်ရသေ့က သားတော်ကို ခေါ်ပြီးဆုံးမပါတယ်။ ဆုံးမတဲ့အထဲမှာ လင်ယောက်ျားရဲ့အကျိုးစီးပွားကို လိုလားတဲ့ မိန်းမမြတ်သမ္ဗုလာကြောင့် သင်ဟာ နူနာရောဂါပျောက်ပြီး မင်းအဖြစ်ကို ရခဲ့တယ်။ ကျေးဇူးရှင်ကို ပြစ်မှားတဲ့သူဟာ အလွန်ယုတ်မာတယ်လို့ ပြတ်သားစွာ ပြောဆိုဆုံးမပါသတဲ့။

တော်ပါသေးရဲ့ကွယ်၊ ယောက္ခမက သူတော်ကောင်းဖြစ်ပေလို့ပဲ။ အဲဒီတော့မှ သောတ္ထိသေနက နောင်တရပြီး သမ္ဗုလာကို တောင်းပန်ပါသတဲ့။ ပြီးတော့ ချစ်ခင်စွာ ဆက်ဆံပြီး ကုသိုလ်ကောင်းမှုများ ပွားများကြပါသတဲ့။

အဲဒီဇာတ်မှာ ယောက္ခမ ရှင်ရသေ့ဟာ ဂေါတမမြတ်စွာဘုရားအလောင်းပေါ့။ သောတ္ထိသေနက ကောသလမင်းကြီး၊ သမ္ဗုလာကတော့ မလ္လိကာမိဖုရားပေါ့ သမီးရဲ့။ တို့အခုခေတ်မှာ ဖြစ်ပျက်သမျှကိစ္စအမျိုးမျိုးနဲ့တူတဲ့ ဇာတ်တွေ ဘုရားဟောကျမ်းဂန်တွေထဲမှာ အများကြီးရှိပါတယ်။ သေသေချာချာဖတ်ရင် စိတ်နှလုံးအေးချမ်းနိုင်ပါတယ်။

⊠⊠ ⋇⋇ ⊠⊠

ကျွန်မသည် သောတ္ထိသေနဇာတ် တစ်နည်းဆိုရင် သမ္ဗုလာဇာတ်ပေါ့ (မယားလိမ္မာ မှန်သစ္စာဇာတ်လို့လည်း အမည်ပေးနိုင်ပါသေးတယ်။) အဲဒီဇာတ်ကိုပြောရင်း အခုခေတ်နဲ့ ဘုရားဟောဇာတ်တို့ကို ယှဉ်ကြည့်ရင် တူတာရှိသည်ဟု ဆိုခဲ့ပါ၏။ မှန်လည်း မှန်ပါသည်။ လူများမှာ လောဘ၊ ဒေါသ၊ မောဟဦးစီးထားလျှင်ဖြင့် ခေတ်တွေ ဘယ်လောက်ပဲပြောင်းသည်ဖြစ်စေ စရိုက်က တူနေတတ်ပါသည်။

ဘုရားဟောဇာတ်တွေ ဖတ်လျှင်ဖြင့် အော်– ဟိုတုန်းကလည်း



ဒီလိုပါပဲလားဟု ဖြေသိမ့်ရန်လိုသည့်အခါ ဖြေသိမ့်နိုင်ပါသည်ဟု သမီးကို ကျွန်မပြောမိသော်လည်း သောတ္ထိသေနကိုတော့ ကျွန်မ မကျေနပ်ပါ။ ကိုယ်ချင်းစာတရား နည်းပါးလွန်းသောကြောင့်သာ အဖိုးတန်မယားကို ဤသို့ မထိမဲ့မြင်ပြုသည်ဟု ကျွန်မထင်ပါသည်။ ရှင်ရသေ့သာ မကယ်လျှင် သမ္ဗုလာ သေသွားနိုင်စရာရှိပါသည်။

အစဉ်းစားကြီးသော ကျွန်မအနေဖြင့် သမီးကို ပြောအပြီးမှာ ထပ်မံစဉ်းစားပြန်ပါသေးသည်။ သောတ္ထိသေနရဲ့မည်းတော်က ဂေါတမမြတ်စွာဘုရားရဲ့ အလောင်းတော်သာ ဖြစ်သည်။ ကျွန်မတို့က ဘုရားစင်စစ်ဖြစ်တော်မူပြီးနောက် ဟောကြားသော တရားဓမ္မများနှင့် တိုက်ရိုက်ထိတွေ့နေရသူများဖြစ်သည်။ ထိုသို့ဆိုလျှင် လောကဓံကို ပြေအောင်ဖြေဖျောက်ကြစတမ်းဆိုလျှင် ကျွန်မတို့မှာလည်း အားကိုးဖွယ်ရာ တရားဓမ္မများ ရှိနေသေးသည်။

ကျွန်မသည် သမီး၏ ဦးခေါင်းကို သပ်ကာသပ်ကာ ပုံပြောနေရင်းမှ ရုတ်တရက်ထ လိုက်သည်တွင် သမီးက ဘာလဲမေမေဟု အံ့သြစွာ (နည်းနည်းဖြစ်ဖြစ် ကြောက်လန့်စွာ)မေးလိုက်ပါသည်။ ကျွန်မက တရားသွားနာမလို့ဟုဆိုကာ မဟာမြိုင်ဆရာတော်၏ တရားခွေ အသင့်ထည့်ထားသော ကက်ဆက်ရှိရာ စားပွဲကလေးဆီသို့ ထွက်ခဲ့ပါတော့သည်။

ပန်းဝေသီ (၁၉၉၆ ခု၊ မတ်လ)

⊠⊠ ⋇⋇ ⊠⊠

www.burmeseclassic.com

www.burmeseclassic.com



# ရွှေအိမ်သည်နှစ်ယောက်အကြောင်း

# ရွှေအိမ်သည်နှစ်ယောက်အကြောင်း

ကျွန်မ ကောင်းစွာမကျန်းမာသောကြောင့် ပုံပြောရာတွင် မတွင်ကျယ်ပါ။ စကားများများပြောတတ်သော ကျွန်မကို သမီးက စိုးရိမ်စိတ်ဖြင့် ကြည့်နေတတ်ပါသည်။ ကျွန်မကလည်း အသက်က စကားပြောသည်ထင့်၊ လာသံမှုလူကို ကျွန်မ၏ဘက်က မနားတမ်းစကားပြောသည့်အကျင့်ကြီးကို ကိုယ်တိုင် မနှစ်သက်ဘဲ မြဲစွဲစွာ လုပ်နေမိတတ်သည်။ သမီးက ဧည့်သည်များပြန်သွားသည့်အချိန်တွင် အိမ်တွင်းမှ ထွက်လာကာ အမေတို့များတော့ စံပါပဲဟု အပြစ်တင်သံဖြင့် ပြောတတ်သည်။ အလွန်ရင်းနှီးသည့် ဧည့်သည်များကို သူကိုယ်တိုင်ထွက်၍ ဧည့်ခံကာ အမေက စကားများများပြောအပြီး အိပ်ရာထဲ လဲတတ်သည့်အကြောင်း ပွင့်ပွင့်လင်းလင်းပင် ပြောပြတတ်သည်။

သမီးဘက်က အမေကောင်းစေချင်၍ စကားများများ မပြောရန် ဘယ်လိုပင်တားသော်လည်း ကျွန်မကတော့ မလျှော့ပါ။ မလျှော့သော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ပင် ရွှေအိမ်သည်နှစ်ယောက်၏အကြောင်းကို ပြောပြမိခြင်း ဖြစ်ပါသည်။

⊠⊠ ⁑ ⊠⊠

သမီးတို့ရေ–

အမေကတော့ စာရေးမယ်ဆိုရင်လည်း စကားနဲ့အရင်ရေးတတ်တော့ စကားမပြောဘဲ မနေနိုင်လို့ ပြောကိုပြောရမှာပါပဲ။ အထူးသဖြင့် အများတကာ မှားနေလေ့ရှိတဲ့ ရွှေအိမ်သည်အမည်ခံ မင်းသမီးနှစ်ပါး အကြောင်းကို ပြောပြချင်တယ်။

၁၀၈၄ မှာ နန်းတက်တဲ့ ကျန်စစ်သားမင်းကြီးမှာ မိဖုရားခေါင်ကြီးအပယ်ရတနာက သမီးကလေးမွေးတယ်။ သူ့အမည်က ရွှေအိမ်သည်တဲ့။ အမေရဲ့ စိတ်အထင်တော့ ရွှေအိမ်သည်ဆိုတာ အမည်ဟုတ်ပုံမရပါဘူး။ ဘွဲ့ဖြစ်ပါလိမ့်မယ်။ ပုဂံခေတ်က နန်းတော်လို့မခေါ်ဘဲ အိမ်တော်လို့ ခေါ်လေ့ရှိတယ်။ အိမ်တော်ရှင်ဆိုတဲ့အမည်နဲ့ မင်းရှိနေတာက သက်သေပဲလေ။

အဲဒီရွှေအိမ်သည်ကလေးဟာ ပဋိက္ခရားမင်းသားလေးနဲ့ ချစ်ကျွမ်းဝင်ခဲ့ပါသတဲ့။ ပြဒါးရှင်လုံးကို ပါးစပ်ထဲမှာငုံပြီး ခရီးသွားတတ်တာတွေ ဘာတွေကိုတော့ ယုတ္တိမတန်လွန်းလို့ ထားခဲ့တော့မယ်။ ပြောချင်တာကတော့ ရွှေအိမ်သည်ကလေးဟာ သူ့ချစ်သူကို သူမယူခဲ့ပါဘူး။ အဖေအမေ အဲလေ– မင်းသမီးဆိုတော့ ခမည်းတော်နဲ့မယ်တော်တို့ သဘောတူမှုတဲ့ စောယွမ်းဆိုတဲ့မင်းသားကို လက်ဆက်ခဲ့ပါတယ်။ ရွှေအိမ်သည်ခမျာ အလွန့်အလွန်ကို ဆွေးရှာမှာပါပဲ သမီးတို့ရေ– ဘာကြောင့်လဲဆိုတော့ ကိုယ်မချစ်မနှစ်သက်တဲ့သူလည်း ဖြစ်တယ်။ ပြီးတော့ စောယွမ်းက စောလူးရဲ့သား၊ ခြေတစ်ဖက်ကလည်း မသန်ရှာဘူးတဲ့။

အသိပညာရော အလှအကျင့်ပါ သူ့ခမည်းတော် စောလူးနဲ့သာတူရင် ကျန်စစ်မင်းရဲ့သမီး ရွှေအိမ်သည်ခမျာတော့ စိတ်စက်အတော်မချမ်းမသာ ဖြစ်ရရှာမှာပဲ။ ဘာပဲဖြစ်ဖြစ်လေ မင်းသမီးတစ်ပါးအနေနဲ့ မွေးလာတဲ့ရွှေအိမ်သည်အဖို့ စောင်လေမျိုးနွယ်ဆိုတဲ့ သားသမီးဝတ္တရားထဲ နောက်ဆုံးအချက်နဲ့ ပိုပြီးငြိနေတော့တာပေါ့။ အမေဖြင့် ရွှေအိမ်သည်ကို



ရော သူ့အမေ အပယ်ရတနာကိုရော သိပ်သနားတာပါပဲ။ ဒါပေမယ့်လည်း လူဆိုတာက တစ်ယောက်ချင်းနေလို့ရတာမှ မဟုတ်တာ၊ အသင်းနဲ့အဖွဲ့နဲ့၊ အမျိုးနဲ့အဆွေနဲ့၊ နိုင်ငံနဲ့ နေကြရတာဆိုတော့ စောင့်ထိန်းရမယ့် တာဝန်နဲ့ ဝတ္တရားက အများသားပဲ။

ကျန်စစ်မင်းကြီးက ဒိပြင်သူရဲကောင်းတွေ မင်းညီမင်းသားတွေကို မရွေးဘဲ စောယွမ်းကိုမှရွေးရတာက ဘာကြောင့်လဲဆိုတာ အမေ တွေးမိတာပေါ့။ စောလူးက အနော်ရထာမင်းရဲ့သား၊ စောယွမ်းက အနော်ရထာမင်းရဲ့မြေးလေ။ သူတို့တော်တာ မတော်တာအပထား၊ အနော်ရထာမင်းရဲ့ အရှိန်အဟုန်ဆိုတာက တော်တော်နဲ့ ပျောက်ပျက်မှာမှ မဟုတ်တာ။ အဲလေ အခုထိကော ပျောက်လို့လား။ သမီးတို့ ငယ်ငယ်ကတည်းက ပုဂံအကြောင်းသင်ရင် အနော်ရထာကို ချန်ထားလို့မှမရတာ၊ အခုတောင် အမေတို့ သူ့အကြောင်းကို ထည့်ပြောနေရသေးတာလေ။

အဲ.. ဘယ်ရောက်သွားပါလိမ့်။ အင်း.. အင်း.. ဟုတ်ပြီ၊ ကျန်စစ်မင်းကြီး နန်းတက်တဲ့အထိ ရာဇဘိသေက ခံယူတဲ့အထိ အနော်ရထာဆက် မင်းတစ်ပါးပါးသာ နန်းတက်သင့်တယ်လို့ ထင်ကြတဲ့သူတွေ ရှိမှာပဲ။ လူဆိုတာ စိတ်ချင်းတူနိုင်တာမှ မဟုတ်တာ။ ထို့အတူပါပဲ၊ မင်းမျိုးဟုတ်ဟုတ် မဟုတ်ဟုတ် ငါတို့တော့ ငါတို့ကြည်ညိုတဲ့ ကျန်စစ်မင်း နန်းတက်တာကိုပဲ သဘောကျတယ်လို့ ဆိုတဲ့သူတွေလည်း ရှိမှာပါပဲ။ အဲဒီတော့ သမီးရယ် ကျန်စစ်သားက သူ့သမီးကို အနော်ရထာမင်းရဲ့မြေးနဲ့ပေးစားလိုက်ရာက မွေးဖွားလာတဲ့ အလောင်းစည်သူမင်းကြီးဟာ မင်းဆက်နှစ်ဆက်လုံးကရော မင်းဆက်တစ်ခုစီကို လိုလားကြတဲ့ လူအမျိုးမျိုးကိုရော နှစ်သက်ဝမ်းသာစေတဲ့ မင်းလောင်းတစ်ပါး နန်းလျာတစ်ပါး ဖြစ်လာတော့တာပါပဲ။

⊠⊠ ⁑ ⊠⊠

အခုဆက်ပြီး ပြောမှာကတော့ နရပတိစည်သူမင်းကြီးရဲ့ သမီးတော် ရွှေအိမ်သည်ရဲ့အကြောင်းပါပဲ။ နရပတိစည်သူနဲ့ ကျန်စစ်မင်းတို့နဲ့ အကြားမှာ အလောင်းစည်သူ၊ နရသူ(ကုလားကျမင်း)၊ မင်းယဉ်နရသီး

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ မင်း ၃ ပါးခြားနေတယ်ဆိုတာကို သတိပြုကြဦးနော်။ အမေက ဟိုတစ်နေ့က အမေတို့အိမ်ကို ချစ်ချစ်ခင်ခင် လေးလေးမြတ်မြတ် ထမင်းဖိတ်ကျွေးတဲ့ မုံရွာသားစာရေးဆရာ သုံးယောက်အနက်က အသားညို သလောက် မျက်နှာချိုပြီး အလွန်လည်း ပညာတတ်တဲ့ ဆရာဝင်းမောင် (သမိုင်း)တို့နဲ့ ဒီနေရာမှာတော့ သဘောထားကွဲလွဲသကွယ်။ သဘောထား ဘာကြောင့်ကွဲသလဲဆိုတာထက် သမီးတို့ သိထားဖို့က သဘောထားကွဲလွဲခွင့်ဆိုတာရှိတယ်။ မိမိရဲ့သဘောထားအတွက် မိမိဘက်က သေချာအောင် စဉ်းစားတွေးတောထားသင့်တယ်။ အထောက်အထားရှာသင့်တယ်ဆိုတာကို ပြောချင်တာပါပဲ။

အဲလေ..သမီး နန့်ချစ်ကြည်က အမေစကားများတာကိုပဲ ပြောပြောနေ၊ အမေ့မှာလည်း ပြောရင်း ရှင်းစေချင်လို့ ထပ်ထပ်ပြောရတာကြောင့် စကားကြောက ရှည်ရတာပါကွယ်။

ကဲ... ထားပါတော့လေ။ နရပတိစည်သူမင်းရဲ့ လက်ထက်မှာ အနော်ရထာရဲ့လက်ထက်က ပုဂံကို သံ့ပန်းအဖြစ် ခေါ်ဆောင်လာတဲ့ မနူဟာ(မကုတ)မင်းရဲ့ မြေးတော်သူ အဿဝတ်မွှာက ပုန်စား ပုန်ကန် ပြုဖို့ ကြံပါသတဲ့။

အဿဝတ်မွှာက မင်းစီးလှေတော် (မကုတနဲ့ ပါခဲ့တာထင်ပါရဲ့) ကို ပုပ္ပားကို ယူသွားသတဲ့။ ပြီးမှ ပုပ္ပားမှာ အခြေပြုပြီး လူစုမှာပေါ့လေ။ အမေက စာအုပ်တစ်အုပ်ထဲမှာ လှေတော်ကို ပုပ္ပားယူသွားတဲ့အကြောင်း ရေးခဲ့တယ်။ အဲဒီတော့ တခြားလူက မဝေဖန်ခင် သမီးတို့ ကိုကြီးထင်က အမေ– ပုပ္ပားကို ရေကြောင်းကသွားလို့မှမရတာ လှေကို ဘာလို့ယူသွားတယ်လို့ ရေးရတာလဲ၊ တစ်နေရာရာမှာများ မှားနေသလားလို့ အမေ့ကို မေးခဲ့တယ်။ အတော်ခက်တဲ့ကောင်၊ တွေးတော့တွေးပါရဲ့၊ တွေးချက်က တစ်လွဲချည်းပဲ။ အမေကလည်း သက်သက်သာသာပဲ ပြောလိုက်တယ်၊ ဟဲ့ကောင်... အခုခေတ် လှေပြိုင်ပွဲတွေ ဘာတွေကျင်းပမယ်ဆိုတော့ လှေတွေရေကြောင်းကနေပြီး ယူခဲ့သလား၊ ကားကြီးတွေပေါ်ကို တင်ပြီးယူခဲ့သလား။ ဟိုတုန်းက ကားမရှိလည်း တင်စရာတစ်ခုခုပေါ်မှာတင်ပြီး နွားတွေ၊ ကျွဲတွေ၊ မြင်းတွေနဲ့ ဆွဲလို့ရတာပဲဟာ။



လှေကို ယူသွားတာက စီးဖို့မဟုတ်ဘူး။ မင်းစီးတဲ့လှေဖြစ်လို့ အဆောင်အယောင်အနေနဲ့ယူတာဟဲ့လို့ ပြောရသေးတယ်။

အဲသလို အဿဝတ်မွှာရဲ့ လုပ်ရပ်ကို နရပတိစည်သူမင်းကြီး ကြားတဲ့အခါမှာ ကိုယ်တော်တိုင် ပုပ္ပားကို လိုက်သွားပါသတဲ့။ ပြီးတော့ အဿဝတ်မွှာနဲ့တွေ့ပြီး ကိုယ့်တော်တိုင် ဖျောင်းဖျနားချပါတယ်။

အဿဝတ်မွှာ ငါ့ကို ပုန်စားပုန်ကန် မပြုပါနဲ့။ မင်းကို ငါနဲ့ ကိုယ်တူပြုပြီး မြှောက်စားပါ့မယ်။ မင်းရဲ့သား နာဂသမန်းကိုလည်း ငါ့သမီး ရွှေအိမ်သည်နဲ့ ပေးစားပါ့မယ်လို့ ပြောပါသတဲ့။

ပြီးတော့ အဿဝတ်မွှာကို လွှတ်တက်မင်းသားကြီး။ ဆိုလိုတာက လွှတ်တော်ကို တက်ခွင့်ရတဲ့မင်းသားကြီး အဆောင်အယောင်နဲ့ ချီးမြှင့်ပါသတဲ့။ သူ့သမီးတော် ရွှေအိမ်သည်ကိုလည်း နာဂသမန်းနဲ့ ပေးစားပါသတဲ့။ သူတို့ကနေ ဘယ်သူ့ကို မွေးဖွားတယ်လို့တော့ အမေ မဖတ်မိပါဘူး။ အမေမသိတဲ့ စာပေထဲမှာတော့ ရှိချင်ရှိမှာပေါ့လေ။

⊠⊠ ⁜⁜ ⊠⊠

မြန်မာနိုင်ငံသမိုင်းစာအုပ်များထဲမှာ ရွှေအိမ်သည်လို့ ဆိုတာနဲ့ သက္ကရာဇ်ကို သေသေချာချာ မဖတ်ဖြစ်ဘဲ ကျန်စစ်မင်းကြီးက သမီးတော်ကို မကုတရဲ့မြေး နာဂသမန်းနဲ့ ပေးစားတယ်လို့ရေးထားကြတာ များပါတယ်။ ဒါက အမေပြောတဲ့စကား မဟုတ်ပါဘူး။ သမိုင်း သုတေသနဦးစီးဌာနက ဒေါက်တာဒေါ်ရီရီတို့ကိုယ်တိုင် ကျောက်စာကို သေသေချာချာဖတ်ပြီးမှ ပြန်ပြင်ရတဲ့ အချက်ပါ။ မှားတဲ့အချက်ကို ဆက်ပြီးရေးနေကြတာကိုတော့ ပြင်သင့်ကြပါပြီ။

ဘာပဲပြောပြော ကျန်စစ်မင်းကြီး နတ်ရွာစံပြီး ၆၁ နှစ်ရှိမှ နန်းတက်တဲ့ နရပတိစည်သူရဲ့သမီး ရွှေအိမ်သည်နဲ့လက်ဆက်သူက မကုတခေါ် မနူဟာရဲ့မြစ်တော် နာဂသမန်းဖြစ်ပါတယ်။

ဒီနေရာမှာလဲ ချစ်စကို ရှည်သထက်ရှည်အောင် မုန်းစကို တိုသထက်တိုအောင် ကိုယ်တောင်တိုင် နာတယ် သာတယ် သဘောမထားဘဲ ပုပ္ပားကိုလိုက်ပြီး အဿဝတ်မွှာကို နားချတဲ့ နရပတိစည်သူကိုလည်း ချီးကျူးဖို့ သင့်လှပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ခမည်းတော်က နာဂသမန်းကို လက်ဆက်စေလို့ဆိုတဲ့ အခါမှာလည်း မငြင်းမဆန်ဘဲ လက်ဆက်ခဲ့ဟဲ့ ရွှေအိမ်သည်ကလေးကို လည်း ချီးကျူးလိုပါတယ်။

သမီးတို့ရေ– အမေက ရွှေအိမ်သည်ဆိုတာ ဘွဲ့အမည်အရည်လို့ပဲ ထင်တယ်။ ဘွဲ့ဆိုတာလည်း ထပ်တလဲလဲ ပေးလို့ရတယ်။ အမည်ဆို တာလည်း ထပ်တလဲလဲ ပေးလို့ရတာပါပဲ။ အဲဒီတော့ သမီးတို့မှတ်ထား ရမှာက ပုဂံမှာ သူ့နည်းနဲ့သူ ထင်ရှားတဲ့ ရွှေအိမ်သည် အမည်ရမင်းသမီး နှစ်ပါးရှိတယ်။

တစ်ပါးက ကျန်စစ်မင်းကြီးရဲ့သမီး ရွှေအိမ်သည်၊ ချစ်တဲ့သူ ပဋိက္ခရားကို မယူဘဲ မွေ့ခံထိုက်စေဆိုတဲ့ ဝတ္ထုရားနဲ့ စောင့်လေမျိုးနွယ် ဆိုတဲ့ ဝတ္ထုရားနှစ်ပါးကို ဖြည့်ဆည်းခဲ့တယ်။ မွေ့ခံထိုက်စေဆိုတာက ထီးမွေနန်းမွေကို သူမွေးတဲ့သားက ထိုက်တန်စွာ ဆက်ခံရအောင် ဖြည့် ဆည်းတဲ့ဝတ္ထုရားပဲ ဆိုကြပါစို့လေ။

ဒုတိယ ရွှေအိမ်သည်ကတော့ နရပတိစည်သူမင်းကြီးရဲ့ သမီး ရွှေအိမ်သည်ဖြစ်တယ်။ သူကလည်း မွေ့ခံထိုက်စေနဲ့ စောင့်လေမျိုးနွယ် ဆိုတဲ့နှစ်ပါးကို ကျေပွန်ခဲ့တဲ့ မင်းသမီးပဲ ဖြစ်ပါတယ်။ နာဂသမန်းက မွန်မင်းသားလေ သမီးတို့ရဲ့။ သူတို့က ကိုယ့်တိုင်းရင်းသား အချင်းချင်း ဆိုတော့ ဆွေမျိုးရင်းခြာတွေပေါ့။ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်တယ် လို့ပဲ ပြောပါရစေတော့။ မွန်မြန်မာ ပိုမို ကျစ်လျစ်နိုင်မာစွာ ချစ်ခင် နိုင်အောင် သူက အကျိုးဆောင်ပေးပေတယ်လို့ ဆိုကြပါစို့လေ။

အမေက သမိုင်းတွေကို ပုံပြင်လုပ်လုပ်ပြီး ပြောနေတယ်လို့ တချို့ က ဆိုချင်ကြပါတယ်။ သမိုင်းဆိုင်ရာ ပုံပြင်များဆိုတာ သီးခြားကဏ္ဍခွဲပြီး ရေးသားပြောဆိုကြပါတယ်။ အမေအခုပြောတဲ့ မင်းသမီးနှစ်ပါးဟာ သမိုင်း သင်ခန်းစာထဲမှာ တစ်မှားထဲမှားနေကြလွန်းလို့ သမီးတို့ကို ပြောမိတာပါပဲ။

⊠⊠ ⁑ ⊠⊠

ကျွန်မ၏ ပုံပြောခန်းသည် အခုတစ်ပတ်မှာတော့ မနက်အစော ကြီးစာ စားနေရာ ထမင်းစားခန်းစားပွဲတွင် ဖြစ်ပါသည်။ သမီးရေဟု




သမီးတစ်ယောက်တည်းကို မခေါ်ဘဲ သမီးတို့ရေဟု ခေါ်လိုက်သည်မှာ မကြာမီက ကောက်ရလိုက်သော သမီးကလေး သက်သက်မော်ပါ ပုံနား ထောင်သူအဖြစ် ပါဝင်လာသောကြောင့် ဖြစ်ပါသည်။ အဝေးသင်မှ ဘွဲ့ရပြီးနောက် ကျွန်မတို့အိမ်တွင် ကွန်ပျူတာသင်တန်း လာတက်နေရင်း က ကျွန်မ၏ အတွယ်တာကိုခံကာ အတူနေချိန်များလာသော သမီး ကလေး မသက်သည်လည်း ကျွန်မ၏ပုံပြင်ပြောခန်းများတွင် ဆက်လက် ပါလာဦးမည်မှာ သေချာပါသည်။

ပန်းဝေသီ (၁၉၉၆ ခု၊ ဧပြီလ)

⊠⊠ ⁑ ⊠⊠

www.burmeseclassic.com

www.burmeseclassic.com



ဟာသရသ

## ဟာသရသ

အရင်တစ်ပတ်က ကျွန်မတို့အိမ်တွင် ကျွန်မ၏ အတွယ်တာကိုခံကာ ရောက်ရှိနေသော သမီးကလေး မသက်၏အကြောင်းကို ပုံပြောခန်းတွင် ထည့်၍ ပြောပြီးပါပြီ။ မသက်သည် အရာရာကို ဖြီးခနဲ ဖြတ်ခနဲ ဟာသနှောကာ ပြောတတ်သည်။ ဥပမာ မပေးနိုင်လောက်အောင်ပင် သူ့ဟာသများက နေ့စဉ်ဖြစ်နေသောဖြစ်ရပ်များ ပြောမိသောစကားများနှင့် ယှက်နွှယ်နေပါသည်။

တစ်ခါတလေ သမီး မသက်၏ ဟာသကို မိမိရရ မှတ်ရသည်။ သို့မှသာ နောက်တစ်နေ့ ကျောင်းသို့အရောက်တွင် ကျွန်ဆရာမများအား ကျွန်မကတစ်ဆင့် ဖောက်သည်ချနိုင်မည်ဖြစ်ပါသည်။

တစ်နေ့တွင် စာပေဟောပြောပွဲများ၊ စီနီရတုဂုဏ်ပြုပွဲများတွင် ပန်ကြသော သန့်စင်ပန်းများအကြောင်းကို ကျွန်မ စကားစပ်၍ ပြောမိသည်။ "သန့်စင်ပန်းတွေက ရာသီကုန်နေပြီ။ အမေကတော့ ဟောပြော

www.burmeseclassic.com

www.burmeseclassic.com



ပွဲတွေ လိုက်စရာရှိနေသေးတယ်၊ ဒီတစ်ခါပွဲကျရင် ပန်းဝယ်ပြီး ပန်ရတော့မယ်''ဟု ကျွန်မက ပြောမိသည်။ နန့်ချစ်ကြည်က ကျောင်းသွားခါနီးအချိန် ကျွန်မကို ခြံတွင်းမှာပွင့်သည့်ပန်းကို ပန်ပေးနေခိုက်တွင် ပြောမိသောစကား ဖြစ်ပါသည်။ ကျွန်မ၏စကားအဆုံးတွင် မသက်က ''အမေက ဘာပန်းပန်မှာလဲဟင်''ဟု မေးလိုက်သည်။ ကျွန်မက ''အဲဒီအချိန်မှာ ပေါ်တဲ့ပန်းပေါ့ သမီးရယ်''ဟု ဖြေလိုက်သည်။ မသက်က ''ဒီအချိန်မှာ အလတ်ဆတ်ဆုံးကတော့ ပန်းဂေါ်ဖီတွေပဲအမေရေ့၊ အဲဒီပန်းကိုပန်ရင် ဆံညှပ်အတွက်လည်း မပူရတော့ဘူး၊ မီးညှပ်ရှိတယ်''ဟု ပြောလိုက်ပါသည်။ သူကလေး၏ စကားကိုပြောသည့်လေသံနှင့် ဟန်ပန်တို့က ကူလိုက်သောအခါ ကျွန်မမှာ သီးမတတ်ပင် ရယ်ရပါသည်။

မသက်ပြောသော ဟာသနှောသည့် စကားများကို မှတ်တမ်းတင်ထားလျှင် ရယ်စရာပေါင်း သောင်းခြောက်ထောင်မက ရှိလာမည်ဟု ကျွန်မယုံကြည်ပါသည်။ အခုအချိန်မှာတော့ ကျွန်မတို့အိမ်တွင် နေ့ရယ်ညရယ် မခွဲခြားဘဲ မသက်ပါးစပ်ဟလျှင် ရယ်စရာပါစမြဲဟုပင် ပြောရပါတော့မည်။

ထို့ကြောင့်ပင်လျှင် ဒီတစ်ပတ်ပုံပြောခန်း၌ ဟာသရသကို ဦးတည်ကာ ပြောမိသွားခြင်း ဖြစ်ပါသည်။

သမီးတို့ရေ–

ရှေးရှေးတုန်းက တက္ကသိုလ်မှာ ယောက်ျားများ သွားရောက်သင်ယူကြတဲ့ အတတ်ပညာက ၁၈ မျိုးတောင်ရှိပါသတဲ့။ လေးအတတ်၊ မြားအတတ်တွေကတော့ ထားပါတော့လေ။ ယောက်ျားတွေ တတ်အပ်တဲ့ ပညာဆိုတာ သိသာပါတယ်။ ဒါပေမယ့် အထူးစိတ်ဝင်စားစရာကောင်းတာကတော့ ဟာသဆိုတဲ့ ရယ်စရာကို ပညာရပ်တစ်ခုအနေနဲ့ ဆည်းပူးရတယ်လို့ ဆိုတာကို အမေစိတ်ဝင်စားပါတယ်။

လူတွေရဲ့ ကိုယ်ရည်ကိုယ်သွေးနဲ့ ပတ်သက်လာရင်လည်း ဟာသဉာဏ်၊ ဟာသညာဉ်ရှိခြင်းကို အရည်အချင်းတစ်ရပ်အနေနဲ့ ထည့်သွင်းတွက်ချက်တတ်ကြပါတယ်။ အဲဒါကတော့ တကယ့်ကို လိုအပ်တဲ့ အရည်အချင်းပါပဲ။ ထောင်တန်တဲ့စကား ရယ်ရင်ပေါ့တယ်လို့ ပြောကြပေမယ့် တင်းမာနေတဲ့အခြေအနေ မလိုအပ်ဘဲ ခွန်းပဲကြီးပြီး မပြီးနိုင် မစီးနိုင် ဒေါသဖြစ်နေတဲ့ အခြေအနေမှာဆိုရင်တော့ ဟာသကလေးနှောပြီး ပြောတတ်ဆိုတတ်တဲ့သူတစ်ယောက်ရဲ့ စကားနဲ့ ပြေလည်ကျေအေးသွားတာတွေလည်း ရှိတတ်ပါတယ်။ အမေတို့ တက်ရတဲ့ အစည်းအဝေးတွေမှာတောင် တင်းမာနေတဲ့အခါ ရယ်ရယ်မောမောနဲ့ ဖြေပြီးပြောတတ်တဲ့သူရှိရင် ပြေလည်သွားတတ်တာ အမေ အခါခါ သတိထားမိပါတယ်။

ရှေးရှေးတုန်းက ဥရောပက ဘုရင်များရဲ့နန်းတော်မှာ ဘုရင်များ၊ မိဖုရားများနဲ့ တော်ဝင်မိသားစုများကို ဖျော်ဖြေရတဲ့ ရွှေနန်းသုံး လူရွှင်တော်တွေ ထားတတ်သကွယ့်။

တကယ်ဆိုရင် အဲဒီလူရွှင်တော်တွေဟာ ပေါတောတောတွေ မဟုတ်ပါဘူး။ အင်မတန် ထက်မြက်တဲ့ဉာဏ်ရှိသူများပါပဲ။ ဘုရင့်အနီးအနားမှာနေပြီး ဖျော်ဖြေရတယ်ဆိုတာ တကယ်တော့ လည်ဂုတ်ပေါ်မှာ ဓားဝဲနေတဲ့ အခြေအနေနဲ့ နေ့တစ္ဆဝ ရင်ဆိုင်နေရတာကွယ့်။ လွယ်တာ မဟုတ်ဘူး။ ဒီလိုအခြေအနေမှာ ဘုရင်ကြီးလည်း အငြိုးပြေပြီး နိုင်ငံတော်အရပ်ရပ်မှာ ဖြစ်နေတဲ့အကြောင်းအရာတွေကိုလည်း ဘုရင်ကြီး သိသင့်တာသိအောင် ဟာသနှောပြီး ပြောရတဲ့လူတွေ ဖြစ်ပါတယ်။

သမီးတို့ ဥရောပသမိုင်းနောက်ခံ ဇာတ်လမ်းတွေကို ရုပ်ရှင်ရိုက်ထားတဲ့ အခွေတွေကြည့်ရင် အဝတ်အစား ဆန်းဆန်းပြာပြာဝတ်ထားတဲ့ ရွှေနန်းသုံး လူရွှင်တော်တွေကို တွေ့ရတတ်တယ်နော်။ နောက်တစ်ခါဆိုရင် အမေ မှတ်မှတ်ရရ ပြပေးပါ့မယ်။

ဥရောပမှာ အဲသလိုဆိုတော့ မြန်မာမှာရော အဲသလို လူတွေ သဝ်သပ်ထားတယ်လို့ အမှတ်မထားမိဘူး။ ဒါပေမယ့် ရွှေနန်းတော်ထဲ ဝင်ပြီး ကပြကြရတဲ့ အငြိမ့်အဖွဲ့တွေမှာ လူရွှင်တော်တွေ ပါလာတာကိုး။ အဲဒီလူရွှင်တော်ဆိုတာကိုလည်း ပေါ့သေးသေးမမှတ်လေနဲ့၊ အလွန့်ကို ဟာသဉာဏ်ရွှင်ပြီး ပြောသင့်ပြောထိုက်တဲ့စကားကို ရှင်ဘုရင်သိလည်း သိအောင် နားလည်း ခံသာအောင် ပြောတတ်ရတယ်။ ပြောတတ်ရင်



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း ဆုတွေလာဘ်တွေ ရတတ်တယ်။ ဒါ့အပြင် ဘုရင် သိသင့်သိထိုက်တာတွေလည်း သိသွားစေနိုင်တာပေါ့။

အခုခေတ် လူ့ရှင်တော်တွေလည်း တော်ကြပါတယ်။ ဒါ့ကြောင့်လဲ မြန်မာ့အငြိမ့်သဘင်လာရင် မင်းသမီးက ဘယ်သူ့ယဲဆိုတာထက် လူရှင်တော်တွေက ဘယ်သူလဲဆိုတာကို ဂရုစိုက်ပြီး မေးကြပြောကြတာပေါ့လေ။

အဲဒီလို လူ့ရှင်တော်ကြီးတွေက ကမောက်ကမ ဖြစ်နေတဲ့ အခြေအနေကလေးတွေကို ပြေပြေပြစ်ပြစ်ကလေး ဟာသနှောပြီး ပြောကြတာပေါ့။ မပြေမပြစ်ရင်လည်း ခံကြရမှာပဲ။ ပရိသတ်က အပြစ်တင်တာကို ခံကြရမှာ ပြောတာပါအေ။ ရယ်မနေကြပါနဲ့။

တစ်ခုတော့ရှိတာပေါ့လေ။ ဘိုးတော်ဘုရား လက်ထက်တုန်းက အပါးတော်မှာ အမြဲစားရတဲ့ ပညာရှိအမတ်ကြီး ဦးပေါ်ဦးဆိုတာ ရှိသတဲ့ကွယ်။ တချို့ကတော့ အဲဒီဦးပေါ်ဦးဆိုတာ တကယ်မရှိခဲ့ဘူး။ ရှင်ဘုရင့်အနားမှာ ရာရာစစ ပြောချင်တာကို ပြောနိုင်တဲ့သူ မရှိပါဘူး။ ဒါက ဝန်စာရေးဦးကြီးဆိုတဲ့သူရဲ့ စိတ်ကူးက ထွက်လာတဲ့ ဇာတ်ကောင်တစ်ကောင်ဖြစ်တယ်လို့ ဆိုကြတယ်။ အင်း အမေတော့ ဟာသရသပြောရင်း ကျားမြီးကိုဆွဲမိပြီ ထင်ပါရဲ့။

ကဲ.. ကဲ ထားပါတော့လေ၊ မရှိဘူးလို့ဆိုတဲ့သူတွေရှိသလို ရှိတယ်လို့ ယုံတဲ့သူတွေကလည်း အများသားပါပဲ။ တချို့ကဆိုရင် ဦးပေါ်ဦး တည်ခဲ့တဲ့ ဘုရားတောင်မှ အခုထိ သူ့ဒေသမှာ ရှိနေတယ်လို့ အခိုင်အမာ ပြောကြသေးတာ။

အမေပြောချင်တာကတော့ ရှင်ဘုရင့်အကြိုက်ကို လိုက်ရတယ်ဆိုတာ မလွယ်ပါဘူး။ ဒီကြားထဲမှာ ပြောသင့်တာကိုလည်း ပြောပေးရသေးတာဆိုတော့ ပိုပြီး မလွယ်ပါဘူးဆိုတဲ့အကြောင်းပါပဲ။ တစ်နေ့တော့ ဘိုးတော်ဘုရားက လောကမှာ အဆိမ့်ဆုံးအစားအစာ၊ စားလို့အကောင်းဆုံးအစားအစာဟာ ဘာလဲလို့ မေးတော်မူပါသတဲ့။ အဲဒီတော့ ဦးပေါ်ဦးက 'လိပ်ဥပါဘုရား'လို့ ဖြေလိုက်ပါသတဲ့။ အဲဒီနောက်တော့ လိပ်ဥနဲ့ စပ်တဲ့စကား ဆက်မပြောတော့ဘူးပေါ့။



(မသက်ရေ– လိပ်ဥက မစပ်ဘူး၊ ဂေါ်တ်သီးမှစပ်တာလို့ နောက်မနေနဲ့ဦး၊ အမေပြောတာက ဆက်စပ်တာကို ပြောတာ၊ အံမယ် ကပ်သပ်ပြီးပြောရမယ်ဆိုရင် ဂေါ်တ်ဖြစ်ပြီး မစပ်တဲ့ ဂေါ်တ်သီးတွေတောင် ရှိသေးတယ်။ အမေဖြင့် အဲဒီအသီးတွေကို ရှရှမှာနေတုန်းက ဂေါ်တ်နဲ့မွှေးတယ်ဆိုပြီး ဝယ်ချက်တယ်။ ပြီးတော့ အနံ့သာပါပြီး အစပ်အရသာမပါလို့ သိပ်စိတ်တိုသွားတာပဲ။)

ကဲ.. အမေပြောနေတာက ဦးပေါ်ဦးရဲ့ သတိနဲ့ပတ်သက်တယ်။ ဘုရင်က အဲဒီစကားကိုမေးပြီး ဆက်မပြောတော့ဘူးဆိုတော့ ဒါဟာ တစ်နှစ်ရှိပဲဆိုတာ သေချာနေပြီပေါ့၊ အဲဒီတော့ ဦးပေါ်ဦးက သတိနဲ့နေတာပေါ့။ အတော်ကလေးကြာတော့ ရက်တွေကြာတာပြောတာနော်၊ ဘုရင်က ကောက်ကာငင်ကာနဲ့ ဟဲ့.. ပေါ်ဦးရဲ့ သူ့ချည်းပဲလားလို့ မေးလိုက်သတဲ့။ သတိကြီးစွာထားပြီးနေတဲ့ ဦးပေါ်ဦးက ဘုရင်ဟာ လိပ်ဥနဲ့ ပတ်သက်ပြီး မေးတာပဲဆိုတာ တန်းသိတာနဲ့ 'ဆားနဲ့ပါဘုရား'လို့ ဖြေလိုက်ပါသတဲ့။ အဲဒီတော့ ရှင်ဘုရင်က ပြုံးလို့ပေါ့လေ။ သူမေးချင်တာနဲ့ ကွက်တိဝင်သွားတာကိုး။

နောက်ပြီး ဘိုးတော်ဘုရားက အလွန်ကြီးတဲ့ ကောင်းမှုတော်ဘုရားကြီးကို တည်ခဲ့တာကိုး။ ဘုရားကြီးက မပြီးပါဘူး။ ဘုရားအနီးက ခြင်္သေ့ကြီးနှစ်ကောင်ကလည်း ကြီးလွန်းလို့ အချိုးမကျဘူးပေါ့လေ။ အဲဒီတော့ ဟဲ့... ပေါ်ဦးရဲ့ ငါ့ဘုရားက ခြင်္သေ့ကြီးတွေက ဘယ်လိုလဲ အချိုးကျရဲ့လားလို့မေးတဲ့ရှင်ဘုရင်ရဲ့ အမေးကို ဦးပေါ်ဦးက မှန်လှပါဘုန်းတော်ကြောင့် အရှင့်ခြင်္သေ့ကြီးတွေက ဟိုဘက်ကမ်းကနေပြီး ဒီဘက်ကမ်းကို ခုန်ကူးတော့မလားလို့ အောက်မေ့ရပါတယ်လို့ ဖြေသတဲ့။

ကြက်ကြက်ဖန်ဖန် အဖြေတွေလည်းရှိတာပေါ့ သမီးတို့ရယ်။ လှေပြိုင်ပွဲကျင်းပတော့ မိဖုရားကြီးရဲ့လှေကရှေ့ကပြေးပြီး ဘုရင်လှေက နောက်ကလိုက်နေရသတဲ့။ ဘုရင့်လှေက ရှုံးနေတာပေါ့လေ။ အဲဒီတော့ ဘုရင်က ဟဲ့.. ပေါ်ဦးရဲ့ ဘယ်လိုဖြစ်တာလဲလို့ မေးတာပေါ့။ အဲဒီတော့ ဦးပေါ်ဦးက မှန်လှပါ အရှင့်ကိုမဆိုထားနဲ့ အရှင့်လှေတော်ကိုတောင် ကြောက်ရွံ့ကြလွန်းလို့ ပြေးတာပါဘုရားလို့ လျှောက်ရသတဲ့။ ဒါတွေကို တကယ်

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်လို့ မပြောနိုင်ပါဘူးလေ။ ဒါပေမယ့် လက်သုံးတော်ခေါ်ဆိုတာ ထက်လှတယ်လို့ ဆိုရမယ့် ပဒေသရာဇ်ခေတ်ဆိုတဲ့ သရုပ်ကို ဖော်တဲ့ စကားတွေပဲလေ။ အနုခေတ်သာ ဒီစကားတွေကို ရယ်မောပြောဆိုနိုင်မယ့် အရင်ခေတ်ကတော့ ရှင်ဘုရင်ကြီးကို ပြုံးပျော်ရွှင်ပြအောင် ပြောနိုင်မှပဲ ကိစ္စအဝဝက ပြီးပြေမှာကိုး။ ဒါတောင် ဦးပေါ်ဦးကိုယ်တိုင် ချောက်ကျမယ့် အနေအထားနဲ့ ကြုံခဲ့ရသေးသတဲ့။

လူတွေထဲက တချို့ဟာ ဘုန်းတန်ခိုးအာဏာစတဲ့ အရာရာနဲ့ ပြည့်စုံသူများကို ချဉ်းကပ်ပြီး ကိုယ်ကျိုးစီးပွား တိုးပွားအောင် လုပ်ဆောင်ချင်တတ်ကြတယ်။ အဲဒီတော့ ဘုရင်နဲ့ အဆင်ပြေနေတဲ့ ဦးပေါ်ဦးကို ဘုရင်က အထင်မှားအောင်ဂုံးတိုက်ကြသတဲ့။ တိုက်ပါများတော့ ကျောက်တိုင်တောင် ယိုင်တတ်သေးတာကိုး။ အဲဒီတော့ ဘုရင်ကြီးက တစ်နေ့တော့ ဦးပေါ်ဦးကို အကဲစမ်းသတဲ့။ ညီလာခံမှာပေါ့လေ။ ငါကိုယ်တော်မြတ် တောရပ်မှီးပြီး တရားရှာမယ်။ ဘယ်သူတွေ လိုက်ကြမလဲလို့ မေးတာပေါ့။ ဟုတ်တာ မဟုတ်တာအပထားပြီး လိုက်မယ်လို့ ပြောတဲ့သူတွေများတာပေါ့။ ဦးပေါ်ဦးကတော့ လိုက်မယ်လို့ မပြောပါဘူးတဲ့။

ရှင်ဘုရင်က ဟဲ့… ပေါ်ဦးကရော မလိုက်ဘူးလားလို့ မေးလာတဲ့အခါမှာ မှန်လှပါဘုရား ကျွန်တော်မျိုးကတော့ သားကျွေးမှု မယားကျွေးမှုတွေရှိနေလို့ မလိုက်နိုင်သေးပါဘူးလို့ မှန်တာကို လျှောက်တင်တာပေါ့လေ။

အဲဒီအပြေရတော့ ဘုရင်က ညီလာခံကို ချက်ချင်း ရုပ်သိမ်းလိုက်သတဲ့။ ဦးပေါ်ဦးကတော့ အတွေးထက်တဲ့သူကိုး။ သူ့ကို တစ်ယောက်ယောက်က လုပ်ကြံပြီဆိုတာ သိလိုက်ပါသတဲ့။

အဲဒါနဲ့ ဒုက္ခမရောက်အောင် နောက်တစ်နေ့မနက် ရှင်ဘုရင်မျက်နှာတော်သစ်တဲ့အခါမှာ အဲဒီမျက်နှာသစ်ရေကျတဲ့ နန်းဆောင်ပြတင်းအောက်က ဘိုးသူတော်အဝတ်အစားကို ဝတ်ပြီးသား၊ ဆိုင်းထမ်းကို ထမ်းပြီးသား အနေအထားနဲ့ သွားစောင့်နေပါသတဲ့။ ဘုရင်ကြီးက ဝေလီဝေလင်းမှာဆိုတော့ ဟဲ့– အောက်က ဘယ်သူတုန်းလို့ မေးလိုက်ပါသတဲ့။ အဲဒီတော့မှ ဦးပေါ်ဦးက ပေါ်ဦးပါဘုရား၊ အရှင် ပါရမီကို



သူတော်အဖြစ်နဲ့ လိုက်ပါဖြည့်ဆည်းပေးဖို့ လာစောင့်နေတာပါဘုရားလို့ ပြန်လည် တင်လျှောက်ရပါသတဲ့။

အဲဒီတော့မှ ဘုရင်ကြီး ဟေ– အေး အေး ငါတောမထွက်ဖြစ်သေးပါဘူးကွယ်။ တောထွက်ဖြစ်ရင်တော့ ခေါ်ပါ့မယ်လို့ ပြောလိုက်သတဲ့။ အဲဒီတော့မှ ဦးပေါ်ဦးလည်း သက်မကြီးကို ဟင်းခနဲချပြီး သူ့အိမ်ကိုသူ ပြန်သွားပါသတဲ့။

အမေ အနုပြောတာတွေက ပါးစပ်ရာဇဝင်တွေကိုး။ ဘုရင်ဆိုတာလည်း ဒီလောက်တော့ အသိဉာဏ်ပညာ နည်းပါးမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ကိုယ်ကျိုးရှာသမားတွေ ဝိုင်းဝိုင်းလည်အောင် ပြောနေတဲ့စကားအမျိုးမျိုးကို ဝေဖန်ချင့်ချိန်ရတာ လွယ်တာမဟုတ်တော့ အဆုံးအဖြတ် မှားနိုင်ပါတယ်။ ဘုရင်ကြီး ဒါ– မှားနေတယ်လို့ ဆိုတာကို တိုက်ရိုက်ပြောလို့ မဖြစ်တော့ ဉာဏ်ကူပြောနိုင်တဲ့သူရှိရတတ်တယ်။ အဲဒီလူကလည်း ဟာသရသကို အကာအကွယ်ယူပြီး ပြောသင့်ပြောရာကို ပြောရရှာတယ်လို့ ဆိုနိုင်ပါတယ်။

အမေ အနုလိုပြောရင်းပြောရင်းနဲ့ ပေါ်လာတဲ့အချက်တွေ ရှိသေးတယ်။ အဲဒါကတော့ ရှင်ဘုရင်ကို ပုန်ကန်တဲ့ ရှရှတောင်သူလယ်သမား ပူဂါချော့ဗ်ဆိုတဲ့ခေါင်းဆောင်တစ်ယောက်ကြောင်းပါပဲ။ အမေ့သူငယ်ချင်းတွေကတော့ ပူဂါချော့ဗ်က ဘာပြောတယ်၊ ဘယ်လိုပြောတယ်ဆိုတာ အများကြီး ပြောခဲ့ကြတာကွယ့်။ ဒါပေမယ့် အမေ မှတ်မိတာကတော့ တစ်ခုပဲ။ အဲဒါက အရေးကြီးတယ်။ တစ်နေ့တော့ တောင်သူလယ်သမားတပ်နဲ့ ဘုရင့်တပ် ရင်ဆိုင်တွေ့ကြပါလေရောတဲ့။ အဲဒီတော့ တောင်သူလယ်သမားတပ်က ဘုရင့်တပ်လို အသေအချာ လေ့ကျင့်ထားတာမှ မဟုတ်တာ၊ ရင်ဆိုင်တိုက်လို့ မဖြစ်ဘူးလေ။ ဆုတ်ပေးရမှာပဲ။ ပူဂါချော့ဗ်က အဲဒီတော့ သူ့တပ်ကို ရန်သူနဲ့ မျက်နှာချင်းဆိုင်အနေအထားကနေပြီး တန်းစီညာညိုပြီး နောက်ဘက်ကို လှည့်နိုင်းလိုက်သတဲ့။

ပြီးမှ ငါတို့ရဲ့နောက်မှာ ရန်သူရဲ့တပ်ရှိတယ်။ အဲဒီတော့ ငါတို့တပ်က မျက်နှာမူထားရာ အရှေ့ဘက်ကို အပြင်းချီတက်ကြလို့ အမိန့်ပေးလိုက်သတဲ့။ ပြေးကြပေရော ပြောတာနဲ့ ရန်သူက နောက်မှာရှိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ကို အပြင်းချီတက်ကြဆိုတဲ့ သူ့အမိန့်က ဟာသရသ အပါသားနော်။

ဒါတွေက တကယ်ဖြစ်ခဲ့တာပဲ။ တကယ်ပြောခဲ့တာပဲလို့တော့ ဘယ်သူမှ အာမခံနိုင်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် ဟာသရသနဲ့တော့ ပြည့်စုံပါတယ်။ တချို့က ချက်ချင်းရယ်ရတာ၊ တချို့က တစိမ့်စိမ့်တွေး ပြီးမှ တခိခိရယ်ရတာ အဲသလိုမျိုး ဟာသရသက ကွဲပြားတတ်သေးတာ သမီးတို့ရဲ့။

ဘာပဲပြောပြော အပြစ်ကင်းတဲ့ အကုသိုလ်မဖြစ်တဲ့ ရယ်စရာ ကလေးတွေကိုတော့ ပြောကျင့်ရှိတာ ကောင်းပါတယ်။ နို့မဟုတ်ရင် လောကကြီးရဲ့ ကမောက်ကမဆန်တဲ့ အဖြစ်ကို မရယ်နိုင်ဘဲ ဒေါသနဲ့သာ ကြည့်နေရင် သေတာစောလိမ့်မယ်ဟုဆိုကာ ကျွန်မ၏ပုံပြင်ကို ကျွန်မ လက်စသပ်လိုက်ရပါသည်။

မသက်၏ ရယ်စရာ အမူအရာကလေးများကြောင့် ကျွန်မရော သူ့အစ်မ နန့်ချစ်ကြည်ပါ မကြာခဏ ရယ်ကာမောကာနှင့် ကျွန်မတို့ အိမ်ကလေး ပိုမိုစိုပြည်လာသည်ကို သတိထားမိလာပါသည်။

တစ်နေ့မှာတော့ အူတက်လို့သေတယ်ဆိုသည့် စကားအဓိပ္ပာယ်ကို ကျွန်မ နားလည်လုနီး ဖြစ်သွားပါသည်။ ထိုကဲ့သို့ နားလည်သည်ဆိုလျှင် နားလည်ပြီးတာနှင့် သေရောဟု ဆိုရမည်ဖြစ်ပါသည်။ အဲဒါကြောင့် နားလည်လုမတတ်ဟုသာ ပြောရပါတော့မည်။

ကျွန်မသည် ကျောင်းကပြန်လာသည်နှင့် ခဏနားကာ အစားစား ပါသည်။ ထို့နောက်မှ လုပ်ဆောင်စရာရှိသည်တို့ကို လုပ်ဆောင်ပါသည်။ နန့်ချစ်ကြည်ကတော့ အမေတော်တော့၊ အလုပ်မလုပ်နဲ့တော့ဟု ခဏ ခဏ သတိပေးသည်။ တစ်နေ့တွင် စာဖတ်နေရာက ထကာ ကျွန်မ အိပ်ရာထဲဝင်သည်။ ဗွီဒီယိုခွေကြည့်နေကြသော သမီးနှစ်ယောက်စလုံး အခန်းထဲသို့ ချက်ချင်းဝင်လာကာ အမေနေကောင်းရဲ့လား၊ ဘာလုပ်ပေး ရမလဲဟု မေးကြပါသည်။ ကျွန်မက နည်းနည်းမောလို့ပါဟု လေသံနှင့် ပြောကာ ဆက်ပြီးမှိန်းနေပါသည်။ ထိုအချိန်တွင် ပျော်အောင် ရွှင်အောင်

www.burmeseclassic.com



လုပ်ပေးလိုသော စေတနာဖြင့် မသက်က ရယ်စရာတွေ ပြောပါတော့ သည်။

ကျွန်မမှာ မောလှသော်လည်း မရယ်ဘဲ မနေနိုင်၍ ရယ်ရသည်။ စိတ်ကတော့ ပျော်ပါသည်။ သို့သော် မောမောနှင့် ရယ်နေရတာကြာ လျှင် ခက်ရချည့်ဟုတွေးကာ ကဲ- ကဲ- အမေနားပါရစေတော့ တော်ပါ တော့ မရွှေစာကလေးရယ်၊ တော်ပါတော့နော်ဟု တောင်းပန်၍ အပြင်ကို ထွက်နိုင်းလိုက်ရပါတော့သည်။

ပန်းဝေသီ (၁၉၉၆ ခု၊ မေလ)

www.burmeseclassic.com

## လာဘ်စားသည့်ပုဏ္ဏား
## နှာခေါင်းပြတ်သည့် ပုံပြင်

ကျွန်မသည် အားလုံး(စာဖတ်သူများကို ပြောတာပေါ့လေ) သိကြသည့်အတိုင်း လုပ်ငန်းခွင်တွင်လည်း များစွာ မသေးငယ်သလို စာရေးရာတွင်လည်း အနည်းနဲ့အများ တွင်ကျယ်သည့်သူ ဖြစ်ပါသည်။ သို့သော် အပြောကျယ်သော လောကကြီးအကြောင်းကို မသိသောကြောင့် မကြာခဏ ဒုက္ခရောက်ရပါသည်။ တချို့သောသူတို့က ပညာတတ်ဖြစ်ပြီးတော့ ဒါလောက်မှ မသိဘူးလားဟု ပြစ်တင်ဝေဖန်သည့်အချိန်တွင် ကျွန်မစိတ်လည်း မဆိုးပါ၊ ကိုယ့်မှာ အပြစ်မရှိသည့်အတွက် ရှက်လည်း မရှက်ပါ။ ကျွန်မ သင်ကြားလေ့လာခဲ့ရသည့် ပညာရပ်များတွင် အကျုံးမဝင်သော အကြောင်းတို့ကို ကျွန်မ မသိသည်မှာ ကျွန်မ၏အပြစ်မဟုတ်ဟုသာ စိတ်ထဲမှနေ၍ ဆင်ခြေကန်နေမိပါသည်။



လာဘ်စားသည့် ပုဏ္ဏား
နှာခေါင်းပြတ်သည့်ပုံပြင်

www.burmeseclassic.com

www.burmeseclassic.com



အနုတလောတွင် တချို့သော မိသားစုများနှင့် ခင်မင်ခွင့်ရသည်။ ဗဟုသုတအများကြီးတိုးသော ဗဟုသုတများတွင် မယုံနိုင်လောက်စရာ ကောင်းသော်လည်း တကယ်ဖြစ်နေသော အကြောင်းအရာများကို သိခွင့်ရသည်။ ပညာရှင်အများ ပြောလေ့ရှိကြသလို လောကဆိုတာကလည်း ဖတ်စရာကောင်းတဲ့ စာအုပ်ကြီးတစ်အုပ် ဖြစ်ပေသကိုးဟုသာ ဆင်ခြင်ရတော့သည်။

ကျွန်မက သမီးတို့ကို ကြည့်စမ်းပါဦးတော့ကွယ်၊ အမေသိခဲ့ရတဲ့ အကြောင်းတွေက ပုံပြင်မဆန်ဘူးလား။ ဒါပေမယ့် ဒါတွေဟာ တကယ်ဖြစ်နေတာကွယ့်ဟု ဆိုရသည်မှာ အကြိမ်ကြိမ်ပင်။ အခုလည်း ပုံပြင်လုပ်၍ ပြောပြရသည့် ငါးရာငါးဆယ် ဇာတ်တော်တစ်ခုမှ ပုံပြင်မဆန်သည့် အကြောင်းတွေပါနေတာကို တအံ့တသြပြောပြရပေဦးမည်။

⊠⊠ ⁎⁎ ⊠⊠

သမီး နန့်ချစ်ကြည်ရေ–

မသက် အိမ်ကိုပြန်သွားတော့လည်း အမေနဲ့သမီးနှစ်ယောက်တည်း ပေါ့။ အဲသလို နှစ်ယောက်တည်းကျန်ရစ်ခဲ့တဲ့အခါတိုင်း ဘိုးဘိုးနဲ့ဘွားဘွားကို သတိရမိတယ်။ ဘိုးဘိုးက အမေတို့မောင်နှမနှစ်ယောက် လူလားမြောက်ပြီး အိမ်ကခွာသွားတော့ အလွန်လွမ်းရှာတယ်။ အဲဒီအချိန်မှာ သူတို့နှစ်ယောက်တည်း နေနေရတာဆိုတော့ ဗာဟီရတော့ ငြိမ်းတာပေါ့လေ။ ကိစ္စနည်းပါးတယ်ဆိုတာ သူတော်ကောင်းတွေ နှစ်သက်တဲ့ အခြေအနေပဲ။

အမေတို့ မောင်နှမတွေ အိမ်ကိုပြန်သွားပြီး လူစုံတဲ့အခါမှာ ဘိုးဘိုးက ပျော်လွန်းလို့ မျက်ရည်တောင်ကျသတဲ့ကွယ်။

ဒါပေမယ့် သိပ်မကြာခင်မှာ မောင်လေးတို့မိသားစု သူတို့ယောက္ခမဆီကို ထွက်သွားတဲ့ အခါမှာ ဘိုးဘိုးက ဘွားဘွားကို အမှတ်မထင် ပြောလိုက်တဲ့စကားကို အမေကြားလိုက်ရသကွယ့်။ "မရင်ရေ– အခုမှ တို့လည်း အေးချမ်းသွားတော့တယ်နော်"တဲ့။ မောင်လေးတို့မိသားစုက ပူပူဆူဆူတော့ မဟုတ်ကြပါဘူး။ ဒါပေမယ့် ကလေးတွေပါတော့



အေးအေးနေတတ်တဲ့သူတွေအဖို့ ဆူသလို ဖြစ်နေတာပေါ့ကွယ်။

မသက်ကလေးရှိတော့ ရယ်ရမောရတယ်၊ သူကလေးက လုပ်တတ်သလောက်လည်း လုပ်ကိုင်ပေးရှာတယ်။ ဒါပေမယ့် အခုလို ဒုံရင်း ပြန်ရောက်တဲ့အခါမှာလည်း အရင်တုန်းကလိုပဲ ကြိုတဲ့နေရာမှာ ပုံပြောကြရသေးတာပေါ့။

မြတ်စွာဘုရားဟာ အတိတ်ဘဝကိုဆောင်ပြီး ဟောတတ်တော်မူလေ့ရှိပါတယ်။ အလိုလိုစပြီး ဟောတာမဟုတ်ဘဲ အကြောင်းတစ်ခုခုကို အခြေခံပြီးမှ အတိတ်ကို ဆောင်တော်မူတာပါပဲ။

မြတ်စွာဘုရားဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူတဲ့အခါ တစ်နေ့တော့ ကောသလမင်းရဲ့ သံလျက်များကို ကောင်းမကောင်း စစ်ဆေးပေးရတဲ့ ပုဏ္ဏားတစ်ဦးကို အကြောင်းပြုပြီး ဟောတော်မူသတဲ့ကွယ်။

ကောသလမင်းကို သံလျက်ဆက်သခွင့်ရတဲ့ ပန်းပဲတော်တွေက သူတို့လုပ်တဲ့ သံလျက်ကို ပုဏ္ဏားတော်တစ်ဦးဆီမှာ အစစ်ဆေးခံကြရပါသတဲ့၊ ပုဏ္ဏားက စံချိန် စံညွှန်းမီတယ်လို့ ဆုံးဖြတ်တဲ့အခါကျမှ သူတို့လုပ်တဲ့ သံလျက်ကို အဘိုးစားနားပေးပြီး ဘုရင်က သိမ်းဆည်းသိမ်းစေတာကိုး သမီးရဲ့။ အဲဒီတော့ သံလျက်ကောင်းမကောင်းဆိုတာထက် ပုဏ္ဏားရဲ့ အဆုံးအဖြတ်က အရေးကြီးတော့ ပုဏ္ဏားကို လာဘ်ပေးရတာပေါ့။ ပုဏ္ဏားက လာဘ်ရတဲ့သူကိုတစ်မျိုး မရတဲ့သူကိုတစ်မျိုး ဆက်ဆံတတ်လေတော့ သံလျက်လုပ်တဲ့ ပန်းပဲတော်တစ်ဦးက ပုဏ္ဏားကို ဆုံးမဖို့ ကြံစည်ပါတယ်။ ပုဏ္ဏားက သံလျက်တွေကို စစ်ဆေးတယ်ဆိုရင်သံလျက်သွားကို နမ်းကြည့်တတ်သတဲ့။ ဘာဖြစ်လို့လဲလို့ မမေးနဲ့လေ၊ သူက တကယ်နမ်းတာမှ မဟုတ်ဘဲပဲ။ စစ်ဆေးဟန်ဆောင်တဲ့အနေနဲ့ နမ်းကြည့်ပြတာပေါ့။

အဲဒီတော့ အခုနပြောတဲ့ မခံချင်တဲ့ ပန်းပဲဆရာက သံလျက်ကို ထည့်တဲ့အိမ်ထဲမှာ ငရုတ်သီးအမှုန့်ညက်ညက်ဖြစ်အောင်လုပ်ပြီး ထည့်ထားလိုက်ပါသတဲ့။ ငရုတ်က အခုခေတ် ငရုတ်ကောင်းလို့ ခေါ်တာမျိုး ဖြစ်ပါလိမ့်မယ်။ အရှေ့တိုင်းမှာ အစောပိုင်းက ငရုတ်ကောင်းပဲစားတယ် သမီးရဲ့။ ငရုတ်သီး၊ ကုလားအော်သီးစတဲ့ ငရုတ်မျိုးဟာ တောင်အမေရိက

www.burmeseclassic.com

www.burmeseclassic.com



တိုက်နဲ့ အဆက်အသွယ်ရမှ အရှေ့တိုင်းကို ရောက်လာတာတဲ့၊ အဲသလို အမေ မှတ်သားထားရဖူးပါတယ်။

အဲလေ– ထားပါတော့၊ အဲဒီသံလျက်ကို သံလျက်အိမ်က ဆွဲထုတ်ပြီး ပုဏ္ဏားကြီးက ဟန်ပါပါနမ်းလိုက်တာ ဓရတ်မှုန့်ကြောင့် တစ်ခါတည်း ဟပ်ချီးလို့ မအောင့်နိုင်ဘဲ ချေမိပါလေရောတဲ့။

အင်မတန်ထက်တဲ့ သံလျက်နဲ့ နှာခေါင်းကို တော့ပြီး ချေဆတ်တော့ နှာခေါင်းပြတ်သွားပါသတဲ့။ အဲဒီအကြောင်းလည်း နန်းရင်ပြင်မှာ ဖြစ်တာဆိုတော့ အုတ်အော်သောင်းနင်း ဖြစ်တော့တာပါပဲ။ မြတ်စွာဘုရားရဲ့ ကျောင်းတော်ကိုလည်း အဲဒီသတင်းက ရောက်ပြီး ပြောကြဆိုကြ ဖြစ်နေတာပေါ့။

အဲဒီတော့ မြတ်စွာဘုရားက အဲဒီအဖြစ်အတိုင်း ဘဝပေါင်းများစွာ တုန်းက ဖြစ်ခဲ့ကြဖူးပြီဆိုပြီး အသိလက္ခဏဇာတ်ကို ဟောတော်မူပါသတဲ့။

အသိလက္ခဏဇာတ်ရဲ့ ပထမပိုင်းကတော့ ပုဏ္ဏားရဲ့အဖြစ်နဲ့ အတူတူပါပဲ။ တစ်ခုပိုတာကတော့ အဲဒီလို နှာခေါင်းပြတ်သွားတဲ့ပုဏ္ဏားကို ဘုရင်က ချိပ်နဲ့နှာခေါင်းအတု လုပ်ပေးပါသတဲ့။ အခုခေတ်မှာ ပလပ်စတစ်ဆာဂျရီနည်းနဲ့ နှာခေါင်းအစားထိုးသလိုပေါ့လေ။

အဲဒီပုဏ္ဏားစေားတဲ့ ဗြဟ္မဒတ်မင်းမှာ တူတော်တစ်ယောက်နဲ့ သမီးတော်တစ်ယောက်တို့ ရှိပါသတဲ့။ ကလေးဘဝကတည်းက သူတို့ကို အတူတူထားပြီး မွေးခဲ့လေတော့ လူပျိုအပျိုဖြစ်တာနဲ့ သူတို့နှစ်ယောက် ချစ်ကြိုက်သွားကြပါသတဲ့။

ဗြဟ္မဒတ်မင်းကြီးက သူတို့နှစ်ဦးကို ပေးစားဖို့လည်း သိပ်တော့ ကန့်ကွက်စရာမရှိလှဘူး။ ဒါပေမယ့် တူတော်ကို တခြားနိုင်ငံကမင်းသမီးနဲ့ပေးစားပြီး သမီးတော်ကိုတော့ နောက်တစ်နိုင်ငံကမင်းသားနဲ့ ပေးစားနိုင်ရင် ငါတို့အဆွေအမျိုးတွေရဲ့ ဩဇာက ပိုပြီးကြီးမားမှာပဲလို့ တွေးပြီး တူတော်နဲ့သမီးတော်ကို မတွေ့အောင်ခွဲထားစေလို့ အမိန့်ထုတ်လိုက်ပါသတဲ့။ ကိစ္စက ရှုပ်လိုက်တာ၊ ခွဲစရာမလိုရင်လည်း ပေးစားလိုက်ရောပေါ့။

အဲသလို ခွဲထားလိုက်တော့ ချစ်ကြိုက်နေတဲ့သူချင်း ဘယ်မှာခွဲပြီး နေနိုင်ပါ့မလဲ၊ တူတော်သူ မင်းသားက ကြံတော့တာပေါ့။

အံမယ် သူတို့က မင်းသား မင်းသမီးတွေဆိုတော့ အကြံပေးမယ့်



သူတွေကလည်း များပုံပေါ့သကွယ်။ နတ်ဝင်သည်တစ်ယောက်နဲ့ ဆက်မိသွားပါသတဲ့။ အဲဒီတော့ နတ်ဝင်သည်မ အခုခေတ်တော့ နတ်ကတော် ခေါ်မယ်ထင်ပါရဲ့ကွယ်။ သူက ပြောသတဲ့။ မင်းသမီးမှာ ပူးကပ်နေတဲ့ မိစ္ဆာရှိတယ်၊ အဲဒါကြောင့် သူ့ကို ဒီလောက်ကြာအောင် လိုချင်တဲ့သူ မတွေ့သေးတာ။ မင်းသမီးကို အစီအရင်နဲ့ အခြွေအရံတွေ မိုလ်ပါ ပရိသတ်တွေပါ ခေါ်ပြီး သုသာန်ကိုသွားပါမယ်၊ မင်းသမီးကို သူသေ တစ်ကောင်ပေါ်မှာ အင်းပြင်(ပျဉ်ချပ်)တင်ပြီး နံ့သာရေအိုးတစ်ရာ့ရှစ်လုံး ကုန်အောင် ချိုးပေးမယ်၊ အဲဒီတော့မှ မင်းသမီးကို ကပ်နေတဲ့ မိစ္ဆာ ကွာသွားမယ်၊ အဲသလို ငါက မင်းသမီးကို ခေါ်လာခဲ့တဲ့နေ့ကျရင် အသင်မင်းသားက ဓရတ်မှုန့်နည်းနည်းယူပြီး သုသာန်သွားပါ။ လူသေ ယောင်ဆောင်ပြီး မှောက်လျက်နေပါ။ (အိန္ဒိယမှာ ရှေးခေတ်က လူသေကို ပစ်ထားတဲ့ မြေလှဲရှိခဲ့ပါတယ်။)ငါက မင်းသားအပေါ်မှာ အင်းပြင်ကို ခင်းပြီးတော့ မင်းသမီးကို တင်ပါ့မယ်။ ပြီးတော့ ရေလောင်းချပါမယ်။

အဲဒီလို မလုပ်ခင် ပါလာတဲ့ ပရိသတ်ကို ငါပြောထားမှာက လူသေဆီက ချေဆတ်တဲ့ အသံကြားရင် ပြေးကြပေရော့။ မပြေးရင် လူသေက အသက်ဝင်လာပြီး အရင်တွေ့တဲ့သူကို ဖမ်းစားလိမ့်မယ်၊ သတိထားကြပေရော့လို့ ငါပြောမယ်လို့ စကား အချိတ်အဆက် လုပ်ထားပါသတဲ့။

မင်းသား– သင်ကတော့ ရေလောင်းချလိုက်တာနဲ့ ဓရတ်မှုန့်ကို နှာခေါင်းထဲထည့်ပြီးနှစ်ကြိမ်လောက် လူသူလေးပါးကြားအောင် ချေလိုက်ပေတော့၊ ငါကစပြီး အော်ပြေးမယ်။ ငါ့နောက်ကို လူတွေ လိုက်လာကြလိမ့်မယ်။ အဲဒီအချိန်ကျရင် မင်းသမီးနဲ့ သင်ဟာ ခေါင်းလျှော်ပြီး ပြေးကြပေတော့လို့ ပြောပါသေးသတဲ့။

အဲသလို အချိန်းအချက်တွေလုပ်ထားပြီး သတ်မှတ်ထားတဲ့နေ့မှာ မင်းသမီးကို နတ်ဝင်သည်မကြီးက အခြွေအရံတွေနဲ့တကွ ဆောင်လာပါသတဲ့။ ပြီးတော့ ဘုရင့်တူတော်သူက လူသေယောင်ဆောင်နေတဲ့ အပေါ်မှာ ပျဉ်ချပ်ခင်းပြီး ရေလောင်းလိုက်တာနဲ့ ဓရတ်မှုန့်တန်ခိုးကြောင့် အောက်ကလူက ချေပါလေရောတဲ့၊ အဲဒီတော့ နတ်ဝင်သည်မကြီးကပဲ ပြေးပေါ့ ပြေး၊ ကိုယ့်အသက်ထက် ဘာမှ အရေးမကြီးဘူး၊ ပြေးသာပြေး

www.burmeseclassic.com

www.burmeseclassic.com



လို့ အော်ပြီး သူက စပြေးတော့တာပါပဲတဲ့။ အဲဒီတော့ အားလုံးလည်း လိုက်ပြေးရောပေါ့။

ချစ်သူနှစ်ယောက်လည်း အဲဒီတော့မှ ကျန်ခဲ့တဲ့ ရေအိုးတစ်ရာ ရှစ်လုံးထဲက ရေတွေနဲ့ ခေါင်းလျှော်ကြပြီး မင်းသားက သူနေတဲ့အိမ်ကို မင်းသမီးကို ခေါ်သွားပါသတဲ့။

နတ်ဝင်သည်မကြီးက တော်တော်တော့ အမူအရာကောင်းမှာပေါ့ သမီးရယ်။ မင်းကြီးဆီသွားပြီး ဖြစ်သမျှအကြောင်းစုံကို နတ်သံနှောပြီး ပြောပြတာပေါ့။

မင်းကြီးလည်း စိတ်အေးချမ်းသာစွာနဲ့ ငါ့သမီးကို ငါ့တူနဲ့ ပေးစား ရတာဟာ နွားနို့ခွက်ထဲ မလိုင်ထည့်လိုက်ရသလိုပါပဲ။ ဘယ်သူ့ဘယ်သူမှ မနစ်နာပါဘူးလို့ပြောပြီး မင်းသမီးနဲ့ တူတော်မောင် မင်းသားကို ပေးစား လိုက်ပါသတဲ့။

မင်းကြီးအိုမင်းမစွမ်းရှိတော့ တူတော်တဲ့သူက မင်းကြီးဖြစ်ပြီး မင်းသမီးက မိဖုရားကြီးဖြစ်တာပေါ့။ ပြီးတော့ အခုနက နှာခေါင်းပြတ် သွားတဲ့ ပုဏ္ဏားကလည်း မင်းဆရာ ဖြစ်လာပါသတဲ့။ တစ်နေ့တော့ ညီလာခံသဘင်မှာ ပုဏ္ဏားကဝင်ပြီးမစားတဲ့အခါ နေပူတဲ့ဘက်ကို မျက်နှာ ပြုပြီး ထိုင်မိပါသတဲ့။ အဲဒီတော့ သူ့နှာခေါင်းကချိပ်က အပူဒဏ် ကြောင့် ပျော်ကျပြီး နှာခေါင်းတုံးက ပြုတ်ကျသွားပါသတဲ့။

ပုဏ္ဏားက ရှက်စနိုးနဲ့ မျက်နှာကို အောက်ချထိုင်နေပါသတဲ့။ မင်းဖြစ်သူက တစ်ယောက်က ချေလို့ နှာခေါင်းပြတ်တဲ့အကြောင်း၊ တစ်ယောက်က ချေလို့ မင်းသမီးကို ရတဲ့အကြောင်းကို ပြောပါသတဲ့။

ဒီဇာတ်မှာ သိလိုက်ရတာကတော့ ဟိုရှေးရှေးတုန်းကလည်း လာဘ် စားတတ်တဲ့သူဆိုတာ ရှိတာပဲ။ သူတို့ထက် ဉာဏ်ရည်မြင့်တဲ့သူတွေနဲ့ တွေ့တော့ နှာခေါင်းပြတ်ရတာပါပဲ။ ထို့အတူ ရှေးရှေးတုန်းကတည်းက မဟုတ်တာကို အဟုတ်လုပ်ပြီး ဟောတတ်တဲ့ နတ်ဝင်သည်တွေဆိုတာ လည်း ရှိတာပဲ။ သူတို့က ပရိယာယ် အလွန်ကြွယ်ဝစွာနဲ့ လိမ်တတ်တာပဲ ဆိုတာတွေကို သိရသကွယ့်။ ရှေးရှေးက ဇာတ်လမ်းဖြစ်ပြီး ဆန်းဆန်း ကြယ်ကြယ် ရှိပါဘိသနဲ့။ အဲဒါကြောင့် ဒီအသိလက္ခဏာဇာတ်ကို ပြောပြဖို့ အမေ ရွေးလိုက်တာပါပဲ။

ⓧⓧ ⁎⁎ ⓧⓧ




ဒီတစ်ခါပုံပြောချိန်တွင် သမီးက သူ့အင်္ကျီကို သူချုပ်နေသည်။ ကျွန်မက အားလပ်ရက်ဖြစ်၍ ထမင်းကောင်းကောင်းစားမိသောကြောင့် မိုက်လေးလေးနှင့် အိပ်ရာပေါ်တွင် လှဲရင်း ပြောပြမိသော ပုံပြင်ဖြစ်ပါ သည်။ ပြောပြီးသည်နှင့် တစ်ဆက်တည်း ရေးချရသောကြောင့် နေ့လယ် ခင်း အိပ်ဖို့အချိန် မရှိဘဲ အလုပ်ပြီးသွားခဲ့ပါသည်။

ပန်းဝေသီ (၁၉၉၆ ခု၊ မှန်လ)

ⓧⓧ ⁎⁎ ⓧⓧ

www.burmeseclassic.com

www.burmeseclassic.com



**မကောင်းကျောင်းပို့**

## မကောင်းကျောင်းပို့

အခုတစ်လော ကျွန်မ ကောင်းစွာနေမကောင်းပါဆိုသည့် စကားစပ်ဖြင့် သမီးကို ပြောဖြစ်သော ပုံပြင်များကို စ၍ ရေးနေရတတ်ပါသည်။ ဒီတစ်ခါတော့ ထူးခြားစွာ ကျွန်မကို ကျောင်းသို့ပို့၍ သူတို့ လုပ်ဆောင်ဖွယ်ရှိသမျှကို အမေသောကမရောက်အောင် လုပ်ကိုင်ဆောင်ရွက်ကြသော သမီးလိမ္မာနှစ်ယောက်အကြောင်းကစ၍ ပြောရမည် ဖြစ်ပါသည်။

တနင်္လာနေ့တစ်နေ့တွင် ကျောင်းမှ ခွင့်ယူ၍ ပြန်လာရသည်အထိ ကျွန်မ နေမကောင်း ဖြစ်သွားခဲ့ပါသည်။ အင်္ဂါ၊ ဗုဒ္ဓဟူးတွင် အလူးအလဲ နေမကောင်းဖြစ်ပါသည်။ မကောင်းသော ကံကြမ္မာဆိုတာ အဖော်နှင့် လာတတ်သည်ဆိုသည့်အတိုင်း ဗုဒ္ဓဟူးနေ့ညနေတွင် သမီး၏ ကွန်ပျူတာ လုပ်ငန်းအတွက် အသုံးပြုသော မီးအားမြှင့်စက် ပျက်သွားခဲ့ပါသည်။ မီးအားမြှင့်စက်ကိုပြင်ရန် ကြာသပတေးနေ့တွင် စတင်ဆောင်ရွက်ကြသည်။ ကျွန်မမှာ အလုပ်လည်းမလုပ်နိုင်သည့်ပြင် ကိုယ်နားမလည်သော

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စများအကြောင်းကို ကြားနေရသည့်အတွက် စိတ်ဆင်းရဲနေမိပါသည်။

လောကမှာ လူဖြစ်ရတာ တကယ့်ကို ပင်ပန်းတာပါကလားဆိုသည့် အတွေးနှင့် ပင်ပန်းတကြီးဖြစ်နေသော သမီးကိုကြည့်ကာ သနားနေမိသည်။ ကျွန်မကို ကျွေးမွေးဖို့ကိစ္စ အပါအဝင် အိမ်မှုကိစ္စတို့ကို အဆင်ပြေအောင် စီစဉ်ရင်း လုပ်အားခကို မတန်တဆ တောင်းကြသည့် မီးဆရာများကိုလည်း တစ်ဝက်ဈေးရအောင် ဆစ်ကာ တက်ကြွလှုပ်ရှားနေသော သမီးကိုယ်တိုင် များစွာ ကျန်းမာလှသည် မဟုတ်ပါ။ ကျွန်မ နေမကောင်းသည့်အတွက် သူက ကျုံး၍ ထလာရခြင်း ဖြစ်ပါသည်။

ထိုနေ့က မသက်ကလည်း သူငယ်ချင်းတစ်ယောက်၏ မင်္ဂလာဆောင်သို့ သွားနေရပါသည်။

သောကြာနေ့တွင် မနက်စောစောထကာ အုပ်ထားသော သရက်သီးမှည့်များကို လှူရန် ကျွန်မတို့ သားအမိနှစ်ယောက် ကျောင်းသို့ သွားကြပါသည်။ ဒဂုံမြို့သစ်ရှိ မဟာဂန္ဓာရုံကျောင်းသို့ အကြီးဆုံး သရက်သီးများကို သွား၍ လှူပါသည်။ ထို့နောက် မြောက်ဥက္ကလာပရှိ သာသနာ့မဟူရီကျောင်းတိုက် (သီလရှင်စာသင်တိုက်)သို့သွားကြပြန်ပါသည်။ ထိုကျောင်းတွင်လည်း သရက်သီးမှည့်များကို လှူရုံမက ကျွန်မကိုပါ ယာယီလှူခဲ့ပါတော့သည်။

ကျွန်မသည် သီလရှင်ဆရာကြီး ဒေါ်ကောသာရီ၏ နတင်ဘေးတွင်ထိုင်ကာ မိမိထက် မကျန်းမမာဖြစ်နေပုံရသော ဆရာကြီးနှင့် ခပ်ဖြည်းဖြည်း စကားပြောနေမိပါသည်။ ပြောကြသောစကားများမှာလည်း ဓမ္မကြောင်းနှင့်စပ်လျဉ်းသော စကားများသာဖြစ်၍ ပြောရတာရော ကြားရတာပါ သက်သာပါသည်။

နေ့လယ်စာအတွက် သမီးများထည့်ပေးသော ထမင်းချိုင့်တွင်ပါသည့် ထမင်းဟင်းများမှာ ကောင်းစွာ လုံလောက်ပါသည်။ သို့သော် ဆရာကြီးတို့က ဖက်ပွင့်ချက်နှင့် ချဉ်ပေါင်ဟင်းရည်ပါ ထည့်၍ ကျွေးမွေးပါသည်။ ကျွန်မမှာလည်း တစ်စတစ်စ နေသာထိုင်သာ ရှိလာပါသည်။

ထိုသို့ နေသာထိုင်သာရှိနေခိုက်တွင် မကောင်းကျောင်းပို့ဆိုသော စကားတစ်ခု ခေါင်းထဲသို့ ဝင်လာပါသည်။ မလိမ္မာသောသူတစ်ယောက်ယောက်ကို ဆုံးမပေးပါရန် လူကြီးတစ်ယောက်ထံ အပ်သည့်အခါတွင်အင်း မကောင်းကျောင်းပို့တော့ လုပ်ပြီဆိုသည့် စကားကို ကာယကံရှင်



လူကြီးက မပြောသည့်တိုင် ဘေးမှ ပြောတတ်ကြပါသည်။

ကျွန်မတို့ မြန်မာလူမှုရေးတွင် ဘုန်းတော်ကြီးကျောင်းများသည် အားကိုးအားထားပြုရာ ဆည်းကပ်ရာ အဖွဲ့အစည်းများဟု ဆိုနိုင်ပါသည်။ မိဘများနှင့် လူမှုပတ်ဝန်းကျင်က ဆုံးမ၍ မရသောသူများကို ကျောင်းသို့ ပို့တတ်ပါကြပါသည်။ ထို့ပြင် လူများသုံးစွဲရန် မဝံ့ရဲသော ပစ္စည်းများကိုလည်း ကျောင်းသို့ ပို့တတ်ကြပါသည်။ ထိုသို့ မကောင်းသမျှကို ကျောင်းသို့ပို့သည်ဆိုရာတွင် ကျောင်းအပေါ်ထားသော သဘောထားမှာ ဆိုးရွားခြင်းမရှိကြပါ။ ဆရာတော်များ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကြောင့် မကောင်းသောအကျင့်၊ မကောင်းသောဒဏ်၊ မကောင်းသောရန်များ ပပျောက်သွားမည်ဟု ယုံကြည်ကိုးစားသော စိတ်ဖြင့်သာလျှင် မကောင်းကျောင်းပို့ လုပ်ကြခြင်း ဖြစ်ပါသည်။

ကျွန်မသည် ဆရာကြီး ဒေါ်ကောသာရီ ဓေတ္တမှိန်းသည့်အခိုက် မကောင်းကျောင်းပို့လုပ်သည့် ကိစ္စကို ပြောပြခဲ့သည့်အတိုင်း တွေးနေမိပါသည်။ ကျွန်မ၏ သမီးများကလည်း ညနေငါးနာရီကျော်မှ သီလရှင်စာသင်တိုက်တွင် ဘုရားလှူရန် ပန်းနှင့် လှူဖွယ်တို့ကို ယူကာ ကျွန်မကို ခေါ်ရန်လာကြပါသည်။

ကျွန်မကလည်း တစ်နေ့တာအတွင်း အိမ်နှင့် ကင်းနေရခြင်းကြောင့် အိမ်ပြန်ရမည်ဆိုသည်တွင် ဝမ်းသာအားရဖြစ်ကာ ရွှင်ရွှင်ပျပျ ထ၍ လိုက်လာပါသည်။

အိမ်ပြန်လာသည့်အခါ ကားပေါ်တွင် မကောင်းကျောင်းပို့ဆိုသည့် စကားကို ကျွန်မတွေးနေမိသည့်အကြောင်း ပြောပြပါသည်။ ထိုအချိန်တွင် နန့်ချစ်ကြည်က အမေရယ်- ဝိတာသဂရိုတ်ရဲ့ အစ်မ ဆိုဗီယာလိုမှ အကြာကြီးသွားနေရတာ မဟုတ်ဘဲနဲ့ဟု ရယ်ကာမောကာ စကားဆိုပါသည်။

ထိုစကားစကို ရလိုက်သည်နှင့် ကျွန်မက အတော်ပဲ- အတော်ပဲ၊ အမေသမီးတို့ကို ပြောပြသင့်တဲ့ ပုံဝတ္ထုတစ်ပုံတော့ရပြီဟုဆိုကာ ကားပေါ်တွင်ပင် ပုံအစကို ပြောဖြစ်အောင် စ၍ ပြောမိပါတော့သည်။

တချို့သောသူများက သမီးကို ပြောဖြစ်သောပုံများသည် နန့်ချစ်ကြည်ကို တကယ်ပုံပြောရာမှ ထွက်ပေါ်လာသောပုံများ ဟုတ်မဟုတ် သိလိုကြပါသည်။ တချို့ကလည်း အရိုးနိဒါန်းမပါဘဲ ပုံကို တိုက်ရိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ရင် ကောင်းမလားဟု ဆွေးနွေးပါသည်။ ကျွန်မကတော့ မိသားစု၏ ဒုက္ခသုခများနှင့် ၎င်းတို့ကို ဝေမျှခံစားခြင်းအကြောင်းကို ပြောချင်လွန်းသောကြောင့်သာ သမီးကို ပြောဖြစ်သောပုံများ၏ နိဒါန်း ရှည်ကိုရေးရပါသောကြောင့် နိဒါန်းကိုတော့ ဖြုတ်မထားနိုင်ပါကြောင်း ပြန်၍ ရှင်းလင်းခဲ့ရပါသည်။

⊠⊠ ⋇⋇ ⊠⊠

သမီးတို့ရေ– ဆိုဗီယက်ကိုသွားပြီး ပညာသင်နေတုန်းကအကြောင်း ကို ပြောရတာ တကယ့်ကို ပုံပြင်ဆန်နေပါပြီ။ ဘာကြောင့်လဲဆိုတော့ အမေသွားတုန်းကအခြေအနေတွေဟာ ပြောင်းပြန်အနေအထားကို ရောက် သွားလောက်ပြီဆိုတာ သိနေလို့ပါပဲ။

အမေဟာ မော်စကိုကနေပြီး ကီလိုမီတာ လေးဆယ်လောက်ဝေးတဲ့ ဆုဇ်ဒါးနဲ့ ဗလာဒီမြီးရ်လို့ခေါ်တဲ့ အမြွာမြို့ကလေးနှစ်မြို့ကို လေ့လာရေး ခရီး သွားခဲ့တယ်ကွယ့်။

သွားတော့ အဖော်အဖြစ် အမေ့သူငယ်ချင်း ဇိုယာပါတာပေါ့ကွယ်။ ဇိုယာနဲ့အမေဟာ ခွေးနဲ့ကြောင်ပဲ။ ဘယ်တော့မှလည်း မသင့်တင့်ဘူး။ ကြည့်ပါဦးတော့ သင့်တင့်ဖို့က လွယ်မှမလွယ်တာ၊ ခရီးထွက်ပါတယ်ဆို မှတ်ပုံတင်ရော ကျောင်းသားကဒ်ရော မေ့ကျန်ခဲ့တယ်တဲ့။ ဘာကိုတော့ မမေ့အောင် ယူလာတယ်မှတ်လဲ။ ချောကလက်တွေကိုတော့ မမေ့အောင် ယူလာတယ်ရှင့်။ ထားပါတော့လေ အဲသလိုနဲ့ ဆုဇ်ဒါးလ်နဲ့ ဗလာဒီမြီးရ် ကို ရောက်ကြပါတယ်။ ဆန်းတော့ဆန်းတယ်၊ မြို့ဟောင်းနှစ်မြို့ဟာ ကပ်လျက်ပဲ။ အမေက ပုဂံနဲ့ ညောင်ဦးကို သတိရသေးတယ်။

အမေတို့တည်းရတဲ့ ဟိုတယ်ကလည်း သိပ်စိတ်ဝင်စားစရာကောင်း ပါတယ်။ မြို့ရိုးနားကပ်လျက်ရှိနေတာကွဲ့။

အမေတို့ဟာ ဘုရားရှိခိုးကျောင်း ၃၃ ကျောင်းသာရှိတဲ့ မြို့ဟောင်း နှစ်မြို့ကို သေသေချာချာ အေးအေးဆေးဆေးပတ်ပြီး လေ့လာပါတယ်။ တူးမြောင်းကြီးတစ်ခုကို တူးပြီးမှ ရေလွှတ်တာ ရေမဝင်လို့ "ညဲတစ် ကလာ" လို့ခေါ်တဲ့ မြောင်းကြီးရဲ့ဘောင်ပေါ်မှာထိုင်ပြီး အမေတို့ငှားထားတဲ့ ဧည့်ကြိုပြောတဲ့စကားတွေကို အားပါးတရ နားထောင်ခဲ့ကြတာကို မှတ်မိ နေသေးတော့တယ်။



သူတို့နိုင်ငံမှာ သူတို့စိတ်ကြိုက် ဘယ်လိုပဲပြောင်းကြပြောင်းကြ လေ အမေတို့နဲ့ မဆိုင်ပါဘူး။ အဲဒီအချိန်တုန်းက တွေ့ခဲ့သမျှကတော့ တိုးရစ်ဂိုက် (Tourist guide) ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သူတို့နိုင်ငံရဲ့အကြောင်းကို သူတို့ ကောင်းကောင်း သိကြပါတယ်။ ကောင်းကောင်းပြောနိုင်ကြပါတယ်။

ဘုရားရှိခိုးကျောင်းကြီးတွေမှာလည်း နှစ်မျိုးနှစ်စား ရှိပါတယ်။ တစ်မျိုးကတော့ သံတစ်ချက်မှ မရိုက်ဘဲ သစ်သားတွေကို အလှအပ ပန်းကွက်တွေဖော်ပြီး တစ်ခုနဲ့တစ်ခု သပ်လျှိုပြီး ဆောက်ထားတဲ့ အလွန့် အလွန်ကိုရှေးကျတဲ့ ဘုရားရှိခိုးကျောင်းများ ဖြစ်ပါတယ်။ နောက်တစ်မျိုး ကတော့ အုတ်နဲ့ကျောက်နဲ့ဆောက်ထားတဲ့ ကျောင်းကြီးတွေပါပဲ။

အဲဒီကျောင်းကြီးတွေက နိုင်နံ့လှပါတယ်။ အဲဒီကျောင်းတွေကို တောင် နှစ်မျိုးထပ်ပြီး ခွဲနိုင်ပါသေးတယ်။ တစ်မျိုးက အကောင်းအတိုင်း ထားပြီး အတွင်းမှာ ဘာပရိဘောဂမှ မရှိတဲ့ကျောင်းကြီးတွေနဲ့ တစ်မျိုး ကတော့ အခုထက်တိုင် (အမေတို့သွားတဲ့အချိန်တိုင်) ဘုရားဖူးသူများနဲ့ စည်ကားနေတဲ့ကျောင်းကြီးများ ဖြစ်တယ်ကွဲ့။

ဘုရားဖူးသူတွေရှိနေတဲ့ကျောင်းမှာ သူတော်စင်များရဲ့ပုံတွေ . ချီ ကားတွေ အများအပြားရှိတတ်တယ်။ ဘုရားဆောင်ကြီးက တံကဲနဲ့ဘာနဲ့ အလွန်ခမ်းနားပါတယ်။ ဘုန်းတော်ကြီးများလည်း ရှိနေတာကို တွေ့ရပါ တယ်။ သူတို့က အချိန်နဲ့ထွက်ထွက်ပြီး ရွတ်ဖတ်ပေးကြပါတယ်။

ရုရှားခရစ်ယာန်ဘာသာဝင်များကို အယူသည်း ခရစ်ယာန်ဝါဒီများ လို့ ခေါ်ကြတယ်ကွဲ့။ ရိုမန်ကတ်သလစ်ခရစ်ယာန်ဒီများရဲ့ ကျောင်းတော် က ရောမမြို့မှာ ရှိတယ်။ အနောက်ဘက်ဂိုဏ်းဆိုပါတော့ကွယ်။ အရှေ့ ဘက်ဂိုဏ်းကတော့ ဘိုင်ဇန်တင်မှာရှိတယ်။ စည်းကမ်းကြီးတဲ့အတွက် အယူသည်းလို့ ခေါ်ကြတာပါပဲ။

ဘုရားဖူးအများကြီးလည်းရှိပြီး ဗိသုကာလက်ရာအနေနဲ့လည်း သိပ်လှပတဲ့ ဘုရားရှိခိုးကျောင်းတစ်ခုရဲ့ အတွင်းဘက်ကို အမေနဲ့ သူငယ် ချင်း ဇိုယာတို့ ဝင်သွားကြတာ ဇိုယာကလည်း ဖယောင်းတိုင်တွေဘာတွေ လှူလို့။ အမေကလည်း ဘုရားရှိခိုးကျောင်းရဲ့ တစ်နေရာမှာ အသက် ၂၀ ဝန်းကျင်လောက်သာရှိသေးတဲ့ ဘုန်းတော်ကြီးတစ်ပါးကို တွေ့ပြီး ပတ်ချာ လည်အောင်ကြည့်နေလို့ တော်တော်နဲ့ အပြင်ကို ထွက်မလာနိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ရတယ်။ အရုပ်မဟုတ်တော့လည်း ပြုံးပြနေအောင် ကြည့်လို့မရဘူး ပေါ့ကွယ်။ ဆံပင်ရွှေရောင် ပန်းလောက်အရှည်ကို အလယ်ခွဲပြီး ရွှေချည်ထိုး ဝတ်လုံကြီးကို ဝတ်ထားတဲ့ အဲဒီဘုန်းတော်ကြီး ငယ်ငယ်ကလေးဟာ ဘာသာတရားမှဲ ပညာရေးကို စနစ်တကျ ပို့ချဆောင်ရွက်တဲ့ ဆိုဗီယက် စနစ်ပေါ်ပေါက်တာ အနှစ်သုံးဆယ်လောက်ရှိမှ မွေးခဲ့သူကလေးတစ်ယောက်ပါကလားလို့လည်း အမေက တအံ့တသြ တွေးမိရဲ့။

ပြီးတော့ ပန်းချီကားထဲကလို ရှေးဟောင်း စာအုပ်ထဲက အရုပ်လို ဖြစ်နေတဲ့ သက်ရှိဘုန်းတော်ကြီးကလေးကိုလည်း ရုပ်တုတစ်ခုလို အံ့သြစိတ်နဲ့ ကြည့်နေမိခဲ့တယ်။

အဲဒါနဲ့ အမေတို့တိုးရစ်ဂိုက်ကလည်း ဘုရားရှိခိုးကျောင်းအဟောင်းတွေရဲ့ ငြိမ်သက်တိတ်ဆိတ်တဲ့ ဝန်းကျင်မှာ ပိုပြီး အေးစက်ငြိမ်သက်တဲ့ မြေအောက်ခန်းများကို ခေါ်သွားပါတယ်။ အဲဒီမှာ အုတ်ဂူအစီအရီရှိပါတယ်။ ဘယ်သူတွေရဲ့ အုတ်ဂူတွေလဲဆိုတော့ အဲဒီသက်ဆိုင်ရာ ဘုရားကျောင်းကို အသက်ရှင်စဉ်က ပို့ထားတဲ့ မိဖုရားများ မင်းသမီးများရဲ့ အုတ်ဂူများ ဖြစ်ပါတယ်တဲ့။

အမေတို့ကို ရှင်းပြတဲ့သူက ဟာသဉာဏ်ရှိတယ်ကွဲ့။ ပဒေသရာဇ်ခေတ်က ဘုရင်များ မှူးကြီးမတ်ရာများ မင်းသားများဟာ သူတို့ရဲ့ ကြင်ရာသက်ထား မယားကို မလိုတော့ဘူးဆိုရင် ဒါမှမဟုတ် အပြစ်ကျူးလွန်တဲ့အတွက် အပြစ်ပေးချင်တယ်ဆိုရင် ဘုရားကျောင်းကို လာပို့ထားတတ်ကြပါတယ်တဲ့။ အဲဒီအမျိုးသမီးများဟာ မိဖုရားများ၊ မင်းသမီးများရဲ့ အဆောင်အရွက် အစီးအနင်းမပျက် သူ့အဆင့်နဲ့သူ ရံရွှေတော်တွေကအစ နန်းတော်မှာနေတဲ့အတိုင်း ရကြပါတယ်တဲ့။ ဒါပေမယ့် ဘုရားကျောင်းရဲ့ အပြင်ကိုတော့ ထွက်မသွားနိုင်ကြတော့ပါဘူးတဲ့။

အဲဒီလိုရှင်းပြရင်း သူ့ဟာသကလေးကိုထုတ်ပြပါတယ်။ ခက်တာက ဗျာ၊ ပဒေသရာဇ်ခေတ်ကလည်း မဟုတ်တော့တဲ့အပြင် ကျွန်တော်က လည်း ဘာကောင်မှ မဟုတ်တော့ ခက်တာပေါ့။ ဟိုတုန်းက ဘုရင် တစ်ပါးပါးလိုသာ အာဏာရှိခဲ့ရင် ကျွန်တော့်ကို နားညည်းအောင် အမြဲဆူတတ်တဲ့ အဘွားကြီးတော့လား ဘုရားကျောင်းကို ပို့ထားလိုက်တာ ပေါ့တဲ့။

အမေကတော့ သူ့ဟာသကို မရယ်နိုင်ပါဘူး။ ပြီးတော့ စိတ်ထဲမှာ



တွေးလိုက်မိတာက အမေတို့ နေနေတဲ့ မော်စကိုက အဆောင်နားမှာ ၁၇ ရာစုက ဆောက်တဲ့ ဘုရားရှိခိုးကျောင်းကြီးရှိသကွဲ့။ အဲဒီကျောင်းကြီးမှာ ပီတာသဂရိတ်ရဲ့အစ်မတော် ဆိုဖီယာဟာ တစ်သက်လုံး အကျဉ်းခံသွားရတယ်ဆိုတဲ့အချက်ပါပဲ။ ဘုရားရှိခိုးကျောင်းမကြီးထဲမှာ ဆိုဖီယာရဲ့ သချိုင်းဂူတောင်မှ ရှိနေသေးတယ်။

အဲဒီဘုရားကျောင်းမှာ ဆိုဖီယာဝတ်ပြုတဲ့အခါဖတ်တဲ့ ဘုရားစာအုပ်က စိန်ရွှေရတနာ စီချယ်ထားတာကို ပြထားတာ အမေကြည့်ခဲ့ဖူးတယ်။ အမေက အဲဒီအထဲကို ခဏခဏသွားလည်တော့ ဆိုဖီယာရဲ့ လှောင်ချိုင့်စံဘဝကို သိရတာပေါ့လေ။

အမေတို့ မြန်မာနိုင်ငံက မကောင်းကျောင်းပို့တာက ကောင်းသွားရင် ပြန်ထွက်လို့ ရသေးတယ်။ အယူသည်း ခရစ်ယာန်ဝါဒီတို့ မကောင်းကျောင်းပို့တာက ပြန်ထွက်လို့ကို မရတော့တာဆိုတဲ့အချက်ကိုလည်း အမေတွေးမိတယ်။ အလောင်းတောင်မှ ပြန်ထွက်လို့ မရတော့တဲ့အဖြစ်က ဆွေးစရာအဖြစ်ကြီးတစ်ခုပါပဲ။

***

စကားရိပ်ဆိုတာ တိမ်တောင်တိမ်လိပ်တွေပါပဲ။ တကယ်ဆိုတော့ မကောင်းကျောင်းပို့ခံရသည့် ဆိုဖီယာအကြောင်းကို သမိုင်းကြောင်းနှင့်ယှဉ်ကာ ဂဃနဏပြောဖို့ မစဉ်းစားထားခဲ့သော ကျွန်မသည် လေ့လာရေးခရီးသွားခဲ့သည့်အကြောင်းကိုသာ ရှည်ရှည်လျားလျား ပြောပြခဲ့မိသည်။ သို့သော်လည်း မရှိတော့သည့် နိုင်ငံတစ်နိုင်ငံက ရှိသေးသည် သို့မဟုတ် ပျောက်ပျက်ကုန်ပြီဆိုသည်ကို အတိအကျ မပြောနိုင်တော့သည့် နေရာဒေသများအကြောင်း ပြောရသည်မှာ ပုံပြင်ဆန်လှပါဘိတော့သည်။

ပန်းဆေသီ (၁၉၉၆ ခု၊ ဇူလိုင်လ)

***

www.burmeseclassic.com

www.burmeseclassic.com



# သမုဒယကြောင့် ခံစားရတဲ့အပူ (၁)

သမုဒယကြောင့် ခံစားရတဲ့အပူ (၁)

ကျွန်မ၏သမီးနန့်ချစ်ကြည်က စာရေးဆရာများနဲ့နီးစပ်ရတာ ခက်တယ်။ ဘာမဆိုစာထဲ ထည့်ရေးတာပဲဟု ညည်းတတ်ပါသည်။ သူကတော့ အရင်းနှီးဆုံးသောသမီးဖြစ်၍ ကျွန်မ၏စာများတွင် အပါရဆုံး ဖြစ်နေပါသည်။

သောကြာနေ့က ကျောင်းအလုပ်များ စာပေအလုပ်များဖြင့် ပိကာ (သဲကြီးမဲကြီး)ကျွန်မ စာရေးနေချိန်တွင် တယ်လီဖုန်းလာပါသည်။ သမီးမသက်က သူသွားစရာရှိသည်။ အစ်မကြီး(နန့်ချစ်ကြည်)လည်း ကွန်ပျူတာကိစ္စနှင့် အပြင်ထွက်သွားသည်။ သော့တွဲတစ်တွဲပါသွားသည်ဟု တယ်လီဖုန်းဆက်ကာ သတိပေးပါသည်။ ကျွန်မက ပထမ ကြီးပွားရေးကိုဆက်ပါသည်။ ဒုတိယ တူဒေးကိုဆက်ပါသည်။ မလာသေးဟုဆို၍ တတိယ ရွှေပုံတောင်သို့ ဆက်ပါသည်။ မရောက်သေးပါဟု ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ကျွန်မအလုပ်ကို ကျွန်မဆက်လုပ်ပါသည်။ ကျောင်းတွင် လူနည်းလာပါသည်။ အချိန်လည်းလင့်လာပါသည်။ ရွှေပုံတောင်ကို ဆက်ပါသည်။ မလာသေးပါ စောင့်နေပါသည်ဟူသောအဖြေကိုသာ ရခဲ့ပါသည်။ တူဒေးကို ကျွန်မမဆက်တော့ပါ သူတို့ကလာလျှင် အမေ့ထံပြန်ဆက်နိုင်းမည်ဟု ပြောထားပါသည်။ ရွှေပုံတောင်သို့ တတိယအကြိမ်ဆက်ပြီးသည့်အချိန်မှာ ညနေလေးနာရီဆယ့်ငါးမိနစ်ရှိပါပြီ။ ကျောင်းတွင် လူကုန်ပါပြီ။ ကျွန်မ၏ကားတစ်စင်းသာ ကျန်ပါတော့သည်။ ကျွန်မပြန်လျှင်လည်း အိမ်ထဲသို့ဝင်၍မရနိုင်တော့ပြီ။ ဒါက အရေးသိပ်မကြီးပါ။ သမီးဘယ်ရောက်နေသနည်း။ သမီးစီးသွားသည့် အငှားကား တစ်စုံတစ်ခုဖြစ်ပြီဟု တွေးမိသည်နှင့် ကျွန်မ၏ရင်ထဲမှာ ပူသွားသည်။

သမီးက အလုပ်လုပ်ရာတွင် ဖွဲ့ခတ်၍ လုပ်တတ်သည်။ ကျွန်မနေမကောင်းသည်ကိုပြုစုရင်း သူ့ကွန်ပျူတာလုပ်ငန်းကိုလည်း ကာတိမပျက်စေရအောင် ညဉ့်နက်ခံကာ အလုပ်လုပ်တတ်သည်။ ဘုရား—ဘုရား သမီးတစ်ယောက် လမ်းမှာ မူးမေ့များလဲနေသလား။ ထိုသို့ တောင်တောင်အီအီတွေးကာ ကျွန်မ၏အစ်မများအိမ်သို့ သွားသည်။

သူတို့ကလည်း ကျွန်မအိမ်ကို ဖုန်းခေါ်ကြည့်ကြသည်။ ကိုင်မည့်သူမရှိ။ ကျွန်မက ကြီးပွားရေးသို့ ဖုန်းဆက်သည်။ ဖုန်းမအား။ ထို့နောက် ဆေးရုံကြီး အရေးပေါ်သို့ဆက်သည်။ ဖုန်းမအား။ ကြီးပွားရေးသို့ပြန်ဆက်သည်။ ဖုန်းမအား။ ရွှေပုံတောင်သို့ ဆက်ပြန်သည်။ မလာသေး။ အို–ပူလောင်သည့် အတွေးပုံရိပ်များကြောင့် နေမရထိုင်မရဖြစ်လာသည်။ စိတ်တွေကလွင့်ပါးရင်း ကြီးပွားရေးသို့ ဆက်ပြန်သည်။ ကိုမြတ်နိုင်ရေ–နန့်ချစ်ကြည်တစ်ယောက် ပျောက်နေလို့ လုပ်ပါဦးဟု ခပ်လောလောပြောမိသည်။ ကိုမြတ်နိုင်က ဆရာမကြီးရေ မပျောက်ပါဘူးခင်ဗျာ။ ကြီးပွားရေးကို ကွန်ပျူတာစီပြီးသားစာရွက်တွေ လာပေးပြီးတူဒေးကိုသွားပါတယ်။ တူဒေးက အမေစိတ်ပူနေတယ်ဆိုလို့ ချက်ချင်းပြန်သွားပါတယ်။ ရွှေပုံတောင်ကိုတောင် မဝင်တော့ပါဘူးတဲ့ဟု ခပ်သွက်သွက်ပြောပြမှ ကျွန်မဟင်းချနိုင်သည်။

ထိုကိစ္စမပေါ်ခင်က ကျွန်မအစားကောင်းစွာ မစားနိုင်သည့်ရောဂါရနေခဲ့ပါသည်။ တစ်လလောက်တော့ ကြာခဲ့ပါပြီ။ သမီးပျောက်သည်ဟု



ထင်ပြီး မပျောက်ကြောင်း ပြန်သိသည့်အချိန်တွင် ကျွန်မဆာလောင်လာပါသည်။ အစ်မဖြစ်သူက စမူဆာနှင့်ဘယာကြော်ကို ~~တယုတယကျွေးသည်~~။ ကျွန်မစားလိုက်သည်မှာ ဝက်ဝက်ကွဲမတတ်ပင်။ ထိုအချိန်မှစ၍ ကျွန်မအစားကောင်းစွာ စားနိုင်လာပါသည်။ သမီးကြောင့်ပူရသော အပူသည် ကိုယ်တွင်းမှာ ရှိနေသမျှကို လောင်ကျွမ်းစေခဲ့ဟန်တူသည်။ ဝမ်းမီး အားကောင်းသွားခဲ့ပါသည်။

အိမ်ပြန်ရောက်သည့်အချိန်တွင် သားအမိနှစ်ယောက် ဝမ်းမြောက်ဝမ်းသာစကားလည်း ပြောကြသည်။ ရယ်လည်းရယ်မောကြသည်။ သမီးက "အမေ– အမေ ခက်လိုက်တာ၊ မြို့ထဲကိုသွားရတာ မိုးရွာတဲ့အချိန်ကားကျပ်တဲ့အချိန်ဆိုရင် ဘယ်လောက်ကြာသလဲဆိုတာ အမေအသိ"ဟု ဆိုသည်။

ကျွန်မက "အို အေ အမေက ဒီအကြောင်းတွေမတွေးဘူး။ ငါ့သမီးတစ်ခုခုဖြစ်မှာကိုပဲ စိုးရိမ်နေတာ"ဟု ပြောလိုက်ပါသည်။

⊠⊠ ✳✳ ⊠⊠

တနင်္ဂနွေနေ့တွင် ငယ်သူငယ်ချင်း၏မြေး ပုခက်တင်မင်္ဂလာသို့သွားဖြစ်သည်။ သူငယ်ချင်းက သူ့မြေးမွေးကင်းစကလေး နေမကောင်းသဖြင့် သူမှာ သောကမီးတောက်လောင်ကာ အာရုံကြောထိသွားသည်။ ထို့ကြောင့် အော်ဟစ်နေရလောက်အောင် နားကိုက်နေသည့်အကြောင်း ဆရာဝန်ကိုပင်၍ ကုသရကြောင်း ပြောပြသည်ကို ကြားခဲ့ရသည်။

ထိုမင်္ဂလာမှအပြန် ကျွန်မဘယ်မှမထွက်တော့ဘဲ အိမ်တွင်နေကာ သမီးနှင့်အတူ အေးငြိမ်းခြင်းရသကို ခံစားပါသည်။ စိမ်းစိုသောသစ်ပင်ပန်းမန်များဖြင့် မွေ့လျော်ဖွယ်ကောင်းသော ခြံတွင်းသို့ ဆင်းကြည့်သည်။ သမီးစိုက်ထားသော သံပရိုပင်မှ တွဲရွဲကျနေသောသံပရိုသီးများကိုကြည့်ကာ ဝမ်းသာရသည်။ အလေ့ကျပန်းများကပင် အလွန်လှပနေသည်ဟု စိတ်က ထင်သည်။

ထို့နောက် ဆရာတော်ဦးဇောတိက၏ မေတ္တာအကြောင်းကိုဟောသောတရားကို နာပါသည်။ ပူဆွေးသောကရောက်ခြင်းသည် ချမ်းခြင်းတွင်

www.burmeseclassic.com



အမှန်အစရှိသော ဟူသော ပါဠိမြန်မာစာကြောင်းတစ်ခုကို ရွတ်ဆိုမိပြန်သည်။

ထို့နောက်တရားသဘောကိုဆောင်သော စာအုပ်များကို ရွေးချယ်ဖတ်ရာ နန္ဒာသိန်းဇံ၏ ဖြေပြေရာစာအုပ်ကို ဘယ်အကြိမ်မြောက်မှန်းမသိပြန်၍ ဖတ်မိပါသည်။ ထို့နောက်တွင်တော့ သမီးရေ အမေနဲ့စကားလာပြောပါဦး ဟု ဖိတ်ခေါ်ကာ "သမုဒယကြောင့် ခံစားရတဲ့အပူအကြောင်း"ကို ပြောမိပါတော့သည်။

⊠⊠ ⚹⚹ ⊠⊠

သမီးရေ…

ဒီတစ်ခါပြောမယ့်ပုံကတော့ ဒီ"ဖြေပြေရာ"စာအုပ်ထဲက ယူလိုက်တဲ့ပုံပါပဲ။ အမေက ဆရာနန္ဒာသိန်းဇံရဲ့စာတွေကို သိပ်သဘောကျပါတယ်။ ဆရာက ဘုရားဟောတရားဟောများကို လူအများကို လူအများနားလည်အောင် ပြန်ရေးတဲ့နေရာမှာ အလွန်တော်ပါတယ်။ အလွန်လည်း ပြေပြစ်ပါတယ်။

ဆရာ့စာကို အမေက စကားလိုပြန်ပြောရမှာပါပဲ။

မြတ်စွာဘုရားဟောတဲ့ အခါတစ်ပါးမှာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူနေပါသတဲ့။ အဲဒီ ဇေတဝန်ကျောင်းက အနာထပိဏ်သူဌေးကြီးရဲ့ကုသိုလ်ဖြစ်တယ်နော်။ ဒါကိုသမီးသိပြီးသားပါ။

အဲဒီအချိန်မှာပဲ သာဝတ္ထိပြည်က **သူကြွယ်တစ်ယောက်ရဲ့** တစ်ဦးတည်းသောသားဟာ သေဆုံးသွားပါသတဲ့။ သူကြွယ်က သူ့သားသေတော့ ဖြေမဆည်နိုင်လွန်းလို့ သုသာန်မှာ သွားသွားပြီး သားရဲ့အမည်ကို တ,တပြီး ငိုပါသတဲ့။

အဲဒီလိုငိုပြီးတော့ သက်သာလိုသက်သာငြား မြတ်စွာဘုရားထံတော်ကို ချဉ်းကပ်ပြီး ထိုင်နေပါသတဲ့။ အမေဖြင့် အဲဒီနေရာကိုရောက်တော့ ကိုယ့်ကိုယ်ကိုယ် ပြန်မြင်နေရသလိုပါပဲ။ အမေစိတ်ညစ်တဲ့အချိန် ဆရာတော်ဦးဇောတိက ကြွလာတာနဲ့ကြုံရင် ဆရာတော်ရဲ့ရှေ့ကို အရောက်သွားပြီး ထိုင်နေတာပဲကိုး။



မြတ်စွာဘုရားက သူကြွယ်ကို မေးတော်မူပါသတဲ့။ ရိုးရိုးစကားနဲ့ဆိုရင် မျက်စိမျက်နှာမကောင်းဖြစ်နေတာ ဘာကြောင့်လဲသူကြွယ်ပေါ့။

သူကြွယ်က သားတစ်ယောက်တည်းရှိတာ အဲဒီတစ်ယောက်ပဲ သေဆုံးသွားပြန်တော့ တပည့်တော်ရဲ့ မျက်စိမျက်နှာဟာ ဘယ်မှာကောင်းနိုင်ပါ့မလဲလို့ ပြန်လည်လျှောက်ထားတာပေါ့။ အဲဒီအချိန်မှာ မြတ်စွာဘုရားက ဘယ်လိုပြန်လည်မိန့်တော်မူသလဲဆိုတာ စာအုပ်ထဲကအတိုင်း ဖတ်ပြမယ်နော်။

"သူကြွယ် ဤအရာသည် ဤအတိုင်းပင်ဖြစ်ပေသည်။ သူကြွယ် ဤအတိုင်းပင်ဖြစ်ပေ၏။ သူကြွယ် ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပင်ပန်းခြင်းတို့သည် ချစ်ခြင်းကြောင့်ဖြစ်ကုန်၏။ ချစ်ခြင်းလျှင် အမှန်အစရှိကုန်၏"ပါတဲ့။

အဲသလိုမြတ်စွာဘုရားက အမိန့်ရှိတဲ့အခါမှာ သူကြွယ်က ဘာပြောတယ်မှတ်သလဲ။ အရှင်ဘုရား ဟုတ်လိုက်လေဘုရား။ တပည့်တော်အဲသလိုပဲ ခံစားနေရပါပြီဘုရားလို့ ပြောမယ်ထင်စရာပေါ့။ ဒါပေမယ့် ဘယ်မှာဟုတ်လိမ့်မလဲ နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းတို့သည်သာ ချစ်ခြင်း အမှန်အစရှိပါတယ်လို့ ပြန်ပြောတာကွယ်။

သူကြွယ်က အဲသလို သူထင်ရာကိုသူပြောပြီး ဇေတဝန်ကျောင်းတော်က ထွက်သွားပါသတဲ့။ ပြီးတော့ လမ်းမှာတွေ့တဲ့ လောင်းကစားသမားများကို မကျေမနပ်နဲ့ သူ့ခံစားမှုကို ပြောတော့တာပဲတဲ့။ မြတ်စွာဘုရားဟာ ပူဆွေးသောကရောက်ခြင်း စတဲ့ခံစားမှုတို့ဟာ ချစ်ခြင်းအကြောင်းတရားမှာ အခြေခံတယ်လို ပြောလိုက်တယ်။ ငါကတော့ နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းတို့သည်သာ ချစ်ခြင်းအကြောင်းတရားမှာ အခြေခံတယ်လို့ မြင်တယ်လို့ပြောပါသတဲ့။ လောင်းကစားသမားတွေကလည်း ဟုတ်တာပေါ့။ အခြေခံတူရာတူရာမှာ သဘောတူညီချက်တွေရတတ်တာ သဘာဝပဲပေါ့ သမီးရယ်။

အဲဒီစကားက အဲဒီမှာတင်ရပ်မနေဘဲ တစ်စတစ်စနဲ့ နယ်ကျယ်သွားလိုက်တာ ပသေနဒီကောသလမင်းကြီးရဲ့နားတော်ကိုတောင် ပေါက်သွားပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ပသေနဒီကောသလမင်းကြီးက သူ့မိဖုရားကြီးမလ္လိကာဒေဝီကိုခေါ်ပြီး မိဖုရား အသင်ကိုးကွယ်တဲ့ ဂေါတမဘုရားကတော့ ပူဆွေးသောကရောက်ခြင်းဟာ ချစ်ခြင်းမှာအမှန်အစရှိတယ်လို့ဟောလိုက်သတဲ့။ တကယ်တော့ နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းတို့သာ ချစ်ခြင်းမှာ အမှန်အစရှိတာ မဟုတ်ဘူးလားလို့ မေးပါသတဲ့။ ဉာဏ်မရှိတဲ့သူများအချင်းချင်း တယ်ပြီးယုံကြသကိုး။

မလ္လိကာမိဖုရားကြီးက မြတ်စွာဘုရားတို့မည်သည် **အမှားကိုမဟော**တန်ဘူး။ မြတ်စွာဘုရားရဲ့စကားဟာ အမှန်ပဲဖြစ်ရမယ်လို့ **ပြောပါသတဲ့**။ အဲဒီတော့ မင်းကြီးက အသင်ဟာ အသင်ကိုးကွယ်တဲ့ဘုရားကို တယ်ပြီးအထင်ကြီးသကိုး။ အသင့်ကိုငါမကြိုက်ဘူး ထွက်သွားစမ်းလို့ ပြောလိုက်ပါသတဲ့။

မလ္လိကာမိဖုရားကြီးကလည်း သူ့လက်စွဲ အသိဉာဏ်ရှိတဲ့ပုဏ္ဏားတစ်ယောက်ကိုခေါ်ပြီး မြတ်စွာဘုရားထံတော်ကိုသွားပြီး ငါ့ကိုယ်စား ဦးနိုက်ပါ။ ငါ့ကိုယ်စား မြတ်စွာဘုရား ကျန်းမာပါရဲ့လားဆိုတဲ့စကားများကို မေးမြန်းလျှောက်ထားပါ။ ပြီးတဲ့အခါမှာ ပူဆွေးသောကရောက်ခြင်းစတဲ့ခံစားမှုများဟာ ချစ်ခြင်းအမှန်အစရှိတဲ့ ခံစားမှုများဖြစ်တယ်လို့ အရှင်မြတ်ဘုရား ဟောကြားတော်မူပါသလားလို့ လျှောက်ထားပေးပါ။ နောက်ပြီး မြတ်စွာဘုရားဟောကြားတဲ့ တရားများကို သေသေချာချာမှတ်သားပြီး ငါ့ကို ပြန်ပြောပါလို့ တာဝန်ပေးလိုက်ပါသတဲ့။

အဲဒီခေတ်က မိဖုရားများအနေနဲ့ ဘုရားတောင် စိတ်ရှိတိုင်းသွားဖူးလို့ လွယ်ပုံမပေါ်ပါဘူး။ အဲဒါနဲ့ မိဖုရားလွှတ်လိုက်တဲ့ပုဏ္ဏားဟာ မြတ်စွာဘုရားထံတော်မှောက်ကို အရောက်သွားပြီး မိဖုရားမှာတိုင်း လျှောက်ထားပါသတဲ့။

မြတ်စွာဘုရားကိုယ်တော်တိုင် ပုဏ္ဏားကို ပူဆွေးသောကရောက်ခြင်းအစရှိတဲ့ ဆင်းရဲတဲ့ခံစားမှုတွေဟာ ချစ်ခြင်းမှာ အမှန်အစရှိတယ်။ အဲဒီအကြောင်းကို သိနားလည်နိုင်တဲ့ ဖြစ်ရပ်တွေရှိတယ်လို့ဆိုပြီးသား သာဝတ္ထိပြည်မှာပဲ ဖြစ်ပွားပေါ်ပေါက်ခဲ့ဖူးတဲ့ဖြစ်ရပ်များကို ဥပမာပြုပြီး ဟောတော်မူပါတယ်။



တစ်ခါတုန်းက အမေသေဖူးတဲ့မိန်းမတစ်ယောက် ပူဆွေးသောကရောက်တာနဲ့ စိတ်လေလွင့်ရူးသွပ်ကာ ငါ့အမေဘယ်မှာလဲလို့ နှုတ်ကတတွတ်တွတ်ရွတ်ပြီး လျှောက်သွားဖူးနေတဲ့သာဓက။ အမိအဖ၊ မောင်သားနဲ့ ခင်ပွန်းတို့ဆုံးပါးသွားလို့ ရူးသွပ်သွားတဲ့မိန်းမတစ်ယောက်ရဲ့ဖြစ်ရပ်။ မိဘများ၊ ညီများ၊ အစ်မနဲ့နှမများ၊ မယား၊ သားနဲ့သမီး သေဆုံးလို့ **ရူးသွပ်သွားတဲ့** ယောက်ျားတစ်ယောက်ရဲ့ဖြစ်ရပ်၊ အချင်းချင်း မပေါင်းဖက်**ရလို့ ကိုယ့်ဘာသာ**ကိုယ် သတ်သေကြတဲ့ဖြစ်ရပ်စတဲ့ နှလုံးမသာယာဖွယ် **ဖြစ်ရပ်တွေအကြောင်း**ကိုပါ အကြောင်းနဲ့အကျိုးဆက်စပ်ပြီး မြတ်စွာဘုရား**က ဟောတော်မူ**ပါတယ်။

**ပုဏ္ဏားကလည်း** ဩော်– ဟုတ်ပါ၏အရှင်ဘုရား၊ ဩော်– မှန်ပါ**၏ အရှင်ဘုရား**လို့ ပြန်လည်လျှောက်ထားပြီး နန်းတော်ကို ပြန်သွားပါ**သတဲ့**။

နန်းတော်ရောက်တဲ့အခါမှာ သူ့ကို စေခိုင်းလိုက်တဲ့ မလ္လိကာမိဖုရားကို မြတ်စွာဘုရားက ဟောကြားတဲ့တရားများကို ပြန်လည်လျှောက်တင်ခဲ့ပါတယ်။

မြတ်စွာဘုရားဟောကြားတဲ့တရားများကို ပုဏ္ဏားကြီးထံကတစ်ဆင့်နာရတဲ့ မိဖုရားကြီးဟာ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပါတယ်။ အဲဒီနောက် ပသေနဒီကောသလမင်းထံကို သွားပါတယ်။ မင်းကြီးမှာက မိဖုရားတစ်ပါးမက ရှိတာကိုး။ အဲဒီမိဖုရားများကိုလည်း မင်းကြီးက ချစ်မြတ်နိုးတာကိုး။ အဲဒီတော့ မိဖုရားတစ်ပါးစီရဲ့အမည်ကို ထုတ်ဖော်ပြီး အဲဒီမိဖုရားကို မင်းကြီး တကယ်ချစ်မြတ်နိုးပါသလား။ ချစ်မြတ်နိုးတဲ့ အဲဒီမိဖုရားသေဆုံးသွားမယ်၊ အဲဒီမိဖုရားကို လက်လွှတ်ရမယ်ဆိုရင် အသင်မင်းကြီး ဘယ်လိုခံစားရမလဲလို့ မေးပါသတဲ့။

မင်းကြီးကလည်း အာဂမင်းကြီးပဲ။ မလ္လိကာမိဖုရားက အမည်ထုတ်ပြီးမေးတဲ့သူတွေကို သူချစ်တယ်။ အဲဒီမိဖုရားတွေနဲ့ ကွေကွင်းရရင် သူ့အနေနဲ့ ဝမ်းနည်းရမှာ၊ ပူဆွေးရမှာ သေချာတယ်လို့ ပြန်ဖြေပါသတဲ့။ မိဖုရားများကိုမေးပြီးတော့ သားတော်ကိုရော ချစ်ရဲ့လားလို့မေးတော့ ချစ်ပါတယ်လို့ ဖြေပြန်ပါတယ်။ သားတော်သေဆုံးရင် သားတော်နဲ့ ခွဲခွာရရင် မင်းကြီးအနေနဲ့ ပူဆွေးသောကရောက်မှာပဲလို့လည်း ဖြေခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



မလ္လိကာက သူ့ကိုရောချစ်ရဲ့လားလို့မေးတော့ ချစ်ပါတယ်။ သူ့ကို ဆုံးရှုံးရရင်ကောဆိုတော့ ပူဆွေးသောကရောက်ရမှာပါပဲလို့ ဖြေပါတယ်။

ကာသိတိုင်းနဲ့ ကောသလတိုင်းတွေကိုရော ချစ်ရဲ့လားလို့မေးတဲ့အခါ ချစ်ပါတယ်။ အဲဒီတိုင်းတွေ ဖောက်ပြန်တဲ့အခြေအနေနဲ့ ကြုံရရင်လည်း ပူဆွေးသောကရောက်ရမှာပါပဲလို့ မင်းကြီးကဖြေသတဲ့။

အဲဒီတော့မှ မလ္လိကာမိဖုရားက မင်းကြီး အဲဒီလိုဆိုရင် နားလည်တော်မူပါ။ မြတ်စွာဘုရားတို့မည်သည် မှန်ရာကိုသာဟောတော်မူပါတယ်။ သင်မင်းကြီး ငိုကြွေးခြင်း၊ ပူဆွေးသောကရောက်ခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းပြစွာပင်ပန်းခြင်းတို့ဟာ ချစ်ခြင်းမှာ အမြွန်အစရှိတယ်လို့ အမှန်ကိုသာ ဟောတော်မူတာဖြစ်ပါတယ်လို့ ရှင်းပြပါသတဲ့။

အဲဒီတော့ ပသေနဒီကောသလမင်းကြီးက မိဖုရားမလ္လိကာမြတ်စွာဘုရားတို့မည်သည် အလွန်ပညာရှိပါကလား။ ငါနှုတ်ခံတွင်းကို ဆေးကြောရန် ရေပေးပါ။ မြတ်စွာဘုရားကို ရှိခိုးပူဇော်လိုပါတယ်လို့ ပြောပါသတဲ့။ ပြီးတော့မှ မြတ်စွာဘုရားကို ကြည်ကြည်ညိုညို ရိုရိုသေသေ နမောတဿဘုရားရှိခိုးနဲ့ ရှိခိုးပူဇော်ပါသတဲ့။

သမီးက နားထောင်နေရင်း အမေသမီးပျောက်သွားလို့ စိတ်ပူတာကို ထည့်မရေးပါနဲ့နော်။ အမေ့ဘာသာအမေ စိတ်ပူတတ်လို့ဥစ္စာ အမေထည့်ရေးတာနဲ့ သမီးကို သူများပြောစရာဖြစ်နေဦးမယ်ဟု ဆိုပါသည်။

ကျွန်မကတော့ သမီးကို သေသေချာချာ ရှင်းပြပါသည်။ အမေဟာ ပြတ်မိရင်တော့ တိခနဲပဲ။ မတိသေးဘဲ သံယောဇဉ်တွေအမျှင်တန်းနေရင် ပူပင်သောကအလွန်ရောက်တတ်ပါတယ်။

သမီးအတွက် သိပ်စိတ်ပူတယ်ဆိုတာ သမီးကိုချစ်လွန်းလို့ ဖြစ်တာပဲ။ အမေမှားသွားတာက ရွှေပုံတောင်တစ်ခုတည်းဆက်မနေဘဲ ကြီးပွားရေးနဲ့ တူဒေးကိုပါ ဆက်ဖို့လိုတာဟု ပြောမိပါသည်။


နောက်တစ်ခုလည်း အမေပြောစရာလိုသေးတယ်။ သမီးအပြင်ထွက်ရင် ဘယ်အချိန်မှာထွက်တယ်ဆိုတာ အမေ့ဆီ တယ်လီဖုန်းဆက်ဖြစ်



အောင်ဆက်ပါ။ ဒါမှ အမေစဉ်းစားနိုင်မှာဟု ရှည်ရှည်ဝေးဝေး ရှင်းပြနေမိပါသည်။

တကယ်တော့လည်း တွယ်ငြိခြင်း၊ ချစ်ခင်ခြင်းတို့ကြောင့် သောကရောက်ပေါင်းများနေသည်ကို သိသိကြီးနှင့် ဆက်လက်မိုက်မဲသူများအစုအဖွဲ့တွင် ကျွန်မ ဆက်လက်ပါဝင်နေဦးမှာ သေချာပါသည်။

ပန်းဝေသီ (၁၉၉၆ ခု၊ ဩဂုတ်လ)



www.burmeseclassic.com

www.burmeseclassic.com



သမုဒယကြောင့် ခံစားရတဲ့အပူ (၂)

# သမုဒယကြောင့် ခံစားရတဲ့အပူ (၂)

များမကြာခင်အချိန်က ကျွန်မ၏သမီးတစ်ယောက် ဆုံးပါးခဲ့ပါသည်။ ကျွန်မ၏လုပ်သက်မှာ ၃၃နှစ် တင်းတင်းပြည့်ခဲ့ပြီ။ ကျွန်မ ပညာသင်ပေးရသော တပည့်များကို သားများ၊ သမီးများဟု ခေါ်ဆိုလေ့ ရှည့်ညွှန်းလေ့ရှိခဲ့ပါသည်။ ယခု ဆုံးပါးသွားသော သမီးမှာ ကြီးမှကျွန်မ၏ တပည့်ဖြစ်ခဲ့သောကြောင့် အသက်အားဖြင့် ၉နှစ်သာ ကွာပါသည်။ သို့သော် ကျွန်မတို့၏အကြားတွင် သားသမီးနှင့် အမိတို့၏ သံယောဇဉ်မျိုးဖြင့် ရစ်ပတ်ဖွဲ့နှောင်ထားခဲ့သည်မှာ ကြာခဲ့ပါပြီ။ ဆယ်စုနှစ် တစ်စုခွဲခန့် ရှိခဲ့ပါသည်။

ကျွန်မ၏သမီးသည် စာတော်သူ ဖြစ်သည်။ စာအသင်ကောင်းသော ဆရာမလည်းဖြစ်သေးသည်။ အပေါင်းအသင်းဆန့်သည်။ မည်သူနှင့်မဆို ချစ်ခင်ရင်းနှီးစွာ ဆက်ဆံလေ့ရှိပါသည်။ သို့သော် သူ့မှာလည်း သူ၏ကိုယ်ရေးကိုယ်တာ ဒုက္ခများနှင့် အလွန်ရုန်းကန်လှုပ်ရှားခဲ့ရရှာပါသည်။ သို့သော် သူသည် အသနားခံတတ်သောသူမဟုတ်ပါ။ မဟာတန်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပြီးရုံနှင့် ကျေနပ်နေသောသူတစ်ယောက် မဟုတ်ပါ။ အခုခေတ်တွင် တတ်မှ အလားအလာကောင်းမည့် ကွန်ပျူတာ ဘာသာရပ်ကိုလည်း ဒီပလိုမာရသည်အထိ တက်ရောက်ခဲ့ပါသေးသည်။

သူ့ကိုကြည့်လျှင် အမြဲတစေလှုပ်ရှားနေတတ်ပါသည်။ တက်ကြွစွာ လှုပ်ရှားနေတတ်ပါသည်။ ရယ်မောရွှင်ပျနေတတ်ပါသည်။ သူ့ရင်ထဲမှာတော့ မရှိတရှိခံစားကောင်း ခံစားနေမည်။ သို့သော် သူက အဲဒီအကြောင်းတို့ကို မပြောတတ်ပါ။ မပြတတ်ပါ။

ကျွန်မက သူ့ကို သမီးရေဟု အမြဲခေါ်တတ်ပါသည်။ သူကတော့ မမဟု ခေါ်တတ်ပါသည်။ ကျွန်မတို့ ဆရာတပည့်တော်စပ်သော အချိန်ကတည်းက ရစ်ပတ်နှောင်ဖွဲ့ခဲ့သော သံယောဇဉ်အကြောင်းကိုသိကြမည့်သူ နည်းပါးပါသည်။

သူသည် လစာကောင်းသော အလုပ်တစ်ခုကို ရလိုက်ပါသည်။ သူ အလုပ်သစ်ရ၍ ယခုလုပ်နေဆဲအလုပ်မှ ထွက်တော့မည်ဟု သိသည့်အခါ ကျွန်မ သူ့အခန်းသို့ သွားပါသည်။ သူ့ကို နှမ်းရွှဲကာ ဝမ်းမြောက်ကြောင်း ပြောရုံမက ပြသခဲ့ပါသေးသည်။

အလုပ်ခွင်မှ သူ ပျောက်သွားသည့်အချိန် တစ်ပတ်လောက်ရှိသွားသည့်အခါတွင် ကျွန်မက သူနှင့်အိမ်နီးချင်းဖြစ်သူ ဆရာမတစ်ယောက်ကို မေးပါသည်။ အလုပ်သစ်မှာ အလွန်ကြိုးစားနေပုံပေါ်သည်၊ တွေ့ရောတွေ့ကြရဲ့လားဟူသော အမေးကို မတွေ့ရတာတစ်ပတ်လောက် ကြာပါပြီဟု ဖြေပါသည်။

သို့သော် နှစ်ရက်အကြာတွင် ထိုဆရာမက တီချာနဲ့ နှစ်ယောက်တည်း တွေ့ပါရစေဟု ခွင့်တောင်းကာ ငိုယို၍ ပြောသောစကားမှာ ကျွန်မခေါင်းကို အရှိန်ပြင်းပြင်းနှင့် ရိုက်ချလိုက်သလို ခံစားစေရသော စကားဖြစ်ပါသည်။

ကျွန်မ၏ သမီးမှာ ကျောက်ကပ်ရောဂါကို အပြင်းအထန် ခံစားနေရသည်။ ဆရာဝန်များကလည်း သူ၏အသက်ရှင်လမ်းကို သိပ်မမြင်ဟု ပြောနေကြသည်။ သမီးက သူ့ကိုချစ်သော၊ သူ့အပေါ်မှာ စေတနာထားသော ကျွန်မကို တွေ့ချင်လှပါသည်တဲ့။

ကျွန်မမှာ ထိုနေ့က အလွန့်အလွန် အဆင်မပြေသောကြောင့် ဆေးရုံသို့မရောက်ခဲ့။ နောက်တစ်နေ့ကျမှ ဆေးရုံသို့ ရောက်ရပါသည်။



ကျောက်ကပ်ရောဂါသည် အလွန်ဆိုးဝါးစွာ ကျွန်မ၏သမီးကို နှိပ်စက်နေခဲ့ပြီ။ လူတစ်ကိုယ်လုံး ဖောင်းကားကာ အသားအရေမှာလည်းပြာနေပါသည်။ စကားလည်း မပြောနိုင်ရှာပါ။ မူလကပင် ပြူးကျယ်ဝိုင်းစက်သော သူ၏မျက်လုံးများနှင့် သူ့ခုတင်အနီးသို့ ရောက်လာသူများကို လိုက်ကြည့်ပါသည်။ ကျွန်မက သူ့လက်ကလေး (ဖောင်းဖောင်းကလေးပေါ့)ကို ကိုင်ကာ အရာရာကို သတိနှင့်မှတ်ပါ။ သတိပဋ္ဌာန်တရားကို လက်မလွှတ်ပါနဲ့ဟု သတိပေးစကား ပြောမိပါသည်။ သမီးက ခေါင်းညိတ်ပြရှာသည်။ ကျွန်မမှာ စကားမပြောနိုင်တော့သော သမီးအတွက် ရင်ထုမနာဖြစ်တိုင်း စကားလည်း များများမပြောချင်တော့သည်နှင့် သူ၏ပါးဖောင်းဖောင်းများကို ခဏခဏနမ်းကာ သူ့ကို ကျွန်မချစ်ခင်ပါကြောင်း သူသိအောင်ပြသခဲ့ပါသည်။

ဆေးရုံမှ မပြန်ခင် ဆေးရုံစကြိုတွင် ကျွန်မ ရှိုက်ကြီးတငင်ငိုခဲ့ပါသည်။ သမုဒယကြောင့် ဖြစ်ရသည့် အပူများကလည်း များပဲများလွန်းလှသည်။ ကျွန်မ၏ဖခင်သည်လည်း ဤကျောက်ကပ်ဆေးရုံတွင် ဆေးကုသမှုကို အကြာကြီးခံခဲ့ရဖူးပါသည်။

ကျွန်မ၏သမီး ဆေးရုံပေါ်မှ မဆင်းခင် ကျွန်မ တစ်ခေါက်ရောက်ပါသေးသည်။ သူ့အခန်းတွင်းသို့ မဝင်ရတော့ပါ။ သူ၏ကျောက်ကပ်များကို ဆေးရည်များဖြင့် ဆေးကြောနေချိန်ဖြစ်၍ ပိုးမွှားများ ဝင်မှာစိုးသောကြောင့် မဝင်ခဲ့ရပါ။

ဤဆေးရုံမှနိုင်ငံခြားပြန်ဆရာဝန်တစ်ယောက်သည် အလွန်စေတနာကောင်းပါသည်။ ပညာရည်လည်း ပြည့်ဝ၍ နှလုံးလှသောသူလည်းဖြစ်ပါသည်။ သူ့ကြောင့် ကျွန်မ၏သမီး ဤမျှအသက်ရှင်နေနိုင်ခဲ့ခြင်းဖြစ်ပါသည်။

ကျွန်မတို့ကျောင်းမှ ဆရာမများကလည်း ထိုဆရာဝန်ကိုကျေးဇူးတင်ပါကြောင်း လေးလေးစားစား ပြောကြားကြပါသည်။ ဆရာဝန်ကတော့ အကောင်းဆုံးဖြစ်အောင် ကြိုးစားပါမည်။ သို့သော် ဤရောဂါမျိုးက အဖြေကို ကံသေကံမမပြောနိုင်သော ရောဂါမျိုးဖြစ်ပါသည်ဟု ဆိုပါသည်။

ဤကဲ့သို့ ကျွန်မသမီးကို ခပ်လှမ်းလှမ်းမှ တွေ့လိုက်ခြင်းသည် နောက်ဆုံးအကြိမ်ဖြစ်မည်ဟု ကျွန်မ မထင်မိခဲ့ပါ။ ကျွန်မကိုယ်တိုင် နေမကောင်း၍ ခွင့်ရှစ်ရက် ယူရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပြန်တက်သောနေ့သည် ကျွန်မသမီး၏ နောက်ဆုံးခရီးကို လိုက်ပို့ရသောနေ့ဖြစ်ပါသည်။ ဌာနမှ ညီမများက မမလိုက်လို့ဖြစ်ပါ့မလားဟု မေးသည့်အချိန်တွင် ကျွန်မက နောက်ဆုံးခရီးပဲကွယ်၊ မလိုက်ဘဲ မနေနိုင်ပါဘူးဟု ပြောလိုက်မိပါသည်။

⊠⊠ ⋇⋇ ⊠⊠

နောက်ဆုံးခရီးသို့သွားရန် နေရာအသင့်ယူပြီးဖြစ်နေသော ကျွန်မ၏ သမီးကို ကျွန်မ သေသေချာချာကြည့်မိပါသည်။ မျက်နှာမှစ၍ ကိုယ်လုံးအထိ ဖောနေသောအရှိန်က မကျတော့ပါ။ အလှကြိုက်လှသော ကျွန်မ၏သမီးသည် ဤကဲ့သို့သော အနေအထားကို ကြိုက်နိုင်ပါ့မလား။ သူ မပြောနိုင်ရှာတော့ပါ။

ကျွန်မသည် ရှေ့ဆုံးတစ်နေရာတွင် ဌာနမှ ညီမများနှင့်ထိုင်ရင်း တလိပ်လိပ်တက်လာသော ပရိဒေဝကို မဖြေဖျောက်နိုင်ဘဲ ကျိတ်၍ရှိုက်ကာ စီးကျလာသော မျက်ရည်များကို မနိုင်နိုင်အောင် သုတ်နေမိပါသည်။ သမီး၏ မွေးသမိခင်ကြီးမှာ အသက် ၇၄နှစ်ရှိပါပြီ။ သန့်ရှင်းချောမွေ့သော အေးဆေးသော မျက်နှာပိုင်ရှင်တစ်ယောက် ဖြစ်ပါသည်။ ဆေးရုံပေါ်မှာရော သမီး၏နောက်ဆုံးခရီးမှာရော ဝတ်ထားသောအဝတ်မှာ ယောဂီဝတ် ဖြစ်ပါသည်။ တရားကိုဖက်ကာ ဖြေသာအောင် ဖြေနေသောသူ တစ်ယောက် ဖြစ်သည်ဟု တွေးလိုက်မိပါသည်။ အသက်ကြီးသူတိုင်းသည် ကျွန်မ၏မျက်စိတွင် တူနေတတ်ကြပါသည်။ ထို့ကြောင့် သမီး၏အမေနှင့် ကျွန်မ၏အမေမှာ အတော်တူနေသောကြောင့် ကျွန်မအတွက် ဆုံးပါးသွားသောအမေ့ကို သနားကြင်နာတာက တစ်ဖုံဖြင့် ရင်နင့်အောင်ခံစားရပါသည်။

ကျွန်မတို့ တက္ကသိုလ်မှာ စာသင်နှစ်မပြီးသေးပါ။ ထို့ကြောင့် ကျောင်းသူ ကျောင်းသားများ အုပ်စုလိုက် လမ်းလျှောက်လာကြကာ ဆရာမဖြစ်သူ၏ နောက်ဆုံးခရီးကို ပို့ကြပါသည်။

လုပ်ငန်းခွင်မှလာရောက်ကြသောသူများဖြစ်၍ ကျွန်မတို့တက္ကသိုလ် ကျောင်းသူကျောင်းသားများမှာ အရွယ်အားဖြင့် မငယ်လှပါ။ သို့သော် ဆရာမကို အလွန်ရိုသေလေးစားစွာဖြင့် ထိုင်ကန်တော့ကြသည်ကို မြင်ရပါသည်။ တစ်ဖက်က ဆို့နင့်ဝမ်းနည်းမှု ပိုမိုသိပ်သည်းလာပါသည်။



သြော်– ဆရာဆိုတာ ဘယ်လောက်ကမှ မချမ်းသာပေမယ့် သေတဲ့အချိန် ရောက်တဲ့အထိ ကန်တော့တာကို ခံရပါကလားလို့လည်း တွေးမိကာ တစ်ဖက်က ကျေနပ်မိပါသေးသည်။

သို့နှင့် တက်ကြွသော၊ ထက်မြက်သော၊ မာန်ကြီးသော ကျွန်မ၏ သမီးကို အမှတ်တရရှိရင်း ချစ်ခင်မှုများစွာဖြင့် တမ်းတရင်း သူ၏ကြွင်း ကျန်ရစ်သော ရုပ်ကလာပ်ကို ကျွန်မတို့ သင်္ဂြိုလ်လိုက်ကြရပါသည်။

⊠⊠ ⋇⋇ ⊠⊠

အိမ်သို့ ပြန်ရောက်ချိန်တွင် သမီးနှင့်ချစ်ကြည်ကို ကျွန်မက အကြောင်းစုံ ပြန်ပြောဖြစ်သည်။ "အမေဖြင့် သမီးရဲ့အနိစ္စမင်္ဂလာပနကို ရှုနေရင်း သမီးကို သတိရလိုက်တာကွယ်"ဟု ပြောတော့ သမီးကဘယ်လို သတိရတာလဲအမေဟု မေးသည်။

"အမေများသေရင် ငါ့သမီးကလေး တစ်ယောက်တည်း ဘယ်လို လုပ်ပါ့မလဲပေါ့။ အမေက အဲသလိုတွေးမိလို့ ပိုပြီးဝမ်းနည်းရတယ်"ဟု ဆိုတော့ သမီးကလည်း "ဖြစ်ရလေ အမေရယ်"ဟုသာ ညည်းရှာပါသည်။ စကားအတွန့်မတက်တော့ပါ။ ခဏကြာမှ "သမီးလည်း ဘာမှမလုပ်တတ်ဘဲ ထိုင်ငိုနေမှာပေါ့"ဟုသာ ပြောရှာပါသည်။

ကျွန်မတို့ သားအမိသည် ဝမ်းသာသည့်အချိန်တွင်လည်း စကားပြော၍ ဝမ်းနည်းသည့်အခါတွင်လည်း စကားပြောတတ်ကြသောသူများ ဖြစ်ကြပါသည်။ စကားမပြောနိုင်လောက်အောင် ကျွန်မ နေထိုင်မကောင်းသောအခါ အသံပင်မထွက်လောက်အောင် ဝေဒနာခံစားနေရသောအခါတို့၌ သမီးက အမှတ်တရားကလေးနဲ့နေပါ အမေဟု သတိပေးတတ်ရှာပါသည်။

ထိုကဲ့သို့သော ဘုရားတရားဘက်တွင် ကိုင်းညွတ်မှု ရှိသင့်သလောက် ရှိနေပြီးဖြစ်သော သမီးကို ကျွန်မက သမုဒယကြောင့်ဖြစ်ရသောဆင်းရဲနှင့်ပတ်သက်၍ ပြောရမည့်အခါတွင် ကျွန်မစိတ်တွင်းသို့ ဓာတုသောဓာ ပုဏ္ဏား မြတ်စွာဘုရားကို လျှောက်ထားသောအကြောင်းများ ရောက်လာပါသည်။ ထို့ကြောင့် ကွယ်လွန်သူတို့အားရည်စူး၍ အမျှဝေခြင်းအကြောင်းကို ပြောရန် ဆုံးဖြတ်လိုက်ပါသည်။

⊠⊠ ⋇⋇ ⊠⊠

www.burmeseclassic.com

www.burmeseclassic.com



"အမေတို့ ထေရဝါဒများအတွက် သေဆုံးတဲ့အကြောင်း ပျက်စီးတဲ့အကြောင်းတွေကို ပြောတာဟာ တရားနှလုံးသွင်းပြီးပြောရင် ကုသိုလ်ရတယ်။ တရားသဘောကို ဆောင်တယ်ကွယ့်။ အဲဒါကြောင့် အမေ အခုအချိန်မှာ ကွယ်လွန်သူတို့ကို ရည်စူးပြီး အမှူဝေတဲ့အကြောင်း ပြောပြချင်ပါတယ်။

ဘွားဘွားဆုံးတုန်းက ဆုံးပြီး နာရီဝက်အတွင်း ရွှေဥမင်ဆရာတော်ကြီးကို ပင့်ကာ သရဏဂုံတင်နိုင်ခဲ့တာ အမေ အလွန်ဝမ်းနည်းကြေကွဲနေတဲ့ကြားထဲက ဖြေသာတဲ့အချက်ပဲ သမီးရဲ့။ သမီးလည်းပါတော့ အဲဒီအကြောင်းတွေ သိပါတယ်လေ။

အမှန်ဆိုရင်တော့ ဆရာတော်ကြီး အမိန့်ရှိတော်မူသလိုပါပဲ။ ဘွားဘွားက သူ့တရားနဲ့သူ ပြည့်စုံပြီးသားဖြစ်လို့ အမေတို့ ဆောင်ရွက်တာ မလိုအပ်ပါဘူး။ ဒါပေမယ့် သားသမီးတို့ ဝတ္တရားနဲ့အညီ ဆောင်ရွက်သင့်တာဆောင်ရွက်ကြတာ ကောင်းပါတယ်လို့ ဆရာတော်ကြီးမိန့်တော်မူတော့ အမေ အတော်ကလေး အားရှိသွားပါတယ်။ ဒါဖြင့်ရင် အမေတို့ သရဏဂုံတင်တာ လှူဖွယ်ပစ္စည်းများကိုလှူပြီး သီလခံယူဆောက်တည်တာတွေဟာ အကျိုးမဲ့ဖြစ်သွားသလားဆိုတော့ မဖြစ်ပါဘူး။ အမျှဝေတာကို စောင့်စားနေတဲ့ သံသရာဘဝအဆက်ဆက်က တော်စပ်ဖူးတဲ့သူတွေလည်း ဆေးရုံမှာ ရှိနေဦးမှာပဲ။ ကြားကြားသမျှကို အမျှပေးဝေခဲ့တာကိုး။

အဲဒါကြောင့် ကွယ်လွန်သူကို အမျှဝေတဲ့အခါ နာမည်ပါထည့်ပြီး အသံကျယ်ကျယ်နဲ့ အမျှဝေရတယ်လို့ လူကြီးသူမများက သတိပေးတတ်ပါပဲ။ အမျှဝေတာကို စောင့်နေကြတဲ့သူများဟာ ပေတာဂတိကိုရောက်တဲ့သူများဖြစ်တတ်ကြတယ်သမီးရဲ့။ ငရဲကိုရောက်တယ်။ တိရစ္ဆာန်ဘဝကိုရောက်တယ်။ နတ်ပြည်ကိုရောက်တယ်။ လူ့ပြည်ကို ရောက်တယ်ဆိုရင်တော့ သရဏဂုံတင်ပြီး အမျှပေးဝေတာကိုစောင့်ပြီး သာဓုခေါ်စရာမလိုပါဘူး။ ဒါပေမယ့် ကွယ်လွန်ကာနီးအချိန်မှာ အကြောင်းကြောင်းကြောင့် အယူတိမ်းပြီး ပေတာဂတိ၊ ရိုးရိုးပြောရင် ပြိတ္တာပေါ့သမီးရယ်၊ အဲဒီလို ဘဝမျိုးကိုရောက်သွားရင် အမျှဝေတာကို သာဓုခေါ်ပြီး ဘဝဆိုးကနေလွတ်သွားနိုင်တယ်။

အဲဒီလို အကြောင်းတွေ ညီ သဲသဲစုပြောရင် ပုံက တစ်ပုံမကဘူး။ အခန်းဆက်ပုံပြင်တောင်မှရနိုင်သေးသကွဲ့။ ပုံပြင်ဆိုပေမယ့်လည်း



အားလုံးက ဘုရားလက်ထက်တော်က အကြောင်းတွေချည်းမဟုတ်ပါဘူး။ တောင်မြို့ဆရာတော်ကြီး ရေးသားတော်မူခဲ့တဲ့ စာအုပ်တွေထဲမှာလည်း အဲဒီလို ပေတာဂတိကို ရောက်သွားတဲ့ ဒကာမကြီးတစ်ယောက်က ဆရာတော်ကို သူ့သားသမီးများကို ပြောပေးပါ။ သူ့မှာ ပြိတ္တာဘဝကိုရောက်နေရလို့ စားကောင်းခြင်း မစားရ၊ ဝတ်ကောင်းခြင်း မဝတ်ရပါဘူး။ ပထမတစ်ခါတုန်းက အမျှဝေတဲ့အချိန်မှာ သူ့ကို တခြားပြိတ္တာတစ်ဦးကခေါ်သွားလို့ တခြားရောက်သွားနေတာနဲ့ သာဓုမခေါ်ခဲ့ရပါဘူးလို့ ပြောသတဲ့သမီးရဲ့။ အဲဒါကြောင့် အမျှဝေတဲ့အခါမှာ ခဏခဏအမျှဝေဖြစ်အောင် ဆွမ်းခဏခဏ ကပ်ကြတာပေါ့။ တစ်ခါများလွဲရင် နောက်တစ်ခါရအောင်လို့ပေါ့ကွယ်။

မြတ်စွာဘုရားလက်ထက်တော်မှာလည်း အဲဒီလို ပေတာဂတိကို ရောက်သွားတဲ့ သူတစ်ယောက်ကို အရှင်သာရိပုတ္တရာရဲ့ထံကို ချဉ်းကပ်ပြီး သူ့ကိုကယ်တင်ပါရန် တောင်းပန်ဖူးပါတယ်။ အဲဒီအမျိုးသမီးက မကွယ်လွန်မီက ပုဏ္ဏေးမတစ်ယောက်ဖြစ်ခဲ့ပါသတဲ့။ ပုဏ္ဏားဖြစ်သူက အလှူအတန်း ရက်ရောပါသတဲ့။ သူက မြတ်သောသူတို့ကိုလည်း လှူပါတယ်။ ဆင်းရဲမွဲတေလို့ တောင်းစားရသူများကိုလည်း လှူပါသတဲ့။

တစ်နေ့တော့ သူ့မှာ ခရီးထွက်ဖို့ ကိစ္စတစ်ခုရှိလို့ ခရီးထွက်သွားရပါတယ်တဲ့။ သူ ခရီးမထွက်ခင် သူ့ဇနီးပုဏ္ဏေးမကို သူက သေသေချာချာ မှာခဲ့ပါတယ်။ သူလုပ်နေကျ အလှူအတန်းကို ဆက်ပြီးဆောင်ရွက်ပေးပါပေါ့။ ပုဏ္ဏေးမက ကောင်းပါပြီလို့ ပြောလိုက်တယ်။ ဒါပေမယ့် သူက လှူတာ၊ ပေးတာ ကမ်းတာ ဝါသနာမပါပါဘူး။ ဒါ့အပြင် မစားနိုင် မသောက်နိုင်လို့ တောင်းရမ်းစားသောက်ရတဲ့ သူတွေကို နှိမ့်နှိမ့်ချချ ဆက်ဆံပါသတဲ့။

အဲဒီ အကုသိုလ်မှုတွေကြောင့် သူကွယ်လွန်တဲ့အခါမှာ ဝစီဗေဒထိတိုင်းရှ ဆိုသလိုပေါ့ကွယ်။ နေရတော့ နောက်ဖေးအိမ်သာ၊ စားရတော့လည်း အညစ်အကြေးတွေ စသဖြင့်မသတီစရာတွေပေါ့။ သူဟာ မြတ်စွာဘုရားရဲ့ လက်ထက်တော်မှာလည်း အသက်ရှင်နေထိုင်ခဲ့သူဖြစ်တယ်။ အရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးနဲ့လည်း ငါးဘဝက မယ်တော် တော်ခဲ့ဖူးပါသတဲ့။ အဲဒီအချက်ကို သူအမှတ်ရသွားပါတယ်။ အဲဒါကြောင့် အရှင်သာရိပုတ္တရာ သီတင်းသုံးရာ ကျောင်းတော်ကိုသွားပြီး အရှင်မြတ်နဲ့တွေ့ရအောင် ကြိုးစားခဲ့ပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစောင့်နတ်က ဝင်ခွင့်မပေးတော့ သူ့ခမျာ တလည်လည်နဲ့ပေါ့။ နောက်တော့ အရှင်သာရိပုတ္တရာကိုယ်တော်တိုင် မြင်တော်မူလို့ ဝင်ခွင့်ပေးပြီး အကျိုးအကြောင်းကို လျှောက်ထားစေခဲ့ပါသတဲ့။

ပုဏ္ဏေးမတစ်ဖြစ်လဲ ပြိတ္တာမကလည်း သူဟာ အရှင်မြတ်နဲ့ ငါးဘဝက မယ်တော်တော်စပ်ခဲ့ဖူးသူဖြစ်လို့ အရှင်မြတ်လည်း သူ့ကို ကယ်တင်နိုင်မယ် ဖြစ်ပါတယ်။ သူ့ကိုရည်စူးပြီး အလှူအတန်းပေးကာ အမျှဝေပေါ့လို့ လျှောက်ထားတောင်းပန်ခဲ့ပါသတဲ့။

နောက်တစ်နေ့ကျတော့ အရှင်သာရိပုတ္တရာဟာ အရှင်အနုရုဒ္ဓါ၊ အရှင်ကပ္ပိနတို့ကိုခေါ်ပြီး ဗိမ္ဗိသာရမင်းကြီးရဲ့ နန်းတော်ကို ဝင်ခဲ့ပါတယ်။ ဘုရင်မင်းမြတ်က လှူလိုက်တဲ့ အလှူပစ္စည်းများကို အရှင်သာရိပုတ္တရာက သံဃာကို ပြန်ပြီးလှူခဲ့ပါတယ်။ အမျှဝေလို့ သာဓုခေါ်လိုက်တဲ့ ခဏမှာပဲ ပုဏ္ဏေးမပြိတ္တာဟာ နတ်ပြည်ကိုရောက်သွားပါသတဲ့။

သူ့မှာ အကုသိုလ်ကံက တားဆီးထားလို့ နတ်ပြည်ကိုရောက်နိုင်တဲ့ကံ ရှိနေပေမယ့် ပြိတ္တာဘဝကို ရောက်သွားရသေးတာကိုး။

အရေးကြီးတာကတော့ သမီးရယ်၊ မိသားစုထဲမှာ သေဆုံးတဲ့သူဆိုတာ မရှောင်လွှဲသာအောင် ရှိစမြဲပါပဲ။

မိသားစုဝင်များဟာ တစ်ယောက်နဲ့တစ်ယောက် မသေခင် (မအိုမနာခင်)ကတည်းက ကလျာဏမိတ္တများအဖြစ် ကောင်းမှုကိုပြုဖြစ်အောင်၊ မမေ့လျော့အောင် တိုက်တွန်းနိုင်ကြရမယ်။ သေဆုံးတဲ့အခါမှာလည်း အလှူအတန်းပြုလုပ်ပြီး အမျှဝေနိုင်ရပါမယ်။

လူ့ဘဝမှာလည်း ပစ္စည်း ဂုဏ်သိန် စည်းစိမ်ဥစ္စာဆိုတာ တကယ်တော့ အကာတွေပါပဲ။ ကုသိုလ် အကုသိုလ်ဆိုတာကတော့ လူ့နောက်ကို အရိပ်သဖွယ်လိုက်နေတာပဲ သမီးရဲ့။ အမေတို့ သမီးတို့အနေနဲ့လည်း ကောင်းမှုမှာ ထုံမွှေ့နေတဲ့စိတ် အမြဲတစေဖြစ်ပေါ်နေအောင် မိမိကိုယ်ကို ဝီရိယကြီးစွာနဲ့ဆောက်တည်ရမှာပဲ သမီးရယ်။ အဲဒါတောင် အကြောင်းကြောင်းကြောင့် မကောင်းတဲ့အဖြစ်နဲ့ တိုးရင်တော့ ကလျာဏမိတ္တများအနေနဲ့ အလှူအတန်းပြုပြီး အမျှဝေတာကို ရနိုင်တဲ့ကိုယ် ဖြစ်နိုင်ဖို့ကလည်း သိပ်အရေးကြီးပါတယ် သမီးရယ်။

အနုတလော အမေက သမီးကို ပြောပြောနေရတာ ပုံပြင်မပီသသလိုများ ဖြစ်နေမလား မသိတော့ပါဘူး။ ဒါပေမယ့် ဗုဒ္ဓဘာသာဝင်များ



အထူးသဖြင့် သားငယ် သမီးငယ်များဟာ မိဘအပေါ်မှာ ကျေးဇူးဆပ်ချင်ရင် မိဘများ ကွယ်လွန်တဲ့နောက်ပိုင်း အလှူအတန်းပြုပြီး အမျှဝေတတ်ကြရမယ်ဆိုတာ အမေပြောချင်နေတာနဲ့ အတော်ပါပဲ သမီးရယ်"

ကျွန်မတို့ သားအမိသည် တစ်ယောက်နှင့်တစ်ယောက် ပါရမီဘက်ဖြစ်သည်ဟု ကျွန်မယုံကြည်ပါသည်။ ကျွန်မစားချင်လွန်း၍ ဈေးကြီးပေးကာ ဝယ်လာသော နာနတ်သီးနှစ်လုံးကို ကျွန်မက လှူလိုက်ချင်သည်ဟုဆိုကာ တစ်လုံးကို ဆရာကြီး ဒေါ်ကေသာရီထံသို့သွား၍ လှူကြပါသည်။ ဆရာကြီးဘုရား၏ ဖခင်ကြီးမှာ တရားအားထုတ်နေသော သူတော်ကောင်းကြီးတစ်ယောက် ဖြစ်ပါသည်။ သူကလည်း နာနတ်သီးစားချင်နေသည်ဟု ကြားရ၍ ကျွန်မတို့ ဝမ်းသာရသေးသည်။

နောက်တစ်လုံးကိုတော့ ကျွန်မ၏ သူငယ်ချင်းတစ်ယောက်ထံသို့ သွား၍ပေးပါသည်။ ဆေးရုံမှ အကြီးစားခွဲစိတ်ကုသမှု ခံယူပြီး ဆင်းလာကာစ သူငယ်ချင်းကလည်း နာနတ်သီးမှတစ်ပါး ဘာစားစား အရသာမရှိဟု လွန်ခဲ့သော တစ်ပတ်က အမှတ်မထင် ပြောလိုက်ဖူးပါသည်။ သူ့ထံသို့ နာနတ်သီးသွားပေးချင်သည်ဟု ကျွန်မက ပြောသည်တွင် သမီးက သိပ်ကောင်းတာပေါ့ အမေရယ်၊ သွားကြတာပေါ့ဟုဆိုကာ သားအမိနှစ်ယောက် သူငယ်ချင်းအိမ်သို့ သွားကြသည်။

လူမမာကလည်း သတ္တိခဲပေပဲ။ စားပွဲကလေးတွင်ထိုင်ကာ စာရေးနေသည်။ သူ့ဝေဒနာကို စာမရှဲ့။ ကြော်- သတ္တိဆိုတာ တိုက်ရဲနိုက်ရဲမှ မဟုတ်။ လောကဓံဆိုးလေးပါး ကျရောက်သည့်တိုင် မဆုတ်မနစ်သော စိတ်ဖြင့် လုပ်သင့်လုပ်ရာရာကို လုပ်နေခြင်းမှာလည်း သတ္တိဟု ခေါ်ဆိုရမည်သာ ဖြစ်ပါသည်။

ကျွန်မတို့ သားအမိသည် တစ်ပတ်အတွင်းမှာ ပူခြင်း၊ အေးခြင်း၊ တည်ကြည်ငြိမ်သက်ခြင်း၊ ဆောက်တည်ခြင်း စသည့်ဘဝအဆစ်အပိုင်းတို့ကို ဖြတ်ကာ ကျော်လွှားရမည့် အကြီးမားဆုံး လောကဓံအတွက် ပြင်ဆင်သင့်သရွေ့ ပြင်ဆင်နေခဲ့သည်ဟုဆိုလျှင် မှားမည်မထင်ပါ။

ပန်းဝေသီ (၁၉၉၆ခု၊ စက်တင်ဘာလ)

⊠⊠ ⁑⁑ ⊠⊠

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတရားကို မမေ့သင့်တဲ့အကြောင်း

# ကျေးဇူးတရားကို မမေ့သင့်တဲ့အကြောင်း

အခုတစ်လော ကျွန်မရေးတဲ့ဆောင်းပါးများထဲက သမီးကိုပြောဖြစ်သော ပုံပြင်များဟာ ပူဆွေးသောကရောက်ခြင်းနဲ့ ပတ်သက်တာများနေတော့ စာဖတ်သူများကို လွန်စွာ အားနာမိပါတယ်။ ဒါပေမယ့် အသက် ၅၀ ကျော်ဘဝမွန်းတိမ်းချိန်ကို ရောက်နေတဲ့ စာရေးသူတစ်ယောက်ရဲ့ဘဝ ရောင်ပြန်ဟပ်မှုများကို အရင်းအတိုင်း တင်ပြတဲ့ဆောင်းပါးများဖြစ်တဲ့အတွက် အဲသလို ဆွေးစရာများနေတာ သဘာဝကျပါတယ်။

အခုတစ်ပတ်မှာလည်း ထိတ်လန့်မှု သံဝေဂရမှုနဲ့ပဲ ပတ်သက်နေပြန်ပါတယ်။ ကျွန်မဟာဘယ်ကိုပဲသွားသွား စာရေးသူတစ်ယောက်အဖြစ်သိသူများတဲ့အနေအထားကို ရောက်နေပြီဖြစ်ပါတယ်။ အဲဒီလိုအချိန်မှာ ကျွန်မကို စာရေးသူတစ်ယောက်ဖြစ်အောင် များစွာကျေးဇူးပြုဖူးတဲ့သူတွေကို ကျွန်မ မေ့လွန့်သတိရပါတယ်။ ဒါပေမယ့် ခေတ်ရဲ့အရှိန်၊ အလုပ်ရဲ့အရှိန်တွေကြောင့် ကျေးဇူးရှင်များထံကို မရောက်ဖြစ်ပါ။ စိတ်ထဲမှာ

www.burmeseclassic.com



သတိရလိုက် ပါးစပ်ကထုတ်ပြီး ကျွန်မအခုလိုရေးနိုင်တာ ကျွန်မရဲ့ဆရာသမားများရဲ့ ကျေးဇူးကြောင့်ဖြစ်ပါတယ်။ မိဘဆရာသမားကအစ ဆွေမျိုးမိတ်သင်္ဂဟ အိမ်နီးနားချင်းများပါမကျန် ကျွန်မကိုသွန်သင်ကြတဲ့ ပညာပေးကြတဲ့သူတွေရဲ့ကျေးဇူးကြောင့် ဒီနေရာကိုရောက်ရတာပါလို့ ပြောမိပါတယ်။

အဲသလိုပြောရင်း ကျွန်မဒီလောက်စာမရေးနိုင်ခင် မကျော်ကြားခင်မှာ ကွယ်လွန်သွားကြတဲ့ မိဘများကိုတွေးမိပြီး စိတ်မကောင်းဖြစ်တဲ့အခါများ ရှိပါတယ်။

ဒါပေမယ့် လူဆိုတာ တယ်ပြီးမသိသားဆိုးရွားတဲ့ သတ္တဝါထဲမှာပါတယ်လို့ ကျွန်မကိုယ်နဲ့နှိုင်းပြီးပြောချင်ပါတယ်။ အခုအထိ အသက်ထင်ရှားရှိနေဆဲ ဆရာသမားများ၊ ဆွေမျိုးမိတ်သင်္ဂဟများ ရှိနေသေးတာကိုတော့ မေ့သလိုလို၊ အချိန်တွေရှိနေသေးတာပဲ ဘယ်တော့ပဲ ကျေးဇူးတင်စကားပြောပြော ရပါတယ်လို့တွေးသလိုလိုနဲ့ နေခဲ့မိပါတယ်။

အဲသလိုနဲ့ မကြာခင်က နာရေးတစ်ခုကို ရောက်သွားပါတယ်။ ကျွန်မက အလွန်လူကြောက်တတ်ပါတယ်။ အပြင်ကိုထွက်ခဲပါတယ်။ နာရေးဆိုရင်တော့ ထွက်ဖို့ကြိုးစားပါတယ်။ အခုလို နာရေးကလည်း ဆွေမျိုးထဲက ဆိုနိုင်တဲ့ နာရေးဖြစ်လို့ သွားတာဖြစ်ပါတယ်။

နာရေးကိုရောက်တာနဲ့ ကျွန်မအရင်တစ်ပတ်ကရေးတဲ့ ဆောင်းပါးထဲကလို ကျောက်ကပ်ရောဂါနဲ့ဆုံးတဲ့လူနာဖြစ်တဲ့အကြောင်း ကွယ်လွန်သူရဲ့ ယောင်းမကလေးက ပြောပါတယ်။ သူက ဆရာဝန်ဆိုတော့ ရောဂါအကြောင်းကို သတိတရ ပြောပြပါတယ်။ ကွယ်လွန်သူရဲ့ခင်ပွန်းဟာ ငယ်စဉ်တောင်ကျေးကလေးဘဝကတည်းက ချစ်ဖော်ကြင်ဘက်ကို ဆုံးရှုံးရလို့ မဆည်နိုင်အောင် ဖြစ်နေရှာပါတယ်။

နောက်ဆုံးအချိန်နီးတဲ့အခါမှာ ကွယ်လွန်သူရဲ့ခင်ပွန်းကို သူ့အစ်ကိုအကြီးဆုံးက ကြင်ကြင်နာနာ သိုင်းဖက်ထားပါတယ်။ အဲဒီမြင်ကွင်းဟာ ကျွန်မကို ကြက်သီးထလောက်အောင် မျက်ရည်စို့လောက်အောင်ဖြစ်စေခဲ့တဲ့ မြင်ကွင်းပါပဲ။ အသက် ၆၀ နီးနေတဲ့ ညီကလေးကို အသက်ခြောက်ဆယ်ကျော်ပြီဖြစ်တဲ့ အစ်ကိုကြီးက ထွေးပိုက်ထားတာဟာ အင်မတန်သိမ်မွေ့တဲ့ မေတ္တာစေတနာနဲ့ ကရုဏာတို့ရဲ့ပြယုဂ်ဖြစ်ပါတယ်။ ပြီးတော့



အဲဒီအစ်ကိုကြီးဟာ ငယ်စဉ်ကတည်းက သဘောမနောကောင်းလှတဲ့သူလို့ လူသိများပါတယ်။ ကျွန်မရဲ့ကျေးဇူးရှင်လည်း ဖြစ်ပါတယ်။ ကျွန်မရဲ့စာရေးဆရာဘဝဟာ အစ်ကိုကြီး စုဆောင်းထားတဲ့ထင်းရှူးသေတ္တာကြီးနှစ်လုံးစာမျှရှိတဲ့ စာအုပ်များရဲ့ အထောက်အပံ့ကြောင့်ရခဲ့တဲ့ ဘဝလို့ ပြောနိုင်ပါတယ်။

ကြည့်စမ်း– အစ်ကိုကြီးဟာ ငယ်ငယ်ကလိုပဲ သဘောကောင်းတဲ့ ရုပ်ကသိသာနေတုန်းပဲ။ ဒါပေမယ့် အိုရှာပြီ။ အို– ငါတောင်မှ ဒီအရွယ်ရှိနေတာပဲ စတဲ့အတွေးများဟာ စက္ကန့်ပိုင်းမှာပဲ တွေးမိတဲ့အတွေးများဖြစ်ကြပါတယ်။

နောက်ပိုင်းတော့လည်း ကိုယ့်မြို့ကနေပြီး ရန်ကုန်ရောက်နေတဲ့သူတွေကို ပြန်တွေ့ရတော့ လိပ်စာတောင်းကြ၊ ကျန်းမာရေးကိစ္စတွေမေးကြနဲ့ပါပဲ။ အဲဒီမှာ ငယ်ဆရာမကြီးကို ခုံခုံညားညား ထည်ထည်ဝါဝါပုံနဲ့ (ကျွန်မစိတ်ထဲမှာတော့) အိုသွားတာတောင် မသိနိုင်တဲ့ဟာနဲ့တွေ့ရတော့ ဝမ်းသာရပါသေးတယ်။ ငါ့သမီးတွေလို့ ခေါ်လိုက်တော့လည်း စိတ်ခာတ်လုံခြုံမှုကို ခံစားလိုက်ရပါသေးတယ်။

ကျွန်မဟာ အဲဒီနာရေးကအပြန်မှာ သူငယ်ချင်း(၅–တန်းတုန်းကတည်းက သူငယ်ချင်း)ဆီကို ဖုန်းဆက်ပြောမိပါတယ်။ ပြောရင်းလည်း ငါတို့ရဲ့ကျေးဇူးသိတတ်တဲ့စိတ်၊ မမေ့လျော့ဘဲ အမြဲဂါရဝထားနေတဲ့စိတ်ကိုတော့ ပြကြမှဖြစ်မယ်။ ဘယ်လိုပင့်ဖိတ်ပြီး ဘယ်လိုကန်တော့ကြမယ်ဆိုတာတွေ ပြောမိကြပါတယ်။

နောက်တစ်နေ့ ကျောင်းသွားတော့ စောစောကြိုထွက်ပြီး အစ်ကိုကြီးတို့အိမ်ကိုဝင်ပါတယ်။ ကျွန်မရေးတဲ့စာအုပ်ထဲက အခုရှိနေတဲ့စာအုပ်လေးအုပ်ကို ကန်တော့ပစ္စည်းပြုပြီး နှုတ်ကလည်း အစ်ကိုကြီးကျေးဇူးကြောင့် ကျွန်မ စာရေးဆရာဖြစ်လာရတာပါလို့ ကျေးဇူးစကားကိုဆိုရင်းကန်တော့မိပါတယ်။

ကျွန်မတို့မှာ သားအမိနှစ်ယောက်ပဲရှိတော့ တစ်ယောက်ရဲ့လှုပ်ရှားမှုကို တစ်ယောက် သိနေကြတာပါပဲ။ တစ်ယောက်နဲ့တစ်ယောက် ညှ-

www.burmeseclassic.com

www.burmeseclassic.com



ပိုင်းရောက်ရင် တွေ့ကြုံကြသမျှကို ပြန်ပြောကြတာပါပဲ။ အဲဒီတော့ အမေလေ–အမေ့ကျေးဇူးရှင်အစ်ကိုကြီးကို သွားကန်တော့တာလို့ အစချီပြီး ကျေးဇူးတရားကို မမေ့အပ်တဲ့အကြောင်းကို ပြောပြမိပါတယ်။

⊠⊠ ⋇⋇ ⊠⊠

သမီးရယ်– ကျေးဇူးဆပ်တယ်လို့ဆိုတာဟာ အကြွေးဆပ်တဲ့သဘော မဟုတ်ဘူးဆိုတာ သတိထားရမယ်။ ကျေးဇူးဆိုတာ အလွယ်တကူဆပ်လို့ မရပါဘူး။ ကျေးဇူးသိတတ်ပါတယ်။ ကျေးဇူးရှင်ကို ကျေးဇူးရှင်လို့ အလေး အမြတ်ထားပါတယ်ဆိုတာကို မိမိအပေါ်မှာ ကျေးဇူးပြုဖူးတဲ့သူများကိုရော အများကိုရော ပြောပြနိုင်ဖို့ ပထမဦးစွာ သတိထားရပါမယ်။ အများကို လည်း မိမိအပေါ်မှာ ကျေးဇူးပြုထားဖူးသူတဲ့ သူ့ရဲ့ကျေးဇူးဂုဏ်ကိုသိအောင် ဖွင့်ဟပြောဆိုနိုင်ရပါမယ်။

နောက်ပိုင်းမှာတော့ မိမိအနေနဲ့ဘယ်လောက်ပဲ ကြီးပမ်းရသည်ဖြစ် စေ၊ မိမိရဲ့ကျေးဇူးရှင်ကို မထီမဲ့မြင်ပြုတဲ့သူဟာ ဘယ်တော့မှ မကောင်းစား နိုင်ဘူး။

ငါးကိုဖမ်းပြီးအပေါ်ကို မြှောက်မြှောက်ပစ်ပြီးမှ ပါးစပ်နဲ့ခံပြီးစားတဲ့ ဗျိုင်းကိုကြည့်ရင်းကြည့်ရင်း လှံကိုအပေါ်မြှောက်ပြီး ပါးစပ်နဲ့ခံကာ အာကို လှံမစူးအောင် ဖမ်းတဲ့အတတ်နဲ့ လူအများရှေ့မှာ ပြပြပြီးစားနေတဲ့သူ တစ်ယောက်အကြောင်းကို သမီးမှတ်မိတယ်နော်။ အဲဒီလူဟာ သူ့ဆရာ ဖြစ်သူ ဘယ်သူလဲလို့မေးတာကို ခံရတဲ့အခါမှာ ဗျိုင်းလို့ပြောရမှာရှက်တဲ့ စိတ် ဝင်မိပါသတဲ့။ အဲဒါကြောင့် သူ့မှာ ဆရာမရှိဘူး။ အလိုလိုတတ်ခဲ့ တာပါလို့ ညာပြီး ပြောလိုက်ပါသတဲ့။ အဲဒီနောက်တော့ လှံတံကိုပစ်ပြီး ပါးစပ်နဲ့အခံမှာ အခါတိုင်းလို မဖမ်းနိုင်ဘဲ အာခေါင်အထိ လှံကဝင်သွား ပြီး အာခေါင်ကို လှံစူးတာနဲ့ သေပါလေရောတဲ့။ အဲဒါကြောင့် ဆရာကို အာခံ အာခေါင်လှံစူးလို့ဆိုတဲ့ ဆိုရိုးစကားရှိတာပေါ့။

သမီးရေ– ဆရာတော်ဦးဇောတိက ကဆိုရင်လည်း ကျေးဇူးတင် တတ်တဲ့စိတ်ကို မွေးဖို့ အမြဲသတိပေးတော်မူပါတယ်။ အဝိဇ္ဇာဏ်က သစ်ပင်ကြီးတစ်ပင်ကို မြင်ရင်တောင်မှ သြော်–ဒီသစ်ပင်ကြီးရှိနေလို့



လေထဲက ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်တွေကို သန့်စင်အောင် စုပ်ယူပေး ထားလို့ လေထုသန့်ရှင်းပေတယ်။ သစ်ပင်ရဲ့အရိပ်ကလည်း အေးမြပေ တယ်လို့ ကျေးဇူးတင်စိတ်ထားရမယ်လို့ ဆုံးမဖူးပါတယ်။

အမလေး ဘာမှမသိနိုင်တဲ့သစ်ပင်ကို ကျေးဇူးတင်နေလို့ ဘာဖြစ်မှာ လဲလို့မေးတဲ့သူတွေလည်း ရှိနိုင်ပါတယ်။ အနည်းဆုံးတော့ အရိပ်နေနေ အခက်ချိုးချိုး မလုပ်ဖြစ်တော့ဘူးပေါ့ သမီးရယ်။ နောက်တော့လည်း သြော်– ဒီသစ်ပင်ကို ဘယ်သူတွေမှန်းမသိတော့တဲ့ တို့ဘိုးတို့ဘွားများ စိုက်ခဲ့ပေတယ်။ ငါတို့ကလည်း နောင်လာနောက်သားတွေအတွက် စိုက်ခဲ့ ပျိုးခဲ့ဖို့လိုတယ်ဆိုတဲ့ ကျေးဇူးပြုလိုတဲ့စိတ်ကောင်းစိတ်မြတ်တွေ ဝင်လာနိုင် သေးတာပေါ့ သမီးရယ်လို့ ကျွန်မက သမီးကိုသေသေချာချာ ပြောပြနေမိ ပါတယ်။

(ကျွန်မက အစွဲအလန်းကြီးတတ်ဟယ်။ အဲဒီကိစ္စကြောင့် တစ်ခါ တလေ သမီးရယ်– အမေတော့ ဓောဓောစီးစီးသူငယ်ပြန်နေပြီထင်တယ် လို့ ပြောမိပါတယ်။ စွဲမိစွဲရာဆိုတာကတော့ ဒီလိုပါ။ အခုတလော ဆရာတော်ဦးဇောတိကရဲ့ တရားခွေတွေကို နာတာများတဲ့အတွက် ဆရာ တော့်အကြောင်း၊ ဆရာတော့်တရားများအကြောင်း စကားပြောတိုင်း ပါပါနေတတ်လို့ ဖြစ်ပါတယ်။)

ဆရာတော်ကတော့ နေမကောင်းတဲ့သူဆိုရင် ဆေးသောက်တာ တောင်မှ ကျေးဇူးတင်တဲ့စိတ်နဲ့သောက်ဖို့ အမြဲတိုက်တွန်းတော်မူခဲ့ပါတယ်။ ဆေးလုံးကလေးတွေ ဆေးပြားကလေးတွေကို ငါ့ပိုက်ဆံနဲ့ ငါဝယ်သောက် တာပဲလို့ သဘောမထားဘဲ ဒီလိုရောဂါတွေကိုပျောက်ကင်းနိုင်အောင် နှစ်ပေါင်းများစွာ သုတေသနပြုသွားကြတဲ့သူများရဲ့ ကျေးဇူးဂုဏ်၊ ပညာ ဂုဏ်ကို အောက်မေ့ပြီး သောက်ကြဖို့၊ မေတ္တာပွားများပြီးသောက်ကြဖို့ ပြောခဲ့တယ်ဆိုတာ သမီးလည်း အသိပါပဲ။

နောက်ပြီးတော့ သမီးရေ– အမေက စာရေးရင်းနောက်ကြောတက် လို့ နားတိုင်းနားတိုင်း ဆရာတော့်တရားကို ကက်ဆက်သေးသေးကလေးနဲ့ နာနာနေတာ သမီးအသိနော်။ ခက်တာက ကျွဲပါးစောင်းတီးဖြစ်ဖြစ်နေတာ ပါပဲ သမီးရယ်။ ဘာပဲဖြစ်ဖြစ်လေ တစ်ခါနာတိုင်း သြော်– ဒီအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကလေးပဲ ပါသကိုးလို့ ထပ်ကာထပ်ကာ သတိထားမိဟာကလေးတွေရှိတယ်ကွယ့်။

အထူးသဖြင့်ကတော့ မိမိတို့ရဲ့ပတ်ဝန်းကျင်မှာ၊ အနမတဂ္ဂသံသရာမှာ ဆွေရယ်မျိုးရယ်လို့ မတော်ဘူးတဲ့သူတွေ မရှိဘူးဆိုတာ ဆရာတော် ခဏခဏ သတိပေးဆုံးမတတ်ပါတယ်။ သမီးရဲ့ဘွားဘွားကလည်းအဲသလိုပဲ သတိပေးခဲ့ဖူးတာ အကြိမ်ကြိမ်ပါပဲ။ အမေက စိတ်ဆတ်တယ်ဆိုတော့ စိတ်ထားမှား၊ အပြောမှား၊ အပြုမှားတွေရှိမှာစိုးလို့ သတိပေးတာ။ ဘာပဲဖြစ်ဖြစ် တွေ့ဆုံပေါင်းသင်းနေကြတဲ့သူတွေကို ဝဋ်ဘက်ဖြစ်အောင် မဆက်ဆံဘဲ ပါရမီဘက်ဖြစ်အောင် ဆက်ဆံဖို့ သဘောထားဖို့ ဘွားဘွားက သတိပေးတတ်တယ်။

အမေကလည်း ရေနံချောင်းကလူတွေကို ပြန်တွေ့တော့ သြော်– ကြည့်စမ်း တစ်မြို့တည်းမှာနေခဲ့ကြတယ်။ တစ်ကျောင်းတည်းမှာ ပညာဆည်းပူးခဲ့ကြတယ်။ အခုလိုအရွယ်ရောက်ပြန်တော့လည်း မြို့တော်ရန်ကုန်မှာ ပြန်ဆုံနေကြပြန်တယ်။ ငယ်ငယ်တုန်းကတော့ ရန်ကုန်ကို တက်နေရမယ်လို့ ဘယ်မှာထင်ခဲ့ပါ့မလဲ။ တချို့ကတော့လည်း ရန်ကုန်လောက်တော့လား၊ ငါတို့ကနိုင်ငံခြားမှာတောင် သွားနေဖို့ စိတ်ကူးတာလို့ပြောချင်တဲ့သူလည်း ရှိကောင်းရှိမှာပေါ့ သမီးရယ်။

ဘာပဲဖြစ်ဖြစ်လေ သူသေကိုယ်ပို့ ကိုယ်သေရင်လည်း သူပို့ပေါ့။ အကြီးမို့ အရင်သွားရမယ်။ အငယ်မို့နောက်ကလိုက်ရမယ်လို့ ဘယ်မှာပြောနိုင်ပါ့မလဲ။ အသက် ၇၀ ကျော် အမေတို့ဆရာမကြီးက စိတ်မကောင်းစွာနဲ့ သြော်–ငါ့မလဲ ငယ်သူတွေကိုချည်း လိုက်ပို့နေရတော့တာပါပဲလို့ ပြောသလိုပေါ့ သမီးရယ်။

အမေက အဲဒီလိုလူတွေကိုကြည့်ရင်း သံဝေဂတွေသိပ်ရတာပါပဲ။ ကျေးဇူးရှင်တွေလို့ ရိုးရိုးသားသားတွေ့ရင် ကြီးသူရောငယ်သူပါ ကျေးဇူးရှင်တွေရှိနေတတ်တာပဲ သမီးရဲ့။ ဆရာတော်ပြောသလိုဆိုရင် အသိကဝိညာဉ်မဲ့တဲ့သစ်ပင်ကအစ မမြင်ဖူးတဲ့သူတွေတောင်မှ ကျေးဇူးတင်ထိုက်သေးတာကိုး။

ကိုယ့်ကို ပညာပေးရုံမက ကျွေးမွေးဖူးသူများ၊ ငှဲရဲ့စောင်မမှု၊ လက်ရဲ့စောင်မမှု ပြုဖူးသူများဟာ ကျေးဇူးရှင်တွေပါပဲ သမီးရယ်။



အဲ– အဲ မေ့မသွားခင် ကိုယ့်ကိုကိုယ်ဆင်းရဲအောင်၊ စိတ်ဆင်းရဲအောင် ပြုဖူးတဲ့သူတွေတောင်မှ ကျေးဇူးတင်ထိုက်တယ်လို့ ဆရာတော်က အမိန့်ရှိခဲ့ဖူးပါတယ်။ ဘာကြောင့်လဲဆိုတော့ လူတကာက ကိုယ့်အပေါ် ကောင်းနေပြီး ကိုယ်လိုသလိုဖြစ်နေရင် ဘယ်မှာ တရားရနိုင်ပါ့မလဲ။ မာနကျနိုင်ပါ့မလဲ။ အဲဒီတော့ ကိုယ့်အပေါ်မှာ မကောင်းခဲ့တဲ့သူကိုလည်း ကျေးဇူးတင်ရပေလိမ့်မယ်လို့ သမီးကိုပြောရင်း စကားစပ်ကို လက်စသတ်ရပါတယ်။

ယနေ့ စနေ့နေ့။ ငယ်စဉ်က ဖတ်စာအုပ်ထဲမှာ ဖတ်ခဲ့ရသလို လေတိုက်သည်။ ဘဒွေးငေးနေသည်။ ဘဦးရေကူးသည်ဟု စာဖတ်သည့်အချိန်မဟုတ်တော့ပါ။

ဆွမ်းကျွေးသည့်အိမ်တွင် ရိုးကြည်(အရိုးကြည်)ဟု အညာအခေါ်ခေါ်ကြသော မေမေ့မိတ်ဆွေ၊ မေမေ့မိတ်ဆွေကို မြင်သည့်အချိန်တွင် မိခင်ကိုယ်စား ချစ်ခင်လေးမြတ်သောစိတ်ဖြင့် ဝမ်းမြောက်ဝမ်းသာရှိရသည်။

ဆုံးသွားသူ၏ခင်ပွန်းသည်လည်း အရင်နေ့ကစာလျှင် ညီအစ်ကိုမောင်နှမများအကြားတွင် တည်တည်ငြိမ်ငြိမ်ရှိနေသည်ကိုမြင်၍ ဝမ်းသာရသည်။ သားသမီးများ၊ မြေးများတို့အထိပင် ပွားစီးနေပြီးဖြစ်သောအသိုက်အဝန်းကြီးတွင် အခြားအခြားသော ပညာဂုဏ်၊ ပစ္စည်းဂုဏ်၊ ရာထူးဂုဏ်တို့ကို ကျွန်မမကြည့်ဘဲ အလွန်လှပသော အားကျဖွယ်ကောင်းသော ဂုဏ်အင်္ဂါတစ်ခုကိုတွေ့မြင်ကာ ထိုအလှတွင် ကျွန်မ မျောပါနေခဲ့ပါသည်။

ဘတုတ်၊ ဘလှ၊ ဘသန်း စသဖြင့် အညာသားများပီပီ ဘထွေးများ၊ ဘကြီးများ၏ရှေ့က ဘထည့်ခေါ်နေကြသည်ကိုကြားရသောအခါ အန်ကယ်ဟု လျှာဖျားကလေးမှာသာ ခေါ်သောအသံထက် ကြားရတာ အားရှိပါသည်။

အေးအတူပူအမျှ ဝေမျှစားနေကြသော ဆွေမျိုးတစ်စုတို့ အလယ်တွင် ကျွန်မလည်း ပါဝင်ခဲ့ပါသည်။ အားအားရှိလျှင် ဆွေမျိုးကဲ့သို့ ခင်သောသူတို့အိမ်သို့ မောင်လေးနှင့်အတူသွားကာ ကစားခဲ့၊ စားခဲ့ကြသည်။ သြော်– ငါ့နယ် ငါတို့ကို သားသမီးများနှင့် မုန့်ကိုအတူတူဝေမျှကျွေးမွေးခဲ့ကြသော၊ ထမင်းကိုဝအောင်ကျွေးပြီးမှ အိမ်ပြန်လွှတ်တတ်သော ဘဘထွန်းနှင့် မေမေထွေးတို့သာမြင်လျှင် သူတို့သားသမီးများ၏စည်းရုံးမှု၊

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာကြီးမားမှုအတွက် ဂုဏ်ယူနေကြမှာ သေချာသည်ဟု ကျွန်မတွေးမိပါသည်။

ကျောင်းပိတ်ရက်တွင် အိမ်ကခွဲခဲ့သောကျွန်မ အိမ်ပြန်နောက်ကျမှာကို စိတ်ပူနေမှာစိုး၍ သမီးကိုမှာခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ကျွန်မမှာ ကြုံသမျှလူတွေနှင့် မြိန်ယှက်စွာစကားပြောရင်း မကြာစဖူး အကြာကြီးနေနေခဲ့ပါသည်။ ဆရာသမားများကို ကန်တော့လိုလျှင် အကျိုးဆောင်ပေးမည်ဟုဆိုသော ကျွန်မတို့ ငယ်ကအခေါ် ကိုပေါက်စကြီးကိုလည်း ချစ်ခင်လေးစားစိတ် ပို၍ပေါ်ပေါက်ခဲ့ပါသည်။

အဲသလိုနှင့် လူစုကွဲကာ အိမ်သားတွေချည်းကျန်ခဲ့သည့်အချိန်တွင် စကားစပ်ကလည်း စုံလာပါသည်။ ကျွန်မသည် စကားစပ်များကို မဖြတ်လိုသဖြင့် နေရင်းနေရင်းနှင့် နေ့လယ်ပိုင်းသို့ရောက်လာပါသည်။ ညဘက်ကတည်းက ပင်ပန်းနေခဲ့ကြမည့် အိမ်သားများကို အနားပေးရန်လိုပါသည်။ ထို့ကြောင့် ကျွန်မခေါင်းရင်းဘက်တွင် ထိုင်နေသော တူမငယ်ကို သမီးက ဒီဘက်ကိုပြောင်းလိုက် အန်တီက လူကြီးတွေကို ကန်တော့ဦးမယ်လို့ ပြောလိုက်ရင်း ကန်တော့ဖို့ ပြင်ရပါသည်။

ကျွန်မသည် ရီးကြည်၊ အစ်ကိုလေး၊ အစ်ကိုဦးအောင်သန်းနှင့် မမသန်းတို့ကို ရိုရိုသေသေ လေးလေးစားစား ကန်တော့ပါသည်။ ငယ်စဉ်ကစ၍ သွေးသားအရင်းသားချင်းပမာ စောင့်ရှောက်ခဲ့ကြသော ညီအစ်ကိုမောင်နှမများကို လေးစားကြည်ညိုစွာကန်တော့ရင်း စိတ်ရင်းစေတနာကောင်းစွာဖြင့်ပေးကြသော သူတို့ကို စိတ်ချမ်းသာစွာ လေးမြတ်စွာခံယူခဲ့ပါသည်။

ကျွန်မသည် အိမ်သို့ပြန်ကာနီးတွင် နောက်ထပ်လာဦးမည့်အကြောင်းကို ပြောခဲ့ပါသေးသည်။ ကျွန်မအိမ်သို့ လာရန်လည်း အားလုံးကို ဖိတ်ခေါ်ခဲ့ပါသေးသည်။

ကျေးဇူးတရားကို အကြောင်းပြု၍ ရေးမိသောဆောင်းပါးကို ကျေးဇူးတရားဖြင့်ပင် နိဂုံးချုပ်ချင်ပါသေးသည်။ သူ၏ကံအကြောင်းတရားကြောင့် ငယ်ရွယ်သည်ဟု မဆိုနိုင်သော်လည်း နေမည်ဆိုလျှင်နေနိုင်သေးသည့် အချိန်တွင် ကွယ်လွန်သွားရှာသူကို ကျွန်မကျေးဇူးအထူးတင်ပါသည်။ သူက အတွေ့မာနဖုံးလွှမ်းနေသော ကျွန်မအတွေ့ဉာဏ်အတွင်းတွင်



အချိန်ဘယ်လောက်ကြာကြာနေမိမှန်းမသိသော ကျွန်မကို သတိတရားရစေခဲ့သူ ဖြစ်ပါသည်။ သံဝေဂတရားကို ရစေခဲ့သောသူဖြစ်ပါသည်။ ကျေးဇူးတရားကို မမေ့မလျော့ မပေါ့မတန် လျင်လျင်မြန်မြန်ဆပ်ရန် သတိပေးခဲ့သောသူ ဖြစ်ပါသည်။ နှုတ်မှ ဖွင့်ဆိုသတိပေးခြင်းမဟုတ်ဘဲ၊ နက်ရှိုင်းစွာ ခံစားရသောနှလုံးသား၊ လေးနက်စွာတွေးတောတတ်သော ဦးနှောက်တို့ကို အနိစ္စတရားဖြင့် ထင်လင်းစွာပြသသွားသောသူ ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်မ သူ့ကိုလည်း လေးနက်စွာ ကျေးဇူးတင်ပါသည်။

ပန်းဝေသီ (၁၉၉၆ ခု၊ အောက်တိုဘာလ)

⊠⊠ ⁂ ⊠⊠

www.burmeseclassic.com



မခိုးနဲ့ မညာနဲ့ လက်နှိုးစုတ်ဖြစ်မယ်

# မခိုးနဲ့ မညာနဲ့ လက်နှီးစုတ်ဖြစ်လိမ့်မယ်

ကျွန်မနှင့် သမီးတို့ အခုတစ်လော အလုပ်များနေလိုက်ကြသည်မှာ တစ်အိမ်တည်းနေ၍ စကားမပေါက်နိုင်ကြသည်အထိ ဖြစ်နေတတ်ပါသည်။ မနက်ပိုင်းမှစ၍ ချက်ပြုတ်ရေးကိစ္စ၊ ကျောင်းသွားမည့်အမေ့ကိစ္စတို့ဖြင့် တလှုပ်လှုပ်လှုပ်နေရင်း တစ်ခွန်းတလေပြောဖြစ်ကြသည့်တော့ ရှိပါသည်။

ကျောင်းသို့ ကျွန်မထွက်သွားသည်နှင့် သူ၏ကွန်ပျူတာလုပ်ငန်းကို သူစပါသည်။ သူ့လုပ်ငန်းမှ အကြီးအကျယ်အမြတ်ရနေသော လုပ်ငန်းဟု ငွေကြေးအရ မခေါ်နိုင်ပါ။ သို့သော် အလုပ်ဆိုသည်မှာ ငွေသာမက အခြားသော ကိုယ်ရည်ကိုယ်သွေးတို့ကိုလည်း တက်စေနိုင်သည်ဖြစ်ရာ ထိုကိုယ်ရည်ကိုယ်သွေးထဲတွင် ပါဝင်သော လူမှုဆက်ဆံရေးကိစ္စ၊ အသိပညာတိုးတက်ရေးကိစ္စတို့ကိုပါ ထည့်သွင်းတွက်ဆပါမူ အလွန်အကျိုးအမြတ်ရှိသော ကိစ္စတစ်ခု ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကလည်း အလုပ်မည်မည်ရရမရှိဘဲ နေနေတတ်ကြသူလူများကို နားမလည်နိုင်၊ သဘောလည်း မကျနိုင်ပါ။ တချို့ကလည်း နေရာမရခင်သာ ဘာပဲလုပ်ရလုပ်ရဟု ဆိုတတ်ပါသည်။ တကယ်တမ်းအလုပ်ပေးသည့်အခါ ဂျီး(ကြေး)အလွန်များတတ်ကြပါသည်။ ထိုသို့သောသူများနှင့်လည်း ကြာကြာမမြဲတတ်သဖြင့် ကျွန်မတို့အိမ်မှာ လူဦးရေနည်းနေတတ်သည်မှာ သဘာဝဖြစ်ပါသည်။

မကြာခင်က ကားမောင်းပေးမည့်သူ အခက်အခဲရှိနေ၍ အညာမှ တူကလေးကို ခေါ်ယူရပါသည်။ လွန်ခဲ့သည့်နှစ်နှစ်ခန့်ကပင် ကားမောင်းသင်ချင်ပါသည်ဟုဆိုသောသမီးကို ကျွန်မက တားမြစ်ခဲ့ပါသည်။ ယခုအချိန်မှာမူ လိုအပ်ချက်ဖြစ်ပြီ။ မသင်လျှင်မရတော့။ အစ်ကိုဖြစ်သူနှင့် ကြပ်မတ်၍သင်ပေးသဖြင့် အနည်းနှင့်အများတော့ တတ်ပါသည်။ ထိုထိုသောကိစ္စများဝင်လာသဖြင့် သားအမိ၏ပုံပြောခန်းမှာ ဝေးသွားပြန်ပါသည်။

သူမောင်းပို့သောကြောင့် ကျောင်းသို့ရောက်သည်မှာ မှန်သော်လည်း အစ်ကိုဖြစ်သူက ဘယ်လိုမောင်း၊ ဘာကိုနင်း၊ ဘာကိုလွှတ်စသည်ဖြင့် ပြောသည်ကို နမဖြစ်သူကပြန်ပြန်၍အတွန့်တက်သောကြောင့် သူတို့စကားနားထောင်ရသည်နှင့် တရားလည်းမနာနိုင်၊ ဘုရားစာလည်း မကျက်နိုင်ဘဲ ယောင်လည်လည်ဖြင့် ကျောင်းသို့ ရောက်ရသည့်အကြိမ် များလာခဲ့သည်။

တစ်ခါတလေ ပြောစရာစကား ကျန်သည့်အတွက် တယ်လီဖုန်းဆက်ကာ စကားပြောကြရသည်ပါ။ ဩော်– အဘိုးအဘွား အဖေအမေတို့ခေတ်နှင့်တော့ ကွာဘိခြင်းကွယ်။

မနေ့တစ်နေ့ကတော့ ကျွန်မတို့ကျောင်းမှာ ပြောဖြစ်သည့် စကားအကြောင်းကို စကားမပြောရတာကြာပြီဖြစ်၍ အိပ်ရာမှနိုးစသမီးကို ထိုအတူ အိပ်ရာမှနိုးစကျွန်မက မေမေ့အနားလာအိပ်ပါဦးဟု ခေါ်ရပါသည်။ အိပ်မှုန်စုံမွှားနှင့် သမီးက ကျွန်မကိုကျောခိုင်းမှက်ကာ 'ဘာပြောမလို့လဲဟင်'ဟု အပျိုကြီးဖားဖားဖြစ်လျက် ကလေးပေါက်စသဖြင့် မေးတတ်သည်။ ကျွန်မကလည်း အကျေနပ်ကြီးကျေနပ်ကာ အထွေးနွေးကြီးထွေးနွေးလျက် မေမေက မနေ့က ကြားခဲ့တဲ့ပုံကို ပြောချင်လို့ဟုဆိုကာ ပုံကို မနက်မိုးလင်းစတွင် ထွေးထွေးနွေးနွေးနေကာ ပြောမိပါသည်။

ဒီလိုသမီးရဲ့–



အမေတို့ကျောင်းမှာ ဆရာလုပ်သွားဖူးတဲ့ စီးပွားရေးသမားကုမ္ပဏီပိုင်ရှင်တစ်ယောက် အမေ့ဆီကို မနေ့ကလာတယ်။ အဲဒီဆရာနဲ့ အမေတို့နဲ့က တစ်ကျောင်းတည်းလုပ်ခဲ့တာတော့ မှန်တယ်။ ဒါပေမယ့် ဌာနချင်းလည်း ဝေးတယ်။ အရွယ်ချင်းကလည်းကွာတယ်ဆိုတော့ တစ်ယောက်နဲ့တစ်ယောက် လေးစားကြပေမယ့် ခင်မင်လှချည့်ရဲ့လို့ မဆိုနိုင်ဘူးပေါ့လေ။

နောက်ပိုင်း အဲဒီဆရာ အလုပ်ကထွက်သွားတာ သစ်လုပ်ငန်းနဲ့ ကြီးပွားသွားတာတွေကိုလည်း အမေမသိခဲ့ပါဘူး။ လမ်းမှာ တစ်ခါတစ်ခါတွေ့ရင်လည်း ဆရာဝလာတယ်နော်၊ နေကောင်းရဲ့လား ဆိုတာလောက်ပဲ မေးကြတာပေါ့။

အဲဒီဆရာဟာ မနေ့ကတော့ အမေ့ဆီကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာသကွယ့်။ အမေက ဌာနက ညီအစ်မတွေနဲ့အတူ ထမင်းစားနေတာကို 'ဆရာမကြီးရေ– ကျွန်တော်တော့ အားမနာနိုင်တော့ပါဘူးခင်ဗျာ၊ အတင်းပဲ စကားဝင်ပြောရတော့မှာပဲ'ဆိုပြီး စကားဝင်ပြောသကွယ့်။

အကြောင်းကတော့ သူဟာ သစ်လုပ်ငန်းနဲ့ ချမ်းသာလိုက်တာ၊ သစ်လုပ်ငန်းကလည်း ငွေတွေဝင်လာလိုက်တာ ဘယ်လောက်ရင်းပြီး ဘယ်လောက်မြတ်တယ်ဆိုတာကို မပြောတတ်လောက်အောင်တောင် ဖြစ်ခဲ့ပါသတဲ့။ အဲဒီအချိန်မှာ လိုအပ်ချက်အရ နိုင်ငံတော်က သစ်လုပ်ငန်းများကို စည်းကမ်းသတ်မှတ်ချက်တွေ အများကြီးလုပ်ခဲ့ပါတယ်။ အမိန့်ကြေညာချက်တွေ ဘာတွေကို နိုင်ငံတော်က ထုတ်လိုက်တာတော့ အမေသိပါရဲ့ ဒါပေမယ့် ကိုယ်နဲ့မဆိုင်တော့ ရေရေရာရာ ဘယ်မှာသိပါ့မလဲ။

ရေရေရာရာသိကြရှာတဲ့ အဲဒီဆရာအဖို့ကတော့ တကယ့်ကို ရေရာသွားတာပါပဲတဲ့။ တစ်ခါတည်း ငွေလေးဆယ့်နှစ်သိန်းရှုံးသွားတယ်။ အဲလေ– အမေစကားမှားလို့ ဆုံးသွားတာကို ပြောတာ။

စီးပွားရေးသမားဆိုတော့ ဆုံးသွားတာကို မှားလိုက်တာလို့ မပြောပါဘူး။ ကျွန်တော်ဆုံးတာ အနည်းဆုံးပဲလို့ အေးအေးပဲပြောပါတယ်။ အဲဒီဆရာက လူချော၊ စကားပြောကလည်းကောင်းတယ်၊ သားသမီးနှစ်ယောက်နဲ့ လူ့ဘဝမှာ အချိန်ကောင်း၊ အခြေအနေကောင်းနဲ့ ကြုံရဆုံရသူတစ်ယောက်ပါပဲ။ အဲ– ဒါပေမယ့် အခုနပြောသလို အဆုံးနဲ့တော့ ရင်ဆိုင်ရတာပေါ့လေ။ အဲဒီဆရာရဲ့ပြောစကားအရဆိုရင်တော့ ကျွန်တော်နဲ့ ကျွန်တော်ရဲ့တပည့်များဟာ ငွေအများကြီးဝင်တဲ့အလုပ်ကို လုပ်ပြီးတော့

www.burmeseclassic.com



တချို့အလုပ်တွေကို မလုပ်နိုင်တော့ဘူး။ အမြတ်တစ်ထောင်နေရာမှာ ငါးဆယ်လောက်ပဲရတယ်ဆိုရင်တော့ မလုပ်ချင်တော့ဘူး။ အဲသလိုနဲ့ ကျွန်တော်တို့တစ်စုဟာ အထည်ကြီးပျက်တွေ ဖြစ်နေကြတာပေါ့တဲ့။

တစ်နေ့ကျတော့ လက်ဖက်ရည်သောက်ဖို့သွားရင်း လမ်းဘေးက စာအုပ်ဆိုင်တစ်ဆိုင်မှာ ဆရာမကြီးရေးတဲ့ 'အလုပ်နဲ့ဘဝကို တည်ဆောက်ခြင်း' ဆိုတဲ့စာအုပ်ကို လှမ်းမြင်လိုက်သဗျ။ ကျွန်တော်က ဆရာမရဲ့နာမည်ကို သံယောဇဉ်ရှိတဲ့စိတ်နဲ့ စာအုပ်ကို ဝင်ဝယ်လိုက်ပါတယ်။

အဲသလိုဝယ်ပြီး ဖတ်လိုက်မှ ဆရာမကြီးရယ် အလုပ်ရဲ့တန်ဖိုးကို ငွေရေးကြေးရေးနဲ့သာ တန်ဖိုးဖြတ်နေမိတဲ့ ကျွန်တော့်ဘာသာ ကျွန်တော် မှားနေပြီဆိုတာကို နားလည်သွားပါတယ်။ စိတ်လေနေတာလည်း ပျောက်သွားပါတယ်။ အဲဒီနောက်တော့ ကျွန်တော့်တပည့်တွေကို အဲဒီစာအုပ် တစ်အုပ်စီဝယ်ပြီး လက်ဆောင်ပေးမိပါတယ်။ ကျွန်တော်တို့က အရက်မသောက်ကြဘူးခင်ဗျ။ အဲဒီတော့ ညဘက်ပိုင်းမှာ လက်ဖက်ရည်သောက်ရင်း ဖတ်မိတာ၊ တွေးမိတာ၊ ကြားမိတာတွေကို ပြန်ပြန်တွေးတာပေါ့၊ ပြန်ပြန်ဆွေးနွေးတာပေါ့။

ကျွန်တော့်တပည့်တွေကလည်း ဆရာမရဲ့စာအုပ်တွေကိုကြိုက်ကြပါတယ်။ သူတို့ကလည်း ဘာမှမလုပ်ဘဲ အခွင့်အရေးကောင်းကို ထိုင်စောင့်နေမယ့်အစား အလုပ်လုပ်ရင်း စောင့်မယ်ဆိုပြီး လုပ်ငန်းတွေတော့ ပြန်စနေပါပြီ။

အခု ကျွန်တော် ဆရာမကြီးဆီကိုလာတာက ကျွန်တော်ဝယ်ထားတဲ့ စာအုပ်တွေအပေါ်မှာ လက်မှတ်ထိုးပေးဖို့ပါပဲလို့ ဆိုသကွယ့်။

သမီးရယ် အမေဟာ ငယ်ကတည်းက သိပ်ကြိုးစားခဲ့ပါတယ်။ တချို့က သိပ်တော်တာပဲလို့ပြောရင် အမေက အမှန်အတိုင်းပြောတာရှိပါတယ်။ တော်တာက ဒီလောက်မဟုတ်ပါဘူး၊ ကြိုးစားတာက ပဓာနကျပါတယ်လို့ပေါ့။ အမေပြောချင်တာက ဒီလိုပါ။ အမေကြိုးစားလိုက်ရတာ အမျိုးမျိုးသော ကြုံးနီစနစ်တွေကြောင့် ကိုယ့်လောက်လည်း မကြိုးစား၊ ကိုယ့်လောက်လည်း ဘွဲ့မရ၊ ကိုယ့်လောက်လည်း စာပေမှာ မနံ့စပ်တဲ့သူတွေ တစ်ဝကြီးနေရာယူပြီးမှ ကိုယ်က ပါမောက္ခဖြစ်လာရပါတယ်။ မျှော်လင့်တုန်းကတော့ ပါမောက္ခဖြစ်ရတာ အတော်လေးလေးပင်ပင် အရသာရှိမယ်လို့ ထင်ခဲ့တာ၊ အခုတော့ ပေါ့ရွတ်ရွတ်ပါပဲကွယ်။ အရင့်အရင်တုန်း



ကလည်း တအားသွန်ပြီး အလုပ်လုပ်ထားတာဆိုတော့ အခုလည်း ဒါထက်ပိုပြီး မလုပ်နိုင်ပါဘူး။ ဒီလောက်ပါပဲ။

ဒါပေမယ့် သမီးရေ– စာရေးမိတာကတော့ အတော်ကလေးလေးလေးပင်ပင် အရသာရှိသကွယ့်။ အခုန ဆရာလာပြောတဲ့ စကားကို နားထောင်နေတုန်းမှာ အမေလေ သြော်–လူတစ်ယောက်အဖြစ် ငါ(နည်းနည်းပဲဖြစ်ဖြစ်ပေါ့) တာဝန်ကျေပြီလို့ ကိုယ့်ဘာသာကိုယ် ပြောမိပါတယ်။

⊠⊠ ⁂ ⊠⊠

အခုန ဆရာကလည်းအေ– ကျောင်းဆရာလည်းဖြစ်ခဲ့ဖူးပြန်၊ စီးပွားရေးလုပ်ငန်းကြီးကိုလည်း အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပြန်ဆိုတော့ အပြောကလည်းကောင်းပ။ အတွေ့အကြုံကလည်းစုံပ။ သူတွေ့ကြုံခဲ့ရသမျှ အခြေအနေတွေကို ပြန်ပြောတဲ့အထဲက အမေ့အနေနဲ့ စာပြန်ရေးစရာတွေ အများကြီးပဲကွယ့်။ အခုတောင်မှ သမီးကို ပုံပြောနေပြီလေ။

ဆရာတွေ့ဖူးတဲ့အထဲမှာ အဘိုးထိပ်တင်ဆိုတာ ရှိသတဲ့ကွယ်။ အဘိုးက ဆရာ့ကို တစ်နေ့တော့ ပုံတစ်ပုံပြောပြီး ဆုံးမသတဲ့။ တောထဲမှာ ပဒုမ္မာကြာပန်းတွေ အများကြီးပွင့်တဲ့ရေကန်ကြီးတစ်ကန် ရှိသတဲ့။ အဲဒီရေကန်ကြီးအနီးအနားကို ရောက်လာကြတဲ့သူတိုင်းဟာ အလွန်လှပဝေဆာနေတဲ့ ကြာပန်းတွေကို မြင်တော့ လိုချင်ဇောကြီးကြီးနဲ့ ရေကန်ထဲကိုဆင်းပြီး ခူးကြပါသတဲ့။ ကြာပန်းဆိုတော့ ချိုးတယ်လို့ ပြောရမှာပေါ့လေ။ အဲသလို မိန်းမရောယောကျ်ားပါ လူငယ်ရောလူကြီးပါ ဝမ်းမြောက်ဝမ်းသာ ကြာပန်းတွေ ခူးနေကြတာကို ခရီးလမ်းကဖြတ်သွားတဲ့ ရသေ့ကြီးတစ်ပါးက လှမ်းမြင်ပါသတဲ့။ အဲဒီတော့ ဟော– အဆင်သင့်လိုက်လေ၊ ငါ့မှာလည်း ဘုရားပန်းလိုနေတာနဲ့ အတော်ပဲကွယ့်လို့ဆိုပြီး ရေကန်ထဲကို ဆင်းပြီး ဘုရားလှူဖို့ ပန်းချိုးပါသတဲ့။ တစ်ပွင့်၊ နှစ်ပွင့်၊ သုံးလေးပွင့် စသည်ဖြင့် ချိုးလာလိုက်တာ ငါးပွင့်လည်းရရော တစ်ခါတည်း ရေကန်စောင့်နတ်သမီး ပေါ်လာပါလေရောတဲ့။

အဲဒီနတ်သမီးက 'အသင်ရသေ့၊ အသင်ဟာ သူတော်ကောင်းယောင်ဆောင်နေတဲ့ ရသေ့ပဲ' လို့ ပြောတဲ့အခါမှာ ရသေ့ကြီးက 'ဟဲ့– ဘာပြုလို့တုန်း' လို့ မေးပါသတဲ့။ 'အသင်က ကြာပန်းတွေကို ခိုးနေတာကိုး' လို့

www.burmeseclassic.com

www.burmeseclassic.com



ပြောတော့ 'ဟဲ့– နိုးတယ်လို့ ပြောရအောင် ဒီကန်ကပိုင်ရှင်မှမရှိဘဲပဲ'လို့ ပြန်ပြောပါသတဲ့။ အဲဒီတော့ ရေကန်စောင့် နတ်သမီးက 'ဒီရေကန်မှာ ပိုင်ရှင် ရှိပါတယ်။ အဲဒီပိုင်ရှင်ကတော့ ကျွန်ုပ်ပါပဲ'လို့ ဆိုသတဲ့။ အဲဒီတော့လည်း ရသေ့ကြီးမျောမှာ နိုးထုပ်နိုးထည်နဲ့မိနေသလို ခင်ကြောင်ကြောင်ဖြစ်နေတာပေါ့လေ။ အဲဒီအချိန်မှာ သူက ဘေးဘက်ကို လှမ်းကြည့်တော့ တခြားသူတွေက ကြာပန်းတွေ ချိုးနေတုန်းပဲတဲ့။

အဲဒီတော့ ရသေ့ကြီးက 'ဟဲ့– နတ်သမီးရဲ့ နင်ကငါ့ကိုပဲ ပြောနေတယ်။ ဟောဟိုမှာ တခြားသူတွေ ပန်းတွေ လိုသလိုချိုးနေတာကိုတော့ မပြောဘူး'လို့ ဆိုပါသတဲ့။

နတ်သမီးက 'သူတို့ကိုလည်း ကျွန်ုပ်မြင်ပါတယ်။ ဒါပေမယ့်သူတို့ကိုတော့ ဘာမှမပြောတော့ဘူး၊ ဘာကြောင့်လဲဆိုတော့ သူတို့က သူတို့ရဲ့အကျင့်သီလက လက်နီးစုတ်လို ဖြစ်နေပြီ၊ ညစ်ပေစွန်းထင်းထားတာများလွန်းတော့ သူတို့အဖို့ နောက်ထပ်မကောင်းမှုပြုရင်လည်း ထပ်ပြီးညစ်ပေစရာမလိုတော့ပါဘူး။ အသင်ရသေ့ကြီးကတော့ အဝတ်ဖြူစလိုသန့်ရှင်းတဲ့ သီလရှိပါပေတယ်။ အဲဒါကြောင့် ကျွန်ုပ်က သတိပေးရတာပါ'လို့ ပြောပြီး နတ်သမီး ကွယ်ပါသတဲ့။

ဆရာက အဲဒီအကြောင်းကို ရယ်ရယ်မောမောနဲ့ပြောအပြီးမှာ အဘိုးထိပ်တင်က အဲဒီပုံပြင်ကိုပြောအပြီးမှာ ကိုင်း– ဒကာ၊ မင်းဟာ လက်နီးစုတ်လား၊ အဝတ်ဖြူစလားလို့ မေးပါတယ်။ ကျွန်တော်က ဖြေရတာ ခက်နေသဗျ၊ နောက်တော့ မရဲတရဲနဲ့ အဘိုးရယ် ကျွန်တော်ကတော့ ကြားထဲက အရောင်ဖြစ်မယ်ထင်ပါတယ်လို့ ပြောရပါတယ်လို့ ပြောပါတယ်။

ဆရာ့ကိုကြည့်ပြီး အမေရော၊ ဌာနကဆရာတွေရော ရယ်ကြတာပေါ့။ ပြီးတော့ ရိုးသားတဲ့ဆရာ့အဖြေလေးက ချစ်စရာတောင် ကောင်းနေသေးတယ်လို့ ပြောရပါတယ်။

ဆရာပြောတဲ့စကားတွေက အများကြီးပဲ။ အမေလည်းကုန်ကြမ်းရတာမှ အများကြီးပါပဲ။ ဆရာလည်း သူ့စာအုပ်တွေမှာ အမေ့လက်မှတ်လာပြီး ရေးထိုးနိုင်းသွားပါပြီ။ အမေက ပေါ့ဆနိုင်ခြေရှိတဲ့၊ အပျော်အပါးမက်မောနိုင်ခြေရှိတဲ့ အခုနပြောသလို လူချောလူငယ် လူချမ်းသာကလေးတစ်ယောက်ဟာ အရက်တွေဘာတွေ ဘီယာပါအပါအဝင်တွေနဲ့ ညှိခံ



သလို လာဘ်ပေးသလိုလိုမျိုးလုပ်ရင်လည်း မင်းတို့ပါ သူရာမေရိယသိက္ခာပုဒ်ကို ဖောက်ဖျက်ကျူးလွန်ရာကျတယ်လို့ အဘိုးထိပ်တင်က ဆုံးမဖူးလို့ အရက်သေစာနဲ့ ညှိခံတာတောင်မလုပ်ပါဘူးဆိုတဲ့ ဆရာရဲ့စကားကို ကြားတော့ အမေ့အနေဖြင့် အဲဒီဆရာကို သိပ်လေးစားသွားတာပါပဲ။

ဆရာနဲ့ သူ့တပည့်များဟာ နှလုံးသွင်းကောင်းတဲ့သူတွေပဲ။ အဲဒီတော့ စီးပွားရေးအရရော လူမှုရေးအရရော နောက်ဆုံးတော့ အလွန်လိုအပ်တဲ့ တရားဓမ္မအရရော ကောင်းသမျှအရည်အချင်းနဲ့ ပြည့်စုံမှာသေချာပါတယ်။

⊠⊠ ✱✱ ⊠⊠

ကျွန်မသည် အိပ်ရာထဲတွင် တွေးနေးစွာကျွေးရင်း သမီးကိုပုံပြောနေလိုက်သည်မှာ မိနစ် ၃၀ ခန့် ကြာသွားပါသည်။ မနိုးနဲ့၊ မညာနဲ့ လက်နီးစုတ်ဖြစ်လိမ့်မယ်ဟူသော စကားအဆုံးတွင် သမီးက 'သမီးမညာဘူးအမေ၊ အိပ်ရာက ထချင်နေတာကြာပြီ၊ မနက်အစောကြီးစာက ဘာစားမှာလဲ၊ ကျောင်းကိုရော စောစောသွားမှာလား၊ ဘာဟင်းစားချင်သလဲ၊ ဘာအကျႌဝတ်မှာလဲ'စသည်ဖြင့် သူဖြည့်ဆည်းပေးရမည့် ဝတ္တရားများကို မေးခွန်းစက်သေနတ်ပစ်ရင်း အိပ်ရာက ထပါပြီ။

တကယ်တော့ မြို့ပြယဉ်ကျေးမှုတွင် မိမိကိုယ်ကို ဆောက်တည်ရင်း အလုပ်တွင်အောင်လုပ်ကာ ကောင်းသောစကားကို စောစောစီးစီးပြောနိုင်ကြသော ကျွန်မတို့သားအမိ ကံကောင်းကြပါသည်။ ထိုသို့ကံကောင်းရန်မှာလည်း ကောင်းသောအလုပ်ကိုလုပ်ဖြစ်အောင် ကြိုးစားနေကြရပါသည်။

ပန်းဝေသီ (၁၉၉၆ ခု၊ အောက်တိုဘာလ)

⊠⊠ ✱✱ ⊠⊠

www.burmeseclassic.com

www.burmeseclassic.com



# ယောသကသူဌေးသားအကြောင်း

ယောသကသူဌေးသားအကြောင်း

ကျွန်မနှင့် သမီးနန့်ချစ်ကြည်တို့၏ ဘဝဇာတ်ကြောင်းများ တစ်စွန်းတစ်စ (ကပ့္ပါမလားလည်းမသိ) ပါလေ့ရှိသော သမီးကိုပြောဖြစ်သော ပုံပြင်များကိုဖတ်၍ စိတ်ဝင်စားသူ၊ အားကျသူများ ရှိကြောင်း စာနှင့်တစ်မျိုး စကားနှင့်တစ်ဖုံ ကြုံသလိုပြောတတ်ကြသူများ ရှိပါသည်။ ကျွန်မကလည်း ကျွန်မတို့သားအမိ၏ဘဝကို စိတ်ဝင်စားကြသူများကို အလွန်ကျေးဇူးတင်ပါသည်။ အထူးသဖြင့် ကျွန်မနေမကောင်းသည့်အကြောင်း မကြာခဏပါတတ်သောကြောင့် စာဖတ်ပရိသတ်များထံက စိတ်မကောင်းသည့်အကြောင်း၊ အကူအညီလိုပါက ပေးမည့်အကြောင်း ပြောကြပါသည်။ လာရောက်၍ သတင်းမေးသူများလည်း ရှိပါသည်။

ကျွန်မတို့ဘဝက နေမကောင်းလျှင်သာ နေမည်။ အရှိန်နှင့် သွားနေသောဘဝလုပ်ငန်းများကို ရပ်လို့မရ၊ နားလို့မရ ဖြစ်နေတတ်ပါသည်။ ရပ်လိုက်လျှင် ကျသွားမည်မှာ သေချာပါသည်။ ထို့ကြောင့် မရပ်နိုင်ဘဲ အရှိန်ကလေးဖြင့် ဆက်၍လှုပ်ရှားနေရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာခင်ကတော့ တောင်ကြီးနှင့် အင်းလေးဘက်သို့ ကျွန်မတို့ သားအမိ ခရီးထွက်ခဲ့ကြပါသည်။ ကလျာဏမိတ္တများ၏ ကူညီမှုကြောင့် လှပသော ရှမ်းကုန်းပြင်မြင့်က မြို့တော်ဆီသို့ ခရီးထွက်ခွင့်ရသည်ကို များစွာဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။ တောင်ကြီးကို ဘာကြောင့် ခရီးထွက်ဖို့ ရွေးတာလဲဟုမေးလျှင် လွန်ခဲ့သော ၃၅ နှစ်တုန်းက မာလာဆောင်တွင် အခန်းချင်းကျောချင်းကပ်ကာနေခဲ့သော ငယ်သူငယ်ချင်း 'အုန်း' ရှိလို့ဟုသာ ဖြေရပါမည်။ အခြားသောအကြောင်းမရှိပါ။ လွတ်လပ်ပေါ့ပါးသော စိတ်ထားရှိပါစေဟူသောအမည်ဖြင့် စာအုပ်တစ်အုပ် ထုတ်ဝေဖူးလို့ထင့်၊ အိမ်ကထွက်သည်ဆိုကတည်းက ပျော်ရွှင်လိုက်သည်မှာ ပြောဖွယ်မရှိ။ လွတ်လပ်ပေါ့ပါးလိုက်သည်မှာ ပြောဖွယ်မရှိ။ ဟဲဟိုးကွင်းတွင် တိမ်ထူထပ်နေ၍ ရန်ကုန်မှ လေယာဉ်အထွက်နောက်ကျသည်။ သို့သော် ဟဲဟိုးရောက်သည်နှင့် အဆာပြေစားစရာများနှင့် အသင့်ဆီးကြိုကြသော မိတ်ဆွေများကြောင့် တောင်ကြီးသို့အရောက် ဆာလောင်မွတ်သိပ်ခြင်းမရှိ။ ပကတိ ပြည့်စုံသွားခဲ့ကြရသည်။

ကျွန်မ တောင်ကြီးမရောက်သည်မှာ ၂၃ နှစ်ကြာပါပြီ။ ပတ်ဝန်းကျင်သည် အပြောင်းလဲကြီး ပြောင်းလဲနေပါပြီ။ စစချင်း ကျွန်မမေးသည့် မေးခွန်းမှာ ရေတွေကျနေတုန်းပဲလားဆိုသည့် မေးခွန်းဖြစ်သည်။ ရွှေညောင်ဘက်က လှမ်းမျှော်လျှင်ပင် မြင်ရသောရေတံခွန်ကို ညွှန်းဆို၍ မေးခြင်းဖြစ်ပါသည်။

ရေတွေလား– ကျနေတုန်းပါပဲဟူသော အဖြေရ၍ ဝမ်းသာရသည်။ သို့သော် ကျနေသောရေတွေကို မြင်လိုက်သည်နှင့် စိတ်ထဲမှာ အလိုမကျဖြစ်လာသည်။ ဟိုတုန်းက၊ အို– ဟိုတုန်းက ဟု ပြောရမည်ထင်သည်။ ရေကျနေသည်မှာ တဖွားဖွားနှင့်၊ ရေကျသံကိုပင် ကြားနေရသေးသည်။ အခုတော့ သဘာဝက လူနေထူထပ်လွန်း၍ ပူလောင်ခြောက်သွေ့လာသည်ဟု ထင်ရပါသည်။ ရေလုံးက သိပ်မကြီးတော့ ခပ်လှမ်းလှမ်းကဆိုလျှင် မှုန်မှုန်ကလေးကျနေသော အကြောင်းကလေးကို ရေဟုပင်မသိက ထင်ဖွယ်မရှိ။

ဟိုဘက်ကြည့်၊ ဒီဘက်ကြည့်ဖြင့် သဘာဝအလှကို ကျေနပ်ကြည်နူးစွာ ခံစားရင်း လာလိုက်သည်မှာ တည်းခိုရမည့်နေရာသို့ ရောက်သည်အထိပင်။



ရောက်သည့်နေ့မှာပင် ငယ်သူငယ်ချင်း အုန်းနှင့်သားကြီးတို့က လာကြိုကာ ရှမ်းစာများကို ကျွေးသည်၊ ကျွန်မကလည်း အကုန်စားသည်။ ဤသို့ဖြင့် တောင်ကြီးတွင် ၅ ညဆက်တိုက်အိပ်ခဲ့ပါသည်။ တောင်ကြီးမှ ကိုလုံဆရာတော်ဘုရားကြီးထံသို့ သွားရောက်ဖူးမြော်၍ ဆရာတော်မေတ္တာကို ခံယူသည်။ ဆရာတော်၏ကျောင်းမှာ သက်သတ်လွတ်ထမင်းစားရသည်။ ရှမ်းစာတွေမှာ လူနှင့်တည့်သော ပဲပုပ်နှင့် လတ်ဆပ်သော ဟင်းသီးဟင်းရွက်များဖြစ်ရာ ကျန်းမာရေးအတွက် အထူးသင့်လျော်သော အစားအစာများဖြစ်ကြပါသည်။

ဆရာတော်ကြီးကို ဖူးမြော်အပြီး ဆရာတော်ကြီး ကြီးကြပ်ကာ တည်ခဲ့သော စေတီတော်ကြီးဆီသို့ သွားရောက်ဖူးမြော်ကြသည်။ ဆရာတော်ကြီး သက်တော်ဝါတော်နှစဉ် မပြောနှင့်၊ ဘယ်အချိန်က တည်ခဲ့သည်ဟု တိကျစွာ ကျမ်းညွှန်းနှင့်မပြောနိုင်သည့်တိုင် ပါးစပ်ရာဇဝင်အရ ကျန်စစ်သားမင်းကြီးလက်ထက်ကပင် ရှိခဲ့သည်ဟုဆိုသည့် စေတီတော်များကိုလည်း ဆရာတော်ကြီးက ပြန်လည်ပြင်ဆင်ထားပါသည်။ ကျွန်မကလည်း ထိုအကြောင်းများကိုကြားတိုင်း နရပတိစည်သူ၏ နယ်နိမိတ်အရံအတားတွင် အရှေ့သလွင် (သံလွင်) ပါသည်ကို သတိရသည်။ သံလွင်အထိ ပိုင်ခဲ့သောပုဂံမင်းများ ဒီဒေသကိုတော့ ရောက်မှာပေါ့ဟု ယုံကြည်လေးမြတ်စွာ တွေးသည်။

ထိုခရီးမှအပြန် ကက္ကူမြေတော်ဘုရားဆီသို့ ကျွန်မတို့သွားကြပါသည်။ သားချင်းများဖြစ်သည့် ခွန်ပညာဘုတ်နှင့် ခွန်အောင်ကိုးတို့ပါ လိုက်လာကြသည့်အတွက် ပို၍ဝမ်းသာရသည်။ ကျွန်မတို့မှာ ဒေသန္တရအလွန်ခေါင်းပါးပါသည်။ သနပ်ဖက်ပင်ကို ပင်စောက်ဟု မှတ်လာခဲ့သည်မှာ ယနေ့လို အသက် ၅၇ နှစ်ပြည့်ကာနီးအထိပင်။ ပအိုဝ်ရွာများကိုဖြတ်မှ သိပ်မမြင့်လှသော အရိုးလည်း သိပ်မတုတ်လှသောအပင် (**Bush Type**) တို့ကို သနပ်ဖက်ပင်များဟု သိရပါသည်။ ရာသီဥတုအေးမြကာ မြေဆီကောင်းသောကြောင့်ထင့်၊ ပေါက်နေသမျှ အပင်များ ရှုန်းစိုကာ လှပနေပါသည်။

ကျွန်မသွားခဲ့သောခရီး၊ ဖူးခဲ့သောဘုရားစသည် စသည်၏အကြောင်းကို ရေးသားသော ဆောင်းပါးရှည်ကြီး ရေးဖြစ်ဦးမှာ သေချာပါသည်။ အခု ဆောင်းပါးမှာတော့ ကျွန်မတို့သားအမိ ခရီးတွေ မနားတမ်း ထွက်တာကိုပင် ခပ်သုတ်သုတ် ပြောရဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



အင်းလေးဖောင်တော်ဦးပွဲတော်နှင့် ကြုံရတာကိုလည်း အလွန်ထူးသော ကူသိုလ်ကံဟု ဆိုချင်သေးသည်။ အင်းလေးတွင် ညအိပ်သည်။ အိပ်မက်ဟု အမည်ပေးထားသော ရေပေါ်အိမ်ကလေးများတွင် တည်းခိုဖြစ်သည်။ အိမ်ခြောက်လုံးရှိသည့်အနက် အမှတ် ၆ အစွန်ဆုံးအိမ်တွင် တည်းဖြစ်ကြသည်။ ရေနှင့်လေနှင့် တောင်နှင့် တိမ်နှင့် နေခြည်နှင့် လရောင်နှင့်။

ပျော်လိုက်ကြသည်မှာလည်း အလွန်။ သားအမိနှစ်ယောက် ကြုံသမျှအကြောင်းကိုပြောရင်း တစ်ခစ်ခစ်နှင့် ရယ်မောနေမိသည်။ အိပ်ရာပေါ်လှဲနေရင်း တုတ်ကလေးလျှို၍ ပိတ်ရသော တံခါးကိုမြင်ကာ အမေ့ကို သတိရသည်။ အမေဆိုလျှင် ညည်းတို့ပဲ ကြက်ကြက်ဖန်ဖန် တုတ်ကလေးလျှိုပြီး အိပ်ရတဲ့ မလုံမခြုံအိမ်ကလေးထဲမှာ တည်းတတ်ပလေတယ်ဟု ပြောဦးမှာသေချာသည်။ ကျွန်မက မနေနိုင်၊ သမီးဘွားဘွားသာသိရင် စိတ်လည်းချမှာမဟုတ်ဘူး။ ဆူလည်းဆူဦးမှာဟုပြောရင်း ရယ်စရာမဟုတ်ဘဲ ရယ်မိကြပြန်ပါသည်။ ဘယ်လောက်ပင် ကြီးသည်ဖြစ်စေ အမိအဖနှင့် ပတ်သက်လာလျှင် ကလေးတွေးတွေး၍ ကလေးကြောက်ကလေးတော့ ကြောက်မိတတ်သည်။ ဆူမှာပူမှာ သဘောမကျမှာကို ပြောခြင်းဖြစ်ပါသည်။

⊠⊠ ⚹⚹ ⊠⊠

ကျွန်မ၏သမီး နန့်ချစ်ကြည်ကို တချို့က အပျိုကြီးဖားဖားမှန်းမသိကြပါ။ စာဖတ်ပရိသတ်က နန့်ချစ်ကြည်ဟု မိတ်ဆက်ပေးလိုက်သည်နှင့် သြော်– သမီးကိုပြောဖြစ်သော ပုံပြင်များဟု ရုတ်တရက်ပြန်ပြောကာ သမီးကို သေသေချာချာကြည့်တတ်ပါသည်။

လူရှေ့တွင် လုပသော၊ တည်ကြည်သော အနည်းငယ်ပင် မျက်နှာထားမာချင်သော၊ သို့သော် လူအများနှင့်ဆက်ဆံရာတွင် ယဉ်ကျေးဖွယ်ရာဖော်ရွေတတ်သော (ချွင်းချက်ဆိုတာတော့ ရှိစမြဲပေါ့လေ) ကျွန်မ၏သမီးကညာသည် အမေနှင့် နှစ်ယောက်တည်းရှိချိန်တွင် အလွန်ကလေးဆန်ပါသည်။ အိပ်ရာထဲတွင် အမေ့ကိုယ်ပေါ်မှာ မှောက်အိပ်ကာ ချွဲတတ်ကားချွဲတတ်ရဲ့။ စကားကပင် မပီချင်ဖြစ်လား ဖြစ်တတ်ရဲ့။ သို့ကလို ကလေးဆန်ချင်သော ကျွန်မသမီးနှင့် ကျွန်မ ထိုအမြဲကြည်သာ ရှိမြဲနေသည်တော့ မဟုတ်ပါ။



**တစ်ခါတစ်ရံ** ကျွန်မကို သူကဂျီတိုက်တတ်သည်။ ကျွန်မစိတ်လက်ကြည်သာ**ရှိချိန်**တွင် ဂျီတိုက်နေသော ဤအပျိုကြီးဖားဖားကို ကလေးသဖွယ် ကျွန်မက ချော့နေတတ်သေးသည်။ ကြာလာလျှင် စိတ်တိုတတ်သော ကျွန်မက မျက်ထောက်နီနှင့် ကြည့်ထားလိုက်သည်။ ညကျလျှင်သေပေရော့။ စကားများများ ပြောတတ်သော ကျွန်မက များများဆူတတ်ပါသည်။ ကျွန်မက သဘောကောင်းချိန်တွင် ချော့မော့ချီးသာသလောက်ဆူပြီ၊ မည်ပြီဆိုလျှင် ခံစားရသူ ရူးရင်ရူး၊ မရူးရင် မူးလောက်သည်။ သမီးကတော့ ရှင်းသည်။ ဆူနေသော ကျွန်မကိုမျက်နှာငယ်ကလေးနှင့်ကြည့်ကာ နားထောင်နေတတ်သည်။ အိပ်မက် ၆ တွင် နားနေသည့်ညတစ်ညက သူ့ကိုဆူနေသော ကျွန်မကိုကြည့်ကာ မျက်နှာငယ်နေခဲ့သော နန့်ချစ်ကြည် နောက်တစ်နေ့ ပြန်ပြောသောစကားကြောင့် ကျွန်မဟာ ခပ်ကြောင်ကြောင်ပင် ဖြစ်ရသေးသည်။

အမေရေ– အမေဆူနေတုန်းက အမေ့နှုတ်ခမ်းကို သမီးသေသေချာချာကြည့်ထားတယ်။ သမီးနှုတ်ခမ်းနဲ့ အမေ့နှုတ်ခမ်းက အတော်တူတာဟု ခပ်အေးအေးပြောပါသည်။

သည်နှုတ်ခမ်းက ထွက်လာသည့်စကားများကို သူ သတိမှ ထားမိရဲ့လားမသိဟု တွေးရင်း သူ့ကိုကြည့်မိသည်။ သူက ဟုတ်တယ်အမေရဲ့၊ ထူတာနဲ့ ပါးတာသာကွာတာ၊ ပုံကတော့ အတော်တူတာပဲဟု ဆိုသည်။

သမီးမှာလည်း ဝေဒနာကလေးရှိမှာပဲဟု ကျွန်မတွေးမိရင်း ကြင်နာခြင်းကြီးစွာဖြစ်မိသည်။ အသက်က မငယ်တော့ပေမယ့် အမေ့ကို သူကလွဲလို့ ဘယ်သူ ပြုစုတာကိုမှ မကြိုက်တတ်။ တစ်ယောက်ယောက်ချက်သောဟင်းကို စားလို့ကောင်းလိုက်တာလို့ ကျွန်မဆက်တိုက်ပြောလာပြီဆိုလျှင် အမေ အဲဒါ ချက်ကျွေးတဲ့သူ စိတ်ချမ်းသာအောင်ပြောတာမဟုတ်လားဟင်။ တကယ်ဆိုရင် သမီးချက်တာကို အမေပိုကြိုက်တာပါနော်ဟု မေးမေးပြောပြော လုပ်တတ်သည်။

တစ်နေရာရာကိုသွားလို့ အမေ့ကိုယ်ခန္ဓာဝကြီးကို လဲမှာ ပြိုမှာစိုး၍ သူတွဲနေပါလျက် သူများလာတွဲလျှင် မကြိုက်။ တကတဲ သူက လက်လွှတ်ကာ ထွက်သွားတော့သည်။

အိပ်မက် ၆ မှာရော၊ တောင်ကြီးဟိုတယ်မှာရော သူ့ကို တဖြစ်ဖြစ်ဆူနေရသည်မှာ အဲဒီအကြောင်းများကြောင့်ပင် ဖြစ်ပါသည်။ သူကတော့

www.burmeseclassic.com

www.burmeseclassic.com



မာမာပါပဲ။ သူမမှားဘူးလေ။ အမေ့ကို သူပဲချစ်မည်။ သူပဲ ဂရုစိုက်မည်။ သူမှလွဲ၍ ဘယ်သူကရော ပိုချစ်နိုင်မှာလဲ။ အမေကလည်း ဘယ်သူ့ကိုမှ ပိုမချစ်ရ။

အဲသလိုနှင့် ကျွန်မက ယောသက သူဌေးသားအကြောင်းကို ပြောပြဖြစ်သည်။ အင်းလေးခေါင်တိုင်မှာ နားနေတုန်းပြောသဖြင့် ဘယ်ကျမ်းကိုမှ ပြန်၍မဖတ်နိုင်။ ထို့ကြောင့် အကြမ်းဖျင်းသာ ပြောပြနိုင်ပါသည်။

⊠⊠ ⋇⋇ ⊠⊠

သမီးကို အမေ ပုံပြင်တစ်ခု ပြောချင်တယ်။ စေတနာဆိုတာကဲ့ပဲ။ စေတနာကောင်းထားဖို့ လိုပါတယ်။ အမေတို့ငယ်ငယ်က သမီးရဲ့ ဘွားဘွားပြောပြထားဖူးတဲ့ပုံပြင်ထဲမှာ ယောသကသူဌေးသားရဲ့အကြောင်း ပါပါတယ်။ တစ်ခါတုန်းက ရွာတစ်ရွာက သူကြီးဟာ သူအိမ်ထောင်ကျတာကြာပေမယ့် သားသမီးမရတာနဲ့ ကလေးတစ်ယောက်မွေးစားပါသတဲ့။ သူ့ကို ယောသက လို့ခေါ်ပါတယ်။ မွေးစားကာစကတော့ အဲဒီကလေးကို သူဌေးကြီးက ချစ်ရှာပါတယ်။ ဒါပေမယ့် မွေးစားသား နည်းနည်းလည်း အရွယ်ရလာရော သူ့မှာ သားအရင်း ကလေးတစ်ယောက်က မမျှော်လင့်ဘဲ မွေးလာပါလေရောတဲ့။ အဲဒီတော့ မွေးစားသား ယောသကကို မချစ်တော့ဘဲ သားအရင်းကိုသာ ချစ်ပါတော့သတဲ့။

ကျောင်းနေရမယ့်အချိန်မှာလည်း မွေးစားသား ယောသကကို ကျောင်းမထားလို့ ကလေးက စာမတတ်ပါဘူးတဲ့။ ဒါပေမယ့် ကလေးရုပ်ရည်ရူပကာရက အလွန်တင့်တယ်ပါသတဲ့။ အဲဒီတော့ သူ့သားထက်တောင် လူချစ်လူခင်များပါသတဲ့။ အဲသလိုဖြစ်လေ သူဌေးကြီးက စိတ်ဆိုးလေဖြစ်လာပါသတဲ့။ နောက်ဆုံးတော့ စိတ်အဆိုးလွန်ပြီး မွေးစားသား ယောသကကို သတ်ချင်စိတ်တွေ တားဆီးလို့မရ ဖြစ်လာပါလေရောတဲ့။

အဲဒါနဲ့ အုတ်တွေဖုတ်နေတဲ့ အုတ်ဖိုသူကြီးတစ်ယောက်ဆီကို စာရေးပြီး လွှတ်လိုက်ပါသတဲ့။ အဲဒီလူကလည်း သူ့ကျေးဇူးခံကျေးဇူးစားဖြစ်နေတာတစ်ကြောင်း ကုသိုလ်၊ အကုသိုလ်မရွေးတာ တစ်ကြောင်းပေါ့လေ၊ သူဌေးကြီးပြောသမျှ လုပ်ပေးမယ့်သူပဲပေါ့။



စာထဲမှာ ဤစာယူလာသောသူငယ်ကို အုတ်ဖိုထဲက မီးပုံထဲသို့ ထည့်၍ သတ်လိုက်ပါ။ ပိပိရိရိရှိပါစေပေါ့။ ယောသကက စာကလေးကို ယူပြီး သွားရှာပါသတဲ့။ စာကလည်းမတတ်တော့ စာထဲမှာ ဘာတွေရေးထားမှန်းလည်း မသိဘူးပေါ့လေ။

(သမီးက ဒီနေရာမှာ ဝင်ပြောပါတယ်။ စာတတ်ရင်လည်း ဖတ်ကြည့်မယ်လို့ မတွေးဘဲ သစ္စာရှိရှိ စာကိုယူသွားသွားမယ့်သူလည်း ရှိနိုင်တာပါပဲတဲ့။)

မွေးစားသား ယောသက စာကလေးကိုင်ပြီး သွားတဲ့အခါ သားအရင်း ယောသကက ဂုံညင်းဒိုးပစ်တမ်းကစားနေပါသတဲ့။ ညီကလေးက ကစားပွဲမှာ သူရှုံးနေလို့ ဝင်ပြီးကစားပေးပါလို့ အစ်ကို ယောသကကို အကူအညီတောင်းတော့ အစ်ကိုဖြစ်သူ မွေးစားသား ယောသကက စာပေးသွားဖို့ကိစ္စရှိတယ်။ ဖခင်က မြန်မြန်သွားခိုင်းလိုက်တယ်လို့ ပြောပြပါသတဲ့။ ညီကလေးက စာက ဘယ်မှာလဲ ကျွန်တော့်ကိုပေး၊ ကျွန်တော် သွားပေးမယ်လို့ဆိုပြီး စာကိုယူကာ အပြေးအလွှား ထွက်သွားပါလေရောတဲ့။

မွေးစားသားကလည်း ညီကလေး ပြန်မလာနိုင်တော့ ကစားပွဲကို ပြီးတဲ့အထိ ကစားနေရာက ကစားပွဲလည်းပြီးရော အိမ်ကို ပြန်လာရောဆိုပါတော့။

အမေဖြင့် ယောသကသူဌေးကြီးက အိန္ဒြိယတိုင်းသားပီပီ မွေးစားသား ပြန်လာတာကို အံသြစွာ မျက်လုံးကြီးပြူးကြည့်နေတာကို မျက်စိထဲမှာ မြင်သေးသကွယ်။ မွေးစားသားကို မှင်တက်မိပြီးကြည့်နေရင်းက ဟဲ့ကောင်– နင်စာသွားမပေးဘူးလားလို့ မေးတာပေါ့။ မွေးစားသား ယောသကကလည်း ညီလေးသွားပေးပါတယ် အဖေ။ ကျွန်တော့်ကို သူ့ကိုယ်စား ကစားနိုင်းထားခဲ့တာ ပြန်မလာနိုင်လို့ ကျွန်တော် အခုမှ အိမ်ပြန်လာရတာလို့ ပြောတာပေါ့။

အဲဒီစကားလည်းဆုံးရော သူဌေးကြီးဟာ အံမယ်လေး– ကိုယ့်ကျိုးတော့ နည်းပါပေါ့လားလို့အော်ရင်း အုတ်ဖိုတွေရှိရာကို အပြေးသွားသတဲ့။ ဟိုကိုလည်းရောက်ကရော အုတ်ဖုတ်တဲ့ အုတ်ဖိုများရဲ့ သူကြီးက သူဌေး

www.burmeseclassic.com

www.burmeseclassic.com



ကြီး မှာတဲ့အတိုင်း ကျူပ်လုပ်ထားလိုက်တာ ပြာကလွဲလို့ ဘာမှမကျန်တော့ဘူးလို့ သူ့တာဝန်ကျေပွန်တဲ့အကြောင်း အားရပါးရ ဆီးပြောသတဲ့။ အဲဒီတော့ ယောသကသူဌေးလည်း မူးခနဲ၊ မိုက်ခနဲဖြစ်ရာက အငိုကြွေးကြီး ငိုကြွေးပြီး အိမ်ကိုပြန်လာခဲ့ပါသတဲ့။ သူ့မှာ ရာဇဝတ်မှုထိုက်တဲ့အပြစ်က ရှိနေလေတော့ ဘယ်သူ့မှလည်း မပြောနိုင်။ မွေးစားသားကို အမုန်းကြီး မုန်းနေရာကလည်း မဆူနိုင်နဲ့ အခက်တွေ့နေတာပေါ့လေ။ အဲဒီနောက်တော့ ပိုပြီး ပက်စက်တဲ့အကြံနဲ့ မွေးစားသား ယောသကကို သူ့မိတ်ဆွေတွေရှိရာ ရပ်ဝေးကို လွှတ်လိုက်ပါသတဲ့။ ပရိယာယ်သုံးပြီး သားရယ်– အဖေ့စီးပွားကိစ္စနဲ့ ခရီးကလေးထွက်ပေးပါဦးလို့ဆိုပြီး ဝတ်ကောင်း စားလှနဲ့ လွှတ်လိုက်တာပေါ့။ ယောသကရဲ့အိတ်ထဲမှာ ထည့်ပေးလိုက်တာကတော့ ဒီသူငယ်လာရင် ကိစ္စတုံးအောင်သာ စီမံလိုက်ပါဆိုတဲ့ စာတစ်စောင် ဖြစ်ပါသတဲ့။

သူဌေးကြီး ယောသကကလွှတ်လိုက်တာ ခရီးက အတော်ကလေးဝေးတော့ သူနဲ့အကြံတူ သူဌေးဆီကိုမရောက်ခင် တခြားသူဌေးတစ်ယောက်ရဲ့အိမ်မှာ ဝင်အိပ်ရပါသတဲ့။

မွေးစားသား ယောသကဟာ ရုပ်ရည်ကလေးက သနားကမားဆိုတော့ တစ်ညတာ ဝင်ပြီးတည်းခိုရတဲ့ သူဌေးရဲ့သမီးက မျက်စိကျပါသတဲ့။ အဲဒီတော့ သူ့ကျွန်မကကို အိပ်နေတဲ့ သူဌေးသား ယောသကရဲ့အိတ်ထဲမှာ ဘာပါသလဲဆိုတာ စပ်စုရအောင် သွားယူနိုင်းပါသတဲ့။ အဲသလောက်ခက်တာနော်၊ နွားတစ်ထောင်ဆိုတာ ထိန်းရခက်တာ။ အဲဒီအထဲ ငါ့သမီးတော့ မပါပါဘူးလေ။ ငါ့သမီးက လူစင်စစ်မှ တော်မျက်နှာထားတင်းတဲ့ ဘီလူးမလို လူမှကလေးကိုးကွယ်။ အမေတော့ မစိုးရိမ်ပေါင်။ အဲလေ အဲဒါက စကားချပ် ဆိုပါစို့ရဲ့။

အိတ်ထဲက ပါတဲ့စာကို ဖွင့်ကြည့်လိုက်တော့ ဒီကလေးဟာ သူဌေးကြီး ယောသကရဲ့ မွေးစားသားမျှသာ ဖြစ်တယ်။ စာတတ်ပုံ မပေါ်ဘူး။ သူ့ကို သတ်နိုင်းလိုက်တဲ့စာကို သူကိုယ်တိုင်ယူပြီး လာရှာတယ်။ အံမယ်လေးလေးကွယ်၊ ဖြစ်မှဖြစ်ရပလေလို့ဆိုပြီး စာကို ဆုတ်ပစ်လိုက်ပြီး အသစ်တစ်စောင်ရေးကာ ထည့်လိုက်ပါသတဲ့။



အသစ်ရေးတဲ့စာထဲမှာ သူ့အမည်ကိုထည့်ပြီး အခုလာတဲ့ ကျူပ်ရဲ့သားကို ဒီလိုခေါ်တဲ့ သူဌေးသမီးနဲ့ ကြီးကြီးကျယ်ကျယ်ဖြစ်အောင် တောင်းရမ်းပြီး ပေးစားလိုက်ပါ။ ကျူပ်ကိုယ်တိုင် မစီမံနိုင်လောက်အောင် ကျန်းမာရေး ချို့တဲ့နေလို့ပါ စသဖြင့်ပေါ့။ အစားရေးပြီး ထည့်ထားလိုက်ပါသတဲ့။

မနက်လင်းတော့ မွေးစားသား ယောသကလည်း အထုပ်ကလေးပိုက်ပြီး သွားရှာတာပေါ့။ ဒါပေမယ့် သူကြိုက်တဲ့ သူဌေးသမီးရေးထည့်လိုက်တဲ့စာကြောင့် ရက်တွေသိပ်မကြာခင်မှာ သူဌေးသမီးနဲ့ အကြီးအကျယ် မင်္ဂလာဆောင်ရပါသတဲ့။ ဩော်– ကံများနော်။ ရိုးရိုးသားသား ဘာမှလည်း မသိမတတ်ပေမယ့် ကံဖန်လာတော့လည်း အဆင်ကိုပြေလို့ပါပဲ။

⊠⊠ ⚹⚹ ⊠⊠

လက်ထပ်ထိမ်းမြားပြီးတဲ့အခါမှာ ကြားထဲက ဆောင်ရွက်ပေးတဲ့ သူဌေးက ကဲ–သားတို့ သမီးတို့ကို အဖေ့ဆီ ပြန်ကြပေဦးတော့လို့ပြောပြီး သူဟာ အမှာစာနဲ့အညီ သားကို ကောင်းစွာလက်ထပ် ထိမ်းမြားပေးပြီးပြီဖြစ်ပါကြောင်း အစီရင်ခံစာနဲ့တကွ မွေးစားသား ယောသကတို့မောင်နှံကို လွှတ်လိုက်ပါသတဲ့။

အိမ်လည်းရောက်ကရောစိတ်ထားယုတ်ညံ့တဲ့ သူဌေးကြီးယောသကဟာ သူကြံစည်သလို ဘာမှမဖြစ်ပါလားဆိုတဲ့အသိနဲ့ စိတ်ဓာတ်ကျသွားလိုက်တာ အိပ်ရာထဲကို လဲတဲ့အထိ ဖြစ်သွားတော့တာပါပဲတဲ့။ သူဟာကလေးတစ်ယောက်ကို မွေးစားပြီးမှ သားတစ်ယောက်ရတာနဲ့ မွေးစားသားကို သတ်ချင်ခဲ့တဲ့ သတ်ဖို့စီစဉ်ခဲ့တဲ့ အကုသိုလ်တွေဖိစီးပြီး သေခြင်းနဲ့ ထိပ်တိုက်ရင်ဆိုင်ရပြီလေ။

အဲသလို အချိန်မျိုးကိုရောက်တော့ အဆွေအမျိုးနဲ့ ရင်းနှီးတဲ့သူများကလည်း ဝိုင်းဝိုင်းလည်လို့ပေါ့။ အဲဒါတောင်မှ ဒီသူဌေးဟာ ဒေါသမပြေနိုင် အာဃာတမထိန်းနိုင်သေးဘဲ မွေးစားသားနဲ့ သူ့ပစ္စည်းတွေနဲ့ ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



မဆိုင်ပါဘူးလို့ ပြောချင်ပါသေးတယ်။ အဲဒီအကြောင်းကို ရိုးရှာတဲ့ မွေးစားသားက မသိရှာပါဘူး။ ဒါပေမယ့် ချွေးမက သိပါတယ်။ အဘိုးကြီး ဘယ်လိုပြောမလဲဆိုတာကို သတိနဲ့စောင့်ကြည့်နေပါသတဲ့။ သူဌေးကြီးက သူပိုင်ပစ္စည်းဟူသမျှ မြေပေါ်မြေအောက်မကျန်လို့ ပြောလိုက်တာနဲ့ ချွေးမဖြစ်တဲ့သူက အမယ်လေး အမေရဲ့ ဖြစ်မှဖြစ်ရလေခြင်းလို့ အဘိုးကြီးရဲ့ ရင်ဘတ်ပေါ်ကို ခေါင်းတင်ပြီး အော်ကြီးဟစ်ကျယ် ငိုလိုက်ပါသတဲ့။ အဲဒီတော့ သူ့ပစ္စည်းတွေ မွေးစားသား ယောသကနဲ့ မဆိုင်ပါဘူးလို့ ပြောရမယ့်ကိစ္စဟာ မပြီးနိုင်ခင် အဘိုးကြီးယောသကက အသက်ထွက်ရှာပါလေရော။ မွေးစားသားကတော့ ဘာမှမသိရှာပါဘူး။

အဲဒါနဲ့ အဲဒီလူရိုးလူအ ယောသကဟာ သူဌေးကြီးဖြစ်သွားပါရောတဲ့။

အမေက သမီးကို အဲဒီအကြောင်းပြောမယ်လို့လုပ်နေတာ ကြာပြီ။ ဘယ်လိုအကြောင်းနဲ့ ပြောရမလဲလို့ စဉ်းစားနေတာကွယ့်။ သမီးက အမေနဲ့ပတ်သက်ရင် အခုလို သူများတွေကို မနာလိုဖြစ်တာ မကောင်းဘူး။ သူတို့ကပါ သမီးဂရုစိုက်သလို စိုက်တယ်ဆိုရင် အမေလည်း ကောင်းတာပေါ့။ သမီးကလည်း အခါတိုင်းလိုပဲနေပေါ့။ အခုတော့ သမီးက အမေ့အထာကို သိတဲ့သမီးက တစ်နေရာကိုသွားတိုင်း သူများတွေက အမေ့ကို ဂရုစိုက်တာနဲ့ သမီးက ဂရုမစိုက်ချင်တော့ဘူးဆိုတာ သမီးမှာ တစ်ခုခု မှားနေလို့ပဲ။

စဉ်းစားကြည့်စမ်း သမီး၊ အမေဟာ ယောသကသူဌေးကြီးလို လိုအပ်တုန်းက မွေးစားပြီး မလိုအပ်တော့ သစ်ပစ်မယ်လို့ ကြံစည်တဲ့ အမေမျိုးမှ မဟုတ်ပဲဘဲ။ ပြီးတော့ အမေ့မှာ သမီးအပြင် ဘယ်သူ့ကို ချစ်ရမလဲ။ အဲဒီတော့ မပုပ်နဲ့၊ မစပ်နဲ့။ လူတွေက အမေ့ကို ဂရုစိုက်ရင် သြော်– ငါ့အမေ့ကို ချစ်ကြပေတယ်။ ဂရုစိုက်ကြပေတယ်လို့ ကျေးဇူးတင်သိလားဟု ပြောရင်း ကျွန်မက ပုံပြင်ကို နိဂုံးချုပ်ရပါသည်။

မိသားစုဟုဆိုသည်နှင့် တစ်ယောက်က နှစ်ယောက်ရှိလာကာ ထိုနှစ်ယောက်တို့၏ ဟန်ချက်ညီအောင် ကြိုးစားမှုပေါ်တွင် အိမ်ထောင်၏ ပျော်ရွှင်သာယာမှုက အခြေတည်လျက်ရှိပါသည်။ အရေးကြီးသည့်အချက်



မှာ တစ်ဦး၏စေတနာကို တစ်ဦးကနားလည်နိုင်ဖို့သာ ဖြစ်ပါသည်။ ကျွန်မသည် အရွယ်မငယ်တော့သောသမီးကို ပုံပြောနေသည်မှာ မေတ္တာကိုပြသရန် နားလည်မှု ပိုမိုကျစ်လျစ်လာစေရန် အရျုပ်ဆိုသော် ဟန်ချက်ညီသော ဘဝလမ်းကြောင်းတွင် သာသာယာယာလျှောက်လှမ်းနိုင်ရန် ကြိုးပမ်းခြင်း ဖြစ်ပါသည်။

ပန်းဝေသီ–၁၉၉၆ ဒီဇင်ဘာ



www.burmeseclassic.com

www.burmeseclassic.com



ဝိဇယမင်းသားပုံပြင်

# ဝိဇယမင်းသားပုံပြင်

ကျွန်မနှင့်သမီးတို့သည် ခရီးကပြန်လာပြီးကတည်းက အကြွေးများစွာကို ကုန်း၍ ရုန်း၍ ဆပ်နေရပါသည်။ သမီးသည် အိမ်ပြန်ရောက်၍ ၂ရက်လောက်မှာ ခရီးပြန်အဝတ်အစားများကို ဖွတ်၍လျှော်၍ မပြီးနိုင်သည့်ပြင် ကွန်ပျူတာလုပ်ငန်းများကို ရက်ချိန်းမီအောင် ကြိုးစားရသည့် အလုပ်တို့ကြောင့် အိမ်ကိုပင် ကောင်းစွာမထိန်းနိုင်ခဲ့ပါ။ ကျွန်မမှာလည်း ရေးရမည့်စာတို့ကို ကုန်း၍ရေးနေရပါသည်။ စာကိုရေးရာတွင် ကိုင်မိသည့် ခေါင်းစဉ်များသည် စာကိုသေသေချာချာဖတ်၍ ရေးမှဖြစ်သော ခေါင်းစဉ်များ ဖြစ်ကြပါသည်။ ကျွန်မသည် စာမဖတ်ဘဲ ပေါ့ပေါ့တန်တန် ရေးမချပါ။ သို့သော် ဝေဖန်ချက်အမျိုးမျိုးကို ပြန်၍ကြားရပါသေးသည်။

အလကား ကြားဖူးနားဝတွေ ရေးနေတာ၊ အလကား အနုပညာမပါဘဲ ရေးနေတာ စသည့်ပါးစပ်စကား၊ ကြားစကားနှင့်ပတ်သက်သည့် ဝေဖန်ချက်များကိုတော့ ထားလိုက်ပါတော့လေဟု လျှော့ရပါသည်။

သို့သော် ကျွန်မထံသို့ ကိုယ်တိုင်ဖုန်းဆက်၍သော်လည်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



စားရေး၍သော်လည်းကောင်း အကြံပေးကြသောသူများကိုတော့ တလေးတစား ပြန်ကြားရမည်ဖြစ်ပါသည်။ တချို့ကတော့ ကျွန်မအရေးအသားကို ပို၍ရှင်းအောင်ရေးမှ အယူအဆမမှားဘဲ တိကျမည်ဖြစ်ကြောင်း သတိပေးသည့်စာများ ဖြစ်တတ်ပါသည်။

တချို့ကတော့ ကျွန်မကိုးကားသော စာအုပ်နှင့်မတူသော စာအုပ်များကိုဖတ်ကာ စောဒကတက်ကြသူများ ဖြစ်ကြပါသည်။ မည်သို့ဆိုစေ ကျွန်မ၏စာကို အလေးအနက် ဖတ်ရှုခံစားသူများဖြစ်၍ ကျေးဇူးတင်ရပါသည်။

တကယ်တန်း စာရေးလျှင် စာဖတ်ရသည်ဖြစ်ရာ တစ်နေ့တစ်နေ့ အားရသည်ဟု မရှိပါ။ အိပ်ပျော်စားဝင်ဖြစ်နေသည်ကိုပင် မိမိကိုယ်ကို မိမိ မသထာသလို ဖြစ်မိပါသေးသည်။ အရင်အရင်ကလို လုပ်အားအပြည့်အဝ မလုပ်နိုင်တော့သဖြင့် ပင်ပန်းလွယ်သည့်အကြောင်းကလည်း အလုပ်မတွင်သည့်အကြောင်းဖြစ်နေသည်ဟု ထင်ပါသည်။

ဟိုအရင်ကတော့ သမီးနှင့်ကျွန်မ အေးအေးကြည်သာစွာ ထိုင်၍ စကားပြောနိုင်ကြပါသည်။ ယခုအခါမှာတော့ နေ့စဉ်နှင့်အမျှ အပြေးအလွှားပင်။ သမီးက အမေ ဘယ်တိုက်က စာအုပ်ကို မရေးရသေးဘူးနော်။ ဘယ်မဂ္ဂဇင်းက ဆောင်းပါးတောင်းတာ ဘယ်နှစ်ခါရှိပြီဟု သတိပေးတတ်ပါသေးသည်။

ယခုလောလောဆယ် ကျွန်မဖတ်နေရသောစာမှာ သီရိလင်္ကာနှင့် ပတ်သက်ပါသည်။ တမီးလ်ပြဿနာကို နောက်တစ်ကြိမ်ထုတ်ဝေမည့် "နိုင်ငံတကာစစ်မီးလျှံများ၏ သမိုင်းအစ" စာအုပ်တွင် ထည့်သွင်းရေးသားလိုသောကြောင့် သီရိလင်္ကာနှင့်စပ်သမျှ ရမိရရာစာအုပ်များကို ဖတ်ရပါသည်။ ထိုစာအုပ်များထဲတွင် ၁၈၅၀ ခု လွန်ခဲ့သောနှစ်ပေါင်း ၁၁၆ ခုက ရေးသော စာအုပ်တစ်အုပ်လည်း ပါဝင်ပါသည်။ ထိုစာအုပ်ကိုဖတ်၍ သမီးကို ကြုံတိုင်း ပြောပြနေရသောကြောင့် စာရေးလို့လည်း မတွင်ပါ။ ဖတ်၍ကောင်းသော ထိုစာအုပ်တွင် မြောပါနေရပါသည်။

ဗြိတိသျှစွယ်စုံကျမ်းက ဖတ်မိသော အကြောင်းအရာများမှာ ပို၍ စုံလင်သောရှုထောင့်များ ပါပါသည်။ မဟာဝံသလာ ဝိဇယမင်းသား၏ အကြောင်းလည်း ပါပါသည်။ ထို့ကြောင့် သမီးကို မပြောရသေးသော ပုံပြင်တစ်ခုအဖြစ် အမှတ်ထင်ထင် ရွေးလိုက်မိပါသည်။

⊠⊠ ⋇⋇ ⊠⊠



သမီးရေ–

မြန်မာတွေကတော့ အစဉ်အလာအားဖြင့် အခု သီရိလင်္ကာလို့ ခေါ်ဆိုကြတဲ့ နိုင်ငံကို သီဟိုဠ်ကျွန်းလို့ ခေါ်ကြပါတယ်။ ရှေးကျတဲ့ စာတွေထဲမှာ သိန်းယိုကျွန်းလို့တောင်မှ ရေးတတ်ကြသေးတယ်။ ပါဠိလိုတော့ လင်္ကာဒီပလို့ ခေါ်ကြတာပေါ့ကွယ်။

၁၈၅၀ တုန်းက ရေးသားထုတ်ဝေတဲ့ (Ceylon and the Sinhalse) စီလုံနဲ့ ဆင်ဟာလီများဆိုတဲ့ စာအုပ်က သိပ်ဖတ်လို့ကောင်းတာနဲ့ အမေဖြင့် မြောပြောပါနေလို့ စာရေးဖို့တာမရှုနိုင်ဘူးဖြစ်နေတယ်ကွယ့်။ အဲဒီစာအုပ်ထဲမှာပါတာကတော့ သီဟိုဠ်ကျွန်းရဲ့မြေမျက်နှာပြင်မှာ အလယ်ပိုင်းက အလွန်မြင့်မားတဲ့ တောင်တန်းများ၊ တောင်ထွတ်များ ရှိတဲ့အကြောင်း၊ တောင်ခြေများမှာ အမျိုးအစားစုံလင်တဲ့ သစ်ပင်အမျိုးမျိုး ပေါက်ရောက်တဲ့ အကြောင်း ရေးသားထားတာ စုံနေတာပါပဲ။

အမေက ဆရာတော်ကြီး ဦးသြဘာသ ရေးသားတော်မူတဲ့ ကျောင်းသိခ်မ်းဘွဲ့ကို သိပ်ကြိုက်တာကွယ့်။ အခုလည်း တောတောင်ရေမြေ သဘာဝကို ဖွဲ့ထားတာများ စိတ်ဝင်စားစရာပဲ။ သီဟိုဠ် (သီရိလင်္ကာ) မှာရှိတဲ့ ကမ်းခြေမြင်ကွင်းက အမျိုးမျိုးပဲတဲ့။ တချို့နေရာမှာ ပင်လယ်ကမ်းခြေကို ဒုတ်ဒုတ်ထိတဲ့ အထိတောင် ကမ်းပါးပြတ်ကြီး တွေ့ရှိနေသတဲ့။ တချို့နေရာများမှာတော့ သဲသောင်ဖြူလွှတဲ့ ကမ်းခြေအလှကို မြင်ရသတဲ့။ ကျွန်းရဲ့မြောက်ဘက်ပိုင်းမှာသာ လွင်ပြင်နဲ့ လူနေအိမ်ခြေ များပါသတဲ့။ နေထိုင်ကြတဲ့သူများကတော့ အသားမည်းတဲ့ ဆင်ဟာလီစ်များနဲ့ တမီးလ်များ ဖြစ်ပါသတဲ့။

အမေ အထူးသဘောကျတာကတော့ သီရိလင်္ကာက သစ်ပင်ဇတွေ အကြောင်းကို ရေးထားတာပါပဲ။ ကမ်းခြေဘက်မှာ ပေါက်လေ့ရှိတဲ့ အုန်းပင်ဆိုလို့ရှိရင် မြေကြီးသိပ်မရှိလည်း တွယ်အားကောင်းတဲ့အကြောင်း၊ အုန်းသီးဆိုလို့ရှိရင်လည်း အရည်က အလွန်သောက်လို့ကောင်းသလို အသားက အဆီထုတ်ယူလို့ရကြောင်း အလွန်စားကောင်းတဲ့မုန့်များလည်း အုန်းသီးဆံနဲ့ လုပ်လို့ရကြောင်း။

တောထဲမှာပေါက်လေ့ရှိတဲ့ ဟင်းခတ်အမွှေးအကြိုင်ပင်များ အကြောင်း ရေးတဲ့အခါမှာလည်း ငရုတ်ကောင်း၊ လေးညှင်း၊ ကရဝေး၊ ဇာတိပ္ပိုလ် ကအစ အမျိုးစုံလင်အောင်ရေးပြပါတယ်။ ပြီးတော့ ငှက်ပျောပင်အကြောင်းကို ရေးတော့လည်း အရွက်ဖားဖားကြီးတွေနဲ့ အလွန်တင့်တယ်တဲ့ အဖူး

www.burmeseclassic.com

www.burmeseclassic.com



နီနီရဲရဲကြီး ထွက်လာပြီးမှ ငှက်ပျောနိုင်ထွက်လာတဲ့အကြောင်း၊ ကြံပင်ဆိုရင်လည်း ပင်စည်သွယ်သွယ်မှာ အရွက်သေးသေးတွေနဲ့ အပင်ဖြစ်တဲ့အကြောင်း၊ အဲဒီအပင်က ချိုတဲ့အရည်ထွက်ပြီး သကြားချက်လို့ရတဲ့အကြောင်းတွေ ပါပါတယ်။

သမီးရေ– သီရိလင်္ကာမှာ ကော်ဖီစပြီးစိုက်တာက ၁၈၃၅ ခုနှစ်မှာပါတဲ့။ စပြီးစိုက်ကတည်းက အင်္ဂလန်ရဲ့တစ်နှစ်စာစားသုံးမှုကိုဖူလုံအောင် အသီးသီးတဲ့အကြောင်းလည်း ပါသကွယ်။ အမေဖြင့် လာပြီးလုပ်ချင်လာအောင် ရေးထားတဲ့စာအုပ်ကျနေတာပဲလို့ တွေးမိတယ်။

တကယ့်တကယ်ဆိုရင်လည်း အမေခံစားသလို သူတို့အင်္ဂလန်၊ အမေရိကန် စတဲ့နိုင်ငံက ငွေရှင်ကြေးရှင်တွေ စိတ်ဝင်စားလာအောင် ရေးတဲ့စာအုပ်ပဲကွယ်။ အဲဒါကြောင့် လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀၀ ကျော်လောက်က အရှေ့နဲ့အနောက်ဆက်ဆံရေးက ကျဲပါးနေတော့ အပင်တွေအကြောင်းကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ရေးထားတာပါပဲ။

သီရိလင်္ကာကို အစောဆုံး ရောက်တာကတော့ ထုံးစံအတိုင်းပေါ့။ ရေကြောင်းခရီးသစ်ကို ရှာဖွေတွေ့ရှိတဲ့ ပေါ်တူဂီတွေပဲပေါ့။ နောက်တော့ သူ့နိုးလက်က သူ့ဝှက်လုဆိုသလို ဒပ်ချ်တွေက သိမ်းယူခဲ့တယ်။ ဒပ်ချ်တွေလက်ထဲက ဓားပြတွေဖြစ်တဲ့ အင်္ဂလိပ်တွေက လုတာပေါ့လေ။

အခု အမေဖတ်နေတာက အင်္ဂလိပ်က ရေးတာလေ။

သီရိလင်္ကာ (သီဟိုဠ်)နဲ့ အမေတို့ မြန်မာနဲ့ကတော့ နိုင်ငံရေး၊ စီးပွားရေးသာ အဆက်အဆံနည်းမယ်၊ သာသနာရေးအရတော့ ပုဂံခေတ်ကတည်းက ရှိတယ်သမီးရဲ့။ သီဟိုဠ်မဟာဝင်မှာပါတဲ့ ဇာတ်လမ်းတွေဘာတွေဆိုရင် အမေတို့ဆီမှာ သိပ်ရင်းနှီးလွန်းလို့ ကိုယ်ပိုင်လို့တောင် ခံစားနေကြရတာ။ ဇာတ်တော်တွေကလည်း ထို့အတူ ရင်းနှီးနေတာကိုး။ ရာမဇာတ်ဆိုရင် အရိယာန်တွေနဲ့ အသားမည်းသူ တောင်ပိုင်းသားများရဲ့ ပဋိပက္ခကို မွဲ့ဆိုထားတာ ဖြစ်တယ်လို့ ပညာရှင်များက မိန့်ဆိုထားတာ အမေဖတ်ဖူးတယ်။

သီရိလင်္ကာနဲ့ အိန္ဒိယတိုက်ငယ်တို့ကလဲကွယ် ရေတိမ်သောင်များရှိတဲ့ ရေလက်ကြားနဲ့ ဖြတ်ဆောက်ထားတာ၊ တကယ်ပဲ ဟနုမာန်တို့



တံတားဆောက်ခဲ့သလားလို့ ထင်မြင်နိုင်တဲ့ အစွန်းအတက်ကလေးတွေကလည်း ရှိနေသေးတယ်ကွယ်။

သီရိလင်္ကာရဲ့အကြောင်းကို နိဒါန်းပျိုးနေရတာနဲ့ပဲ ဝိဇယဇာတ်ကြောင်းကိုပြောဖို့တောင်နောက်ကျနေပါပြီ။ ဝိဇယဇာတ်တော်က သီဟိုဠ်မဟာဝံသဇာတ်တော်ကြီးထဲက တစ်ပုဒ်ဆိုပါစို့ကွယ်။ မြန်မာနိုင်ငံမှာ ကုန်းဘောင်ခေတ်က စာဆိုတော်ဦးပုညကလည်း ဝိဇယပြဇာတ်ဆိုပြီး ရေးဖူးတယ်။ သူရေးရတာက မင်းတုန်းမင်းတရားကြီးရဲ့ အမိန့်နဲ့ရေးရတာပါ။ မင်းတုန်းမင်းကြီးရဲ့သားတော်များဖြစ်ကြတဲ့ မြင်ကွန်းနဲ့ မြင်းခုံတိုင်စားမင်းသားများဟာ သူတို့ဖခင်နဲ့ ဘထွေးတော်အိမ်ရှေ့စား ကနောင်မင်းသားကို ပုန်ကန်ခဲ့ကြသူများ ဖြစ်ကြတာကို သမီးသိပါကယ်နော်။

သူတို့က ပုန်ကန်တဲ့ပြစ်မှုကို မကျူးလွန်ခင်ကတည်းက ဆိုးသွမ်းကြလွန်းလို့ သူတို့ကိုသတိပေးဖို့ ရေးရတာဆိုပဲ သမီးရဲ့။ ပဒေသရာဇ်ခေတ်ကတည်းက စာပေရဲ့စွမ်းအားကို အထူးအားထားကြကာကို သိရတာပေါ့ကွယ်။

ဇာတ်လမ်းက ဒီလိုကွယ့်။ ဘီစီ ၅ ရာစုလောက်က အိန္ဒိယနိုင်ငံ ဆင်ဟပူရ (သီဟပူရ)က မင်းကြီးမှာ သားတော် ဝိဇယမင်းသားဆိုတာ ရှိပါသတဲ့။ သူ့မှာ အပေါင်းအဖော်က ၇၀၀ တောင်မှ ရှိတာပါတဲ့။ သူတို့တစ်တွေဟာ ပျော်ပါးသောက်စားနေလိုက်ကြတာ နောက်ဆုံးတော့ ရမ်းကားပါတယ်လို့ ပြောရမယ့် အနေအထားအထိ ရောက်သွားပါသတဲ့။

မင်းသားဖြစ်တဲ့သူက ရမ်းကားတော့ ပြည်ထဲရေး မငြိမ်မသက်ဖြစ်လာတာပေါ့။ ကြာလာတော့လည်း ဘယ်သူကမှ မခံရပ်နိုင်တော့တာနဲ့ မင်းကြီး သီဟဗာဟု (ဝိဇယမင်းသားရဲ့ ခမည်းတော်)က မင်းသားနဲ့ အပေါင်းအပါများကို လှေတစ်စင်းပေါ်တင်ပြီး ပယ်လယ်ကြောမှာ မျော ချင်ရာမျောပေတော့ဆိုပြီး လွှတ်လိုက်ပါသတဲ့။ အဲဒီ ဝိဇယမင်းသားတို့ရဲ့ လှေဟာ သီရိလင်္ကာကျွန်းကို ဆိုက်ရောက်လာပါသတဲ့။ အဲဒီကျွန်းမှာ ယက္ခလို့ခေါ်တဲ့ သားစားကျူးတဲ့ ဘီလူးဆိုတာတွေ နေကြပါသတဲ့။

ဘီလူးတွေက လူတွေကို လူယောင်ဆောင်ပြီး ဖြားယောင်းကာ ဖမ်းစားတတ်တယ်လို့ ပုံပြင်အရ ပြောကြပါတယ်။ ဒါပေမယ့် ဝိဇယမင်းသားကိုတော့ မယ်ကုဝဏ်လို့ အမည်ရတဲ့ ဘီလူးမ(အင်း–သူကလည်း မင်းသမီးပါပဲ)က မြင်တာနဲ့ ချစ်ကြိုက်ရှာလို့ သူတို့ချင်းလည်း မေတ္တာမျှပြီး ပေါင်းသင်းနေထိုင်ကြတာ ကလေးနှစ်ယောက်တောင်မှ ရပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဝိဇယမင်းသားကလည်း သူတို့လှေဆိုက်တဲ့နေရာကနေပြီး သင့်တော်တဲ့ နေရာတစ်ခုကို ခြေကုတ်ယူကာ မြို့သစ်တည်ပြီး ပြည်သစ်ဆောက်ဖို့ ကြိုးစားပါတယ်။ ယက္ခတွေက ပတ်ဝန်းကျင်မှာရှိနေတော့ ဝိဇယအဖို့ ဘေးအန္တရာယ်အလွန်ကြီးပါတယ်။ အဲဒီတော့ ဝိဇယကိုမှ ချစ်မိတဲ့ မယ်ကုဝဏ်က သူ့အဆွေအမျိုးတွေရှိတဲ့နေရာအထိ ဝိဇယကို ခေါ်သွားပါတယ်။ သူ့အဆွေအမျိုးများဟာ ကိုယ်ရောင်ဖျောက်ထားနိုင်တော့ ဝိဇယမင်းသားက မမြင်ရဘူးပေါ့။ အဲဒီလို မမြင်ရတာကို မယ်ကုဝဏ်က မြင်ရတော့ ဘယ်နေရာကို ပစ်လိုက်ဆိုပြီး ဝိဇယကို မြားနဲ့ ပစ်နိုင်းတာပါတဲ့။ မယ်ကုဝဏ်ရဲ့ အဆွေအမျိုးတွေ သောက်သောက်လဲ သေကြေကြတာပေါ့။ အဲဒီတော့ ကျန်တဲ့ယက္ခတွေလည်း သီရိလင်္ကာက တောနက်ထဲကိုရောက်အောင် ပြေးကြရရှာပါသတဲ့။

အဲဒီလို ယက္ခများရဲ့အနှောက်အယှက်များ ကင်းဝေးသွားတဲ့အခါမှာတော့ ဝိဇယမင်းသားဟာ မြို့သစ်တည်လို့ ပြည်သစ်တည်ဆောက်နိုင်ခဲ့ပါတယ်။ မြို့သစ်တည်ဆောက်တော့ မင်းပြုရတော့မှာပေါ့။ မင်းပြုတော့မယ်ဆိုတော့ ဘိသိက်ခံဖို့ မိဖုရားကြီး လိုလာပြီလေ။ အဲဒီအချိန်မှာ ဝိဇယမင်းသားဟာ ကလေးနှစ်ယောက်ရပြီးနေပြီဖြစ်တဲ့ မယ်ကုဝဏ်ကို နယ်နှင်တော့တာပါပဲ။

လူသားနဲ့ယက္ခ အတူတကွ နေကြပေမယ့်၊ နေနိုင်ပေမယ့် ထီးနန်းအတူစိုးစံဖို့ကတော့ မဖြစ်နိုင်ဘူး။ အဲဒါကြောင့် မင်းအနေနဲ့ ငါ့နိုင်ငံက ထွက်ပေးပါလို့ ဝိဇယမင်းသားက မယ်ကုဝဏ်ကိုပြောတော့ မယ်ကုဝဏ်ခမျာ ငိုကာယိုကာနဲ့ ဝိဇယရဲ့နိုင်ငံက ထွက်ခွာပေးရတာပေါ့။

အမေဖြင့်လေ အဲဒီအကြောင်းကို ဖတ်ရတုန်းက အော်– ဝိဇယမင်းသားနှယ် ရက်စက်လိုက်တာ၊ တကယ်ဆိုရင် သူ့အဆွေအမျိုးတွေကိုတောင် မယ်ကုဝဏ်က ဝိဇယသတ်နိုင်အောင် ပြပေးရသေးတာ။ ဝိဇယကျေးဇူးကန်းတယ် စသည်ဖြင့်တွေးပြီး စိတ်မကောင်းဘူး။ ဟိုတုန်းက ထုတ်တဲ့ မြဝတီမဂ္ဂဇင်းမှာ ထူးထူးခြားခြား အင်္ဂလိပ်သီလရှင်ကျောင်းတွေမှာ ခင်းကျင်းတဲ့ ပြဇာတ်တွေထဲက ဓာတ်ပုံတွေ ဖော်ပြလေ့ရှိသကွယ့်။ အဲဒီဓာတ်ပုံတွေထဲမှာ မယ်ကုဝဏ် ကလေးနှစ်ယောက်နဲ့ ငိုယိုပြီး တိုင်းပြည်က ထွက်ခွာသွားရတာ ပါတယ်သမီးရဲ့။ အမေဖြင့် အဒီပုံကို အခုအထိ မျက်စိထဲမြင်နေတုန်းပါပဲ။

ဝိဇယကတော့ မယ်ကုဝဏ်ထွက်သွားတာနဲ့ သူ့နေပြည်တော်က



မှာထားတဲ့ မင်းသမီးတစ်ပါးနဲ့ ဘိသိက်ခံပြီး မင်းအဖြစ်ကိုယူခဲ့သတဲ့ သမီးရဲ့။ အဲဒီနေပြည်တော်ကစပြီး သီရိလင်္ကာနိုင်ငံသားများ ပေါက်ဖွားလာကြတယ်လို့ ဆိုကြတာပါပဲ။

သီဟဗာဟုကတစ်ဆင့် ဆင်းသင်လာတာ။ တစ်နည်းဆိုရရင် သီဟ (ဆင်းဟ)က ဆင်းသက်လာသောကြောင့် ဆင်းဟာလိပ်လူမျိုးရယ်လို့ ခေါ်ကြတာလို့လည်း ပြောကြပါသေးတယ်။

အမေ ငယ်ငယ်တုန်းက မယ်ကုဝဏ်ကိုမြင်တာကတစ်မျိုး။ အခုမြင်တာကတစ်မျိုး ဖြစ်သွားတယ်သမီးရယ်။ မယ်ကုဝဏ်ဟာ သူ့ဆွေမျိုးတွေကို သတ်ဖြတ်နိုင်ဖို့ သူကိုယ်တိုင် ကူညီခဲ့တာဟာ အလွန်မှားတာပါပဲ။ တကယ်တော့ ဝိဇယမင်းသားအနေနဲ့ မယ်ကုဝဏ်ကို လူတစ်ယောက်အနေနဲ့ ချစ်ခင်မြတ်နိုးမယ်လို့ အမေထင်ပါတယ်။ ဒါပေမယ့် ပဒေသရာဇ်ခေတ်မှာလည်း မင်းဖြစ်သူ စောင့်ထိန်းရတဲ့ဝတ္တရားတွေ၊ တာဝန်တွေက အများသားပဲ။

အဲဒါကြောင့်လည်း သူဟာ သူ့ချစ်သူ ယဉ်ညိုသွေးကို အဝေးနှင်ခဲ့တာထင်ပါရဲ့။ ဘီလူးမဆိုတော့ ရွှေသွေးလို့ မပြောနိုင်ဘူးပေါ့။ ညိုသွေးပဲဖြစ်မှာပေါ့။

ဝိဇယမင်းသားဟာ မင်းတစ်ပါးအနေနဲ့ လုပ်သင့်လုပ်ထိုက်တာကို လုပ်တာမှန်ပါတယ်။ မယ်ကုဝဏ်ကတော့ အစောပိုင်းကတည်းက ကိုယ့်အမျိုးတွေအပေါ်မှာ သွေးမြေကျအောင် သစ္စာဖောက်ခဲ့လေတော့ သူ့အပြစ်နဲ့သူ ခံသွားရတော့တာပါပဲလို့ ဖြေရမှာပေါ့လေ။

သမီးက စာဖတ်လေ့ရှိသူ။ ကျွန်မပြောတဲ့စကားတွေကို ကြားဖူးနားဝ ရှိနေသူဖြစ်တဲ့အတွက် ယက္ခဆိုတာ တကယ်ပဲ ဘီလူးတွေလားဟု မေးနေသေးသည်။ ကျွန်မက ဩစထရိုက်များ၏ ဖြတ်သန်းရာလမ်းကြောင်းတွင်ရှိသော လူမျိုးများသည် အသားမည်းကာ ဆံပင်ကောက်တတ်ကြသည်။ အရပ်ပုသည်။ သလုံးသားကြီးသည်။ အသားစားသည်။ အသားစားကျူး၍ သွားကြဲကြဲရှိတတ်သည်။ မျက်ထောက်နီတတ်သည်။ ထို့ကြောင့် ဘီလူးဟု ယူဆတတ်ကြသည်ဟု ဖြေရှင်းရပါသေးသည်။

သမီးကို ကျွန်မပေးလိုသော ဗဟုသုတများအနက် အမျိုးကိုစောင့်ရှောက်ခြင်းသည် အရေးကြီးသော သဘောထားတစ်ရပ် ဖြစ်ပါသည်။

ပန်းဝေသီ၊ ၁၉၉၇–ဇန်နဝါရီလ။

www.burmeseclassic.com

www.burmeseclassic.com



မဋ္ဌကုဏ္ဍလီသူတို့သား

# မဋ္ဌကုဏ္ဍလီသူတို့သား

ကျွန်မသည် ပူဆွေးသောကရောက်စရာကိစ္စများကို သမီးကိုပြောပြဖြစ်သောပုံပြင်များထဲတွင် ထည့်မရေးမိစေရန် သတိထားပါသည်။ သို့သော် စာရေးသူဆိုတာကလည်း လူသားဖြစ်သည်။ ဘယ်လိုမှရှောင်တိမ်းမရသော သောကပရိဒေဝများနှင့် မကြာခဏ ကြုံတွေ့ရသည်။ နှလုံးသားတွင် ထိထိနိုက်နိုက် နာနာကျင်ကျင်ဖြစ်လာသော အကြောင်းအရာတို့ကို ဘယ်လိုပင် မပြောတော့ပါဘူးဟုတင်းသော်လည်း မရနိုင်ပါ။ ထို့ကြောင့် ကျွန်မ၏ သူငယ်ချင်းတစ်ယောက် ဆုံးပါးသည့်အကြောင်းကို မပြောမနေနိုင်သည့်အတွက် ပြောရပါဦးမည်။ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ကျွန်မသည် တိုက်တိုက်ဆိုင်ဆိုင် နေ့လယ် ၁၂ နာရီခန့်၌ သတင်းစာဖတ်မိပါသည်။

နာရေးကော်လံတွင် ကျွန်မသူငယ်ချင်း၏အမည်ကို ကျွန်မတွေ့ရသည့်ခဏ၌ မယုံကြည်နိုင်ခြင်း၊ မယုံကြည်လိုခြင်း ပူပန်ရသည်ကိုပင် ရုတ်တရက်မသိအောင် ကြောင်တောင်တောင်ဖြစ်ရခြင်း စသည့် ပြောပြ

www.burmeseclassic.com



လို့ မတတ်သည့်ဝေဒနာများကို ခံစားရပါသည်။ ကျွန်မသည် လွန်ခဲ့သည့် တစ်နှစ်ကျော်က သူနှင့် နောက်ဆုံးတွေ့ကြပုံကို ပြန်လည်သတိရနေမိသည်။

မနက်စောစော ကျောင်းသို့ရောက်တတ်သော ကျွန်မသည် အခန်းတံခါးကို ဖွင့်ထားကာ စာတစ်ပုဒ်ကို ကြိုးစားပန်းစား ရေးနေမိပါသည်။ လူများများရောက်လာသည့်အခါတွင် စာရေးရသည်မှာ မတွင်တတ်ပါ။ ထို့ကြောင့် ကြိုးကြိုးစားစား စာတစ်ပုဒ်ရေးနေချိန်တွင် ကျွီခနဲမြည်ကာ တံခါးပွင့်လာပြီး ဝင်ခဲ့ပါရစေဟု ခွင့်တောင်းလာသောအမျိုးသမီးတစ်ယောက်ကို ဝင်ခဲ့ပါဟု ယဉ်ကျေးပျူငှာ ဖိတ်ခေါ်တတ်သောအလေ့အတိုင်းပြောလိုက်ရသော်လည်း စိတ်ကမူ အင်း.. စာရေးတာတော့ ပျက်ပါပြီဟုတွေးမိအောင် တွေးလိုက်ပါသေးသည်။

အနီးကြည့်မျက်မှန်နှင့်လှမ်းကြည့်တော့လည်း လူပုံက မပေါ်လှပါ။ တရွေ့ရွေ့လှမ်းလာသောသူက အနှောင့်အယှက်မဖြစ်ပါဘူးနော်ဟု ရုတ်တရက်ဆိုသလိုပြောလိုက်ချိန်တွင်မူ ကျွန်မ၏ခပ်ဝဝကိုယ်ခန္ဓာသည် မည်သို့မည်ပုံ စားပွဲစွန်းကိုလွတ်အောင်နုန်ကျော်၍သွားလိုက်သည်မသိ။ သူငယ်ချင်း၏ကိုယ်ခန္ဓာသေးသေးကလေးကို ဆွဲဖက်ကာ အယ်နီ- အယ်နီ- ဟု အော်ဟစ်ကာ ခေါ်နေမိပါသည်။ သူကလည်း ခပ်ရွှင်ရွှင် ရယ်မောကာ ကျွန်မကို ပြန်ဖက်ထားရင်း ကျွန်မအမည်ကို တဖွဖွ ခေါ်နေပါသည်။

ကျွန်မတို့သည် တစ်ယောက်နှင့်တစ်ယောက် နမ်းကြပါသည်။ သူငယ်ချင်းရေ- အမယ်လေး ဝမ်းသာလိုက်တာကွာဟုလည်း ဝမ်းသာမှုအဟုန်ကို အနိုင်နိုင်မျိုချ၍ အသံကိုမနည်းထွက်အောင် ထုတ်ကာပြောနေကြသည်မှာလည်း အလှအယက်ပင်။

အလှကြိုက်ဟတ်သော အယ်နီက အခု- ကိုယ်အသက်ပြည့်ပင်စင်ယူပြီးပြီဟုပြောချိန်တွင် သူ၏အပြင်အဆင်ကိုကြည့်ကာ ကိုယ်တော့ အယ်နီကို ၆၀-ပြည့်ပြီလို့ ကိုယ်မယုံဘူးဂွာ၊ အတော်နုပျိုနေသေးတာပဲဟုပြောကာ ရယ်စရာလည်းမဟုတ်ဘဲ ရယ်နေကြပြန်ပါသည်။ သူက အခုအချိန်မှာ ကိုယ်ဟာ လူမှုရေးကိစ္စတွေအတွက်၊ ဘာသာရေးကိစ္စတွေအတွက် အချိန်အများကြီးပေးနိုင်ပြီ။ အထူးသဖြင့် ပရိဒေဝသောကရောက်နေတဲ့သူတွေကို ကူညီတဲ့အဖွဲ့ကလေးတစ်ဖွဲ့ ကိုယ်တို့ဖွဲ့ထားတယ်ဝင်းရဲ့လို့ပြောတော့ ဟိုးအရင်တုန်းကတည်းက သူတစ်ပါးကိစ္စများနှင့် အလွန်အလုပ်



များခဲ့သော အယ်နီသည် ကြီးလာသည့်အချိန်တွင်လည်း ငယ်စဉ်ကလိုပဲ သူတစ်ပါးကိစ္စများနှင့် အလုပ်ရှုပ်ဆဲပါတကားဟု တွေးမိပါသည်။

ကျွန်မတို့နှစ်ယောက်သည် စကားတွေကို လုကာပြောနေမိခဲ့ကြသည်။ သူက ဝင်းကိုအားကျတယ်ကွာ၊ နိုင်ငံအတွက် ပညာရေးမှာရော စာပေမှာရော တာဝန်ကျေပွန်တဲ့သူတစ်ယောက်ပဲဟု ချီးကျူးပါသည်။ ကျွန်မက အယ်နီရေ- ဘာပဲဖြစ်ဖြစ် အကောင်းဆုံးဖြစ်အောင်ကြိုးစားလို့ပြောတဲ့စကားရှိတယ်။ ကိုယ်က ကိုယ့်နေရာမှာ အကောင်းဆုံးလို့ မပြောနိုင်ပါဘူးကွာ။ အယ်နီကတော့ အယ်နီရပ်တည်တဲ့နေရာမှာ အကောင်းဆုံးလူသားပါပဲလို့ ပြောမိပါသည်။

ကျွန်မက သူ့ကို ဘယ်လိုပင်တားသော်လည်း သူ့မှာ ဝေယျာဝစ္စကများလှသည်။ တူမရော့ကလည်း ကားပေါ်မှာထိုင်ကာ အသင့်စောင့်နေသည်ဖြစ်ရာ ပညာရေးတက္ကသိုလ် ဆင်ဝင်အောက်သို့အရောက် သူ့ကို ကျွန်မလိုက်ပို့လိုက်ပါသည်။ ခွဲကာနီးတွင် သူ့ပါးကို ကျွန်မ နမ်းလိုက်ပါသည်။ ကျွန်မ၏နှုတ်ခမ်းနီတစ်စွန်းတစ်စ သူ့ပါးမှာ ပေကျံသွားသည်ကို လက်ဖြင့်ပွတ်ကာဖျက်ပေးရင်း ကျွန်မတို့ ရယ်ကြပြန်ပါသည်။ သူ့တူမကလေးနှင့် ကားအနီးမှာ မိတ်ဆက်ပေးအပြီး လက်တပြပြနှင့် ထွက်ခွာသွားသောသူ့ကို မြင်ရခြင်းသည် နောက်ဆုံးဖြစ်မှန်း ထိုစဉ်ကမသိခဲ့ပါ။

သူနှင့်တွေ့မှ သူ့ကျေးဇူးကြောင့် ကျွန်မအနေဖြင့် ဂုဏ်ထူးများများဖြင့် စာမေးပွဲအောင်ခဲ့သည်ကို သတိတရရှိလွန်းသောကြောင့် မြို့တော်ရန်ကုန်မဂ္ဂဇင်းတွင် "စာကျက်ဖော် သူငယ်ချင်းကိုးယောက် ရှိခဲ့ဖူးလေသည်"ဆိုသည့် ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်စောင် ရေးခဲ့မိပါသေးသည်။ သူ့ထံသို့ပို့ပေးရန် ကျွန်မ စာတစ်စောင် အပိုတောင်းထားသေးသည်။ သို့သော် လူကြုံနှင့်ပို့ရကောင်းနိုးနိုး၊ စာတိုက်ကပို့ရကောင်းနိုးနိုးဖြင့် မပို့ဖြစ်ဘဲနေခဲ့ပါသည်။အခုတော့ သူ့ထံပို့လို့မရနိုင်တော့ပါကလား။ အဲဒီတုန်းက တွေ့လိုက်ရတာဟာ နောက်ဆုံးပါ[illegible]ား။ ဒါဟာ တကယ်ပဲလားဟု တစ်စတစ်စနှင့် ကျွန်မပြောမိစပြုလာပါသည်။ ပြောနေမှန်းမသိဘဲနှင့် ပြောနေခြင်းဖြစ်ပါသည်။ ပြောရင်းပြောရင်းနှင့် ကျွန်မမှာ ဟီးချကာငိုမိသည်အထိ ဖြစ်လာခဲ့ပါသည်။

မတွေ့ရတော့ဘူးလား၊ အဲဒီလိုတော့မဖြစ်နိုင်ဘူး။ စသဖြင့် မဆည်နိုင် မတန့်နိုင်တော့ဘဲ ပြောစပြုလာလျှင် ယောကျ်ားကလေးလည်းကူ၊

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးလည်းသူ့ဟုပြောနိုင်သော သမီးက "အမေ- အမေ တစ်သက်လုံး စိတ်ဆင်းရဲနေမယ့်ကိစ္စအတွက် သမီး ကြည့်မနေနိုင်ပါဘူး။ ခဏတော့ နားနေလိုက်ပါဦး" ဟုဆိုကာ အဝေးပြေးဂိတ်သို့ ထွက်သွားပါသည်။ ခဏနေလျှင်ပြန်လာကာ အဝတ်အစားတွေကိုအမြန်ထည့်၍ ကျွန်မကို အမေ- လာ သွားမယ်ဟုခေါ်ကာ အဝေးပြေးဂိတ်သို့ ထွက်ခဲ့ကြသည်။ အဝေးပြေးဂိတ်သို့ရောက်သော်လည်း တော်တော်နှင့်မထွက်ဖြစ်၍ စိတ်ဆင်းရဲရသေးသည်။ ကားပေါ်သို့ရောက်သည့်အချိန်တွင် သမီးက ကျွန်မကို သက်သက်သာသာထိုင်နိုင်အောင် စီစဉ်ပေးသည်။ ဆေးတိုက်သည်။ ကျွန်မကတော့ အယ်နီ့ဆီကိုရောက်ဖို့ကလွဲ၍ ဘာကိုမှမတွေးတော့။ သမီးက အမေ- နေကောင်းအောင်နေနော်။ အမေတွေ့ချင်တဲ့သူနဲ့ တွေ့ရမယ်။ သမီးကလည်း အမေ သက်သောင့်သက်သာဖြစ်အောင် တည်းခိုနိုင်ဖို့ ဦးဦးကိုစီစဉ်ပေးပါလို့ အကူအညီတောင်းထားတယ်ဟု ပြောပါသည်။ ထိုအချိန်ကျမှ ကျွန်မကလည်း တည်းခိုဖို့ကိစ္စကို သတိရပါသည်။ သမီး၏ ကျေးဇူး၊ မောင်လေး၏ကျေးဇူးကြောင့် ကျွန်မသည် ထိုနေ့ညမှာပင် အယ်နီ့ကိုတွေ့ရသည်။ နောက်တစ်နေ့တွင် တောင်ဥက္ကလာပမြို့နယ် အစည်းကားဆုံးဟုပြောကြသော အယ်နီ၏ နောက်ဆုံးခရီးကို ကျွန်မ လိုက်ပါပို့ဆောင်ခွင့်ရခဲ့သည်။ တနင်္လာနေ့တွင် ရန်ကုန်သို့ ပြန်ရောက်သည်။

သောကပရိဒေဝအကြောင်းကို ရုတ်တရက်ချုံးလိုက်သည်မှာ စာဖတ်ပရိသတ်ကို အားနာလှသောကြောင့် ဖြစ်ပါသည်။ ပြောစရာစကားကတော့ အများသားပင်။ ကျွန်မ အယ်နီ၏ထံသို့ သူမသိနိုင်သောအချိန်ကျမှ ရောက်ခဲ့သဖြင့် ဖြေမဆည်နိုင်ဘဲ ငါမှားတယ်၊ ငါမှားတယ်ဟုဆိုကာ ရုတ်တရက် အော်ငိုလိုက်မိသည်ကို သတိရသည်။ ထိုကဲ့သို့ ပြောမိခြင်းသည် ကျွန်မ၏စိတ်ထဲတွင် ခံစားနေရသောအပြစ်ကို ဝန်ခံလိုက်ခြင်းပင်ဖြစ်ပါသည်။ ငါလာတာကိုနင်သိရင် နင်က အားနာနေဦးမှာသေချာတယ် အယ်နီရဲ့ဟု အော်ငိုရင်း ပြောသည့်အပြောကတော့ ကျွန်မသူငယ်ချင်း၏ဂုဏ်ပုဒ်ကို ထုတ်ဖော်မိခြင်းဖြစ်သည်။ သူကသာပေးတတ်၍ သူများထံက ပြန်မယူတတ်သော မယူချင်သောသူဖြစ်သည့် သူငယ်ချင်း၏ဂုဏ်ပုဒ်ကို ကျွန်မသာမက သူနှင့်ဆက်ဆံဖူးသူအများက သိကြမှာ သေချာပါသည်။

ရန်ကုန်သို့ ပြန်ရောက်ပြီးသည့်နောက် သမီးကိုပြောပြနေမိသည့်အကြောင်းကတော့ ကျွန်မ၏ လူမှုတာဝန်ကျေပွန်ရကောင်းမှန်းမသိသော

BURMESE CLASSIC .com



အပြစ်ကို ဝန်ခံနေသောအကြောင်းများဖြစ်ပါသည်။ ပြီးမှ ကျွန်မနှင့်တူလှသော မဋ္ဌကုဏ္ဍလီသူတို့သား၏အဖေအကြောင်းကို ပြောပြနေမိပါတော့သည်။

⊠⊠ ⋇⋇ ⊠⊠

သမီးရေ-

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က မဋ္ဌကုဏ္ဍလီသူတို့သားဆိုတာ ရှိသတဲ့ကွယ်။ သူ့ရဲ့မိဘတွေဟာ ကြွယ်ဝကြပါတယ်။ ဒါပေမယ့် ခြစ်ခြစ်ကုတ်ကုတ် စုတတ်ဆောင်းတတ်လေတော့ ဘာကိုမှ အပိုမကုန်ရအောင် နေတတ်ပါသတဲ့။

မဋ္ဌကုဏ္ဍလီသူတို့သားကလည်း သူ့ခေတ်နဲ့သူ ရွှေနားပန်ပန်ချင်ပါသတဲ့။ (အခုခေတ်မှာတောင်မှ သူငယ်လေးတွေ ရွှေနားကပ်ပန်နေကြသေးတယ်လေ။) အဲဒီလို ရွှေနားကပ် ပန်ချင်တာကြောင့် သူ့အဖေကို ပူဆာတာပေါ့ကွယ်။ သူ့အဖေကလည်း သူ့သားကို ရွှေနားကပ်တော့ ဆင်ချင်ရှာပါတယ်။ ဒါပေမယ့် ပန်းထိမ်သမားတွေဆီကိုအပ်ရင် ရွှေခိုးမှာ စိုးရိမ်ပါတယ်။ ပြီးတော့ အခကြေးငွေလည်း ပေးရဦးမယ်လေ။ အဲဒါကြောင့် ရွှေနားကပ်ကို သူကိုယ်တိုင်လုပ်ပြီးသားကိုဆင်ပါသတဲ့။ ပန်းထိမ်ဆရာမဟုတ်ဘဲ လုပ်ထားတော့ ရွှေနားကပ်က မလှမပကြီးပေါ့ကွယ်။ အဲဒီလိုနဲ့ သူတို့သားခမျာလည်း နေရရှာတာပေါ့။

အဲသလိုနေနေလို့မကြာခင်မှာပဲ မဋ္ဌကုဏ္ဍလီဟာ ရောဂါဆိုးတစ်မျိုးကြောင့် ရုတ်တရက်ဆိုသလို ကွယ်လွန်ခဲ့ပါသတဲ့။ အဖေဖြစ်သူဟာ သားကိုမြှုပ်နှံသဂြိုဟ်ပြီး နေ့စဉ်လိုလို သင်္ချိုင်းမှာသွားသွားပြီးငိုနေပါသတဲ့။

အဲဒီပုံ- အဲလေ- တကယ်ဖြစ်တာဆိုတော့ ဇာတ်ကြောင်းပေါ့။ အဲဒီဇာတ်ကြောင်းကိုနားထောင်ရကတည်းက အတိုးကြီးဟာ ဘာ့ကြောင့် အဲသလို ဖြေမဆည်နိုင်အောင် ဖြစ်ရသလဲဆိုတာ အမေတွေးခဲ့မိပါတယ်။ အဖေဖြစ်သူက သိပ်နှမြောခဲ့တယ်လေ။ သားကို နားကပ် ဒါမှမဟုတ် နားပန်ဆင်တာတောင်မှ သူကိုယ်တိုင်လုပ်တဲ့ မလှမပကြီးကိုဆင်ခဲ့တာကိုး။ အဲဒီအကြောင်းတွေကို တွေးတွေးပြီး အဖေ့လုပ်သူကဆွေးဟန်တူပါရဲ့။ အဲဒါကြောင့် ဖြေမဆည်နိုင်အောင်ဖြစ်နေတာကိုး။ အဲဒါကတော့ အမေ့အတွေးပါလေ။

www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်သူက အဲဒီအချိန်မှာ နတ်ပြည်ကိုရောက်နေပြီ။ အဲဒီတော့ သူ့အမေ ပူဆွေးသောကရောက်နေတာကို မြင်ပါတယ်။ အဲဒါကြောင့် သူ့အမေငိုနေတဲ့အနားမှာ ကိုယ်ထင်လာပြပြီး ဘာကြောင့်ငိုနေတာလဲလို့ မေးမြန်းပြီး တရားပြတာပေါ့လေ။ သူ့အမေ အတော်အတန်စိတ်ပြေလျော့သွားတဲ့အခါကျမှ မြတ်စွာဘုရားရဲ့အထံကို သွားရောက်ဆည်းကပ်ဖို့ အကြံပေးတာကိုး။ အဲသလိုနဲ့ အမေဖြစ်တဲ့သူလည်း တရားရသွားပါတယ်။ နောက်တော့လည်း ကိုယ်ထင်ပြတဲ့သူဟာ သူ့သားပဲဖြစ်တယ်ဆိုတာ သူ သိသွားပါတယ်။

အဲဒီအကြောင်းကို အမေကြားဖူးနေတာကြာပြီ။ ဒါပေမယ့် အခုလို အချိန်မှာမှ သမီးကိုပြောဖြစ်တာက ဒီလိုကွယ့်။ အမေဟာ အစောပိုင်းကတည်းက အချိန်ကို ကိုယ့်အတွက်ချည်းပဲသုံးမနေဘဲ လူမှုရေးအတွက်လည်း သုံးသင့်သလောက်သုံးသင့်တယ်။ အထူးသဖြင့် ချစ်တဲ့ခင်တဲ့သူတွေအတွက် အချိန်ပေးသင့်တယ်။ အယ်နီဆိုတာကတော့ကွယ် သာမန်သူငယ်ချင်းမှမဟုတ်ဘဲ အမေက မိုငြမ်းစာအုပ်တွေ ဖတ်လေ့ရှိတာတော့ ဟုတ်ပါရဲ့။ ဆရာဆရာမတွေ စာသင်ရင် မှတ်စုက မလိုက်တတ်ဘူး။ စာကျက်ကလည်း မမှန်ချင်ဘူး။ အပြင်စာတွေကို အဖတ်များတာကိုး။ အဲဒီအချိန်မှာ မအယ်နီဆိုတဲ့ ကလျာဏမိတ္တကြောင့်သာ အမေက စာကို မှန်မှန်ကျက်ဖြစ်တာကိုး။ သူ့ကိုကြောက်တယ်ဆိုတာက ချစ်လို့ပြောတဲ့စကားပါ။ အဲ– သူငယ်ချင်းချင်းပေမယ့် ဟုတ်တာကိုလုပ်တဲ့သူ၊ စေတနာမှန်တဲ့သူ၊ အမှားလုပ်ရင်လည်း သူ့ဘက်ကမှန်နေတော့ သည်းမခံတဲ့သူဆိုတော့ အမေတို့က သူ့ကို ချစ်ကြောက်ရိုသေရှိရတာပေါ့။

အရေးကြီးတာက လူတွေဟာ တစ်ယောက်နဲ့တစ်ယောက်မခွဲခွာခင်တွေ့တဲ့အချိန်တိုင်းကို ဒါဟာ နောက်ဆုံးဖြစ်နိုင်တယ်။ အကောင်းဆုံးဆက်ဆံမယ်ဆိုတဲ့ သဘောမျိုးထားပြီး ဆက်ဆံနိုင်ကြရင် ပိုကောင်းမှာပါပဲကွယ်။

⊠⊠ ⋇⋇ ⊠⊠

သမီးကတော့ ငေးငေးကလေးကြည့်ကာ ကျွန်မပြောသမျှကို နားထောင်နေပါသည်။ ကျွန်မကလည်း အယ်နီနဲ့ပတ်သက်မှမဟုတ်။ ဘယ်သူ့ကိုမဆိုချစ်ခင်ကြောင်း၊ တွေ့ချင်ကြောင်းပြောပြောပြီး ကျောင်းကလွဲလို့

www.burmeseclassic.com



အပြင်လည်းမထွက်ချင်။ လူတွေ ကိုယ့်ဆီလာတော့လည်း ပျော်ရွှင်တာကတော့ အမှန်ပါပဲ။ သို့သော် အထီးကျန်မဟုတ်ရုံတမယ် နေသားကျကာ နေကျင့်ရှိနေတာကို သမီး သဘောမကျတာ ကြာလှပြီ။

အန်တီအယ်နီနှင့်ကျမှ မနေနိုင်မထိုင်နိုင် ရုတ်တရက်ထသွားတာကိုလည်း သမီးက အံ့သြတကြီး ဖြစ်နေသေးသည်။ တကယ်ဆိုရင် တောင်ငူဆိုတာ ဝေးတာမှမဟုတ်ဘဲ သွားပါတော့လားဟု ပြောပြန်သည်။

သို့သော် အမေ– အမေကျန်းမာအောင်နေပါနော်။ အန်တီအယ်နီ့ကိစ္စတုန်းက အမေ့ကို သမီးသိပ်စိုးရိမ်တာပါပဲ။ အမေဟာ အသက်ကိုမေ့မေ့ထားပြီး အလုပ်လုပ်နေတော့ ဟုတ်နေတာပဲ။ တကယ်တမ်း သောကရောက်ရပြီဆိုတဲ့အခါမှာ ချက်ချင်းကျသွားတာပါပဲ။ သမီးတော့ အမေ့ကို သိပ်စိုးရိမ်တာပဲဟုဆိုရင်း အကြင်နာကြီးစွာဖြင့် သမီးက ကျွန်မကိုကြည့်နေခဲ့ပါသည်။

ပန်းဝေသီ (၁၉၉၇ ခု၊ ဖေဖော်ဝါရီလ)

⊠⊠ ⋇⋇ ⊠⊠

BURMESE CLASSIC .com

www.burmeseclassic.com